www.burmeseclassic.com

# ဂပြံ

ငြိမ်းဝေယံခြင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ချူးတာမေ)
အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ထေရာစလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေမြသော်ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/အနောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်

အတွင်းဖလင်
ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး
စိုးမိုးစာပေ
ဖုန်း - ၀၁- ၂၉၀၉၉၆

၈၉၅ . ၈၃
လှမ
ငြိတွယ်ခြင်း / လှမ ။ - ရန်ကုန်
ချူးတာမေ ၊ ၂၀၁၂ ။
၂၇၂ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ငြိတွယ်ခြင်း

## အခန်း (၁)

“ရွာပြင်ထန်းတောမှာ ကိုထွန်းတင် တန်းပင်ပေါ်က ပြုတ်ကျလို့တဲ့”

“ဟယ် လုပ်ကြပါဦး၊ ပြေးကြပါဟဲ့၊ သူ့အိမ်ကိုလည်း အကြောင်းကြားပါဦး၊ မြမြဝေတော့ သားသမီးသုံးယောက်နဲ့ ဒုက္ခရောက်ပါပြီ”

“အကြီးကောင်လေးက ကျောင်းတောင်ပြီးသေးတာ မဟုတ်ဘူး၊ ရှာဖွေကျွေးနေတဲ့ အိမ်ထောင်ဦးစီး မားမားမတ်မတ် မရပ်နိုင်ရင် တစ်မိသားစုလုံး ကဆင့်ကလျား ဖြစ်ပါပြီဟယ်”

အုတ်အော်သောင်းနင်း အော်ဟစ်ပြေးလွှားရင်း အသံဗလံတွေက ပေါင်းစုံ။

“ကိုထွန်းတင် အမလေး ဖြစ်မှဖြစ်ရလေ၊ ဘယ်လိုလုပ်ကြမ

www.burmeseclassic.com



လဲ၊ ကူကြပါဦး ကယ်ကြပါဦး၊ သူသေလို့ မဖြစ်ပါဘူးတော်၊ သူသေရင် ကျုပ်တို့ဘယ်လိုလုပ်ရမှာလဲ ကိုထွန်းတင်''

''ဟဲ့ မြမြဝေကို ခဏဆွဲခေါ်ကြစမ်း လူနာကို လှည်းပေါ်တင်ပြီး တိုက်နယ်ဆေးရုံသွားရမယ်''

''ဒါ သတိမေ့နေတာ၊ သေတာမဟုတ်သေးဘူး။ ဆေးရုံအချိန်မီ ရောက်မှဖြစ်မှာ၊ အကြီးကောင် သာဓက ရောက်မလာသေးဘူးလား''

''အခုမှ မြို့ကို အကြောင်းကြားတုန်း၊ စာမေးပွဲဖြေရင်းတန်း လန်းနဲ့ ပြန်မှလာနိုင်ပါ့မလား''

''မလာလို့ ဖြစ်မလား။ ဖအေက ဒီမှာသေမလိုဖြစ်နေပြီ ဖအေ သာ ဆိုးဆိုးဝါးဝါး တစ်ခုခုဖြစ်လိုက်တော့ ကျောင်းတောင် ဆက်တက်လို့ ရမှာ မဟုတ်ဘူး''

*''ဟဲ့ အဲဒါတွေပြောမနေနဲ့ မြမြဝေကို နောက်လှည်းနဲ့ခေါ်လာခဲ့ လူနာက ပိုအရေးကြီးတယ်''*

ရွာထဲက လူတွေရဲ့ စည်းလုံးညီညွတ်မှုဖြင့် ဦးထွန်းတင် ဆေးရုံ ရောက်သွားသည်။ ဆေးစစ်မှုရဲ့ အဆုံးမှာ အသက်ဆုံးရှုံးမှု မဖြစ်နိုင် သော်လည်း ခါးအောက်ပိုင်းကတော့ လှုပ်လို့မရအောင် လူသေတစ် ယောက်လို ဖြစ်သွားခဲ့သည်။

''အမေ အမေ အဖေ ဘယ်လိုဖြစ်''

''သား''

သားကြီးကို ဖက်ကာ ဒေါ်မြမြဝေ ချုံးပွဲချကာ ငိုပစ်လိုက်၏





အဖြစ်အပျက်ကို မယုံနိုင်လွန်းတာကြောင့် သာဓက သွေးပျက်တုန်လှုပ် နေဆဲပါ။

''အ အမေ''

''သားကြီးရယ်၊ အမေတို့ ဘယ်လိုလုပ်ကြမလဲ၊ အမေတို့ ဒုက္ခရောက်ပြီ ကမ္ဘာပျက်ပြီ ဘယ်လိုရပ်တည်ကြမလဲ၊ ဘယ်လို ရှေ့ဆက် ကြမလဲ''

''အမေရယ် ကျွန်တော်တို့ ဒုက္ခထက် အဖေ့ဒုက္ခက ပိုကြီးမှာပါ။ အဖေ့ဝေဒနာတွေက ပိုဆိုးပါတယ် အမေရယ်''

သာဓက ဒါပဲပြောနိုင်သည်။ ထန်းပင်ပေါ်က ပြုတ်ကျသော အရှိန်နှင့် ခါးရိုးကျိုးသွားသည်။ အဖေ့ဘဝက ရှင်လျက်နှင့် သေသွားရ သလိုပါပဲ မဟုတ်ပါလား။

ပိုင်ဆိုင်သမျှ လယ်ကေတွေ၊ ထန်းပင်တွေရောင်းချ၍ ကုသ ပါသော်လည်း အဖေ့ရောဂါ ဝေဒနာပျောက်ကင်း သက်သာလာခြင်း မရှိ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဒီလိုဖြစ်လိမ့်မယ်လို့ ဘယ်သူက မျှော်လင့်ထားမှာလဲ၊ သူ ပင်ပင်ပန်းပန်း ရှာကျွေးတာကို သက်တောင့်သက်သာပဲ နေစားလာခဲ့တာ အခု သူ့အကျိုးတဖြစ်တော့ ဘာတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာ မစဉ်းစားတတ်တော့အောင်ပဲ၊ သားကြီး အမေဘာလုပ်ရမလဲ၊ ပြောပါဦး"

သားအကြီးဆုံးမို့ အမေအားကိုးတကြီး မေးဟန်တူသည်။ သူ အမေ့ကို ဘယ်လို ဖေးမအားပေးရမှန်း မသိပါ။ သူကိုယ်တိုင်က ဘာ အလုပ်အကိုင်မှ မရှိသေးသော အဝေးသင် ဒုတိယနှစ်ကို ပြီးဆုံးအောင် မဖြေရသေးသည့်သူ။

"သားကို မြို့ကောလိပ်မှာ နေ့ကျောင်းပဲ တက်နိုင်းချင်တာ သူ့မြေးသားတွေလို တက္ကသိုလ်ကြီးကြီးမှာ ကိုယ်ပိုင်ကားတွေ၊ ဆိုင်ကယ်





တွေနဲ့တက်၊ ဘွဲ့ရပြီဆိုရင် အဖေနဲ့ အမေက ဘေးကနေ ဓါတ်ပုံတွဲရိုက်၊ ပြီးရင် ဧည့်ခန်းကြီးထဲမှာ ပုံကြီးချဲ့ထားတဲ့ ဓါတ်ပုံကြီးကိုချိတ်၊ သားကို အဖေက အဲလိုထားချင်တာပါ၊ ဒါပေမဲ့ သားရယ် အဖေက သားတို့ကို လူတန်းစေ့အောင် မထားနိုင်တဲ့ တောသားငမွဲကြီး ဖြစ်နေတယ်၊ အဖေ စိတ်မကောင်းဘူး သား"

အဖေပြောခဲ့သည့် စကား။ ဒါပေမဲ့ အဖေက နိုင်တဲ့ဝင့်ဖြင့် မိသားစုအပေါ် တာဝန်ကျေခဲ့ပါသည်။

သူ ဆယ်တန်းအောင်ပြီးတာနှင့် တက္ကသိုလ်တက်ဖို့ ဆိုင်ကယ် ဝယ်မပေးနိုင်သော်လည်း အဝေးသင်နှင့် ဘွဲ့တစ်ဘွဲ့ရအောင် ယူပါသား ရယ်လို့ပြောပြီး အဖေ ပင်ပန်းတကြီး အလုပ်ပေါင်းစုံ လုပ်ခဲ့သည်။

အမေ့ကိုလည်း အိမ်မှာ အချက်အပြုတ် အဖွတ်အလျှော်မှလွဲ၍ လယ်ထဲယာထဲ အဆင်းမခိုင်းခဲ့။

"ဝေက မြို့သူအချောအလှ၊ တောလုပ်တောကိုင် ကြမ်းကြမ်း တမ်းတမ်း ဘယ်လုပ်နိုင်မှာလဲ၊ မင်းတို့သားအမိတွေ မငတ်အောင် ကိုယ်တိုင်လုပ်ကျွေးနိုင်ပါတယ်၊ ငိုလျှံချမ်းသာအောင် မထားနိုင်ပေမယ့် လူတန်းစေ့တော့ နေရပါစေမယ်ကွာ"

ကိုယ့်ရှေ့မှာပင် အမေကို တန်ဖိုးထားသော စကားတွေပြောခဲ့ဖူးသည်။ တကယ်လည်း သာကေနဲ့ အမေ မျက်နှာမငယ်ခဲ့ရပါ။

အဖေ့မှာ မိဘအမွေအနှစ် လယ်ဧကအနည်းငယ်နှင့် ထိုင်ပင် တွေလည်းပိုင်သည်။ ဆွေမျိုးစပ်တတ်လျှင် ဆွေရိပ်မျိုးရိပ် မကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



အမေနှင့် လက်ထပ်ပြီးမှ မိဘတွေက မင်္ဂလာလက်ဖွဲ့အနေနှင့် ပေးခဲ့တာဟု ပြောဖူး၏။

အခုတော့ အဲဒါတွေလည်း မရှိတော့။ တစ်သက်လုံး ရှာဖွေလာသမျှတွေက တစ်ခဏတည်းနှင့် မီးလောင်ပြာကျသလို ကုန်သွားခဲ့သည်။

"သားကြီး"

"ဗျာ ဗျာ အမေ"

အတွေးလွန်နေတာနှင့် အမေ မေးတာကို မဖြေရသေးမှန်း အခုမှ သတိရသည်။ မျက်ရည်ဝဲနေသော အမေ့လက်ကလေးကို နှစ်သိမ့်အားပေးသလို သာခက ဆုပ်ကိုင်လိုက်၏။

"အမေ သားတစ်ယောက်လုံး ရှိသေးတာပဲ ဘာမှအားမငယ်ပါနဲ့၊ အဖေ့ကို ဆေးကုဖို့ ညီလေးနဲ့ ညီမလေးကို ကျောင်းဆက်ထားဖို့ သားအလုပ်လုပ်မှာပေါ့"

"သားရယ် သားအဖေက ငါ့သားကြီးက မအေတူလို့ မြို့သားတွေလို ချောတယ် ခန့်တယ်ဆိုပြီး ဘာအလုပ်မှ မခိုင်းခဲ့လို့ သားက ဘာအလုပ် လုပ်တတ် ကိုင်တတ်မှာလဲ၊ ကျောင်းလည်းပြီးသေးတာ မဟုတ်တဲ့နဲ့ ပညာရေးက တစ်ပိုင်းတစ်စ၊ သားအဖေ တော်တော်လေးကို စိတ်ထိခိုက်နေတာ"

"ဖြစ်လာတဲ့ဘဝကို မျက်နှာလွှဲပြီး ရင်မဆိုင်လို့မှ မရတာ အမေရယ်၊ သားတို့ ဒီအတိုင်း အငတ်ခံလို့လည်း မရဘူးလေ၊ ဒုက္ခိတ ဖြစ်သွားတဲ့ အဖေကို အားပေးနှစ်သိမ့်ရမှာပေါ့"





"ဒါတော့ ဒါပေါ့သားရယ်၊ လင်ဝတ္တရား၊ ဖခင်ဝတ္တရား ကျေခဲ့တဲ့ ကျေးဇူးရှင်ကြီးကို အမေတို့ပြန်ပြီး စောင့်ရှောက်ပေးရမှာပေါ့ ဒါပေမဲ့"

"ချောင်းစပ်ဘသောင်ပြင်က ပန်းစိုက်ခင်းလေးက ရတဲ့ဝင်ငွေနဲ့ မိသားစု ထမင်းစားလောက်ပါတယ်၊ အဲဒီပန်းခင်းလေးကို အမေ လူငှားနဲ့ ဂရုစိုက်ပါ၊ သားက အဖေ့ဆေးဖိုးနဲ့ ညီလေး ညီမလေးတို့ရဲ့ ပညာရေးအတွက်၊ ရန်ကုန်မှာ အလုပ်သွားလုပ်မယ် အမေ"

"ဟင် ရန်ကုန်ကို"

"ဟုတ်တယ် ရန်ကုန်မှာ သားသူငယ်ချင်း ကျော်သက် ရှိတာပဲ အမေရဲ့၊ သူ ဘာလုပ်နေတယ်ဆိုတာတော့ မသိဘူး၊ သူလည်း အရင်ရောက်စက အဆင်မပြေလို့ အလုပ်တစ်ခုပြီးတစ်ခု ပြောင်းနေတာ၊ အခုတော့ အဆင်ပြေသွားပြီတဲ့၊ ကျောင်းပြီးရင် သားကိုလိုက်ခဲ့ဖို့ ခေါ်နေတာ"

"ဩော် ရွာတောင်ပိုင်းက မောင်ကျော်သက်ကို ပြောတာလား၊ သူက သားနဲ့အတူတူကျောင်းတက်ပြီး ဆယ်တန်းမအောင်လို့ စိတ်ညစ်ပြီး မြို့တက်သွားတာလေ၊ သုံးနှစ်လောက်တောင်ရှိပြီ ထင်တယ်၊ သွားခါစက အဆင်မပြေဘူးလို့ သူ့အမေပြောပါတယ်၊ လွယ်ပါ့မလား သားရယ်"

"အခု အဆင်ပြေသွားပါပြီ၊ မလွယ်ဘူးဆိုပြီး ဒီအတိုင်းနေလို့မှ မရတာ အမေရယ်၊ အိမ်မှာ အိမ်စက်လေးကလည်း ပုဆိုးအပ်၊ ထဘီအပ်နဲ့ ကလေးတွေမုန့်ဖိုးရအောင်လည်း အမေ ချုပ်နိုင်မှာပါ၊ သား ပညာရေး ဆုံးခန်းမတိုင်တာကလွဲရင် အဆင်ပြေသွားမှာပါ အမေ"

www.burmeseclassic.com



ဒေါ်မြမြဝေ သက်ပြင်းချရင်း မျက်ရည်ဝဲသည်။ အဆင်ပြေပြေ ရှိနေခဲ့သည့် မိသားစုဘဝ၊ ဒီလိုအခြေအနေ ဖြစ်သွားမယ်လို့ ဘယ်သူထင်မှာလဲ။

ကိုထွန်းတင်က သားကြီးကို သိပ်ချစ်ရှာတာ။ သားကြီး တစ်ယောက်အပေါ်ပဲ အချစ်တွေ ပုံလို့ရအောင် နောက်ထပ်ရင်သွေး မယူဖို့တောင် တိုက်တွန်းခဲ့သူ။ နောက်မှ သားကြီး ကိုးနှစ်ကျော် အရွယ်လောက်မှာ

"မွေးချင်းမောင်နှမ မရှိရင် သားကြီး အထီးကျန်တစ်ကောင်ကြွက် အဖော်မဲ့ပါတယ် ကိုထွန်းတင်ရယ်၊ သူများကလေးတွေကို အဖော်လုပ်ရတာလည်း မျက်နှာငယ်တယ်၊ ကျွန်မတို့ အသက်ကြီးလို့ ဆုံးပါးသွားရင်လည်း မောင်နှမရင်းချာ သွေးမျိုးသားချင်းရှိမှဖြစ်မှာ ရှင့် မေတ္တာကို နားလည်ပေမယ့် သားကြီးအတွက်လည်း စဉ်းစားပေးရအောင်"

မိမိရဲ့ တိုက်တွန်းချက်ကြောင့် သားတစ်ယောက် သမီးတစ်ယောက် ထပ်ယူဖြစ်ကြသည်။

အငယ်နှစ်ယောက်က သားကြီးနဲ့ဆို ဆယ်နှစ်ကျော်စီ ကွာကြ၏။ အဲလောက်တောင် တန်ဖိုးထားခဲ့သူက သားကြီး မိဝေးဖဝေး နယ်ထွက် အလုပ်သွားလုပ်မည့်အကြောင်း သိရလျှင် ဘယ်လောက်များ စိတ်ထိခိုက်သွားရှာမလဲ။

ဒါပေမဲ့ သားကြီးပြောသလို လောကခံဆိုတာကို ရင်မဆိုင်လို့မဖြစ်တော့တာ။





ကြမ္မာဆိုးက နှိပ်စက်မှတော့ အံတုရုံပဲရှိတော့တာပေါ့။ ဒီ အကြောင်း ကိုထွန်းတင်ကို ဘယ်လိုပြောရပါ့မလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဘာ သားကြီး ရန်ကုန်သွား အလုပ်လုပ်မယ်၊ မဖြစ်နိုင်တာ သား ကျောင်းလည်း မပြီးသေးဘူး၊ အသက်လည်း ငယ်သေးတယ် ငါ ငါ မခိုင်းရက်ပါဘူး"

"ကျွန်မလည်း ဘယ်လွှတ်ချင်ပါ့မလဲ ကိုထွန်းတင်ရယ်၊ ဒါပေမဲ့ ရှင် ဒုက္ခိတဖြစ်နေတာ ကျွန်မတို့ကို ဘယ်သူရှာကျွေးမှာလဲ၊ စားဝတ်နေ ရေးက ပန်းခင်းကရတဲ့ငွေနဲ့ ကျွန်မ စက်ချုပ်လို့ရတဲ့ငွေနဲ့၊ ချို့ချို့တဲ့တဲ့ ဖြေရှင်းလို့ရတယ်ပဲ ထားဦး၊ ရှင့်ကို ဆေးကုစရိတ်နဲ့ အငယ်နှစ်ကောင် ရဲ့ ကျောင်းစရိတ်၊ အဲဒါတွေကို ဘယ်လိုလုပ်မလဲ"

ဦးထွန်းတင် အံကြိတ်၍ မျက်ရည်တပေါက်ပေါက် ကျ၏။ ကိုယ့် ကို ဆေးကုခဲ့ရတာနှင့် ပိုင်ဆိုင်သမျှလေးတွေ အကုန်ကုန်သွားသည်ပဲ မိသားစုကို ပြည့်စုံအောင် ထားချင်သည့် စေတနာ မေတ္တာတွေဖြင့်





ပင်ပန်းတကြီး ရှာဖွေစုဆောင်းခဲ့သမျှတွေ အချိန်အခိုက်အတန့် ခဏလေး အတွင်းမှာ ပျောက်ပျက်သွားတာ မြန်လိုက်သည့် ဖြစ်ခြင်း။

"ရှင် ဝမ်းလည်းမနည်းနဲ့ စိတ်ဓာတ်လည်းမကျနဲ့ ကိုထွန်းတင်၊ ကျွန်မတို့ မိသားစုအပေါ် ရှင် ဒီအချိန်ထိ တာဝန်ကျေခဲ့ပြီးပါပြီ၊ ရှင် ဒုက္ခိတဖြစ်သွားလို့ ဘာမှ မလုပ်နိုင်တဲ့အချိန်မှာ ကျွန်မတို့ ကျေးဇူး ပြန်ဆပ်ခွင့်ရတယ်လို့ သဘောထားပါတယ်၊ မိသားစုဆိုတာ ဒါပဲလေ ကိုထွန်းတင်ရဲ့"

"ဟုတ်ပါတယ် အဖေ"

"သား"

ဆန်ပြုတ် ပန်းကန်လေးကိုကိုင်ပြီး သာဂေ အဖေ့နားမှာ ဝင်ထိုင်လိုက်သည်။ ထူမတ်ပေးမှ ထနိုင်ထိုင်နိုင်သော အဖေ့ကို ညင်သာ စွာ ပွေ့ဖက်ထူလိုက်၏။

"အဖေ ဘာလို့မျက်ရည်ကျနေပြန်တာလဲ၊ သား စိတ်မကောင်း အောင်လို့ အဖေရယ်"

"သား"

"ဗျာ အဖေ"

"သားကို အဖေ အဆုံးထိတာဝန်မကျေနိုင်တာ အဖေ ဝမ်း အနည်းဆုံးပဲ"

"ဘဝဆိုတာ တစ်သမတ်တည်း ရှိတာမှ မဟုတ်တဲ့အဖေ၊ ဖြစ်လာသမျှ လောကဓံကို ရင်ဆိုင်ရမှာ လူသားတွေရဲ့ တာဝန်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



မိသားစုဆိုတာလည်း အပြန်အလှန် ပေးဆပ်မှုရှိရမှာပေါ့ အဖေ မဟုတ်ဘူးလား၊ သားလေ ရန်ကုန်ရောက်လို့ အလုပ်ရရင် အဖေ့အတွက် ဂိုးချဲလ်လေး အရင်ဝယ်ပေးမယ် သိလား''

''သိတာပေါ့တယ်၊ ငါ့သားလေး သိတတ် လိမ္မာတာကို အဖေ သိပါတယ်၊ ဒါပေမဲ့ အဖေ့အတွက် အရင်မစဉ်းစားပါနဲ့၊ တနယ်တကျေးမှာ သားကိုယ်သား အဆင်ပြေအောင် နေကြည့်ရဦးမှာပေါ့၊ မိသားစုကို ငဲ့ပြီး ပင်ပင်ပန်းပန်း အလုပ်တွေဆိုရင် မလုပ်နဲ့ သား၊ ဘာအလုပ်မှ မလုပ်နိုင်ဘူးဆိုရင်လည်း ပြန်သာလာခဲ့၊ ဒီလိုပဲ ရှိတာလေးနဲ့ ချွေတာ စားသောက်ကြမှာပေါ့ သားရယ်နော်''

အဖေ သူ့ကို လုံးဝခွဲချင်ပုံ မပေါ်ပါ။ ဆေးရုံတက်နေစဉ် ကာလကလည်း သူ့ကို တစ်နေ့တစ်ခေါက်တော့ ပုံမှန်လာစေချင်သူ။ သားသမီး သုံးယောက်တည်းမှာ သားဦးဖြစ်သော သူ့ကိုသာ အချစ်ပိုဟန်တူ၏။

သူလည်း အဖေ့ကို ချစ်ပါသည်။ မိသားစုအပေါ် တာဝန်ကျေသော မေတ္တာတွေပေးတတ်လွန်းသော အဖေ့ကို လေးစားထိုက်သည်ဟုလည်း သူ ယုံကြည်ခဲ့သည်။

''အဖေ ဆန်ပြုတ်လေးသောက်လိုက်နော်၊ ပြီးရင် အဖေ့ကို ဆေးတိုက်မယ်''

''ခုနက အဖေပြောတာကို နားဝင်ရဲ့လား သား''

''ဟုတ်ကဲ့ နားလည်ပါတယ်၊ ဒါပေမဲ့ အဖေ့သားက ယောကျ်ားပါ၊ မလုပ်နိုင်ဘူးဆိုတာ ရှိပါ့မလား၊ မိသားစုအတွက် ဘာအလုပ်မဆို





လုပ်နိုင်ရမှာပေါ့''

''သားက အဖေ့လို တောသားနဲ့တူတာ မဟုတ်ဘူး၊ နုနုဖတ်ဖတ် ချောချောလေး၊ တကယ်ဆို ရုပ်ရှင်မင်းသားလုပ်ရင်တောင် ဖြစ်နိုင်တယ်''

''အဖေကလည်း ပြောတော့မယ်''

''မြှောက်ပင့်ပြောနေတာ မဟုတ်ဘူး။ အဖေ တကယ်ပြောနေတာ၊ သား အလုပ်ကြမ်းတွေဆို မလုပ်နဲ့''

''ကိုထွန်းတင် ရှင့်သားက ကလေးမဟုတ်တော့ဘူး၊ အသိဉာဏ်ရှိ မနိုင်ဝန်တော့ ထမ်းပါ့မလား၊ ဘွဲ့ရပညာတတ်လည်းမဟုတ်၊ ဘာ ထောက်မှတ်မှလည်းမရှိနဲ့ ငြိမ်ငြိမ်လေးထိုင်နေရတဲ့ စာရေးစာချီအလုပ်တော့ ရနိုင်ဘူး၊ ပင်ပန်းသင့်သလောက် ပင်ပန်းမယ်၊ ပင်ပန်းချင်မှလည်း ပင်ပန်းမယ်၊ ရှင် အရမ်းကြီး စိတ်ထိခိုက်မနေပါနဲ့၊ သားကြီး သွားရလာရမှာ နောက်ဆံတင်းနေရင် ပိုမကောင်းဘူး''

ဦးထွန်းတင် မျက်ရည်တွေကျရင်း ငြိမ်သက်သွား၏။ ကိုယ်က စိတ်သွားတိုင်း ကိုယ်မပါတော့သည့် ဒုက္ခိတဘဝ ရောက်သွားပြီမို့ စိတ်အနှောင့်အယှက်ဖြစ်အောင်လည်း မလုပ်ချင်တော့။

မိသားစုအပေါ် အဆုံးအထိ တာဝန်မကျေနိုင်ဘဲ လမ်းခုလပ်မှာ ဒုက္ခပေးမိသလို ဖြစ်ရတာပဲ။ ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရဖြစ်မိသည်။

ဘဝဆိုတာ ဒီလိုမျိုးလား. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

သားကြီး ဒီနေ့ ရန်ကုန်သွားတော့မည်။ အဝတ်အစားတွေ ထည့်နေသော သားကျောပြင်ကို ကြည့်၍ ရင်ထဲမှာ မခံစားနိုင်လောက်အောင် ဆို့နင့်နာကျင်နေ၏။

သားကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်မြတ်နိုးခဲ့ရတာ။

''အဖေ သား ကန်တော့မယ်နော်''

''အေး အေး သားရယ်''

သား မမြင်အောင် မျက်ရည်တွေကို ကပျာကယာသုတ်ရ၏။ သား ဦးသုံးကြိမ်ချပြီးချိန်မှာ မျက်ရည်က ထပ်ကျပြန်သည်။

''ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ငါ့သားကြီး သွားလေရာ





လာလေရာ ခလုတ်မထိ ဆူးမငြိပါစေနဲ့၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေ၊ သူတော်ကောင်းနဲ့တွေ့လို့ သူယုတ်မာနဲ့ လွဲပါစေ သားရယ်''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အဖေ၊ အဖေ ဘာလို့ ငိုနေပြန်တာလဲ အဖေရယ်၊ သား အလုပ်အကိုင် အဆင်ပြေတာနဲ့ ရွာကို ခဏခဏ ပြန်လာမှာပါ၊ အမေ့ အဖေ့ကို ဂရုစိုက်ပါနော်''

''စိတ်ချပါ သားရယ်၊ အမေတို့အတွက် နောက်ဆံမတင်းနဲ့၊ သား အဆင်ပြေဖို့က ပိုအရေးကြီးတယ်၊ ဩော် မောင်ကျော်သက်နဲ့ရော အဆက်အသွယ် သေချာရရဲ့လား၊ ကားဂိတ်ကို သူ လာကြိုမယ်ဆိုတာရော ဟုတ်ရဲ့လား သားရယ်''

''ဟုတ်ပါတယ် အမေရဲ့၊ သူ့ဒွေးကို အလုပ်တစ်ခုခု သွင်းပေးဖို့လည်း အကူအညီတောင်းထားတယ် ပြောပါတယ်၊ ကျော်သက်က ဖုန်းတွေဘာတွေနဲ့တောင် ဖြစ်နေပြီ၊ ဟိုရောက်ရင် သူ့ဖုန်းနဲ့ ဒေါ်အုန်းတင်ဆီကနေတစ်ဆင့် အမေတို့ကို ဖုန်းခေါ်လိုက်မယ်နော်''

''အေးပါ သား လမ်းခရီးချောချောမွေ့မွေ့ ရောက်ကြောင်းနဲ့ အလုပ်အကိုင်နဲ့ပတ်သက်ပြီး အဆင်ပြေလား၊ မပြေလား အကျိုးအကြောင်း ဖုန်းဆက်ဖြစ်အောင်ဆက် သား''

''ဟုတ်ကဲ့ အမေ၊ ဩော် ညီလေးနဲ့ ညီမလေး''

ကျောင်းလွယ်အိတ်လေးတွေနှင့် ထွက်လာသော ညီလေးနှင့် ညီမလေးက သူ့ကို ထိုင်ကန်တော့ကြသည်။ ညီလေးနှင့်ညီမလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလွယ်အိတ်နှင့် ကျောင်းစိမ်းဝတ်စုံက သူ့အကျွေတွေမို့ နွမ်းဖတ်နေသည်။

"ကိုကို အလုပ်အဆင်ပြေရင် လွယ်အိတ်နဲ့ ကျောင်းဝတ်စုံလေးတွေ ဝယ်ပို့လိုက်မယ်နော်"

"ဟုတ်ကဲ့ ကိုကြီး"

"ကိုကြီး နေကောင်းအောင် နေနော်၊ ခဏ ခဏလည်း ပြန်လာခဲ့"

"အေးပါ ညီလေးနဲ့ညီမလေး ကျောင်းသွားကြတော့မှာမဟုတ်လား၊ သွားကြလေ"

"ဟုတ်ကဲ့ သွားပြီနော် ကိုကြီး"

"ကိုကို သွားပြီ"

"အေး အေး"

ညီလေးနဲ့ညီမလေးကို ပွေ့ဖက်နမ်းရှုံ့ပြီးမှ အိမ်ဝထိအောင် လိုက်ပို့လိုက်သည်။ ပြီးမှ အဖေနှင့်အမေနားမှာ ပြန်ထိုင်၍

"သားလည်း သွားတော့မယ်၊ ရန်ကုန်ကားတွေ လမ်းခုလပ်ဆို သိပ်ရပ်ပေးချင်တာ မဟုတ်ဘူး"

"သာအေးတို့ မြို့ဈေးသွားမယ့် လှည်းကြုံနဲ့လိုက်မှာဆို"

"ရွာထိပ်မှာစောင့်မယ်လို့ ပြောတာပဲ"

"သား ကျန်းမာရေးတော့ ဂရုစိုက်နော်၊ တောကအလုပ်တွေ မနိုင်းရက်လို့ မြို့ကိုလွှတ်ရတာ၊ အမေလည်း စိတ်ချတာ မဟုတ်ဘူး"





"စိတ်ချပါ အမေ၊ သား အရွယ်ရောက်နေပါပြီ၊ သားအတွက် အဖေရော အမေရော စိတ်မပူနဲ့၊ အဖေတို့ အမေတို့သာ ကျန်းမာရေး ဂရုစိုက်ကြပါ၊ အထူးသဖြင့် အဖေ လုံးဝအားမငယ်နဲ့၊ စိတ်ဓာတ်မကျပါနဲ့နော်၊ ငိုးချဲလ်လေးနဲ့သာဆို အဖေ အိမ်ဝိုင်းထဲမှာ သွားလို့လာလို့ရမှာ"

"အေးပါကွာ၊ သွားလို့လာလို့ပဲရမှာ၊ အဖေ ဘာအလုပ်လုပ်နိုင်မှာမို့လို့လဲ၊ သား ဟိုမှာ အဆင်ပြေပြေနေနိုင်ဖို့က ပိုအရေးကြီးတယ်နော် သား"

"ဟုတ်ကဲ့ အဖေ"

အိတ်ကိုဆွဲပြီး ထွက်လာချိန်မှာ အဖေနှင့်အမေ မျက်ရည်အဝဲသားနှင့် ကျန်ရစ်ခဲ့သည်။ ရွာကို နှုတ်မဆက်ချင်။ ရွာကလူတွေကိုလည်း နှုတ်မဆက်ချင်။

ဒီရွာလေးက သူ့ချက်မြှုပ် မွေးရပ်မြေ။ တစ်နေ့တော့ သူ အပြီးပြန်လာရမှာပဲ။

"ဟိတ်ကောင် သာခ က အမြန်လာကွ၊ မင်းကိုစောင့်နေတာ"

"ဩော် ဟုတ်ကဲ့ ကိုကြီးသာအေး၊ အားနာလိုက်တာဗျာ"

"ရပါတယ်ကွာ၊ မင်းကမြို့သွား အလုပ်လုပ်မလို့ဆို"

ကိုကြီးသာအေး လှည်းပေါ်တက်ရင်း ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ် ကိုကြီးသာအေးရ၊ အဖေက ဒီလိုဖြစ်သွားတော့ သားကြီးတစ်ယောက်အနေနဲ့ ကျွန်တော် အလုပ်မလုပ်လို့ ဘယ်ဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ မင်းအဖေက လူရိုးလူတော်တစ်ယောက်ပါ၊ မိသားစုကို ချစ်လိုက်တာမှ တုန်လို့ ဘာမှမနိုင်းရက် မပြုရက် သူတစ်ယောက်တည်း ဒိုင်ခံ ရုန်းကန်ရှာဖွေကျွေးလာတာ"

"အဲဒါကြောင့် အဖေ့အပေါ် တစ်လှည့်တာဝန်ကျေအောင် ကျွေးမွေးဆပ်နိုင်အောင် ကြိုးစားရမှာပေါ့ဗျာ"

"အေး အဲဒါ သားလိမ္မာပေါ့၊ မြို့ကြီးသွားပြီး တိုးတက်အောင်မြင်အောင် ကြိုးစားကွာ၊ ကျော်သက်တောင် သွားခါစက သိပ်အံဝင်ခွင်ကျ မဟုတ်ပေမယ့် အခု အတော် ဟန်ကျနေပြီ ကြားတယ်၊ ဘာတွေလုပ်တယ်တော့ မသိဘူး၊ ရွာက အေးခင်နဲ့ ရန်ကုန်မှာတွေ့တော့ ရှုတင်သွားရမယ်ဆိုလား ဘာလား ပြောသတဲ့ကွ၊ ဒီကောင့်ရုပ်က ရုပ်ရှင်မင်းသားတော့ မဖြစ်နိုင်ပါဘူး၊ လူပြက်ပဲ ဖြစ်ချင်ဖြစ်မယ်"

ကိုကြီးသာအေး စကားကြောင့် ဟန်မဆောင်နိုင်ဘဲ ရယ်မိသေးသည်။ ပြောရင်းဆိုရင်း ညနေ ငါးနာရီကျော်လောက် အော်ဝေါက်ကာ နွားလှည်းကို အမြန် မောင်းလာခဲ့တော့ တစ်နာရီကျော်လောက်အကြာမှာ ကားလမ်းမကို ရောက်လာခဲ့ကြသည်။

"ကိုကြီးသာအေး ဈေးဘက်ကို ကျွန်တော် မလိုက်တော့ဘူး ဒီကနေပဲ ကားစောင့်တော့မယ်"

"ဟ ကောင်လေးရဲ့ ဈေးထဲမှာ ကားဂိတ်ထိုးဦးမှာကွ၊ ဟိုကစီးတော့ ထိုင်ခုံနေရာ ရတာပေါ့"

"အလေးအပင်မှ မပါတာ၊ ဒီကပဲစောင့်တော့မယ်ဗျာ၊ သုံးလေး





နာရီစီးလိုက်ရင် ရန်ကုန်ရောက်မှာပဲ၊ ဖြော် ကိုကြီးသာအေး အမေတို့ကို စောင့်ရှောက်လိုက်ပါဦး၊ တစ်ခါတလေ ကိုကြီးသာအေး ရန်ကုန်ရောက်ရင်လည်း ဝင်ခဲ့ပါ၊ ကျွန်တော် ဟိုမှာ နေရမယ့်နေရာသိရရင် အမေတို့ကို လိပ်စာပေးလိုက်မယ်"

"အေးပါကွ၊ ဘုန်းကြီးလိုအပ်တာ ဝယ်နိုင်းရင် ငါလည်း ရောက်မှာပါ၊ ဟိတ်ကောင် မိန်းမတွေ့ တန်းခနဲ မယူနဲ့နော်"

"အာ ကိုကြီးသာအေးကလည်း"

လှည်းပေါ်ကနေ နောက်လှည့်ကာ ပျော်တတ်သော ကိုကြီးသာအေးက စနောက်သွားသေး၏။ မကြာမီမှာ ရန်ကုန်ကိုသွားမည့် အဝေးပြေးဘတ်စ်ကားကြီး လာတော့မည်။

နာရီပိုင်းအတွင်းမှာပင် အဖေ အမေ၊ ညီလေး ညီမလေးများရှိသော ရွာကိုစွန့်ခွာ၍ ရန်ကုန်ရွှေမြို့တော်ကြီးကိုရောက်တော့မည်ပဲ။

ဘဝဆိုတာ ပျော်ရာမှာမနေရ၊ တော်ရာမှာ နေရမည့်အဖြစ်မျိုးပို့ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဂိတ်ဝင်းထဲကိုရောက်လို့ ကားပေါ်ကနေ ယောင်လည်လှ ဆင်းလိုက်စဉ်မှာ တက္ကစီသမားတွေ အလုအယက် ခေါ်နေသည့်ကြား တိုးဝှေ၍ ကျော်သက် ဝမ်းသာအားရ ပွေ့ဖက်ကာ သူ့ကို ကြိုနေသည်

"သာခက ဟိတ်ကောင်ကြီး"

"ကျော်သက်"

"မင်းကိုတွေ့ရတာ ပျော်လိုက်တာကွာ၊ လာ ငါ့မှာကားပါတယ်

"ဟင် မင်းက ကားတွေဘာတွေနဲ့ ဖြစ်နေပြီလား"

"ငါ ကားဝယ်စီးနိုင်တဲ့အဆင့်တော့ မရောက်သေးပါဘူးကွ သူဌေးကို မင်းလာမှာနဲ့ အကျိုးအကြောင်း ပြောပြထားလို့ မင်းကိုကြိ ကားပေးလိုက်တာ"





"တယ်ဟုတ်ပါလား၊ မင်းသူဌေးက သဘောကောင်းလိုက်တာ"

"လူတိုင်းအပေါ် ကောင်းတာတော့ မဟုတ်ဘူးကွ၊ နည်းနည်း စည်းကမ်းကြီးတယ်၊ အလုပ်နဲ့ပတ်သက်ရင်တော့ တိကျသေချာမှ ကြိုက်တယ်၊ ဒါပေမဲ့ တခြားလူချမ်းသာ သူဌေးတွေနဲ့ နှိုင်းယှဉ်ကြည့်ရင်လည်း ဒီလောက်တော့ မဟုတ်ပါဘူး၊ လူပျိုကြီးဆိုတော့ ပေါင်းရသင်းရတာ အဆင်ပြေပါတယ်"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ငါ အလုပ်တစ်ခုရဖို့ ပြောထားတယ် မဟုတ်လား"

"အေး ပြောထားတယ်၊ ဒါပေမဲ့ လူကိုကြည့်ပြီးမှ ဘယ်အလုပ်နဲ့ သင့်တော်တယ်ဆိုတာ ပြောမယ်တဲ့၊ သူ့မှာရှိတဲ့ လုပ်ငန်းနဲ့ အဆင်မပြေတောင် တခြားမှာပြောပေးမှာပေါ့ကွာ၊ အဲဒီအတွက်တော့ စိတ်မပူနဲ့၊ လာ ငါတို့ တစ်ခုခု စားပြီးမှ ပြန်ရအောင်"

"ဟ မင်းသူဌေးက အချိန်တိကျမှ ကြိုက်တယ်ဆို"

"ကားဝင်တာ နောက်ကျလို့လို့ ပြောလိုက်ရင် ဖယားငြိမ်းပါတယ်၊ ရန်ကုန်မှာနေပြီး ဒီလောက်မှ မလည်ရင် ဖြစ်မလား"

ကျော်သက်က စပ်ဖြဲဖြဲ။ ဒီကောင် လူလည်ဖြစ်နေပြီ။ မလိမ့်တစ်ပတ် ကွက်ကျော်ရိုက်တတ်တာတော့ ရွာမှာလည်းက ကျော်သက် အကျင့်ပါ။

ဒါကြောင့်လည်း ဒီကောင် ဆယ်တန်း မအောင်ခဲ့တာ။

မိဘတွေက ကျောင်းသွားတယ် ထင်ပေမယ့် ဒီကောင်က



www.burmeseclassic.com

www.burmeseclassic.com



ရောင်းထဲမှာ ရေချိုး တောထဲသွား ငှက်မစ်။

အိမှမဟုတ် မြို့ဈေးမှာ ဝင်မွှေချင်မွှေ။ ကိုယ်ကတော့ သူငယ်ချင်းဆိုပေမယ့် ကျော်သက်နောက် တကောက်ကောက်လိုက်ပြီး အရှိန်မပြန်ခဲ့တာကြောင့် ဆယ်တန်းကို နှစ်ချင်းပေါက် အောင်ခဲ့ခြင်းပင်။

"သာဓက ဘာစားမလဲ မှာလေ"

"ဗိုက်ပြည့်ရင် ပြီးတာပဲကွာ၊ ဗိုက်တော့ ဆာနေပြီ"

"ဒါဆို ရှမ်းခေါက်ဆွဲတို့ မြီးရှည်တို့ စားပါလား"

"ဘာပဲဖြစ်ဖြစ် အဆင်ပြေတယ်၊ မင်းကရော"

"ဘီယာနဲ့ အမြည်းဆွဲမယ်"

"ဟာ ဘီယာတော့ မသောက်ပါနဲ့ မင်းသူဌေးက အနံ့ထွက်ရင် အဆူခံနေရဦးမယ်"

"ပီကေလေး ငုံသွားလိုက်ရင် ဖြစ်တယ်၊ အင်း ဒီမှာနေရင် ဘာကိုမှ စိုးရိမ်ကြီး ပူပန်မနေနဲ့ အဆင်ပြေသလို လည်သလိုကြည့်နေ ကြည့်စား။ နံနေ အ,နေရင်တော့ ကိုယ့်ကို ကွက်ကျော်ရိုက်ပြီး ဝါးစားသွားလိမ့်မယ်"

"ရန်ကုန်ရောက်လို့ မင်း အရင်ဆုံးသင်ပေးတဲ့ပညာကကောင်း မဟာန်ပါလားကွာ"

"နောက်ဆို မင်းလည်း ဒီပညာတွေကို သူ့အလိုလို တတ်မြောက်သွားမှာပါ"

"ဘာ"





"အမှန်တရားကိုချည်း ကိုးကွယ်နေလို့ မရဘူး၊ မှသားမပါ လက်ာမချောတဲ့ လူရိုးလူတော်ကြီးလုပ်မနေနဲ့ ကဲပါကွာ၊ မုန့်ပွဲရောက်လာပြီ၊ စားစမ်းပါ၊ ငါလည်း ရှိတ်လိုက်ဦးမယ်"

ကိုယ့်ရှေ့ကို မုန့်ပန်းကန်တိုးပေးပြီး ကျော်သက်က ဘီယာကို ဖိမ်ခံသောက်နေ၏။ မစားဘူးသော အစားအစာဆိုပေမယ့် အရသာတွေ့တာမို့ ဗိုက်ပြည့်အောင် စားပစ်လိုက်သည်။ တင်းတင်းတိမ်တိမ် ရှိသွားမှ ရေသန့်ဘူးထဲက ရေထည့်သောက်ရင်း

"နေပါဦး မင်းအလုပ်က ဘာလဲ ကျော်သက်၊ ဘာတွေလုပ်ရတာလဲ"

"သူဌေးရဲ့ဒရိုင်ဘာ၊ သူ သွားမယ့်နေရာ ဘာညာ လိုက်ပို့ရတာပေါ့ကွာ၊ အဲ မန်နေဂျာလို့လည်း ပြောလို့ရသေးတယ်၊ လုပ်ငန်းကိစ္စအဝဝ အစီရင်ခံရတာမျိုး၊ ပြီးတော့ မင်းသား မင်းသမီးတွေ အိမ်ကို အဝတ်အစားတွေ သွားပို့ရတာမျိုးပေါ့"

"ဘာ မင်းသား မင်းသမီးတွေအိမ်၊ မင်း သူဌေးက ဘာလုပ်ငန်းလုပ်တာမို့လဲ"

"နိုင်ငံခြားက ပိတ်စတွေဝယ်ပြီး ကိုယ်ပိုင်ဒီဇိုင်းထွင် ချုပ်တာ၊ သူက နိုင်ငံတကာ ဖက်ရှင်တွေကို လေ့လာပြီး ဒီဇိုင်းရှာတယ်၊ အထည်ချုပ်တဲ့ဝန်ထမ်းတင် အယောက်သုံးဆယ်လောက်ရှိတယ်"

"အဲလိုလုပ်တာနဲ့ အဲလောက်တောင် ချမ်းသာသွားလား"

"မြန်မာနိုင်ငံက နာမည်ကြီး မင်းသား မင်းသမီး ငါးယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖမ်းစားထားနိုင်ရင် ဒီလောက်ချမ်းသာတာ ဆန်းမလား။ ဝါ့သူဌေးက ဒီလောကမှာ အရမ်းကိုအောင်မြင်တိုးတက်နေပြီ''

''နေပါဦး မင်းသူဌေးက ယောက်ျားလား၊ မိန်းမလား''

''ယောက်ျား နာမည်က ဦးလွှမ်းမိုးနိုင်''

''ဟင် ယောက်ျားကြီးက ဒီအလုပ်လုပ်တယ်''

''ဟ ယောက်ျားကြီးက ဒီဗိုင်နာ မလုပ်ရဘူးလို့ မင်း ဘယ်သူပြောလဲ''

''မဟုတ်ဘူးလေ၊ ဒီအလုပ်ဆိုတာက''

''ရန်ကုန်မှာတော့ ယောက်ျားတွေကမှ ဒီလုပ်ငန်းမှာ ပိုပြီးအောင်မြင်ကြတယ်၊ အမြင်မကျဉ်းနဲ့၊ နယ်မှာလိုမဟုတ်ဘူး၊ မိန်းကလေးတွေရဲ့ ကိုယ်ခန္ဓာအလှကို ယောက်ျားတွေကမှ အမြင်ပိုရှိတာ၊ အလှတရားကို ယောက်ျားတွေက ပိုပြီး ခံစားပုံဖော်တတ်ကြတာကွ''

''မင်းသူဌေးက နာဘူးကြီးလား''

''အဲလိုလည်း မဟုတ်ပါဘူး''

''ဒါဆို အခြောက်ကြီးလား''

''အာ မဟုတ်ပါဘူး၊ ဒီအလုပ်ကိုလုပ်ပြီး အလှတရားကို ခံစားတတ်တယ်ဆိုတာနဲ့ နာဘူးတို့ အခြောက်တို့ ဖြစ်ရောလား''

''မသိဘူးလေ''

ဘုတောလိုက်ရင်၊ အစားအသောက်ကို အကုန် လက်စသတ်လိုက်၏။ ကျော်သက်လည်း ဘီယာနှစ်ဘူးလောက် ကုန်သွားသည်။





''ကဲ သွားရအောင်၊ ဟိုရောက်ရင် အမေးအမြန်းမထူနဲ့၊ မေးတာကို အဆင်ပြေအောင်ဖြေပြီး အလိုက်အထိုက်နေ၊ ကြောက်ရွံ့သိမ်ငယ်စရာမလိုဘူး၊ သူဌေးက သဘောကောင်းပါတယ်''

''အေးပါ''

ကားပေါ်ရောက်တော့ ကျော်သက်က အသင့်ဆောင်ထားသော ပီကေနှစ်ခုလောက် ပါးစပ်ထဲ ထည့်ဝါး၏။ ပီကေက လိမ္မော်နံ့သင်းသင်းလေးပင်။

သူက တစ်ခုတည်းပါလာသော အဝတ်အစားအသုံးအဆောင်အနည်းအကျဉ်း ထည့်ယူလာခဲ့သည့် လက်ဆွဲအိတ်ကို နောက်ခန်းထဲ ထည့်လိုက်ပြီး

''မင်း ဒီအလုပ်ကို ဘယ်လိုရခဲ့တာလဲ၊ အရင်ကရော ဘာတွေလုပ်ခဲ့တာလဲ၊ မင်းကို သာကေတဘက်က အဒေါ်တွေနဲ့ပဲ နေတယ်ထင်တာ''

''ရန်ကုန်ရောက်ခါစက ဟုတ်တယ်၊ အဒေါ်တွေအိမ်မှာနေပြီး ထမင်းဖိုးနဲ့ နေစရိတ်ပေးနိုင်အောင် အလုပ်ပေါင်းစုံ လုပ်ခဲ့ရတယ်''

''ဟင် အဒေါ်တွေဖြစ်ပြီး နေစရိတ် စားစရိတ် တောင်းတာပဲလား''

''ရန်ကုန်မှာ ဆွေမျိုးဖြစ်ဖြစ် သူစိမ်းဖြစ်ဖြစ် ထမင်းတစ်နပ်အလကားစားရဖို့ တစ်ညအိပ်တည်းခိုဖို့ မလွယ်ဘူး၊ ကိုယ့်အတွက် အကျိုးအမြတ်မရှိတဲ့သူဆိုရင် မသိချင်ယောင်ဆောင်နေကြတာ များတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

နားထောင်ရင်းမှ တစ်ရွာတည်းသား သူငယ်ချင်းအပေါ် အကူအညီလှမ်းတောင်းရုံနှင့် ရိုင်းပင်းကူညီမှုရှိသော ကျော်သက်ကို ကျေးရွာတင်ထိုက်သူဖြစ်မှန်း သတိရ၏။ ကျော်သက်က ကားကို ကျွမ်းကျင်စွာ မောင်းနေရင်းမှ

"ရန်ကုန်မှာနေရတာ သိပ်လေ့လာဆည်းပူးစရာ မလိုဘဲ အတတ်ပညာတွေက သူ့အလိုလို တတ်သွားတာ၊ ပတ်ဝန်းကျင် လူမှုဆက်ဆံရေးကအစပေါ့၊ ရွာမှာလို ဟိုလူ့မျက်နှာကြည့်၊ ဒီလူ့အားနာ၊ လူကြီးတွေမျက်နှာထောက်ထားပြီး မဲ့မရဲ အဲဒါမျိုးတွေ မရှိဘူး၊ သူတို့က အဲလို ဆက်ဆံရင် ကိုယ်က အဲလို ပြန်ဆက်ဆံလိုက်လို့ရတယ်"

"အခု မင်း အဒေါ်တွေနဲ့ ပြဿနာဖြစ်ပြီး ထွက်လာတာပေါ့"

"မဟုတ်ပါဘူး၊ ငါ့ဘက်က အဆင်မပြေခင်က သူတို့ ငြိုငြင်တာ သိသိကြီးနဲ့ အရှုံးပေး သည်းခံခဲ့ရတာပေါ့၊ အဲဒီအချိန်တွေကလည်း တကယ်ကို အဆင်မပြေတာ"

"ဘာတွေလုပ်လို့လဲ"

"ပထမ ဘုရင့်နောင်မှာ ကုန်ထမ်းတယ်၊ ငွေရပေမယ့် ပင်ပန်းလို့ မလုပ်နိုင်တာနဲ့ ဂါလီနင်း၊ ဆိုက်ကားနင်း လုပ်တယ်၊ ကားမှတ်တိုင်တွေမှာ ဂျာနယ်တွေ လက်ပွေ့လည်း ရောင်းလိုက်သေးတာပဲ"

"မင်း တော်တော်ရုန်းကန်ခဲ့တာပဲ"

"အလုပ်ဟူသမျှ ဂုဏ်ရှိစွတဲ့ကွ၊ ရန်ကုန်မှာ ထမင်းစားလို့ရတဲ့





အလုပ်တွေ အများကြီးပါ၊ ဆင်ခြေပေးရင်တော့ ထမင်းငတ်တတ်တယ်၊ အလုပ်ရွေးရင် အလုပ်ရှားတယ်၊ အဆင်မပြေဘူးဆိုတာ လက်ကြောတင်းအောင် အလုပ်မလုပ်ချင်ကြလို့ အဆင်မပြေကြတာပဲ"

"ကျော်သက် မင်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေလို့လားမသိဘူး၊ အရမ်းရင့်ကျက်လာတာပဲ"

ရင်ထဲမှာ မအောင့်နိုင်အောင် ချီးကျူးစကားဆိုမိတော့ ကျော်သက် ဘဝင်မြင့်ကာ ပြုံးဖြိဖြိ ဖြစ်သွား၏။

"အဟင်း မင်းပြောတာ ဟုတ်မယ်ကွ၊ အစကဆို ငါ ရွာကိုအရမ်းသတိရပြီး ပြန်ချင်တာပဲ၊ ရွာမှာ အမေတို့ အဖေတို့ လယ်ထဲကိုင်းထဲဆင်းပြီး ပင်ပင်ပန်းပန်း ရှာကျွေးတာကို သက်တောင့်သက်သာ စားသောက်ခဲ့တာ၊ ပညာကောင်းကောင်း မသင်ဘဲ နေချင်သလိုနေခဲ့တာတွေ အခုမှ နောင်တရတယ်၊ ထမင်းတစ်နပ် စားရဖို့အတွက် အဲလောက်တောင် ပင်ပန်းပါလားလို့ ယူကျုံးမရ ဖြစ်မိတာလေ"

"အဲဒီတော့ မင်းမိဘတွေဆီကို ငွေတွေပို့တယ်ပေါ့"

"အဟီး ငါ သုံးစွဲပြီး ပိုလျှံတာလေးတော့ နည်းနည်းပါးပါး ပို့ပါတယ်၊ ဒါတောင် အခုမှ၊ အရင်ကဆို ကိုယ်သုံးဖို့တောင် အနိုင်နိုင်"

"မိဘတွေကတော့ ဘယ်လောက်ပို့ပို့ ကျေနပ်နေမှာပါ"

"မိဘမေတ္တာကတော့ ဒီလိုပဲပေါ့ကွာ၊ ငါ အခု အဆင်ပြေလာတာလည်း အခု သူဌေး ဦးလွှမ်းမိုးနိုင် ကျေးဇူးကြောင့်ပဲ၊ ငါက ဆိုက်ကားနင်းရင်းနဲ့ ရုပ်ရှင်စက်အဖွဲ့မှာလုပ်တဲ့သူတွေနဲ့ ရင်းနှီးသွားတယ်၊ အဲဒါနဲ့

www.burmeseclassic.com



စပ်ဟပ်ပြီး မီးထိုးမှန်ထိုး အလုပ်ဝင်လုပ်တယ်''

''ဟာ မင်း ရုပ်ရှင်ရိုက်ကွင်းထဲ ရောက်ဖူးသွားတာပေါ့''

''အေး စလုပ်ခါစက မင်းကိုတောင် သတိရလိုက်သေးတယ်၊ ငါတို့ ငယ်ငယ်က မင်းက မင်းသားလုပ်၊ ငါက မင်းသားသူငယ်ချင်း လူရွှင်တော်နေရာကနေ ရုပ်ရှင်ရိုက်တမ်း ကစားကြတာလေ''

သာဓက ငယ်ငယ်က အကြောင်းပြန်ပြောင်း သတိရကာ ဟီးခနဲ ရှက်ရယ်ရယ်လိုက်မိ၏။ ကျော်သက် ဒီကောင် မမေ့သေးတာ လည်း အံ့ဩစရာပင်။

''ကျော်သက် မင်း မမေ့သေးဘူးနော်''

''မေ့စရာလားကွာ၊ အဲဒီအချိန်တွေက တစ်ရွာလုံးမှာ ရုပ်အချောဆုံးဖြစ်တဲ့ မင်းနဲ့ ခင်မင်ပေါင်းသင်းရတာကို ငါ အရမ်းဂုဏ်ယူခဲ့တာကွ၊ အဟင်း ထားပါတော့၊ အိမ်လည်းရောက်လာပြီ၊ နောက်မှ စကားတွေ တစ်ဝကြီး ပြောရအောင်''

သူငယ်ချင်းနှစ်ယောက် ငယ်ဟောင်းနှောင်းဖြစ် စကားတွေ ဖောင်ဖွဲ့နေကြတာမို့ သူ့ဇွေးအိမ်ရောက်လာတာတောင် သတိမထားမိ လိုက်။ ကားဟွန်းတစ်ချက်တီးပြီး ပွင့်လာသော တံခါးပေါက်ကနေ ကျော်သက် မောင်းလာသော ကားလေး ခြံဝင်းထဲ ဝင်လိုက်စဉ်မှာ တော့ . . . ။

■ ■ ■

## အခန်း (၆)

''ဟော ရောက်လာကြပြီလား ထိုင်ကြ''

''ဟုတ်ကဲ့''

ဦးလွှမ်းမိုးနိုင် ဆိုသည့်လူရဲ့ နှုတ်ခွန်းဆက်စကားသံက ဝါညက် ပြရ၍ တည်ငြိမ်မှုအပြည့်။ မျက်နှာကောင်းကောင်း နှာတံပေါ်ပေါ်နှင့် အနောက်တိုင်းဝတ်စုံကို စတိုင်ကျ သေသပ်စွာ ဝတ်ထားပြီး နက်ရှုံ့နေ သော ဆံပင်တွေကို ပြောင်သိမ်းလှန်ထားတာက လူကြီးလူကောင်းဆန် စွာ ကြည့်ကောင်းလှန်းသည်။ မျက်ဝန်းများက စူးရှအားကောင်းပြီး သောက်ျားပီသသော မာန်တွေအပြည့်။

''ပြန်ရောက်ချိန်ထက် နည်းနည်းနောက်ကျသလားလို့ မောင် ကျော်သက်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကားက ဂိတ်ထိုးတာ နောက်ကျလို့ပါ၊ အပြန်လည်း ကားလမ်းနည်းနည်း ပိတ်တယ်"

"ဖြစ်တတ်ပါတယ်၊ ဒါနဲ့ သူနဲ့ မိတ်ဆက်ပေးဦးလေ၊ မင်းပြော ထားတာ နာမည်က ဘာ"

"ကျွန်တော့်နာမည် သာဓကပါ ခင်ဗျာ"

"ဩော် အေး မောင်ကျော်သက်က ပြောတော့ ပြောထားပါ တယ်၊ အလုပ်ကများတော့ နည်းနည်းမေ့သွားတာ၊ ဦးနာမည်လည်း သူ ပြောထားမှာပေါ့"

"ဟုတ်ကဲ့ ဦးနိုင်လို့ ခေါ်ရမယ်လို့ သူ ပြောထားပါတယ်"

"အေး ဟုတ်ပြီ၊ ပိုရင်းနှီးသွားတာပေါ့၊ ပြောပါဦး မင်းက ဘာလုပ်ချင်တာလဲ၊ ဘာဝါသနာပါတာလဲ"

"ဘာအလုပ်ပဲရရ ကျွန်တော် လုပ်မှာပါ၊ ဝါသနာဆိုတာတော့ အတိအကျ မရှိပါဘူး၊ အလုပ်မလုပ်လို့ မဖြစ်တဲ့ အခြေအနေမို့ ရန်ကုန် ကို လာခဲ့တာပါ"

"မိဘတွေက တော်တော် အဆင်မပြေဘူးလား"

"ဟုတ်ကဲ့ တောလုပ်တောကိုင်နဲ့ ပင်ပင်ပန်းပန်း ရှာကျွေးနေတဲ့ အဖေက ထန်းပင်ပေါ်က လိမ့်ကျပြီး မလုပ်နိုင် မကိုင်နိုင်ဖြစ်သွားတော့ သားကြီးတစ်ယောက်အနေနဲ့ ကျွန်တော့်အပေါ် တာဝန်တွေ ပိသွားပြီလေ၊ အဲဒါကြောင့် ကျွန်တော် ဘာအလုပ်မဆို လုပ်မှဖြစ်မှာပါ"

"ဩော်"





ဦးလွှမ်းမိုးနိုင် မျက်နှာမှာ စိတ်မကောင်းသည့် အရိပ်အရောင် တွေ ယှက်သန်းသွားသည်။ ဆိုဖာခုံကြီးကို နောက်ကပ်မှီ၍ သူ့မျက်နှာကို အကဲခတ်ကြည့်လျက်

"သားလိမ္မာတစ်ယောက်ပါပဲ၊ ဘာပဲဖြစ်ဖြစ် အခက်အခဲရှိတယ် ဆိုရင် ဦးနိုင် ကူညီမှာပါ၊ မောင်ကျော်သက်ကိုတောင် ရှုံတင်မှာ ဒါရိုက်တာ တွေ၊ မင်းသား မင်းသမီးတွေရဲ့ အနှိမ်ခံ အနိုင်းခံ၊ အအော်အငေါက်ခံ နေရလို့ ဦးနိုင်ဆီမှာ အလုပ်ပေးထားတာ၊ ဦးနိုင်က လူတွေရဲ့အခက်အခဲ ကို ကူညီရတာ ပရဟိတလုပ်တာပဲလို့ ခံယူထားတယ်လေ၊ ကဲပါ ဒီနေ့ တော့ ခရီးပမ်းလာတာနဲ့ အနားယူလိုက်ပါဦး၊ မနက်မှ ဘာအလုပ်လုပ် ခိုင်းမယ်ဆိုတာ ဆွေးနွေးတိုင်ပင်ကြတာပေါ့၊ ဩော် မောင်ကျော်သက် တော့ ကို မင်းအခန်းထဲမှာပဲ ထားလိုက်ပါ၊ နောက်မှ အခန်းတစ်ခန်း ခွဲပေးမယ်"

"ဟုတ်ကဲ့"

"ပြီးရင် မော်ဒယ် ဘုန်းမယ်ဘွဲ့အိမ်ကို အဝတ်အစား သုံးစုံ ပို့ရမယ်နော်၊ ကိုယ်တိုင်း အဆင်မပြေရင် သေချာရေးမှတ်လာခဲ့၊ ရှော့ပွဲတွေအတွက် အပ်မယ့်ဝတ်စုံရှိသေးလားလည်း မေးလာခဲ့၊ ဒီမှာ လည်း ဆွစ်ဖလန်က ဝိတ်စတွေ ရောက်နေတယ်၊ လိုအပ်ရင် လာခဲ့ပါဦး လို့ ပြောဖို့ မမေ့နဲ့"

"ဟုတ်ကဲ့ ဦးနိုင်၊ သာဓက လာ သွားရအောင်"

စေ့စပ်သေချာတာတော့ ပြောတဲ့စကားတွေ နားထောင်ကြည့်ရုံ



www.burmeseclassic.com

www.burmeseclassic.com



နှင့် [illegible] ကျော်သက်က သူ့အိတ်ကို ကူဆွဲကာ အောက်ထပ်က [illegible]စ်ခုတွင်းကို ခေါ်သွား၏။

အခန်းက ကျော်သက်လို အလုပ်သမားတစ်ယောက်အတွက် ကျယ်ဝန်းသပ်ရပ် အဆင်ပြေလှနေပါသည်။ ရေချိုးခန်း၊ အိမ်သာကအစ အခန်းထဲမှာပဲ ရှိ၏။

"မဆိုးဘူးကွ၊ မင်းနေရတာ မိုက်သားပဲ"

"ဟုတ်တယ် ဘိုးတော်က သိပ်ခွဲခွဲခြားခြား မရှိပါဘူး၊ အစား အသောက်ဆိုလည်း တန်းတူပဲ၊ အိမ်မှာတော့ တစ်ခါတစ်ရံပေါ့၊ အပြင်မှာ စားတာ များတယ်"

"အိမ်အကူတွေ ဘာတွေ မရှိဘူးလား"

"ဒေါ်မြ ဆိုတဲ့ ထမင်းချက်တဲ့ အဒေါ်ကြီးရှိတယ်၊ အိမ်သန့်ရှင်း ရေးနဲ့ အဝတ်လျှော်တဲ့သူကတော့ တစ်ပတ်မှတစ်ခါ လာတာ၊ နေ့စဉ်က တော့ ငါနဲ့ဒေါ်မြ အလျဉ်းသင့်သလို လုပ်ကြတာပေါ့၊ လူက နည်းတော့ တွက်ကပ်နေလို့လည်း မရဘူး"

"ငါ ရောက်လာပြီဆိုတော့ ငါလည်း လုပ်မှာပေါ့၊ ဒါနဲ့ သူ့ အထည်ချုပ်လုပ်ငန်းက ဘယ်မှာလဲ"

"ကိုးမိုင်ဘက်မှာ၊ တိုက်တစ်လုံးရှိတယ်၊ အဲဒီမှာ ဖွင့်ထားတာ မြို့ထဲမှာက အရောင်းဆိုင်၊ ရုံးလည်း ထိုင်တယ်၊ မင်းကို ဘယ်နေ[illegible] နိုင်းမလဲ မသိဘူး"

"နိုင်းချင်ရာ နိုင်းကွာ၊ အရေးကြီးတာ ငွေရဖို့ပဲ၊ ငွေရ[illegible]





ဒါ့အဖေဖို့ ဝှီးချဲလ်လေး အရင်ဝယ်ပေးရမယ်"

နတင်ပေါ် ပစ်လှဲချရင်း စိတ်က အဖေ့ဆီ ရောက်သွား၏။ ဝှီးချဲလ်လေးနဲ့ဆို အဖေ သွားရလာရ လွယ်သွားမှာ။ အိမ်ထဲမှာချည်း နေလျှင် အဖေ ပိုပြီး စိတ်ဖိစီးမှုများနိုင်သည် မဟုတ်လား။

"ကျော်သက်"

"ဟေ"

"မင်းတို့သူဌေး ဦးလွှမ်းမိုးနိုင်က ယောက်ျားပီပီသသ ခန့်ချော ကြီးနော်၊ ဒါတောင် မိန်းမ မယူဘဲ လူပျိုကြီး လုပ်နေတာ အံ့သြစရာပဲ၊ သူ့ကိုကြိုက်တဲ့ မိန်းကလေးတွေ မရှိဘူးလား"

"ဟား ပေါသလားတော့ မမေးနဲ့ လုပ်ငန်းရှင် အမျိုးသမီးတွေ ရော၊ မင်းသမီးတွေ မော်ဒယ်တွေရောပဲ"

"တစ်ယောက်မှ စိတ်မဝင်စားဘူးတဲ့လား"

"အဲလို အကြောင်းမျိုးတော့ တစ်ခါမှ ရင်မဖွင့်ဖူးဘူး၊ ဘိုးတော် က အဲဒီကိစ္စ အရမ်းသိုသိပ်တယ်ကွ၊ ဒါပေမဲ့ ယောက်ျားပဲကွာ၊ အရသာ ရှိတာတွေ ခိုးစားချင်လည်း စားမှာပေါ့"

"မင်းကလည်း ပြောတော့မယ်"

"ဩော် တကယ်ပြောတာ၊ သားကောင်က ကိုယ့်ရှေ့ရောက်လာ [illegible]င် ဥပုသ်စောင့် တရားထိုင်နေတဲ့ကျား ဘယ်မှာရှိမှာလဲ၊ အဲ ဒါပေမဲ့ [illegible]ဝှက်သိုသိပ်လွန်းလို့လားတော့ မသိဘူး၊ ရှုပ်ရှုပ်ယှက်ယှက် သတင်း [illegible]တော့ တစ်ခါမှ မကြားသေးဘူးကွ၊ မင်းသမီးတွေ မော်ဒယ်တွေ အထည်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင် ရင်တွေရော တင်တွေရော ကိုယ်ဖိရင်ဖိ နီးနီးကပ်ကပ် တိုင်းရ တာပဲ၊ အီစီကလီလုပ် လူကပ်ချင်တဲ့ မိန်းကလေးတွေလည်း ရှိတာပဲ ဒါပေမဲ့ ဘိုးတော်က ရုပ်တည်ကြီးနဲ့နော်''

''အဲဒါကြောင့် တည်တည်ငြိမ်ငြိမ်နဲ့ ခန့်ပါတယ်ဆို၊ အလုပ် တစ်ခုအပေါ်မှာပဲ စိတ်ဝင်စားတဲ့ပုံမျိုး''

ဒါကျတော့ ကျော်သက် ခေါင်းတဆတ်ဆတ် ညိတ်၍ ထောက်ခံ ၏။ ဗီရိုထဲက အဝတ်အစား၊ တစ်စုံ ထုတ်လဲရင်းမှ

''ဟုတ်တယ် အလုပ်နဲ့ပတ်သက်ရင် ဆက်ဆံရေးကတော့ ပြေပြစ်သလား မမေးနဲ့၊ စကားပြေ၊ သိမ်မွေ့ညင်သာတာလည်း ဆွဲ ဆောင်မှုတစ်မျိုးပဲ၊ ဝန်ထမ်းတွေအပေါ်မှာလည်း ညှာတာမှုရှိတယ်၊ ဦးနိုင် ဒေါ်သဖြစ်တာ တစ်ခါမှ မတွေ့ဖူးဘူး၊ ဒါကြောင့်လည်း ဒီလောကမှာ အပြိုင်အဆိုင်တွေကို ထိုးဖောက်ပြီး အောင်မြင်တိုးတက်မှုတွေနဲ့ လက်မ ထောင် ရပ်တည်နေနိုင်တာပေါ့၊ ကဲ စကားပြောလို့တော့ ကောင်းတယ် ဦးနိုင် နိုင်းထားတာ ငါ လုပ်ရဦးမှာကွ၊ မင်း တစ်ရေးတမော အိပ်ပြီးလို့ ဗိုက်ဆာရင် ထမင်းစားခန်းထဲမှာ ဒေါ်မြ ရှိတယ်၊ သူ့ကိုပြောပြီး မင်း စားချင်တာစား သိလား''

''မင်း ဘယ်အချိန် ပြန်ရောက်မှာလဲ''

''အဲဒါ အတိအကျ မသိရဘူး၊ မင်းသမီးတွေ မော်ဒယ်တွေက စောင့်ခိုင်းရင် စောင့်ရသေးတာ၊ သူတို့ဆီသွားရတာ တစ်ခုတော့ ကောင်း တယ်၊ မုန့်ဖိုးရတယ်ကွ''





''ခွေးကောင်''

ကျော်သက် ပျော်ပျော်ရွှင်ရွှင် တက်ကြွစွာနှင့် ထွက်သွားသည်။ အခု ဒီအခန်းကျယ်ကြီးထဲမှာ သူတစ်ယောက်တည်း။ ဒီအခန်းထဲက အဆောင်အယောင် အခမ်းအနားနှင့် အိပ်ရာခင်း၊ ခေါင်းအုံး၊ မွေ့ရာအားလုံး သူ တစ်ခါမှ မမြင်ဘူး၊ စိတ်ကူးမယဉ်ဘူးသည့် တောက်ပမှုတွေပါ။

သူ တစ်နေ့နေ့ ဒီလို စည်းစိမ်ချမ်းသာမှုမျိုးနှင့် နေနိုင်အောင် ကြိုးစားရမည်။ အဖေ အမေနှင့် ညီလေး ညီမလေးတို့ကိုလည်း ဒီလို ကြွယ်ဝမှုမျိုး ရစေချင်၏။

မပြည့်စုံမှုတွေနှင့် ရင်းနှီးခဲ့သော သူ့အတွက် ကံတရားက အလှည့်အပြောင်းလေး လုပ်ပေးလိုက်လျှင် ဘယ်လောက်များ ကောင်း မည်လဲ။

ထိုမျှော်လင့်ချက်လေးသာ ပြည့်မည်ဆိုလျှင် သူဘာတွေပဲ လုပ်ရ လုပ်ရ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"လုပ်ရမှာတော့ မပူနဲ့၊ ဘာပဲဖြစ်ဖြစ် လုပ်ချင်စိတ်ရှိတာကို ကြိုက်တယ်၊ ဦးနိုင်က ဖြစ်ချင်စိတ်ရှိတဲ့ ကလေးတွေကို မြေတောင်မြှောက်ပေးချင်ပါတယ်"

"ဟုတ်ကဲ့ ဦးနိုင် ကျေးဇူးတင်ပါတယ်"

"မင်း မော်ဒယ် မင်းသား လုပ်ပါလား"

"ဗျာ ကျွ ကျွန်တော်က"

"အင်းလေ မင်းရုပ်ရည်နဲ့ ကိုယ်ခန္ဓာအချိုးအဆစ်က မော်ဒယ်ဘွိုင်းလည်း ဖြစ်နိုင်တယ်၊ မင်းသားလည်း ဖြစ်နိုင်တယ်"

"အာ ကျွ ကျွန်တော် ဘာအတွေ့အကြုံမှ မရှိဘဲနဲ့ ဘယ်လို လုပ် ဖြစ်နိုင်မှာလဲ"





"မဖြစ်နိုင်ဘူးဆိုတာ ရှိမလားကွ၊ လေ့လာရင်းနဲ့ သင်ယူလိုက်ရင် ဖြစ်ကို ဖြစ်ရမယ်၊ အချိန်နဲ့ငွေကို ဦးနိုင် ရင်းနှီးပေးမယ်၊ ဖြစ်ခဲ့ရင်တော့ ကျေးဇူးမမေ့နဲ့"

ဦးနိုင်က အတည်ပေါက်ပြောနေတာပါ။ သူ့မှာတော့ မယုံကြည်နိုင်သေးတာကြောင့်လား၊ ဝမ်းသာသွားတာကြောင့်လား မသိဘဲ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လို့။

ဦးနိုင်က သူ့ကို အကြည့်စူးစူး အပြုံးဝင့်ဝင့်ဖြင့်ကြည့်နေပြီး

"လူမှာအဝတ်၊ တောင်းမှာအကွပ်တဲ့၊ မင်းကို ဦးနိုင် ထွင်ထားတဲ့ အဝတ်အစားတွေနဲ့ ပွဲထုတ်လိုက်ရင် တကယ် အောင်မြင်နိုင်တဲ့ မော်ဒယ်မင်းသားတစ်ယောက် ဖြစ်သွားနိုင်တယ်"

"သာဓက မင်း စိတ်ကူးမလွဲနဲ့၊ ဦးနိုင်က ဒီလောကထဲမှာ ရင်းနှီးနေတာကြာပြီ၊ မင်းကို ဖြစ်နိုင်လို့ ပြောနေတာ"

ကျော်သက်ကပါ ကော်ဖီခွက်ချထားပြီး မြှောက်ပင့်ပေးနေ၏။

"ဦးနိုင်ကို ယုံကြည်ပါတယ်"

"ကိုယ့်ကိုကိုယ်ရော မယုံကြည်ဘူးလား၊ ကျော်သက်ကပြောတော့ ငယ်ငယ်က ရုပ်ရှင်မင်းသားလုပ်ရတာ မင်း ဝါသနာပါတယ်ဆို"

"အဲဒါ ငယ်ငယ်က ကလေးသဘာဝ ဆော့ကြတာပါ"

"အဲဒါ ဗီဇလို့ ခေါ်တယ်၊ စစ်သားဖြစ်ချင်တဲ့ကလေးက ငယ်ငယ်တည်းက စစ်တိုက်တိုင်း ဆော့ရတာကို ဝါသနာပါတယ်၊ ဆရာဝန်ဖြစ်ချင်တဲ့သူက ကလေးတစ်ယောက်ကို ပက်လက်လှန်နိုင်းပြီး အုန်း

www.burmeseclassic.com



ဆံကြိုးကို နားမှာတပ်ပြီး နားကြပ်နဲ့စမ်းသပ်ကြတာပဲ မဟုတ်လား။ အခြေအနေ မပေးလို့ ဝါသနာကို အကောင်အထည် ဖော်ခွင့်မရှိခဲ့ဘူးဆိုရင်တောင် မျှော်လင့်ချက်တော့ ထားရမှာပဲလေ''

''အေးလေကွာ မြေတောင်မြှောက်ပေးမယ့်သူ ရှိနေတာ မင်းက ကြိုးစားရုံပဲဥစ္စာ၊ အရင်းအနှီး စိုက်ထုတ်ပံ့ပိုးမယ့်သူရှိတာ မင်းအတွက် မဟာအခွင့်အရေးနော်၊ ဖြစ်အောင်လုပ်ပါ့မယ်ဆိုတဲ့ သန္နိဋ္ဌာန်သာ ချလိုက် ဖြစ်ကိုဖြစ်မှာ ဟုတ်ကောင်''

ကျော်သက်က ခြေကုတ်လက်ကုတ် ဖွတ်အတင်းကို တိုက်တွန်းနေ၏။ ကိုယ်က မျှော်လင့်မထားတာတွေ ကြားလိုက်ရလို့ မယုံမရဲ အံ့သြ နေတာ။

''သာခက မင်း ဘာဖြစ်နေတာလဲ''

ချွေးပြန်နေသော သူ့ကို ကျော်သက်စိတ်မရှည်သလို လက်တို့မေးငေါ့ကာ မေး၏။ သူ လေပူတွေ မှုတ်ထုတ်၍ နဖူးက ချွေးစတွေကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်းပင် ပွတ်သုတ်ပြီး

''မဖြစ်ခဲ့ရင် အရင်းအနှီး ထုတ်ရတဲ့ ဦးနိုင်ကို အားနာလို့ပါ''

''ဦးနိုင် စာအုပ်တစ်အုပ် ဖတ်ဖူးတယ်၊ အဲဒီထဲက ကောက်နုတ်ချက်လေးပေါ့၊ နိုင်မည်ဟု ယုံကြည်ခြင်းသည် နိုင်ခြင်း၏အစ ဖြစ်၏၊ နိုင်မှနိုင်ပါ့မလားဟု တွေးခြင်းသည် ရှုံးခြင်းနှင့်မဟာမိတ်ဖြစ်၏တဲ့၊ မကြီးပွား မတွန်းပေါက်သူတို့မှာ အများအားဖြင့် ရည်ရွယ်ချက်မရှိသူများနှင့် ရည်ရွယ်ချက် လွဲမှားနေသူများ ဖြစ်၏တဲ့''





''ဟုတ်ကဲ့''

''အေး ကိုယ့်ကိုကိုယ် ဖြစ်ပါ့မလားလို့ မတွေဝေနဲ့၊ ဖြစ်အောင်လုပ်ကြည့်မယ်ဆိုတဲ့ ယုံကြည်ချက်ထားရမယ်၊ ကြီးပွားတွန်းပေါက် အောင်မြင်ချင်တယ်ဆိုရင်လည်း ရည်ရွယ်ချက်ကြီးကြီးမားမား ရှိနေမှ ဖြစ်မှာ၊ လမ်းခုလတ်မှာ ကျဆုံးသွားတဲ့သူတွေက ရည်ရွယ်ချက်လွဲမှားလို့ပဲ''

''ဟုတ်ကဲ့ ကျွန်တော် ကြိုးစားကြည့်ပါမယ်''

''မင့်မရဲနဲ့ လွယ်လွယ် ကတိမပေးနဲ့၊ ပျင်းတဲ့သူက အလုပ်ကို ကြောက်တယ်၊ မင်းက အရမ်းအလုပ်လုပ်ချင်တဲ့စိတ်လေး ရှိနေတာတော့ ကောင်းပါတယ်၊ လေ့လာလေ့ကျင့်မယ်ဆိုရင် တိုးတက်အောင်မြင်နိုင်ပါတယ်''

''ကျေး ကျေးဇူးတင်ပါတယ် ဦးနိုင်''

သူ အသံမတုန်ဘဲ ပြောလိုက်မှ ကျော်သက်နှင့် ဦးနိုင် မျက်နှာပြုံးရောင်သမ်းသွားသည်။ သူ့ရင်တွေကတော့ တလှိုက်လှိုက် ခုန်ဝေနေဆဲပါ။

သူ ရန်ကုန်ကို လာခဲ့တာ ဒီလို အခွင့်အရေးမျိုး ရလိမ့်မည်ဟု ယောင်ယောင်လေးတောင် မမျှော်မှန်းမိခဲ့ပေ။

ဦးနိုင်က သူ့ရဲ့မဟာကျေးဇူးရှင်။

''ဟ ဟ ကောင်လေး ဘာလုပ်တာလဲ''

''ကျွန်တော် ဦးနိုင်ကို ကျေးဇူးတင်လွန်းလို့ပါ''

''ခြော် အဲလို မလုပ်ပါနဲ့၊ မကန်တော့ပါနဲ့၊ အပေါ်မှာပဲ ထိုင်ပါ''



www.burmeseclassic.com

www.burmeseclassic.com



ကော်ဇောပေါ် ဆင်းထိုင်၍ လက်အုပ်ချီ ကန်တော့မိသော သူ့လက်ကို ဦးနိုင်က ဆုပ်ကိုင်၍ ဆိုဖာခုံပေါ် ပြန်ထိုင်ခိုင်းသည်။ သူ ဝမ်းသာဝမ်းနည်းကြီးဖြစ်ပြီး မျက်ရည်ဝဲနေတော့ ဦးနိုင်က သူ့ပခုံးကို နွေးထွေးအားပေးမှုများဖြင့် ခပ်ဖွဖွပုတ်၏။

"ကောင်လေး မင်း ဒီလိုဖြစ်နေတာ အရမ်း ရိုးသားလွန်းလို့ပါ။ အမှန်အတိုင်း ပြောရရင် ဒီလိုမျိုး မြေတောင်မြှောက်ပေးတာ ဦးနိုင် အတွက် မင်းက ပထမဆုံး မဟုတ်ဘူး"

"ဗျာ"

"ဟုတ်တယ် အခု ဒီလောကထဲမှာ နာမည်ကြီး အောင်မြင်နေတဲ့ မင်းသားနှစ်လက်လောက်က ဦးနိုင်ကို စုံကန်တက်သွားကြတာ"

"ဗျာ ဘာ ဘာဖြစ်လို့လဲ"

"အစကတော့ မင်းလို အဖြူထည် ရိုးစင်းတဲ့သူလေးတွေပါပဲ ဒီလောကမှာ ထဲထဲဝင်ဝင် ရင်းနှီးကျွမ်းကျင်တဲ့ ဦးနိုင်ကို အကူအညီပေး ပါလို့ ချည်းကပ်ကြတာပေါ့။ ကြိုးစားမှုလေးလည်းရှိလို့ လုပ်ပေးရကျိုး နပ်မယ်ဆိုပြီး စေတနာအပြည့်နဲ့ လုပ်ပေးလိုက်တယ်၊ တကယ်လည်း ဖြစ်သွားကြပါတယ်"

"ဟုတ်ကဲ့"

"အမြင့်မရောက်ခင်ကတော့ ဦးနိုင်က ကျေးဇူးရှင်ကြီးပေါ့၊ အခုတော့ အခုတော့လည်း ငါတို့ ဒီနေရာက လာခဲ့တာပါလားလို့ သတိ တောင် မရတော့ပါဘူး"





ဦးနိုင် ဒါတွေ ပြောပြနေတာ သူ့ကို ဒီလို မဖြစ်စေချင်လို့ သတိပေးနေဟန်တူသည်။ စေတနာကို တုံ့ပြန်မခံရလို့ ဝမ်းနည်းနာကျင် နေတာ သက်သက်ဆိုရင်တော့ ကိုယ်က ဒီလိုလူမျိုး မဟုတ်ပါဘူးဆိုတာ သက်သေပြဖို့ လိုအပ်နေမလား။

ဦးနိုင်က အေးစက်သွားပြီဖြစ်သော ကော်ဖီခွက်ကို ကိုင်ကြည့် ပြီးမှ မသောက်တော့ဘဲ တစ်ဖက်တိုးရွှေ့ကာ

"ကောင်လေးကို ကျေးဇူးကန်းမယ့်သူ မဟုတ်ပါဘူးလို့ ဦးနိုင် ယုံကြည်လို့ ရမလား"

"ဗျာ ဟုတ် ဟုတ်ကဲ့ ကိုယ့်ရဲ့ကျေးဇူးရှင်ကို စော်ကားမိတဲ့ အဖြစ်မျိုး မရောက်စေရပါဘူး၊ ဘာမှမရှိတဲ့ ဗလာသက်သက် ကျွန်တော့် ကို မြေတောင်မြှောက်ပေးမယ့် ဦးမောင်ကို ကျွန်တော့်ရဲ့ တစ်သက်စာ ကျေးဇူးရှင်အဖြစ် သတ်မှတ်ထားမှာပါ"

"အေး မင်းကို ပုတ်ခတ်ချင်လို့တော့ မဟုတ်ပါဘူး၊ ဒီလို စကားမျိုးကို ဒီကိုရောက်လာတဲ့သူတိုင်း အောင်မြင်မှု မရသေးတဲ့အချိန်ထိ ပါးစပ်က တဖွဖွ ပြောတတ်ကြတယ်၊ ဒါပေမဲ့ ဦးနိုင် နောင်တမရပါဘူး၊ မင်းကို မြင်မြင်ချင်း ဦးနိုင်ရဲ့ ညီငယ်လေး တစ်ယောက်လို သံယောဇဉ် ဖြစ်မိတယ်၊ ယုံကြည်လိုက်တာကတော့ ကျော်သက်ရဲ့ သူငယ်ချင်းဖြစ်နေ တာကြောင့်ပဲ"

ကျော်သက်က သူ့ကိုကြည့်ကာ မျက်ခုံးပင့်ပြီး

"ဒီကောင်ရဲ့ ကိုယ်ကျင့်တရားကိုတော့ ကျွန်တော် အာမခံပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် ဦးနိုင်၊ သာကေကာ အသောက်အစားလည်း မရှိ မိန်းကလေးတွေနဲ့ အရှုပ်အရှင်းလည်း မရှိခဲ့ပါဘူး''

''အေး အဲဒါ အဓိက ပြောချင်တယ်၊ အနုပညာသမားတစ်ယောက် လုပ်တော့မယ်ဆိုရင် မိန်းကလေးကိစ္စ အရှုပ်အရှင်း ကင်းစေချင်တယ်၊ တိုးတက်အောင်မြင်ဖို့ ကြိုးစားနေတဲ့အချိန်မှာ အဖျက်အမှောင့်ခလုတ်ကန်သင်းဖြစ်မှာစိုးလို့ပါ၊ ဦးနိုင်ပြောတာ နားလည်ရဲ့လား''

''ဟုတ်ကဲ့ နားလည်ပါတယ်''

''အိုကေ ဒါဆို နောက်တစ်ပတ်ထဲမှာ နာမည်ကြီး အောဂျင်စီတစ်ခုနဲ့ ကောင်လေးကို အပ်ပေးမယ်၊ မော်ဒယ်လိုင်းမှာ ပရိသတ်စိတ်ဝင်စားမှုရမှ သရုပ်ဆောင်လိုင်းကို ပြောင်းရင် ပိုမြန်တာပေါ့၊ အဝတ်အစား ဒီဇိုင်းတွေကို ဦးနိုင် တာဝန်ယူတယ်၊ အိမ်မှာလည်း လေ့ကျင့်လို့ရအောင် စီစဉ်ပေးမယ်''

''ဟုတ်ကဲ့ အစစ အရာရာအတွက် ကျေးဇူးတင်ပါတယ်၊ အစ်ကိုကြီးတစ်ယောက်လို အားလည်းကိုးပါတယ် ဦးနိုင်၊ ကျွန်တော် မသိတတ်တာ မှားတာရှိရင်လည်း ဆုံးမသွန်သင်ပါ''

''အေးပါကွာ၊ ကဲ ကျော်သက်ရေ ငါတို့စက်ရုံသွားဖို့ နောက်ကျနေပြီ ထင်တယ်၊ ပွဲတစ်ခုအတွက်လည်း စီစဉ်စရာ ရှိတယ်''

''ဆိဒိုးနားကို အရင်ပို့ပေးရမလား ဦးနိုင်''

''အေး ကောင်းတယ်၊ ကောင်လေးကိုပါ ခေါ်ခဲ့လေ၊ ဦးနိုင်ကို ဆိဒိုးနားပို့ပေးပြီးရင် စက်ရုံကို ကောင်လေး လေ့လာလို့ရအောင် ခေါ်





သွားလိုက်၊ ပွဲပြီးချိန်မှ လာကြိုလို့ရအောင် ဖုန်းဆက်လိုက်မယ်''

ပါးစပ်က တရစပ် အစီစဉ်ချသွားတာ ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်နှင့်။ ဘာပြောပြော တစ်ဖက်သားကို သိမ်းသွင်းဆွဲဆောင်နိုင်အောင်လည်း တည်ငြိမ်ရင့်ကျက်သည်။

အမြဲလို သေသပ်စွာ ပညာရှင်ပီပီသသ ဝတ်ဆင်တတ်တာကလည်း ယောကျ်ားချင်း ကြည့်ရတာတောင် စမတ်ကျလွန်း၏။

သူ့ယုတ်မာနှင့်လွဲပြီး သူတော်ကောင်းနှင့်တွေ့ပါစေဟု ဖေဖေဆုတောင်းပေးခဲ့တာကြောင့် ဦးနိုင်လို လူမျိုးနှင့် ဆုံဆည်းခဲ့ရတာ ဖြစ်ချေသည်။ သူ့ တကယ်ကို ကံကောင်းခဲ့တာပါ။

လူတိုင်း မျှော်မှန်းမရသည့် အခွင့်အရေးမျိုးကို သူက အဆင်သင့် ရလိုက်သလိုပဲ မဟုတ်လား။ ထိုကျေးဇူးတရားတွေ ဝန်ထုပ်ဝန်ပိုးဖြစ်ပါစေနဲ့ဟု ဆုတောင်းရုံပဲ ရှိတော့တာမို့ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟာ စက်ရုံကြီးက အကြီးကြီးပါလား၊ ဝန်ထမ်းတွေလည်း အများကြီးပဲ"

"စက်သမားက အယောက်သုံးဆယ်တည်းပါ၊ ပညာပေးပြီး လက်သင်မွေးထားတဲ့ ယောကျ်ားလေးတွေက ဦးနိုင် ဒီဇိုင်းပေးထားတာ တွေကို စက်နဲ့ပုံချပြီး အထည်ဖြတ်ရတာ၊ ဟိုဘက်က နှစ်ယောက်က နိုင်ငံခြားက ခေါ်ထားတဲ့ ဒီဇိုင်းပညာရှင်တွေပဲ၊ သူတို့ကလည်း တော် တယ်"

"ဪ"

ကျော်သက်က စက်ရုံတစ်ခုလုံး လှည့်ပတ်၍ သေချာလိုက်ပြ သည်။ အားလုံးရဲ့ မျက်လုံးများက သူ့ကို စိတ်ဝင်တစား မျက်လုံးလှန် ကြည့်ရင်း တီးတိုးအတင်းပြောနေကြတာ ဘာကြောင့်မှန်းမသိပါ။





"စက်သမားတွေ ချုပ်နေတဲ့ အရောင်က တစ်ရောင်တည်းပဲ နော်"

"အဲဒါက ကုမ္ပဏီတစ်ခုက ဝန်ထမ်းဝတ်စုံ အပ်ထားတာ"

"မင်းသား မင်းသမီးတွေအတွက်က ဘယ်မှာချုပ်တာလဲ"

"ဒီမှာပဲလေ၊ အပ်ရင်တော့ အိမ်မှာ လာအပ်ကြတာ၊ ဒီလို နေရာကို ဘယ်လာကြမလဲ၊ လူမြင်မခံကြဘူးလေ၊ အဲဒါကြောင့် သူတို့ သုံးနိုင်တဲ့ ပိတ်စတွေဆို အိမ်မှာပဲ ထားရတာ၊ ကိုယ်အတိုင်းယူတဲ့ပညာ ကို ဦးနိုင်က ငါ့ကို သင်ပေးထားတယ်၊ သူ မရှိတဲ့အချိန် ငါက တိုင်းရ တာပေါ့"

"တစ်ခါတိုင်းထားရုံနဲ့ မမှတ်မိဘူးလား၊ တစ်ခါအပ်ဖူးတဲ့သူဆို နောင် ထပ်တိုင်းစရာမှ မလိုဘဲ"

"သူတို့က အတက်အကျ မညီဘူးကွ၊ ဒီကားထဲမှာ ပိန်ရမယ် ဆို ချက်ချင်း ပိတ်တွေချပစ်တာ၊ အမေခန်း အစ်မခန်းက ပါရမယ်ဆို ရင်လည်း ဝအောင်လုပ်လိုက်ပြန်ရော၊ ပြီးတော့ ပိတ်စအပေါ်မှာလည်း ဂရုစိုက်တယ်"

"မင်းတောင် တော်တော်တတ်နေပြီ၊ ငါကတော့ ရွာထဲက ဘာအပ်တဲ့ ထဘီတွေ ပုဆိုးတွေကို မမေ စက်ပေါ်တက်ပြီး ချုပ်ပေးဖူး တယ်ဆိုရုံပဲ"

"နောက်တော့ မင်းလည်း တတ်သွားမှာပါ၊ ဦးနိုင်က ဘယ်ဟာ မှမဖြစ် ဆရာစားမချန်ဘူး၊ သူ့ဆီက ထွက်သွားပြီး ကိုယ်ပိုင်ဆိုင်ဖွင့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေမှ အများကြီး။ ဒါနဲ့ မင်း အနုပညာအလုပ်ကို တကယ်
လုပ်ချင် စိတ် ရှိပါတယ်နော်''

ကျော်သက်က သူ တက်တက်ကြွကြွ မရှိတာကို အားမရဖြစ်
ဟန်တူသည်။ စက်ရုံအပြင်ဘက်က ကြိမ်ထိုင်ခုံပုလေးတွေဆီ ဆွဲခေါ်သွား
ရင်း မေး၏။

သူက မိုးရန့်မကင်းသော လေပြည်နုနုကို တစ်ဝရှူသွင်းလိုက်ပြီး

''ဝါသနာဆိုတာထက် အသက်မွေးဝမ်းကျောင်းပညာ တစ်ခု
ငါ သင်ယူမှာပါ၊ မဖြစ်မှာကိုပဲ ငါက စိုးရိမ်တာ၊ အရင်းအနှီး စိုက်ထုတ်
ရမယ့် ဦးနိုင်ကို အားနာလို့''

''ရိုးအ,ချင်ယောင် မဆောင်စမ်းပါနဲ့ကွာ၊ အကျိုးအမြတ်ရမယ်
ထင်လို့ ရင်းနှီးမြှုပ်နှံတာပါ''

''အဲဒါ ဘာကိုပြောတာလဲ''

''ခြော် မင်းကို အရင်းအနှီးစိုက်ထုတ်ပြီး မြေတောင်မြှောက်
ပေးလိုက်လို့ အောင်မြင်သွားရင် အသီးအပွင့်ကို မြိုးမြိုးမြက်မြက် စား
မှာပေါ့ကွ၊ ဒါမျိုးကို ဘယ်သူကမှ အလွယ်တကူ စွန့်စားမကြည့်ချင်
ဘူးဆိုပေမယ့် ဦးနိုင်က မင်းကိုဖြစ်မယ်ထင်လို့ စွန့်စားဖို့ ဆုံးဖြတ်လိုက်
တာလို့ ငါ ထင်တယ်''

''အဲဒါတော့ အဲဒါပေါ့''

''ဦးနိုင်က ဒီလောကထဲမှာ အရေးပါတဲ့လူတစ်ယောက်
ပညာရှင်မို့ ဩဇာညောင်းတာလည်း ပါတယ်၊ တချို့ဆို သူသေဆိုသေ





နင်ဆိုရှင်၊ မလွန်ဆန်ဝံ့တဲ့ အနေအထားမျိုးနဲ့ ရပ်တည်နေရတဲ့သူတွေ
ည်း ရှိတာပဲ၊ သူ့ဆီက ငွေချေးပြီး ရုပ်ရှင်ကုမ္ပဏီထောင်ထားတဲ့သူ
တွေကို သူက လက်ဝါးတစ်ချက်နဲ့ ဖမ်းအုပ်ထားရုံပဲ''

''ဟူး သူများနှာခေါင်းပေါက်နဲ့ အသက်ရှူရမှာ၊ ဝန်တာတော့
တော့မယ် ထင်တယ်''

''ဟိတ်ကောင်,အားကိုးလို့ရမယ်ဆို ဘာမှတွေးမနေဘဲ မှီချ
ိုက်စမ်းပါ၊ ယောကျ်ားပိုင်းလုံးလို့ နာမည်ဆိုးရတော့ရော ဘာဖြစ်လဲ၊
သားစုအတွက် ပေးဆပ်ရတာပဲ''

ကျော်သက်စကားကြောင့် သူ တွေခနဲတော့ ဖြစ်သွား၏။ မိန်းမ
တစ်ယောက်ဆီက ချူမြှိုက်စားရတာမျိုးမှ မဟုတ်တာ။ သိပ်ရှက်စရာ
တော့ မလိုလောက်ပေ။

''ဦးနိုင် ငါ့အပေါ် အခုလို ကောင်းမယ် မထင်ဘူး၊ ဆွေမျိုး
စပ်လည်း မဟုတ်၊ ငွေပေးပြီး ပညာလာသင်တာလည်း မဟုတ်''

''မတွေးပါနဲ့ဆိုကွာ၊ အလိုလိုပြီးသွားမယ့်ကိစ္စတွေ၊ အခွင့်အရေး
တစ်ခုဆိုတာ ပေးမယ့်သူရှိတုန်း ယူထားရတာ၊ ဦးနိုင်က မင်းတစ်ယောက်
ည်း လုပ်ပေးဖူးတာလည်း မဟုတ်ဘူး၊ ဒီလောကမှာ တက်သွားတဲ့
သူတွေက သူနဲ့မကင်းရာ မကင်းကြောင်းတွေချည်းပဲ''

''အေးပါ ငါလည်း ကြိုးစားကြည့်မယ်လို့ ဆုံးဖြတ်ပြီးပါပြီ
ပေမဲ့ တစ်ခုတော့ ငါ ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်''

''ဘာဖြစ်ပြန်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဦးနိုင်က ဒီဘက်မှာ ငါ့ကို အဆင်ပြေအောင် လုပ်ပေးနေတဲ့ အချိန်မှာ မေမေတို့က အဆင်ပြေမှာမဟုတ်ဘူး။ ကလေးတွေ ကျောင်းစရိတ်၊ ဖေဖေ့ ဆေးကုသစရိတ်၊ ပြီးတော့ ဖေဖေ့ကို ဝှီးချဲလ်လေး အရင် ဝယ်ပေးမယ်လို့ ပြောထားခဲ့တာ"

သူ့ရဲ့လေသံ တိုးတိုးညည်းညူမှုကို ကျော်သက်ပင့်သက်ရှိုက်ကာ စိတ်ကောင်းဖြစ်သွားသည်။ သူ့လက်ကို အားနှင့်ဆုပ်ညှစ်လိုက်ပြီး

"ဦးနိုင်ကို ငါ ပြောကြည့်ပေးမယ်၊ ဦးနိုင်က စာနာတတ်တဲ့စိတ်ရှိတယ်"

"မလုပ်ပါနဲ့ကွာ၊ အခွင့်အရေး ယူသလို ဖြစ်နေမယ်၊ တစ်ဖက်ကနေ ငါ အလုပ်တစ်ခုခု လုပ်တာ ကောင်းမလား"

"မင်းက အဲဒါကြောင့် ဒီဘက်ကပေးတဲ့ အခွင့်အရေးအပေါ်မှာ မပျော်နိုင်ဖြစ်နေတာလား"

သူ ငြိမ်နေလိုက်ခြင်းအားဖြင့် ဝန်ခံသလို ဖြစ်တာ ကျော်သက်သဘောပေါက်ပေလိမ့်မည်။

ကိုယ့်တာဝက မပြည့်မစုံ ချို့တဲ့သူမို့ မိသားစုအတွက် နောက်ဆံတင်းနေရတာပဲ မဟုတ်ပါလား။

■ ■ ■



## အခန်း (၉)

"အိမ်အတွက် နောက်ဆံတင်းနေတာဆို ကောင်လေး၊ ကျော်သက်က ပြောတယ်"

"ဗျာ ဟုတ် ဟုတ်ကဲ့"

ဦးနိုင်ကို ဆီဒိုးနား သွားကြိုရင်းဖြင့် ကျော်သက် လမ်းမှာပြောလာခဲ့ဟန် တူသည်။ ဦးနိုင်က အိမ်ရောက်ရောက်ချင်း ထိုစကားကို သူ့ကိုခေါ်ကာ တန်းခနဲ မေး၏။

မငုံ့မရဲ ခေါင်းညိတ်ပြလိုက်သော သူ့ကို ဦးနိုင်က ခပ်စူးစူးပင် ကြည့်နေကာ

"နောက်တစ်ခါ ဘာအကြောင်းကိစ္စပဲရှိရှိ ဦးနိုင်ကို ပွင့်ပွင့်လင်းလင်း တိုက်ရိုက်ပြောပါ၊ ကိုယ့်ဘက်က တာဝန်ယူလိုက်ပြီဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မင်းနောက်က အခက်အခဲတွေကိုလည်း ဖြေရှင်းပေးရမှာပေါ့၊ အောင်မြင်မှု ရနေတဲ့အချိန်ကျရင်သာ ဦးနိုင် ကျေးဇူးကို မမေ့ပါနဲ့ ဟို ကျေးဇူးဆပ်နိုင်းနေတာ မဟုတ်ဘူးနော်၊ ဦးနိုင်ကို လေကားထစ်လို အသုံးချပြီး အမြင့်ရောက်မှ မလိုတော့ဘူးလို့ ကန်ချမပစ်ခဲ့ရင် တော်ပါပြီ''

''ဦးနိုင်''

''အင်း ပြော ကောင်လေး''

''ကျွန်တော် အများကြီးတော့ ကတိမပေးနိုင်ပါဘူး၊ ဒါပေမဲ့ အရင်လူတွေလို ဦးနိုင်ကို ခြေစုံကန် မစော်ကားမိအောင် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ အခုလည်း အိမ်အတွက်ကိစ္စကို ကျွန်တော့်ဘာသာ အလုပ်တစ်ခုခု လုပ်ပါ့မယ်၊ ဟို ဦးနိုင်ကို အားနာလို့ပါ''

ထိုစကားအတွက် ဦးနိုင်က လက်မခံကြောင်း ခေါင်းရမ်း၍ သက်သေပြ၏။

''မင်းကို ဦးနိုင်က ညီငယ်လေးတစ်ယောက်လို သတ်မှတ်ပြီးပြီ ဘာမှ အားနာစရာမလိုဘူး၊ အဲဒီအတွက် မင်းဘက်က ကတိတစ်ခုပေးနိုင်ပဲ''

''ဟုတ်ကဲ့ ပြောပါ ဦးနိုင်''

''ဒီအနုပညာလောကထဲမှာ အမြင့်ဆုံး အအောင်မြင်ဆုံး၊ ထိပ်ဆုံးရောက်အောင် မဖြစ်မနေ ကြိုးစားပါမယ်ဆိုတဲ့ ကတိ၊ ပြီးတော့ အဲဒီအောင်မြင်မှုဒဏ်ကိုလည်း ခံနိုင်ရမယ်''

''ဟုတ်ကဲ့ စိတ်ချပါ၊ ဒီစကားတွေက ကျွန်တော့်အတွက် ပြောတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်''





''အေး နားလည်နေရုံနဲ့တော့ မပြီးဘူး၊ ဒီလောကမှာက ကိုယ်တိုင် အရင်ဆုံး စွန့်စားမကြည့်ရဲကြပေမယ့် အောင်မြင်စပြုလာတဲ့သူတွေကို မက်မောလောက်တဲ့ ငါးစာကို ချပြီး မြူဆွယ်သိမ်းသွင်းတတ်ကြတယ်''

''ဪ ဟုတ်လား''

''ဟုတ်တယ် ဆင်းရဲနွမ်းပါးပြီး အတွေ့အကြုံ မရှိတဲ့သူဆိုရင် သူတို့ သိမ်းသွင်းရ ပိုလွယ်တာပေါ့ကွာ''

ထိုစကားအတွက်တော့ သူ့စိတ်ထဲမှာ တင်းခနဲ ဖြစ်သွား၏။ မြည်စုံသူက မက်မောမှု ပိုရှိပြီး အညာလွယ်တယ်လို့ ပြောလိုက်တာပဲ မဟုတ်လား။

သူ့မာနတို့က ချေပဖို့ တွန်းအားပေးကာ

''ဗလာသက်သက် ဘာမှမရှိသေးတဲ့ အချိန်မှာတောင် ဦးနိုင်ပေးတဲ့ အခွင့်အရေးကို အချောင်ယူတယ်လို့ အထင်ခံရမှာ ကြောက်နေတာပါ၊ အဲဒါကြောင့်လည်း ကျွန်တော့်ဘက်က ဘယ်လိုကျေးဇူးဆပ်ရမလဲ၊ ဘာပြန်ပေးဆပ်ရမလဲဆိုတာ တွေးနေတာ၊ ဦးနိုင်ကို ကျွန်တော် သေချာကတိပေးနိုင်တာ ကျွန်တော် ဘဝမေ့မယ့်ကောင် မဟုတ်ပါဘူး''

လွှမ်းမိုးနိုင် ခေါင်းတစ်ချက်ညိတ်၍ ကျေကျေနပ်နပ် ပြုံးလိုက်၏။ ကိုယ်လိုချင်တာ ဒီလို သေချာသော မာနနှင့် ပေးသည့် ကတိစကားပင်။



www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပြီ ကောင်လေး၊ မင်းရဲ့ယောကျ်ားကတိကို ဦးနိုင်ယုံပါတယ်၊ ဦးနိုင်ဘက်ကတော့ မင်းကို ဒီလို လုပ်ပေးရတာကို နောင်ရမိတဲ့အဖြစ်မျိုး မကြုံရရင် ကျေနပ်ပါပြီ၊ ဩော် မင်းအဖေအတွက်ဝိုးချဲလ်ဝယ်ပေးချင်တာလို့ ပြောတယ်နော်၊ အဲဒါ မနက်ဖြန်ကျရင်ကျော်သက်နဲ့ ကုန်တိုက်မှာ သွားဝယ်ပြီး ငွေတစ်သိန်းပါ ထည့်ပေးလိုက်ကားနဲ့တင်ပေးလို့ အဆင်ပြေတယ် မဟုတ်လား''

''ဗျာ ဟုတ် ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဦးနိုင်၊ ဟိုဦးနိုင် ဒီလိုလုပ်ပေးတာတွေကို မှတ်ထားပါ၊ ကျွန်တော် အောင်မြင်တဲ့ကျရင် ပြန်ပြီး''

''အဲဒီ စကားလုံးက မရှင်းသီးဘူးလား၊ ဦးနိုင် ငွေတိုးချေးစားနေတာ မဟုတ်ဘူး၊ အတိုးအရင်း အမြတ်အစွန်း ကျန်မယ်ထင်လို့ရင်းနှီးမြှုပ်နှံနေတာလည်း မဟုတ်ဘူး၊ စေတနာသက်သက်နဲ့ ကူညီနေတာ''

''ဟုတ် ဟို ကျွန်တော် စကားပြော မှားသွားပါတယ် ဦးနိုင် ကျွန်တော် ပြောချင်တာက''

''ရှင်းမပြနဲ့ ဦးနိုင် နားလည်တယ်၊ ရှင်းပြနေတာက ပိုရှုပ်တယ်ကွ၊ အလုပ်လုပ်ကြည့်ကြတာပေါ့၊ ကဲ ဒေါ်မြလည်း ထမင်းခူးပြီးလောက်ပြီ၊ ထမင်းသွားစားရအောင်''

ဦးနိုင်က စကားစဖြတ်လျက် အရင်ထထွက်သွားသည်။ သူ့နောက်ကလိုက်လာလျက် ထမင်းပွဲ ပြင်နေသော ဒေါ်မြကို ကူညီလုပ်ကိုင်





ပေးလိုက်သည်။

နောက်မှ ဝင်လာသော ကျော်သက်က သူ့လက်ထဲက ဟင်းပန်းကန်ကို စားပွဲပေါ် ကူချပေးပြီး

''မင်း အဲလို ကူလုပ်ပေးတာ ဒေါ်မြက စိတ်ဆိုးနေဦးမယ်''

''အမလေး ,သာကေလေးက နောက်မှသာ ရောက်လာတာ မင်းလိုမဟုတ်ဘူး မောင်ကျော်သက်ရေ၊ မနက်ကလည်း မီးဖိုချောင်ထဲဝင်လာပြီး ဘာလုပ်ပေးရဦးမလဲလို့ အလိုက်တသိ မေးပါသေးတယ်တော်''

''ဒေါ်ကြီးမြက ဦးနိုင်ရှေ့မှာ မြှောက်ပြီ၊ သာကေ မရောက်ခင်က ကျွန်တော်ပဲ ဒေါ်ကြီးမြကို ကူလုပ်ပေးတာ မဟုတ်ဘူးလား''

''ဟင်း ဟင်း ဟုတ်ပါ့၊ ပြောမိတာ မှားပါတယ်ရှင်''

ဒေါ်ကြီးမြက သေးသေးပုပုလေးနှင့် မျက်နှာလေးပြုံးရွှင်ကာ သဘောကောင်းသည်။ ဦးနိုင်ကလည်း သူ့ရှေ့မှာ ဘာတွေပြောပြော တပြုံးပြုံးနှင့်ပါ။

သာကေ ဒီအိမ်ရောက်လာတာ ဘာအခက်အခဲမှ မရှိဘဲ ကံကောင်းသည်ဟု ပြောရမည်။ ဒေါ်ကြီးမြက သားတစ်ယောက်လိုချစ်ပြီး ဦးနိုင်ကလည်း ညီငယ်တစ်ယောက်လို သံယောဇဉ်ရှိသည်ဟု ပြောသည်။

မိသားစုအတွက်ဆိုပြီး ရည်ရွယ်ပြီး ထွက်လာခဲ့တာ ကံကြမ္မာက မျက်နှာသာပေးတာပဲပေါ့။

''ဦးနိုင်''

''ဩော် ကောင်လေး နေပါ၊ မင်းဘာသာ စားပါ''



www.burmeseclassic.com

www.burmeseclassic.com



ဟင်းခွက်စုံအောင် ဦးချပေးတာကို ဦးနိုင် အနေခက်ကာ ရှက် ရွံ့ရွံ့ ဖြစ်သွားသည်။ ကျေးဇူးရှိသူမို့ တရိုတသေ အလေးထားမိတာပါ။

ဖားနေတယ်လို့များ အောက်မေ့သွားလား မသိ။ ကိုယ်တောင် အိုးတိုးအမ်းတမ်း ဖြစ်သွားရသည်။ ကျော်သက်က မျက်စပစ်ပြီး ပြုံးစိစိ။

အိုဟာတွေများနေတာ ငါသိတယ်နော်ဟု ပြောချင်နေသယောင်ယောင် ...။

■ ■ ■



## အခန်း (၁၀)

ဒီနေ့ အဖေ့အတွက် ဗိုးချဲလ်လေးနှင့် ငွေတစ်သိန်းပို့ပြီး အမေနှင့် ဖုန်းပါ ပြောလိုက်ရတာမို့ စိတ်ချမ်းသာနေသည်။ ကျော်သက်က သူ့ကို အိမ်ပြန်လိုက်ပို့ပြီးမှ ဦးနိုင်ကို ညည်ခံပွဲတစ်ခု လိုက်ပို့ရမှာမို့ ပြန်ထွက်သွား၏။

သူ့ကို အေဂျင်စီတစ်ခုနှင့် အပ်ပေးဖို့ စီစဉ်ထားသော်လည်း ဦးနိုင် မအားသေးတာမို့ အခုထိ အကောင်အထည် မပေါ်သေးပါ။ ဒါကြောင့်မို့ ဒေါ်ကြီးမြကို အလုပ်ကူ ကူလုပ်ရင်း အိမ်မှာပဲ နေနေရသည်။

"သာခက လူလေး၊ ထမင်းစားတော့မလား။ ဒေါ်ကြီးမြ ခူးပေးမယ်"

"မစားသေးဘူး ဒေါ်ကြီးမြ၊ ခြံထဲက ပန်းအိုးတွေ ရှင်းရင်းနဲ့ ရေလောင်းလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ အေး အေး ဆာရင်ပြောနော် သား။ လူပုံက နုနုဖတ်ဖတ်လေးနဲ့ မင်းသားဖြစ်မယ့်သူက အလုပ်ကြမ်းတွေ သိပ်မလုပ်ပါနဲ့ကွယ်"

"ကျွန်တော် တောသားပါ ဒေါ်ကြီးမြရဲ့၊ အတွေ့အကြုံမရှိပေမယ့် မလုပ်နိုင်တာတော့ မဟုတ်ပါဘူး။ ဦးနိုင် ထမင်းကို ကျွန်တော် အလကား မစားဘူးဗျ"

"ဟုတ်ပါပြီတော် သွားပါ သွားပါ"

ဒေါ်ကြီးမြ အပြုံးနှင့် ပြောမှ အိမ်ရှေ့ပန်းအိုးတွေရှိရာ ဆင်းပြေးလာခဲ့သည်။ ပန်းအိုးတွေကို ပုံစံကျ လှပအောင် ဟိုရွှေ့ဒီရွှေ့လုပ်ပြီးပိုက်နှင့် ရေလောင်းနေချိန်မှာပဲ

"တီ တီ"

"တီ တီ"

"ဟင်"

ခြံဝင်းတံခါးရှေ့က အဆက်မပြတ် ကားဟွန်းတီးသံကြောင့် ရေပိုက်ကို ပစ်ချကာ တအံ့တသြ ဖြစ်သွား၏။ ကျော်သက်ဆို သူ့ဘာသာ ခြံတံခါးဆင်းဖွင့်ပြီး ဝင်လာနေကြပါ။

ညှိုသည်တစ်ယောက်ယောက်များလား။ ဦးနိုင်ရော ကျော်သက်ရော ဘာမှ မမှာခဲ့တာမို့ ခြံတံခါးဖွင့်ပေးဖို့ ချီတုံချတုံ ဖြစ်နေမိသည်။

"တီ တီ"

"ကျွတ်"





ဆောင့်ခနဲ ကားဟွန်းတီးသံ ထွက်လာပြန်တာမို့ သူ မနေသာတော့ဘဲ ခြံတံခါးပြေးဖွင့်လိုက်ရသည်။

"ဦးနိုင် မာလီက ပေါ့လှချည်လား။ ဒီလောက် ကားဟွန်းတီးတာတောင် မကြားရအောင် ဘာတွေများ အလုပ်ကြီး အကိုင်ကြီးလုပ်နေလို့လဲ"

"ဘာ"

ကိုယ်မသိသော မိန်းကလေးတစ်ယောက်က ကားပေါ်က ဆင်းပြီး ရန်တွေ့တာမို့ လက်သီးဆုပ်က တင်းခနဲ ဖြစ်ပြီး မေးကြောတွေပါ တင်းရင်းလာသည်။

"မင်း ဘာစကားပြောတာလဲ၊ မိန်းကလေးဖြစ်ပြီး ဆင်ဆင်ခြင်ခြင် မရှိဘူး"

"ဘာပြောတယ် မာလီကများ။ ရာရာစစ စကားပြောတာ တန်တန်ရာရာ မရှိဘူး"

"မင်း ဘယ်လိုခေါ်လိုက်တယ်၊ ငါ မာလီ မဟုတ်ဘူးကွ"

"အမ် ဟား ဟား ဟား"

"မင်း ဘာရယ်တာလဲ"

သာဓက ဒေါသဖြစ်ကာ မျက်နှာတွေပါ နီမြန်းလာသည်။ ဘာကြောင့် သူ့ကိုကြည့်ပြီး သရော်သလို လှောင်ပြောင်သလို ရယ်နေရတာလဲ။ ထိုသို့ ရယ်နေတာတောင် ကောင်မလေး မျက်နှာက အလှပျက်သွား။ သွားလေးတွေက ဖြူဖွေးညီညာပြီး အသားအရေက ဝင်းဝါနုဖတ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မျက်လုံးဝိုင်းဝိုင်း မေးရိုးသွယ်သွယ်နှင့် အဝတ်အစားက ခုခေတ်စတိုင်၊ ဟိုနေရာ ဒီနေရာ တိုးလို့တန်းလန်း၊ ရှုပ်ယှက်ခတ်။

"ဒီမှာ"

"ဘာလဲ"

"ကျွန်မ ဘာလို့ ရယ်တာလဲ ရှင်မသိဘူးလား"

"မသိဘူး"

"ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ပါဦး။ စွပ်ကျယ်ချိုင်းပြတ်၊ ပုဆိုးတိုတိုနဲ့ ခြေထောက်မှာ ဖိနပ်လည်းမပါ၊ ရေတွေလည်း စိုရွှဲလို့၊ အဲဒါ မာလီစတိုင် မဟုတ်လို့ ဘာလဲ"

"ဟင်"

ကောင်မလေး မေးငေါ့ကာ လှောင်သလိုပြောမှ ကိုယ့်ကိုကိုယ် ပြန်ငုံ့ကြည့်ရင်း ထူထူပူပူ ဖြစ်သွား၏။ သူ့ပုံစံက ကောင်မလေးပြောမယ်ဆိုလည်း ပြောချင်စရာ။ ဒါပေမဲ့ ..

"ငါ မာလီမဟုတ်ဘူး။ ဦးနိုင်ရဲ့ညီ၊ ပန်းပင်ရေလောင်းဖို့ ဆင်းလာတုန်းမို့ ဒီလို ဖြစ်နေတာ"

"ဟမ် မကြားဖူးပါဘူး။ ဦးနိုင်မှာ ညီရှိတယ်လို့၊ ရှင် ဒီအိမ်ကရော ဟုတ်ရဲ့လား၊ တစ်ခုခု ဝင်ခိုးဖို့လုပ်နေတုန်း၊ ကျွန်မနဲ့တွေ့သွားလို့ ရှင် လျှောက်ပြောနေတာ မဟုတ်လား"

"ဘာ"

သာဓက အသားတွေတောင် ဆတ်ဆတ်တုန်သွားသည်။ ဒီ





ကောင်မလေး သူ့များကို မခံချင်အောင် ပြောတတ်တာတော့ တစ်ဖက်ကမ်းခတ်ပါပေသည်။

ဘစ်မျိုးချစ်စရာကောင်းတာက သူ့ ဒေါသကြီးပြလေ သူမက ရယ်လေ။

"ငါ စိတ်တိုလာပြီနော်၊ မင်းက လူတစ်ဖက်သားကို စည်းလွတ်ဝါးလွတ် လှောင်ပြောင်တတ်တဲ့ မိန်းကလေးမျိုးလား"

"ဘာ"

"အဲလိုမဟုတ်ရင် စကားရော ဖောရောနဲ့ အိမ်ရှင်တွေကို ဝင်လုံးပြီး အလစ်သုတ်ဖို့ အကြံအစည်နဲ့ ရောက်လာတာပဲ ဖြစ်ရမယ်"

"ရှင်"

ဒါကျတော့ ကောင်မလေး နှုတ်ခမ်းစူ၍ ဆတ်ဆတ်ခါသွားသည်။ ပြူးဝိုင်းနေသော မျက်လုံးအိမ်က ပို၍ ပြူးကျယ်လာကာ

"ဘုန်းမယ်ဘွဲ့ ဘယ်လို မိန်းကလေးဆိုတာ ရှင်မသိကတည်းက တောသားနားပေါက်၊ ကန်ရေသောက် မြက်ခြောက်စားပဲဖြစ်ရမယ်"

"ဘာ ဘုန်းမယ်ဘွဲ့၊ ဟား ဟား ဘုန်းကြီးမယ်တော် နာမည်လား၊ မယ်သီလရှင် နာမည်လား။ လူ့လောကမှာတော့ တစ်ခါမှ မကြားဖူးဘူး ဘုန်းမယ်ဘွဲ့တဲ့ ဟီး ဟီး"

ဒါ သူမကို ပြန်ပြီးလှောင်တာ။ သရော်တာ။

သူမက သူ့ကို အဲလိုလုပ်လို့ လက်စားပြန်ချေတာပေါ့လေ။ အသံမျိုးစုံနှင့် ရယ်နေလိုက်တာ အမြင်ကတ်စရာတောင် ကောင်းသေး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ"

"ဘာတုန်း"

"ရှင် မသေမချင်း မှတ်ထား၊ ဘုန်းမယ်ဘွဲ့ဆိုတာ တက်သစ်စ မော်ဒယ်သရုပ်ဆောင် မင်းသမီး၊ ရှင် တစ်ခါမှ မကြည့်ဘူး၊ မမြင်ဖူးဘူးလား"

"ငါတို့အိမ်မှာ တီဗီမှ မရှိတာ၊ ရွာထဲက ရှိတဲ့အိမ်တွေလည်း တစ်ခါမှ မကြည့်ဖူးဘူး"

"အမလေး ဒါများ တောသားရွာသား နားပေါက် ကန့်ရေသောက် မြက်ခြောက်စား ပြောတော့ နာသေးတယ်၊ လက္ခဏာကို အလည်အပတ် သွားနေတဲ့ အင်တာနက်ခေတ် အိုင်တီခေတ်မှာ ပြားခြောက်ဆယ်တန် တီဗီတစ်လုံးတောင် မပိုင်တဲ့သူက ဘာတဲ့ ကျိုက်ကျိုတက် ချမ်းသာနေတဲ့ ဒီဖိုင်နာ ဦးလွှမ်းမိုးနိုင်ရဲ့ညီ ဟုတ်လား၊ ဘာလဲ ဆယ်ဝမ်းကွဲလား၊ အမေ့အဘိုးရဲ့ တီတွတ်ကျွတ်တွဲလား၊ ဒါမှမဟုတ် မင်းမျိုးမင်းနွယ်တွေလို ကိုယ်လုပ်တော်ရဲ့ သားသမီးကျေးကျွန်"

"ဟေ့ ဟေ့ မင်း တော်တော့ တော်တော့ မယ်သီလရှင်၊ ဒီ့ထက် စကားများများ ပြောလာရင် ငါလက်ပါမိတော့မယ်နော်"

"အောင်မာ ထိရဲထိကြည့်စမ်းပါ၊ တောသားက လူပါးဝလို့ ဒီက ဗန်တိုတွေ ဗန်ရှည်တွေ ပစ်သွင်းလိုက်လို့ နံရိုးကျိုးပြီး သွားကြားထိုးတံ လုပ်ရောင်းနေရဦးမယ်"

ဘုန်းမယ်ဘွဲ့က လက်ခမောင်းခတ်၍ လက်သီးလက်မောင်း





တန်း၍ စိန်ခေါ်နေသည်။ ဘယ်မှာလဲ မော်ဒယ်မင်းသမီး တစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာ။

လူက သေးသေးသွယ်သွယ် ပိန်ညှောင်ညှောင်လေးနှင့် ဘုန်းမယ်ဘွဲ့ဆိုသော ဇရာမ နာမည်ကြီးက ဘယ်လိုမှ မလိုက်ဖက်။

သူ လက်တစ်ဖက် အညှောင်းဆန့်လိုက်ရုံနှင့် ခြံထောင့်မှာ ခွေးကျပစ်ကျမှာ သူမ မသိ။ ရန်ပွဲက ခြံပြင်မှာ အဆုံးမသတ်နိုင်သေးသလို ကားဝင်သာအောင် ခြံတံခါးလည်း ဖွင့်မပေးမိပေ။ ထိုအချိန်မှာပဲ ကျော်သက်နှင့် ဦးနိုင်ရဲ့ ကားလေးက သူတို့အနားကို ရှောခနဲ ထိုးရပ်လာသည်။

"ဟာ ဘုန်းမယ်ဘွဲ့ အိမ်ထဲဝင်မနေဘဲ အပြင်မှာ ဘာဖြစ်နေကြတာလဲ"

"ဦးနိုင် ဦးနိုင်လူပေါ့"

"ဟင် သာခေကနဲ့"

"အင်း သူက ဦးနိုင် ညီလို့ပြောတာပဲ၊ ဟုတ်လား မဟုတ်လားသိဘူး၊ မယ့်ကို အိမ်ထဲအဝင်မခံဘဲ ရန်တွေ့နေတယ်"

"သြော် ဖြစ်ရမယ်၊ သာခေက ဦးနိုင် မွေးစားညီလေးပါ၊ ဘုန်းမယ်ဘွဲ့နဲ့ ဖုန်းချိန်းပြီး ဦးနိုင်တို့ ရောက်အောင် ပြန်လာတာပဲ၊ ဒဲပါ စိတ်ဆိုးမနေနဲ့၊ ပိတ်စတွေကြည့်ပြီး အပ်မှာမဟုတ်လား၊ အိမ်ထဲဝင်ရအောင် ဘုန်းမယ်ဘွဲ့က နည်းနည်းလေး စောရောက်လာတာကိုး"

ဘုန်းမယ်ဘွဲ့ စိတ်ဆိုးမပြေ။ သာခေ ဆိုသည့်လူကို ဦးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြောဆို ဆုံးမစေချင်သည်။

ဘယ့်နှယ် တောသားက ဂျစ်ကန်ကန် မိုက်ကန်းကန်းဖြင့် အချိုးမပြေ။ တောသားပီပီ ဆက်ဆံရေးကလည်း ကျွတ်ကျဲလိုက်တာ လွန်ရော။

မော်ဒယ် မင်းသမီးပါလို့ ပြောလိုက်တာတောင် အထင်ကြီး ရကောင်းမှန်းမသိတာ ဘယ်လို ဘဝင်ရှူးမို့လို့လဲ။

''ဦးနိုင်''

''အင်း ပြော''

''သူ့ကို နည်းနည်းဆုံးမပေးဦး၊ မယ့်ကို အိမ်ထဲအဝင်မခံဘဲ နှုတ်သီးကောင်းလျှာပါး ရန်တွေ့နေတာ မမိုက်ဘူး''

''အောင်မာ မင်းက ဦးနိုင်နဲ့တွေ့ဖို့ လာတာပါ၊ အလုပ်ကိစ္စ ပါ၊ ဝင်ပါရစေလို့ ခွင့်တောင်းလို့လား။ ငါ့ကို တောသား နားပေါက်ဆိုပြီး မယုံသင်္ကာနဲ့ နှိမ်ချစော်ကားနေတာ၊ သရော်လှောင်ပြောင်နေတာ အဲ မင်း ဘာပြောမလဲ''

''အဲဒီအတိုင်းပဲ ပြောမှာပဲ၊ ကိုယ့်ရုပ်ကိုယ် ပြန်ကြည့်၊ အဲ ထက်တောင် ပြောသင့်သေးတယ်''

''မယ်သီလရှင်ကွာ လုပ်လိုက်ရင် ဒီထက်ပိုသေးသွားဦးမယ်''

''အောင်မယ် လုပ်ကြည့်ပါလား၊ လုပ်ကြည့်စမ်းပါ၊ ကလ ကလားနဲ့ ခွေးကျွေးလို့ ကျီးမထိုးတဲ့ရုပ်''

''ကဲ တော်ကြပါ၊ ရန်ဖြစ်မယ်ဆိုလည်း အိမ်ထဲကျမှ ဆ





ဖြစ်၊ လမ်းလယ်ခေါင်မှာ မြင်မကောင်းဘူး။ ကျော်သက် ကားကို အိမ်ထဲသွင်းခဲ့တော့၊ ဘုန်းမယ်ဘွဲ့ ကားပါ သွင်းပေးလိုက်၊ သာကေနဲ့ ဘုန်း မယ်ဘွဲ့က ဒီကိုလာ'',

''ဟင်း''

''ဟွန်း''

ဦးနိုင်က တစ်ဖက်တစ်ချက်စီ လက်ဆွဲခေါ်လာတာတောင် နှစ်ယောက်သား မျက်စောင်းတထိုးထိုး ရန်စောင်နေကြဆဲပင်။

ဘယ်လို ရေစက်ဆိုးနှင့် ဆုံဖြစ်ကြသည် မသိဘဲ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မသိပါဘူး ဒီလို အလိုက်ကန်းဆိုးမသိတဲ့ တောသားနဲ့မျှ
လာခံရတယ်လို့ ဦးနိုင်ကလည်း မွေးစားညီကို ဘာမှ မပြောဘူး။ ပြ
လို့ ဖြလို့"

"ဟဲ့ အဲဒီ သာခက ဆိုတဲ့ကောင်လေးနဲ့ ဦးနိုင်နဲ့ ဆွေမျိုးတေ
လို့လား"

"မသိဘူးလေ ဒီအရွယ်ကြီးကို မွေးစားတာ အံ့ပါရဲ့ သော
ချိုးမပြေလို့ နည်းနည်းမှကို ကြည့်လို့ မရဘူး"

မနေ့က ဖြစ်ခဲ့သည့်ကိစ္စက ဒီနေ့ ရိုက်ကွင်းရောက်လာသည်
တိုင်အောင် ဘုန်းမယ်တွဲ့ ဒေါသတွေ မပြေသေး။ ညကလည်း တ
စိတ်တွေတိုလို့ ကောင်းကောင်း အိပ်မရခဲ့ပါ။





အခု ရင်ထဲပေါ့သွားအောင် မအိပ့်ကို ပြောပြတော့လည်း
ဘာတွေမေးခွန်းပြန်ထုတ်နေမှန်းမသိ။ စိတ်ဝင်တစားနှင့် သူမအနားသို့
င် တိုးကပ်ထိုင်လိုက်သေးကာ

"ဦးနိုင်က မွေးစားညီတော်လိုက်တယ်ဆိုတာ ရိုးမှ ရိုးရဲ့လား"

"မအိပ့်က ဘယ်လိုတွေးမိလို့လဲ"

"ဩော် သူ့အမေဖြစ်ဖြစ် အမေဖြစ်ဖြစ် အငယ်အနှောင်းထား
ရာကနေ သူတို့တွေ သေသွားတော့ အမွေတွေဘာတွေ လိုချင်လို့ မွေးစား
စ်ကိုတော်လိုက်တာလားမှ မသိတာ"

"ဟယ်တော် သူ့ကို စုံထောက်လုပ်ခိုင်းနေတာကျနေတာပဲ
ဒါက သူတို့ကိစ္စ၊ ဒီလောက်လည်း စိတ်ဝင်စားစရာမကောင်းပါဘူး။
ည်သြစရာကောင်းတာက မယ့်လို မော်ဒယ်မင်းသမီးကို သူတစ်ခါမှ
မြင်ဘူး၊ မတွေ့ဘူး၊ မသိဘူးဆိုတာပဲ"

"ဒါကတော့ဟယ်၊ မဂ္ဂဇင်းတွေ ဂျာနယ်တွေဖတ်၊ ရုပ်ရှင်တွေ
င်တွေကြည့်မှုမှ မယ့်ကို သိမှာပေါ့၊ ပြီးတော့ မယ်က ဒီလောကထဲ
တာလည်း မကြာသေးဘူး။ အရမ်းနာမည်ကြီး အောင်မြင်နေတဲ့သူ
ည်း မဟုတ်သေးတော့ လူသိနည်းတာရှိမှာပါ"

"အဲဒါကြောင့်ကို မဟုတ်ဘူး။ ရွာက သူတို့အိမ်မှာ တီဗီကို
တာဟ့်"

"ဟယ် အဲဒါတော့ လွန်တာပေါ့၊ မြို့တိုင်း ရွာတိုင်း နယ်တိုင်း
တိုင်းမှာ တီဗီဆိုတာ ရှိနေကြပါပြီ၊ ဘယ်လောက်တောင် ခေါင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အရပ်ကမှိုလဲပဲဟယ်၊ အံ့ရော အံ့ရော''

မအိပုံ့က လက်ဖျားခါကာ ရှုံ့ရှုံ့မဲ့မဲ့။ ဘုန်းမယ်တွဲ့ကလည်း နှာခေါင်းလေးပင် တိုသွားအောင် ရှုံ့လိုက်သေးကာ

''အဲဒါပြောတာပေါ့၊ တောသားနားပေါက်ပါလို့''

''အေး တောသားဆိုတာ ထားပါ၊ နားပေါက်က ဘာလဲ''

''ဩော် အရင်ခေတ်က တောသားတွေက နားမှာ နားကပ် တွေတာတွေဝတ်ဖို့ နားပေါက်ဖောက်ကြတယ်၊ အမေတို့ပြောတာပဲ ဟုတ် လား မဟုတ်လား မသိဘူး''

''ဒါဆို ခုခေတ် ကောင်လေးတွေ နားပေါက်ဖောက်၊ နားကပ် ပန်နေကြတော့ အရင်ခေတ်က တောသားတွေ ပြန်ဝင်စားတာပေါ့''

''ကြိကြိဖန်ဖန် အဲ ဟုတ်ချင်လည်း ဟုတ်လိမ့်မယ်၊ အရင်ခေတ် ယောကျ်ားတွေက ခါးတောင်းကျိုက်တယ်၊ အခုခေတ် လူတွေက ဘောင် ဘီတိုဝတ်တယ်၊ ဒါပဲကွာတယ်''

''အေး အဲလိုပဲ ရှိမှာပါ၊ ငါ ထင်သားပဲ''

အတိုင်အဖောက်ညီလျက် ပြောနေကြတာ ဘာမှလည်း မဆ ရာပါ။ ဒီလို ရှုတင်နားချိန်တိုင်း မအိပုံ့နှင့် ဘုန်းမယ်တွဲ့က စကားတွေ တောင်စဉ်ရေမရ ပေါက်တတ်ကရတွေ ပြောရင်း စိတ်ကို ထွက်ပေါက် ပေးတတ်ကြသည်။

ကိုယ့်အခန်းရောက်တော့မည်ဆိုမှ ဇာတ်ညွှန်းယူဖတ်ပြီး ဒါရိုက် တာ ခိုင်းသည့်အတိုင်း လုပ်လိုက်ကြတာ။





ဒီနေ့ကတော့ ရုပ်ရှင်ကားကြီးအတွက် အခန်း အနည်းငယ်သာ ပါတာမို့ နားချိန်ပိုရနေသည်။

''မယ်''

''ဟင်''

''နင့်ကို မနန်းက ရှုတင်နားရက်ကျရင် သင်တန်းလာပြပေးပါ လို့ အကူအညီတောင်းထားတယ်ဆို''

''အင်း သူ ဇန်ကောက်သွားစရာရှိလို့တဲ့၊ ဒီလို သင်တန်းပြန် ပေးနိုင်ဖို့အတွက် ဖိတ်ခေါ်ပြိုင်ပွဲကို လိုက်သွားတာ၊ အောင်မြင်လာရင် တော့ မနန်း ထပ်ပြီး နာမည်ကြီးဦးမှာပဲ''

''မနန်းက တကယ်ပညာရှင်ပီသတယ်၊ တပည့်မွေးတာလည်း ကောင်းတယ်နော်၊ သူ့အေဂျင်စီက ထွက်သမျှ မအောင်မြင်တဲ့သူ ရှားတယ်''

''သူက ဖြစ်နိုင်လောက်တဲ့သူကိုပဲ ရွေးပြီးလက်ခံတာ၊ တစ်ပန်း သာသွားတာပေါ့၊ အပင်ပန်းခံသင်ရပြီး ဖြစ်မလာရင် အကျိုးမရှိဘူးတဲ့၊ ငွေရပြီးရော လုပ်တာမဟုတ်ဘူး၊ အောင်မြင်မှုကို ပိုမက်မောတယ်လို့ ပြောတယ်''

''နင်လည်း သူ့သင်တန်းမှာ တက်လိုက်လို့ မြန်မြန်ဖြစ်တာ၊ နင် ဘယ်လောက်တော်လဲဆိုတာ သိလို့ ပြန်ပြီး ထရိန်နင်ပေးခိုင်းနေတာ ပေါ့''

''မယ် ဖြစ်တာက အဲဒါကြောင့်ပါတယ်ဆိုပေမယ့် မော်ဒယ် ဟုတ်တဲ့ ဒီဘက်မှာက မယ့်မိဘတွေက ရုပ်ရှင်ထုတ်လုပ်သူတွေဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့၊ အောင်မြင်မှုကို မျှော်မှန်းနိုင်တာ၊ မဟုတ်ရင် ကိုယ့်ကိုခေါ်ရိုက်ဖို့ ဟိုလူ့အဖေခေါ်ရ၊ ဒီလူ့လင်တော်ရနဲ့ လူက သိက္ခာရှိရှိ လုပ်စားလို့ ရမှာမဟုတ်ဘူး''

''ဟုတ်တယ် အဲဒါတော့ မှန်တယ်၊ နာမည်ကြီးချင်လို့ အင်တာနက်ပေါ် အရောက်ခံတဲ့လူတွေစာရင် ကိုယ့်တာသာ ပိုက်ဆံအကုန်အကျခံရိုက်တာက သိက္ခာရှိသေးတာပေါ့၊ ဒါနဲ့ နင့်အဖေက မင်းသားအသစ်တစ်လက် တင်မယ်ဆို မတင်သေးဘူးလား''

''ဟင့်အင်း''

ပါးစပ်က အစားအသောက်မပျက် မေးခွန်းထုတ်လိုက်သော မအိပုံ့ကို ဘုန်းမယ်ဘွဲ့ ခေါင်းရမ်းပြလိုက်သည်။

''ရှာနေရင်းနဲ့ စိတ်တိုင်းကျတာ မရသေးတာ၊ တက်သစ်စလေးတွေတော့ လုပ်ချင်ကြတာ ပုံနေတာပါပဲ၊ ဒါပေမဲ့ ဖေဖေကလည်း မဖြစ်လောက်တဲ့သူနဲ့ စွန့်စားမကြည့်ချင်ဘူးလေ၊ အရင်းအနှီးက နည်းတာမှမဟုတ်တာ''

''စွန့်စားမကြည့်ဘဲနဲ့လည်း မင်းသားကောင်းတစ်လက်ရဖို့က မလွယ်ဘူးဟ၊ နာမည်ရပြီးသား မင်းသားတွေက အထာကိုင် ဈေးကိုင်နေတာ၊ ကိုယ်က ငွေပေးခေါ်ရိုက်တာတောင် သူတို့ကို အောက်ကျို့ခံနေရသေးတယ်၊ မဖြစ်ခင်က ငါတို့လည်း ဒီလိုမျိုး အောက်ကျို့ခံခဲ့ရတာပဲဆိုပြီး ကလဲ့စား ပြန်ချေနေသလားလို့တောင် အောက်မေ့ရတယ်နော်''

''ပေဖြစ်တုန်းက ခံထားရတာ၊ တူဖြစ်တဲ့တစ်နေ့ ပြန်ထုမယ်





ဆိုပြီး ကြိမ်းဝါးထားတာနေမှာပေါ့၊ ဒါပေမဲ့ သူတို့လည်း အရွယ်ရှိတုန်း ဈေးကွက်ရှိတုန်းသာ လုပ်စားလို့ရတာပါ၊ နောက်အသစ်တွေက တက်လာ၊ အသက်ကကြီး၊ နာမည်ကကျချိန်ရောက်လာပြီဆိုရင်တော့ သူတို့လည်း အထုအထောင်းခံ၊ ပေဘ၀ ပြန်ရောက်ကြဦးမှာပေါ့၊ ဘယ်တိုက်က လာခေါ်ပါ့မလဲလို့၊ မျှော်တော်ယောင် ဇရက်တောင်ပံကျိုး အဖြစ်မျိုးလေ''

''ပြောတတ်တယ် မယ်ကတော့''

''မဟုတ်လို့လား၊ ငါးပွက်ရာ ငါးစာချချင်တဲ့သူတွေကြောင့် သူတို့တွေ မာန်တက်နေကြတာ၊ အဲဒါကြောင့် ဖေဖေ့ကို တိုက်ပိုင်မင်းသားမွေးပါလို့ ပြောနေရတာပေါ့၊ အသစ်တင်တော့ရော ဘာဖြစ်လဲ၊ မင်းသားကြီး မင်းသမီးကြီးတွေနဲ့ ကားကောင်းကောင်းလေးသာရိုက်လိုက်ရင် မဖြစ်ဘူးဆိုတာ ရှိပါ့မလား''

''အဲလို စွန့်စားကြည့်ကြရင်းနဲ့ မမင်းတုတ် အရင်းပြုတ်သွားတဲ့တိုက်တွေ ရှိနေတာ ဘယ်လိုလုပ်မလဲ၊ ဟင်းရွက်ကန်စွန်းလို အရင်းအနှီး နည်းနည်းနဲ့ လုပ်လို့ရတာလည်း မဟုတ်ဘူး''

''အေးလေ ဟွန့်''

နာခေါင်းရှုံ့လိုက်ရင်း မအိပုံ့ လက်ထဲက လက်ဖက်သုပ်ချိုင့်လေး စားပွဲပေါ် ဆောင့်ခနဲ ချ၏။ ရှုတင်မန်နေရှာကိုမြင်လို့ ကပျာကယာလည်း သိမ်းလိုက်သေးသည်။

''မင်းသမီး နောက်အခန်းအတွက် ရိုဟာဇယ်လုပ်ရအောင်လို့ ဒါရိုက်တာက ပြောတယ်၊ ဆင်းမ် နှစ်ဆယ့်သုံးဝဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ အဆင်သင့်ပဲလို့ ပြောလိုက်"

"အဆင်သင့်ဆိုရင် နောက်နာရီဝက်ပဲ မဟုတ်လား၊ အခုမှ ဓာတ်ညွှန်းစကိုင်တော့မယ်"

"လျှာကိုရှည်တယ်တော့၊ သွား၊ သွား ဘာမှန်းမသိဘူး"

မျက်စောင်းထိုး ငေါက်ငမ်းလိုက်မှ ရှုတင်မန်နေဂျာ အမြီးကုပ်ကာ ထွက်သွားသည်။ အောင်မြင်မှု နာမည်လေး စရလာမှ ဒီလို အမိန့် အာဏာသုံးပြီး ဒါရိုက်တာကိုလည်း ကလန်ကဆန် လုပ်ရဲလာတာပါ။

ဟိုအရင် မော်ဒယ်စလျှောက်ခါစကဆို ဖေဖေကလည်း ရုပ်ရှင်တိုက် မတည်ထောင်ရသေး၍ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရသည်။ ဟိုလူ့မျက်နှာချိုသွေးရ၊ ဒီလူ့ကိုဖားရနှင့်။ သားကောင်ဖမ်းချင်သည့် မုဆိုးတွေကလည်း တစ်ပုံတစ်ပင်။

နောက်မှ တစ်ခုခု ရင်းနှီးမြှုပ်နှံမှုမရှိလျှင် အောင်မြင်မှုမရနိုင်သော ဒီလောကအကြောင်းကို သိသွား၍ ဝါသနာကို မစွန့်လွှတ်နိုင်သည့် သူမက ဖေဖေ့ကို အကူအညီတောင်းခဲ့ရသည်။

"မယ် ဝါသနာကို မစွန့်လွှတ်နိုင်ဘူး ဖေဖေ၊ မယ် မျက်ကီးလေ လွင့်သွားတာကို မမြင်ချင်၊ မကြားချင်ရင် ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေး တိုက်တစ်တိုက်လောက် ထူထောင်လိုက်ပါ၊ တိုက်ပိုင်မင်းသား မတင်နိုင်ရင်တောင် နာမည်ရနေတဲ့ မင်းသားတွေ၊ ဈေးကွက်မှာအောင်မြင်နေတဲ့ မင်းသားတွေနဲ့ အငှားစာချုပ် ချုပ်ပြီး ရိုက်လို့ရတာပဲ၊ ဖေဖေ သဘော





လိုက်ပြီး စုဆောင်းထားတဲ့ငွေတွေကို လုပ်ငန်းတစ်ခုခု လုပ်ဖို့ ရည်ရွယ်ထားတာ မဟုတ်လား။ ဒါကိုပဲ ရင်းနှီးမြှုပ်နှံလိုက်ပါ၊ မယ် အောင်မြင်ရင် ဒီငွေတွေ တစ်နှစ်တည်းနဲ့ ပြန်ရမှာပါ"

ဖေဖေ့ကို ထိုသို့ စည်းရုံးသိမ်းသွင်းခဲ့ရသည်။

ဒါကြောင့်ပင် သူမအတွက် အောင်မြင်မှု အစပျိုးပြီး နာမည်လေးရလာခဲ့တာ။ မအိပ်ပုံဆိုတာကတော့ ဗီဒီယိုခေတ်ဦးတည်းက သူငယ်ချင်းခန်းကပါ၊ အစ်မခန်းကပါနှင့် မိန်းမလှပြက်လို့လည်းပြောလို့ရကာ ကားရိုက်လည်း နည်း၍ သူမ တွဲခေါ်ခဲ့ခြင်းပင်။ အခုဆို မအိပ်ပုံလည်း ကားရိုက်ဆက်၍ တော်တော် အဆင်ပြေဖြစ်လာခဲ့သည်။

"မယ် သွားမယ်လေ၊ မန်နေဂျာပြောလည်း ပြောချင်စရာ၊ မယ်အဝတ်အစားလဲရင်း ထိုင်နေတာ နာရီဝက်တောင် ရှိတော့မယ်၊ ဘာတွေတွေးနေတာလဲ"

"ဩော် အင်း ပြီးပြီ၊ မပုံ သွားမယ်လေ"

မအိပ်ပုံ သတိပေးမှ အတိတ်ကို အလည်သွားနေသော စိတ်တွေကို ပြန်စုစည်းရသည်။ လက်တွေ့မှာတော့ ဝါသနာပါရာ ဒီအနုပညာလေး အပေါ် နစ်မျောပျော်မွေ့ရင်းဖြင့် . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ပျော်တယ် ပျင်းတယ်ဆိုတာ စိတ်ခံစားမှုအတိုင်း စီးမျော ခံစားတတ်တဲ့လူတွေရဲ့ ဆင်ခြေပါ။ လူရယ်လို့ဖြစ်လာရင် ကံကြမ္မာ စေခိုင်းတဲ့အတိုင်း မဆုတ်မနစ် ကြိုးစားဖို့လိုတယ်၊ ပျင်းရိတဲ့သူ ဆင်ခြေပေးတတ်တဲ့သူအတွက် အောင်မြင်မှုဆိုတာ မရနိုင်ဘူး။ ဘာကြောင့် သူများတွေ အမြင့်ရောက်သွားတယ်၊ ဘယ်လိုလမ်းကြောင်းနဲ့ တက်သွားတယ်ဆိုတာကို အားမကျနဲ့၊ အတုမယူနဲ့၊ ကိုယ် ဘယ်လိုကောင်းအောင် လုပ်မယ်ဆိုတာပဲ စဉ်းစား"

"ကောင်းတဲ့လမ်းကြောင်းနဲ့ အမြင့်ရောက်သွားတဲ့ သူတွေကို အတုမယူသင့်ဘူးလား ဦးနိုင်"

"ကောင်းတဲ့ အမြင်နဲ့ ရောက်သွားတဲ့သူဆိုရင် အတုယူတာ မမှားပါဘူး။ ဒါပေမဲ့ ကိုယ်က သူလိုလိုက်လုပ်ပေမယ့် သူလိုအောင်မြင်





ချင်မှ အောင်မြင်မှာလေ၊ မအောင်မြင်ရင် ဒီကောင် ဒီလို လုပ်တာမှ ဟုတ်ရဲ့လားလို့ မိဖွေရစိတ်ဝင်သွားမယ်၊ အဲလိုဆိုရင် သူများကို အကောင်းမြင်မပေးနိုင်တဲ့သူက ကိုယ်တိုင်ကောင်းအောင် လုပ်နိုင်တဲ့သူ မဖြစ်တော့ဘူး။ ဦးနိုင်ပြောတာ သဘောပေါက်လား"

"ဟုတ်ကဲ့"

ဦးနိုင်ကို သာခက လေးလေးနက်နက် ခေါင်းညိတ်ပြလိုက်သည်။ ဦးနိုင်က သင်တန်းကို လိုက်ပို့ဖို့အတွက် စိတ်ကိုအရင် ပြင်ဆင်ခိုင်းနေတာပါ။

ပြောနေတာက ဥပမာနဲ့ဆိုပေမယ့် နားလည်လွယ်အောင် ရှင်းပြနေတာမို့ ဦးနိုင်ရဲ့ ရင့်ကျက်မှုကို လေးစားနေမိသည်။ ကျော်သက်က ကားရေဆေးနေရာမှ ဧည့်ခန်းထဲဝင်လာကာ

"သွားတော့မလား ဦးနိုင်"

"အင်း သွားတာပေါ့၊ မင်း ဒီမှာလက်ဖက်ရည် လာသောက်ဦးလေ"

"ဟုတ်ကဲ့"

အစားအသောက်ဆိုရင်တော့ ကျော်သက်တို့ လက်မနှေးပေ။ လက်ဖက်ရည်ဝိုင်းမှာ ဝင်ထိုင်ပြီး မုန့်နှစ်ခုလောက်ကို ပါးစပ်ထဲအရင် ထည့်ကာ

"မနန်းက ဖုန်းဆက်တယ်၊ သူနိုင်ငံခြားသွားမှာမို့ ဦးနိုင်ကြိုက်တဲ့ ညီလေးကို သူ့မောင်လေးနဲ့ သေချာဂရုစိုက်ဖို့ မှာထားတယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ နေ့လည် ဖလိုက်နဲ့ဆိုတော့ အခုနေသွားရင် မီသေးတယ်၊ လိုအပ်တာ လုပ်ပေးခဲ့လို့ရတာပေါ့''

''အေးပါ သွားမှာ၊ မနန်းမရှိလည်း ကိစ္စတော့ မရှိပါဘူး။ ယောက်ျားလေးတွေကို မနန်း မောင်က တာဝန်ယူထားတာပဲ၊ သော်က က တော်ပါတယ်၊ သီချင်းလည်း ဆိုတယ်နော်''

''ဟုတ်တယ် အနုပညာလောကက တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာပါပဲ၊ သရုပ်ဆောင်တွေကလည်း သီချင်းဆိုကြ၊ အဆိုတော်တွေလည်း မင်းသား မင်းသမီးလုပ်ကြနဲ့ အားလုံး လိုင်းပူးနေကြတာ''

''ဒီခေတ် လူငယ်တွေ တော်တယ်ပြောရမှာပေါ့လေ ဦးနိုင်တို့ခေတ်က တစ်ခုခု ဖြစ်မြောက်ဖို့ တော်တော်ရုန်းကန်ခဲ့ရတာ၊ ငွေရော အချိန်ရော၊ ပြီးတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာရောပေါ့၊ မင်းတို့ခေတ်က လွယ်နေပါပြီ၊ ငွေရှိရင် ထောက်ပံ့အားပေးမယ့်သူရှိရင် အောင်မြင်ဖို့က လက်တစ်ကမ်းမှာပဲ''

''ဘာဖြစ်ဖြစ် အချိန်နဲ့စိတ်ဓာတ်ကတော့ ပေးဆပ်ရတာပါပဲ၊ စပွန်ဆာထားလို့ရရင်တော့ သာသာလေးပေါ့''

''ကဲ စကားမများနဲ့တော့ သွားကြမယ်''

''ဟုတ်ကဲ့ ကားတောင် စက်နှိုးထားပြီးပါပြီ''

ကျော်သက်က ဦးနိုင်ကို မလေးစားတာမဟုတ်ပေမယ့် တစ်ခွန်းချင်း ချေပတာတော့ သွက်သွက်ခါလို့ပင်။ ဒါကလည်း ဦးနိုင်က ဆရာတပည့်လို သူဌေးနှင့်ဝန်ထမ်းလို သဘောမထားဘဲ သူငယ်ချင်းပေါင်း





ပေါင်းခဲ့တာကြောင့် ဖြစ်မည်။

သူတို့တွေ ကိုးမိုင်က မနန်းရဲ့အိမ်ကိုရောက်တော့ မနန်းက ခရီးသွားဖို့ ပြင်ဆင်နေဆဲဖြစ်သည်။

''ဟော ဦးနိုင် အချိန်မီလေးပဲ ထိုင်ကြပါဦးနော်၊ ချိုချိုရေ အအေးလေး လုပ်ပါဟေ့၊ ဟိုဘက်ခန်းမှာ ထရိန်နင်ပေးနေတဲ့ မောင်လေး သော်ကကိုပါ ခေါ်လာခဲ့နော်''

မနန်းက ချိုချိုဆိုသော ကောင်မလေးကိုပြောပြီးမှ ဒီဘက်ပြန်လှည့်လာသည်။ ဆိုဖာခုံမှာ ဝင်ထိုင်လိုက်သော သာကေကိုလည်း ခြေဆုံးခေါင်းဆုံးကြည့်ကာ အကဲခတ်၏။

''ဦးနိုင် ပြောတာ ဒီကောင်လေးလား''

''ဟုတ်တယ် မနန်း၊ ဖြစ်နိုင်ပါ့မလား၊ အကဲခတ်ပါဦး''

''မနန်း သူဝင်လာတည်းက ကြည့်နေတာပါ၊ အရပ်လည်း ရှည်တယ်၊ အသားအရေလည်းလှတယ်၊ မျက်ခုံးကောင်းပြီး မျက်လုံးကလည်းလှတော့ မဆင်ရသေးဘဲနဲ့တောင် ဈေးကွက်တော့ဝင်နေပြီ၊ ဦးနိုင် လူရွေးမှန်တယ်၊ မနန်းတော့ သဘောကျသွားပြီ ဦးနိုင်''

''အဟင် မနန်း အဲလိုပြောတာ ကျေးဇူးတင်တယ်၊ ဒါပေမဲ့ မနန်းနဲ့တွေမှ ရွှေဖြစ်နိုင်တယ်ဆိုတာ ဦးနိုင် သဘောပေါက်တယ်နော်၊ ဘယ်လိုလဲ အကူအညီအပြည့်အဝ ပေးနိုင်လား''

''ပြောနေစရာလား ဦးနိုင်ရယ်၊ ဦးနိုင်ကျေးဇူးတွေကြောင့် မနန်းတို့ အောင်မြင်မှုတွေနဲ့ ရပ်တည်နေနိုင်တာပါ၊ ဒီကောင်လေးကို ဦးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ထိ မျှော်မှန်းထားလဲ ပြောပါ''

ယုံကြည်မှုအပြည့်ဖြင့် မနန်း စကားကို ဦးနိုင် သဘောကျစွာ ပြုံးသည်။ ကျော်သက်က သူ့ကို မျက်နှံးပင့်ပြ၏။ ထိုအချိန်မှာ အအေးခွက် တွေယူလာသော ချိုချိုနောက်မှ သော်က ပါလာသည်။

''သော်ကြီး''

''ဟုတ်ကဲ့ ဦးနိုင်၊ မတွေ့ရတာတောင် ကြာနေပြီ''

''အေး သူ့အလုပ်ကိုယ့်အလုပ် ရှုပ်နေကြတာကိုးကွ၊ မင်းလည်း နိုင်ငံခြားသွားလိုက်သေးတယ်ဆို''

''ပညာမစုံသေးဘူးလေ ဦးနိုင်ရ၊ ခါတ်ပုံမှာ ပထမရလို့ ဆု သွားယူရင်းနဲ့ နိုင်ငံခြား ရှိုးပွဲတွေ လေ့လာနေတာ''

''တော်တယ်ကွာ လူငယ်ဆိုတာ အဲလိုတက်တက်ကြွကြွ ကြိုး စားနေရမှာ၊ ဦးနိုင်လည်း မင်းတို့လောက်သာ ပြန်ငယ်ရင် ဒီထက် အောင်မြင်အောင် လုပ်ပြချင်သေးတယ်''

''ဦးနိုင်က အခုလည်း ပြိုင်ဘက်တွေကို ကျော်လွှားတက်လာ နိုင်တာပဲ၊ ဒါပေမဲ့ အသစ်တင်တာ နောက်တမရသေးတာတော့ အံ့သြ တယ်''

သာဓကေကိုကြည့်ပြီး ပြောလိုက်တာမို့ မလိုလားသည့် အရိပ် အရောင်ဟု အကဲခတ်မိသွား၏။ မနန်းက ဒါကို သဘောပေါက်ကာ ဦးနိုင်ကို အားတုံ့အားနာဖြင့်

''ဦးနိုင် မြေတောင်မြှောက်ပေးတဲ့လူတိုင်းက ဦးနိုင်ကို ကျေးဇူး





န်းပြီး ခြေစုံကန် ပုန်ကန်ထွက်သွားကြတာပဲ များနေတော့ သောက ာ ဦးနိုင်ကို သနားနေတာ''

''ဩော် ကိုယ်က အဲလိုပေးဆပ်ဖို့ ကံပါလာလို့ပဲ ရှိမှာပေါ့၊ ာဓက ကတော့ အဲလိုမဟုတ်ပါဘူး၊ ညီငယ်လေး တစ်ယောက်လို ိုယ်မွေးစားတာလေ၊ ဖြစ်မြောက်အောင် ကြိုးစားပေးချင်တယ်''

''အဲဒါကတော့ စိတ်ချပါ၊ မောင်လေးက အခုနောက်ပိုင်း ကပါ သင်ပေးမှာဆိုတော့ သူနဲ့လွှဲထားခဲ့မယ်၊ မနန်းကလည်း ဟိုမှာ ပတ်လောက်ပဲ ကြာမှာပါ''

''မိန်းကလေးတွေအတွက်ကျ သင်တန်းပိတ်ခဲ့မှာလား''

''မဟုတ်ဘူး သူတို့ပုံမှန် ထရိန်နင်ဆင်းလို့ရတယ်၊ တစ်ခါ လေ ဘုန်းမယ်ဘွဲ့ လာပေးမယ်၊ မယ့်ကို အကူအညီတောင်းထား တယ် ဦးနိုင်ရဲ့၊ သူက အခုနာမည်တော်တော် ပေါက်နေပြီ''

''ကောင်းတာပေါ့ ဒီကလေးမလေးက ဖအေက ထုတ်လုပ်သူ ပြီးနောက်ပိုင်း အရှိန်နဲ့ပြေးလာသလို ဖြစ်သွားတာ၊ ဒီလောကက ာက်ခံမကောင်းရင် ဘယ်လိုမှ အခြေအနေ မကောင်းနိုင်ဘူး''

ပြောနေကြတာတွေ နားထောင်ပြီး ဘုန်းမယ်ဘွဲ့ နာမည် လာတာမို့ သာဓက နားခေါင်းရှုံ့လိုက်မိသည်။ ဦးနိုင်က ညှော်ခံထား သာ အအေးခွက်လေးကို ကောက်မော့ပြီး

''သာဓကက အတွေ့အကြုံမရှိသေးလို့ အခြေခံကစပြီး သေချာ င်ပေးစေချင်တယ်၊ အိမ်မှာလည်း သူ့ကို တစ်ပတ်လောက် ခေ့လာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့ပါတယ်။ မနန်းနဲ့သော်ကကို ယုံကြည်လို့ လာအပ်တာ''

''မနန်းတို့ဆီ ရောက်လာတဲ့သူတိုင်း မဖြစ်တဲ့သူ ရှိလို့လာ ဦးနိုင်ရယ်၊ စိတ်ချပါ ဦးနိုင်ဘက်က လက်ခံတဲ့ပွဲတွေသာ မနန်းတို့ မမေ့နဲ့ ဟင်း ဟင်း''

''ဒါတော့ ပြောစရာလား၊ ဒီဖိုင်နာနဲ့ အေဂျင်စီတွေက ကျွ ကိုင်းမို့ ကိုင်းကျွန်းမို့ လက်တွဲလုပ်မှ ဖြစ်တာပဲဥစ္စာ၊ နောက်နှစ်ထဲမှ အာဆီယံတစ်ပွဲ လက်ခံထားတယ်၊ ဦးနိုင် စပွန်ဆာယူထားတာ ညည် အဖွဲ့က မပါမဖြစ်ပေါ့''

''ကျေးဇူးပဲ ဦးနိုင်၊ သာခကေကို ပွဲထုတ်လိုက်မယ်''

''ဒါ အရေးကြီးဆုံး ပွဲိုင့်ပေါ့ မဟုတ်ဘူးလား''

ဦးနိုင်နှင့် မနန်းကတော့ သူ့အတွက် တက်ကြွနေကြသည် ဒီလုပ်ငန်းက ပညာရှင်အချင်းချင်း ပူးပေါင်းပြိုင်ဆိုင်မှုရှိမှ အောင်မြင် ရကြတာဖြစ်သည်။ ကိုယ့်အတွက်တော့ အစိမ်းသက်သက်ပါ။

ဒါကြောင့်လည်း ဦးနိုင်က အခြေခံက စသင်ဖို့ အကူအည် တောင်းခဲ့တာ ဖြစ်မည် ထင်၏။

မနန်းတို့ အိမ်ကအပြန်မှာ ဦးနိုင်က သူ့အတွက် လိုအပ်သည် အသုံးအဆောင်တွေ တစ်ပုံတပင်ကြီး ဝယ်ပေးသည်။ ကားမောင်းသင် ဖို့လည်း အပ်ပေးပြီး လိုင်စင်ရလျှင် ကားတစ်စီးဝယ်ပေးထားမည် ပြောသည်။ အခုတော့ ကျော်သက်က ဒရိုင်ဘာ။

■ ■ ■



## အခန်း (၁၃)

''မင်းတကယ် ကံကောင်းတယ် သာခကေ၊ မင်းအရင်က ဘာ ကောင်မှ မဟုတ်ဘူး။ ဘုန်းမယ်ဘွဲ့ပြောသလို တောသားနားပေါက် ဒန့်ရေသောက် မြက်ခြောက်စား''

''ဟီတ်ကောင်''

''သဘောပြောတာ၊ လူ့ရဲ့ကံကြမ္မာ အပြောင်းအလဲက အံ့သြစ ကောင်းလွန်းလို့ပါ ဟဲ ဟဲ၊ မင်း ဒီလိုခံစားခွင့်တွေ ပေးမယ့်သူရှိမယ် လို့ မျှော်လင့်ထားဖူးလား''

''ဟင့်အင်း''

သာခကေ ဆတ်ခနဲပင် ခေါင်းယမ်းပြလိုက်သည်။ တကယ် ရေးရေးလေးတောင် စိတ်ကူးမယဉ်ဘူးပါ။ ရန်ကုန်ကို ယောင်ဝါးဝါး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့ပြီး ဆိုက်ကားနင်းရမလား၊ ရေခဲရေရောင်းရမလား အလုပ်ကြမ်းတွေပဲ လုပ်ရမလား။

ဘယ်လိုပဲဖြစ်ဖြစ် မိသားစုအတွက် ရုန်းကန်ရင်ဆိုင်ဖို့ ရောက်လာခဲ့တာ။ အခုတော့ အရာရာ သာသာလေးနှင့် အဆင်သင့်။

"အေး အဲဒါ ဦးနိုင် ကျေးဇူးတွေကြောင့်ပဲ မင်း ဦးနိုင် ကျေးဇူးကို လုံးဝမမေ့နဲ့"

"ဒါကလည်း မင်းနဲ့ဆက်နွယ်ပြီး ရောက်လာခဲ့လို့ပါ ငါ့အတွက် မင်းကလည်း ကျေးဇူးရှင်ပါပဲ"

"ကျွတ် ငါ့ကို ထည့်မတွက်နဲ့ ငါက မင်းအတွက် ဘာမှလုပ်ပေးတာမရှိဘူး၊ အဲ ကျေးဇူးအရမ်းဆပ်ချင်တယ် ဆိုရင်တော့ မင်းအောင်မြင်တဲ့အခါ ငါ့ကိုမမေ့နဲ့ပေါ့ကွာ၊ မင်းသားရဲ့ဘော်ဒီဂတ် ဖြစ်ခွင့်ရရင်တော်ပါပြီ"

"အဲဒီအဆင့်လောက်ပဲ ထားမလားကွ၊ ဘဏ္ဍာထိန်း မန်နေဂျာ၊ အတွင်းရေးမှူး၊ အဲ သက်တော်စောင့် နောက်ပြီး"

"တော်ပါကွာ မင်းလျှောက်ပြောနေတာတွေ ငါက စိတ်ကူးယဉ်ကောင်းနေဦးမယ်၊ နေဦး မင်းဟိုရောက်ရင် ဘုန်းမယ်ဘွဲ့နဲ့ တွေ့ဦးမှာနော်၊ မင်းတို့နှစ်ယောက်က စတွေ့တွေ့ချင်း ခွေးနဲ့ကြောင်လို ရန်စောင်နေကြတာ ရေစက်လား မသိဘူး"

"ဘာရေစက်လဲ လူကို လူလို့မမြင်တဲ့ မိန်းကလေးမျိုးနဲ့ ဆိုးတဲ့ရေစက်ဖြစ်ဖြစ်၊ ကောင်းတဲ့ရေစက်ဖြစ်ဖြစ် လုံးဝ မဆုံချင်ဘူး၊ သူ





...ကြီးဖြစ်နေနေ အထင်လည်းမကြီးဘူး"

"ဒီလောကထဲဝင်ရင်တော့ အဲလို ဘာသိဘာသာနေလို့တော့ ...မှာမဟုတ်ဘူး ငါ့ကောင်၊ အဲလိုဖြစ်နေတာသာ မီဒီယာတွေ သိကြည့်...လား။ မင်း နည်းနည်းအောင်မြင်တာနဲ့ ဖွလို့ကောင်းပြီသာမှတ်၊ လုပ်...းကွက်တွေ့လို့ သဘောကျနေကြမှာ"

"မင်းက ဒီလောကအကြောင်း တော်တော်နားလည်နေပြီပဲ"

ကျော်သက်က ဘဝင်မြင့်သွားသလို ပခုံးနှစ်ဖက်တွန့်ရင်း ခေါင်း...ညိတ်၏။ နှစ်ယောက်သား ခုတင်ပေါ်ပစ်လှဲကာ စကားတွေက အဆက်မ...ပြတ်။

"ဒါနဲ့ မနန်း မောင်ဆိုတဲ့ သော်ကကိုကြည့်ရတာ တစ်မျိုးပဲနော် ...ာကို မကျေနပ်တာလဲ မသိဘူး"

"သဘောရိုးနဲ့ ရှိမှာပါ၊ ဦးနိုင် တင်တဲ့လူတွေက တစ်ယောက်မှ ...နိုင် ကျေးဇူးကို မသိကြလို့လေ၊ ပြောရရင် ဦးနိုင်က ကျေးဇူးရှိတဲ့ ...ဆိုတော့ ဦးနိုင်ဘက်က နာတာနေမှာပေ့ါ၊ သူကလည်း သူ့လိုင်းနဲ့တူ...တော့ ပါဝါရှိတဲ့သူပဲ၊ ဟို ဘုန်းမယ်ဘွဲ့ကိုလည်း စိတ်ဝင်စားနေတယ် ...င်တယ်"

"မင်းက ဘယ်လိုလုပ်သိလဲ"

"ဦးနိုင်နဲ့ လိုက်သွားရင်း နှစ်ခါသုံးခါ ဆုံဖူးတယ်၊ သော်က ...ပြီနေတာတော့ သေချာသလောက်ပဲ၊ ဘုန်းမယ်ဘွဲ့ကတော့ မပြောတတ် ...ူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းမယ်တွဲလည်း ကြွေလောက်ပါတယ်၊ ဒီမိန်းကလေး ကြွ
ရတာ ယောက်ျားတွေကို အညှာခြွေမယ့် ပုံစံမျိုး"

"မင်းကလည်း ဘုန်းမယ်တွဲဆို အကောင်းကို မမြင်ဘူး။
ကယ်တမ်းက ဘုန်းမယ်တွဲက ပွင့်လင်းတာပါ၊ သဘောလည်းကောင်း
တယ်၊ ဆက်ဆံရေးလည်း ပြေပြစ်တယ်"

"ထပ်သရီး ဒီမိန်းမလား ဆက်ဆံရေး ပြေပြစ်တာ"

"အေး မင်းနဲ့ကျမှ ဘယ်လိုဖြစ်သွားတယ်ဆိုတာ မပြောတ
ဘူး၊ သူက ပြောလောက်အောင် မာနမကြီးပါဘူး၊ တစ်ခါတလေ ငို
တောင် မုန့်ဖိုးတွေဘာတွေ ပုံအောပေးချင်ပေးသွားတာ"

"ဩော် သိပြီ လဒ၊ အလကားရထားတာရှိလို့ ဗုံးပေါလအေ
အကောင်းမြင်နေတာပဲ၊ ဒီလောက်လူကောင်သေးသေး အသံကျယ်ကျ
နဲ့ ကြွက်စုတ်မြွေကိုက်ခံရလို့ အော်တဲ့အသံမျိုးနဲ့ မိန်းကလေးကိုများကျ

"ဟာ ဒီကောင်ကြည့်စမ်း၊ သူများသားသမီးကို ဖွဲ့တာ ရ
တယ်"

"ဘာလဲ မင်းက ဘုန်းမယ်တွဲထိတာ မခံနိုင်ရအောင် သူ
ကြိုက်နေလို့လား"

"အေး အား ဟုတ်ပါဘူး၊ ရရင်တော့ ယူချင်တယ်"

ကျော်သက်က မျက်နှာပြောင်နေသည်၊ ခုတင်ပေါ်မှာ လူး
ရင်းဖြင့် လက်သီးနှင့်ထိုးတာလည်း နာတယ်လို့မအော်။

ကျော်သက်နှင့် အိပ်ရာဝင်ခါနီးတိုင်း ဒီလိုအချိန်တွေကို ဖြ





သန်းရတာလည်း ပျော်စရာကောင်းပါသည်။

မနက်ဆိုလျှင်တော့ သင်တန်းစတက်ရမည်။

ဘုန်းမယ်တွဲနှင့် ဘယ်နေ့ဘယ်ရက် ဘယ်လိုအချိန်မှာ ဆုံမှာလဲ။
သိချင်သလို၊ မသိချင်သလိုနှင့် . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

ဘူး၊

ရေ၊

## အခန်း (၁၄)

"နင်သိလား မယ်"

"မသိဘူး"

"ဟဲ့ ဒီကပြောနေတာကို သေချာရှိုးစမ်းပါ၊ အဆင်လေ
အလန်းလေးတော့၊ သင်တန်းသား အသစ်ထင်တယ်၊ ရင်ခုန်လိုက်
ဟယ်"

"လုပ်ပြီ မပုံတို့ကတော့ မြင်မြင်သမျှ ရင်ခုန်နေတော့တာ

"ဒြော် အသစ်ပါဆိုမှ အသစ်၊ ကဲ ကြည့်ပါ"

"ဟင်"

သူမ မေးဖျားကို မအိပုံ ဆွဲလှည့်ကာ ပြလိုက်တာမို့ အမှတ်
မျက်လုံးရောက်သွားစဉ်မှာ သူမ မျက်လုံးလေး ပြူးကာ တအံ့တ





ဖြစ်သွားရမည်။ သူ ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ။

"အဲဒါ တောသားနားပေါက်ပဲ"

"ဘာ"

"ဒြော် အဲဒါ ဦးနိုင်ရဲ့ညီ၊ တောသားနားပေါက်ပါဆို"

"ဘယ်နှယ့် ဘယ်နှယ်"

"ကဲ"

"အံမယ်လေး၊ အား နာလိုက်တာ မယ်ရယ်"

အမြင်ကတ်ကတ်နှင့် ဆွဲလိမ်လိုက်တော့ မအိပုံ ငယ်သံပါအောင်
အော်လေသည်။ ထိုအသံကြောင့် သင်တန်းသားတွေကို သင်ပြနေသော
သော်က,ကလည်း ပြန်လှည့်ကြည့်ပြီး သူမတို့ကို မြင်သွားခဲ့သည်။

ချက်ချင်းဆိုသလိုပင် အပြုံးပန်းတွေဝေလျက် သူမတို့အနား
သော်က အပြေးရောက်လာ၏။

"မယ်"

"အင်း ကိုသော်က"

"ဒီနေ့ ရှုတင်မရှိလို့ မနန်းမှာခဲ့တာကို သတိရပြီး၊ ရောက်လာ
တာလား"

"မရှိတာတော့ မဟုတ်ဘူး။ မှာခဲ့တာကို တာဝန်မကျေမှာ စိုး
လို့၊ ကိုယ့်အခန်းတွေကို ဘရိတ်ပြီး လာခဲ့တာ၊ နောက်နေ့တွေတော့
ညဆင်းမ်တွေပဲ ပါမှာဆိုတော့ ဒီကိုလာရတာ အဆင်ပြေမှာပါ"

"ဒါဆိုရင်တော့ ကျေးဇူးပဲ၊ တစ်ခုခု စားဦးလေ မယ်ရဲ့ ပြီးမှ"

www.burmeseclassic.com



"ဟင့်အင်း အပြည့်အဝ စားလာခဲ့ပါပြီ။ အရမ်းများရင် အလုပ်လုပ်လို့ကောင်းမှာ မဟုတ်ဘူး။ ကိုသော် လုပ်စရာရှိတာ သွားလုပ်လေ၊ မယ် ဒီဘက်မှာ တာဝန်ယူလိုက်မယ်၊ ဒါနဲ့ ဟိုတစ်ယောက်က"

"ဦးနိုင် လာအပ်သွားတာ သာဓကတဲ့"

ဘယ်နှယ့်လဲဟု မအိပုံ့ကို နှုတ်ခမ်းမိန့် မျက်နှာပြင့်ပြတော့ မအိပုံ့က သော်က ရှေ့ကနေ ဖွတ်အတင်း လက်ဆွဲခေါ်လာသည်။

"ဘာဖြစ်တာလဲ၊ ကိုသော်နဲ့ စကားပြောလို့ မပြတ်သေးတာကို"

"ထားလိုက်ပါ သူ့အလုပ် သူသွားလုပ်မှာပေါ့၊ ငါကသာနင့်ကို မေးစရာရှိလို့"

"ဘာမေးမှာလဲ"

"အဲဒါ နင်ဟိုနေ့က ပြောတဲ့ သာဓကလား"

"ဟုတ်ပါတယ်ဆို"

"သေချာရင် နင်ပြေသလို တောသားနားပေါက်ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး"

"ခြော် ဟုတ်ပါတယ်ဆို ကျိန်ပြောရဦးမှာလား"

"အေး ကျိန်သင့်ရင်လည်း ကျိန်ရမယ်၊ ဘယ်နှယ့် အဆင့်အတန်းလေးက တောသားနားပေါက် ဖြစ်နိုင်ပါ့မလား၊ နင့်ပါးစပ်က သူများသားသမီးကို မှိုချိုးမျှစ်ချိုး ပြောထွက်တာ အံ့ပါရဲ့"

"လုပ်ပြီ ဓာတ်လမ်းကစပြီး ပြောတော့ဘာဖြစ်လဲ၊ အဲဒီ တောသားနားပေါက်၊ ကန်ရေသောက် မြက်ခြောက်စားကို ဒီထက်တောင်





ပြောလို့ရသေးတယ်၊ နည်းနည်းမှ လူမှုရေး မသိတတ်တဲ့သူ"

"ငါ့ရင်တွေကွဲအောင် မတရား မပြောပါနဲ့ဟယ်၊ ရုပ်ကလေးက ဘယ်လိုမှ မပြောရက်စရာပါဟယ်၊ တောသားထဲမှာ အခုလိုချောတာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်"

မအိပုံ့တို့ အဖြစ်သည်းနေတာ အမြင်ကတ်စရာပင် ကောင်းလှသည်။ ဒီလို ကလန်ကလားကို ဒီလောက်ဖြစ်စရာ လိုလို့လား။

"မအိပုံ့"

"ဟင်"

"အဲဒီ သာဓကဆိုတာ ဘုန်းမယ်တွဲ့ ဘာလဲဆိုတာ သိအောင် တီဗီမကြည့်ဖူး၊ ဂျာနယ်မဖတ်ဖူးတဲ့ တောသားနော်"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ ဒီလိုတောသားနားပေါက်နဲ့ ဒီလိုနေရာ လုံးဝ မအပ်စပ်ဘူး"

"ဟဲ့ ဒီလိုနေရာရောက်ဖို့ တီဗီကြီး ပိုက်လာရမယ်လို့ သတ်မှတ်ထားလို့လား၊ အတွေ့အကြုံရှိအောင် ဦးနိုင်က ဒီပို့လိုက်တာ နေမှာပေါ့၊ နင်ကိုက မနာလိုဖြစ်နေတာ"

"အမ်"

"အေး နင့်အချိုးတွေပြင်"

"ဘာ"

"နင်က အဆင့်အတန်းခွဲပြီး မောက်မာတတ်တဲ့ လူမျိုးလား"



www.burmeseclassic.com

www.burmeseclassic.com



"မအိပ့်"

ဒီတစ်ခါ သူမ ဒေါသဖြစ်ပြီး ငယ်သံပါအောင် အော်ပစ်လိုက်တာ။ မအိပ့် ရင်ဘတ်ဖိကာ မျက်လုံး ပေကလပ် ပေကလပ်ဖြင့် လန့်ဖျပ်တုန်တက်သွားသည်။

"ဘာဖြစ်တာလဲ မယ်ရယ်၊ လန့်သွားတာပဲ လိပ်ပြာလေးရေ ကလူ ကလူ"--

"ဘာမှ ကလူမနေနဲ့ အမေကျော် ဒွေးတော်လွမ်းနေတယ်။ မအိပ့်က မယ့်လူလား၊ သာကေ လူလား"

"လူမျိုးတူ အချင်းချင်းသွေးခွဲစကား မေးပြန်ပြီ၊ ဒီတိုင်းပြည် ဒီမြေပေါ်မှာနေတဲ့ သူအချင်းချင်း သူ့လူကိုယ်လူ ခွဲခြားနေစရာလား။ မယ်က မအိပ့်ရဲ့အချစ်ဆုံး အခင်ဆုံး သူငယ်ချင်းမိတ်ဆွေ၊ သာကေလေးက မအိပ့်ရဲ့ အသည်း အသည်း အသည်း အား အား"

စကားမပြောနိုင်အောင် ဗိုက်ကြောလိမ်ထားတောင် အသံကို ခပ်ညှင်းညှင်းဆွဲလျက် မအိပ့်တို့ လူပြက်မင်းသမီးပီပီ မျက်နှာပြောင်နေသည်။ ဘုန်းမယ်တွဲ့ စိတ်မရှည်တော့သလို မျက်စောင်းထိုး ခြေဆောင့်ကာ မအိပ့်အနားက လှည့်ထွက်လာခဲ့သည်။

"မယ် မယ် ဟဲ ဟဲ စိတ်ဆိုးသွားလား၊ စိတ်ကောက်သွားလား။ ဟင်း ဟင်း ညလေးကလည်း ဒီက ချစ်လို့စတာ ဟီး ဟီး"

နောက်ကနေ ဖွတ်အတင်း လက်ဆွဲကာ လိုက်ချော့သည်။ မနန်းတို့ခြံဝင်းထဲက ဒါန်းလေးပေါ် သွားထိုင်၍ ဘုန်းမယ်တွဲ့ မျက်နှာကို





စူးစိုက်ထားလိုက်၏။

"မယ်"

"သိဘူး ခေါ်နဲ့"

"မယ်ရယ် သာကေလို တောသားနားပေါက်ကို မအိပ့်က စိတ်ထဲက ပါလို့ပြောပါ့မလား၊ မယ်လေး စိတ်တွေပြောင်းသွားအောင်လို့ တမင်သက်သက် စတာ ဟီး ဟီး နောက်တာ"

"သွားပါ လာပြောမနေနဲ့"

"မယ်လေးလို့ အင်း ဒီဘက်လှည့်ပါ"

မေဖျားလေးကကိုင်ပြီး အာလုပ်သံကြီးနှင့် ချော့နေသော မအိပ့်လက်ကို ဘုန်းမယ်တွဲ့ ပုတ်ချလိုက်ပြီး မျက်နှာကို တည်တင်း စူထော်နေလိုက်၏။ အလျှော့ပေးလိုက်လျှင် မအိပ့်က သာကေဘက်ပါသွားဦးမှာ။

သူမ ဒီလို စိတ်ကောက်လျှင် မအိပ့် မနေတတ်တော့ဘူးဆိုတာ သူမ သိသည်။

"မယ်"

"ခေါ်နဲ့"

"ဩော် ဒီက အကောင်းပြောမလို့ပါ၊ မအိပ့်လေ မယ်ကို မဟားတရား စော်ကားထားတဲ့"

"ဘာ"

"အဲ ပြောဆိုရန်တွေ့ထားတဲ့ သာကေကို ချလင်းခေါ်လိုက်ရမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဩော် ပေါ် ဒါကျတော့ မြန်လိုက်တာ"

"မှတ်လောက်သားလောက် ပညာပြမှ တောသားမလှန်ရဲမှာ မယ့်ကို စိတ်ဆိုးပြေစေချင်ရင် အဲလိုလုပ်ပေး၊ လုပ်ပေးမှာလား ခုပြော"

"အေးပါ ဘယ်လိုလုပ်ရမလဲ၊ စဉ်းစားနေပါတယ်"

"ခေါင်းကွဲအောင် သွားရိုက်လို့မှမရတာ၊ ပါဝါတွေထုတ်သုံးပြီး ခြိမ်းခြောက်ပေါ့"

"ဟင် ဘာ ပါဝါတွေလဲ"

"ဩော် ဒီလောကမှာ ထဲထဲဝင်ဝင် အောင်အောင်မြင်မြင် ရပ်တည်လာတာ နှစ်ပေါင်း ဘယ်လောက်ရှိပြီ အကြောင်းကြားလာမလုပ်နဲ့၊ ဘာညာဆိုပြီး အပိုးကျိုးအောင် လုပ်လိုက်ပေါ့"

"ကြီးနိုင်ငယ်ညှင်းရာ ကျနေမလားဟယ်၊ ကိုယ့်ဗလကို သူလန့်သွားရင် ဘယ်လိုလုပ်မလဲ"

ခြေဖျားထောက် အကျီစလှန်ကာ ဗလထုတ်ပြနေသော မအိပ့်ခန္ဓာသေးသေးကွေးကွေး ပုတက်တက်ကိုကြည့်၍ ဘုန်းမယ်ဘွဲ့ ရယ်ချလိုက်မိသည်။ မအိပ့်နဲ့နေရတာ အဲလိုတွေ ပျော်စရာကောင်းတာပါ။

"ဘာလဲ မလုပ်ပေးဘူးလား"

"လုပ် လုပ်ပေးပါ့မယ်၊ ဒါပေမဲ့ သူထိုင်နေတဲ့အချိန် သွားပြောမှ ဖြစ်မယ် ထင်တယ်"

"ဘာလို့လဲ"





"သူ့အရပ်က အရှည်ကြီးလေ၊ မအိပ့်က သူ့တစ်ဝက်ပဲ ရှိတဲ့ ဥစ္စာ၊ သူထိုင်နေမှ ကိုယ်ကရပ်ပြောရင် အံကိုက်ဖြစ်မှာပေါ့"

"အဲဒါတော့ သဘောပဲ၊ ကြိုက်တဲ့အချိန်သွားပြော၊ ဒါပေမဲ့ အပိအပြင်တော့ ပေါက်ခဲ့နော်၊ သူ့အော်တာကို ကြောက်လန့်ပြီး နောက်ပြန်ဆုတ်မလာနဲ့"

"ဆုတ်စရာလား။ သူကအခုမှ ဘာမှန်းညာမှန်းမသိဘဲ ဒီလောကထဲ ယောင်ဝါးဝါး မြေစမ်းခရမ်းပျိုး ရောက်လာတာ၊ ဒီက မအိပ့်တို့က ဖါရင့်သမ္ဘာရင့်ဆိုတဲ့အကြောင်းသိအောင်တော့ အကြောင်းပြရသေးတာပေါ့"

"နည်းနည်းမှ သွေးမလန့်နဲ့နော်"

"မလန့်ပါဘူး"

"သူက မိန်းမလို မိန်းမရ အရမ်းရန်တွေ့ကောင်းတာ"

"အံမယ်လေး ဒီလောက်ကတော့ အပျော့ပေါ့၊ ဒီကလည်း ဈေးထဲက ငါးစိမ်းသည်နဲ့ ထဘီခါးတောင်းကျိုက်ပြီး နပန်းလုံးလာတဲ့ သူပါ၊ သူသာထိုင်နေမယ်ဆိုရင် ဂုတ်ပေါ်တက် မြင်းလုပ်တောင်စီးလိုက်ဦးမယ်၊ တက်ကလုတ် တက်ကလုတ်ဆိုပြီးတော့ ဟင်း ဟင်း ဟင်း"

မအိပ့်က ဗိုလ်အောင်ဒင်လိုရယ်ပြီး ရင်ကိုကော့ကာ ထွက်သွား၏။ သူမ နောက်ကနေ ခြေသံလုံလုံဖြင့် အသံတိတ် လိုက်ချောင်းဖို့ ပြင်လိုက်၏။ ရှေ့မှာပြောသွားတော့ တစ်မျိုး။

နောက်မှ သာခေါ်ကို အီစီကလီ ဖွန်ကြောင်နေမှာစိုးလို့ပါ။ ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒီမှာ"

"ဗျာ"

"နာမည်က"

"သာဓက ပါ"

"နာမည့်လေးက အလန်းပါလား၊ အဲ ဟုတ်ပါဘူး နာမည်က မနိုက်လိုက်တာ၊ သာဓက ဆိုတော့ ကိုသာလို့လည်း ခေါ်လို့မကောင်း ဓက ဆိုတာလည်း တိုင်းရင်းသားနာမည်လိုလို တာလိုလိုနဲ့ အပြည့်အစုံ ခေါ်တာပဲ ကောင်းပါတယ်"

"ဟုတ်ကဲ့ ဘယ်လိုခေါ်ခေါ်၊ ဒါနဲ့ ဒီက အဒေါ်က"

"ဘာ"





"ဪ အစ်မက ဒီသင်တန်းရဲ့ တာဝန်ရှိသူလား ခင်ဗျာ၊ မည်နဲ့ ရာထူးလေး တဆိတ်လောက်ပြောပါလား"

"တို့လား"

"ဟုတ်ကဲ့"

"အိပုံ"

"ဗျာ အီးပုံ နာမည်ကလဲဗျာ၊ ကြားရုံနဲ့တောင် နံလိုက်တာ"

"ဘာပြောတယ်"

မအိပုံ ထောင်းခနဲ ဒေါသဖြစ်ကာ အော်လိုက်တော့ သာဓက န်သွားပြီး ထရပ်ဖို့ပြင်၏။ မအိပုံက ကပျာကယာပင် သာဓက ပခုံးကို ထား၍

"နေနေ ထိုင်ပါ ထိုင်ပါ အဲဒီအတိုင်းပဲ ထိုင်နေရင် ရပါတယ်၊ သွေးပျက်ထိန်လန့်မသွားပါနဲ့ ဗိုလ်အောင်ဒင် ဘောင်းဘီချွတ်တာ ရေချိုး လို့ပါ ဟင်း ဟင်း ဟား ဟား"

သာဓက ကြောင်စီစီပင် ဖြစ်သွား၏။ ဘယ်လို မိန်းမ ဗိုလ် အောင်ဒင်နှင့် လာတွေ့နေရသည် မသိ။

လူက အနည်းငယ် ဝတုတ်တုတ်လို့ ထင်ရသော်လည်း ပု ိုက်တာကတော့ သူ့ချိုင်းအောက်လောက်ပဲ ရှိမည်။ ဒါကိုသိနေလို့ သူ့ကို ထအရပ်မခံတာဘဲဖြစ်မှာ။

ဟိတ်ဟန်ကတော့ ဒီသင်တန်းရဲ့ တာဝန်ရှိသူတစ်ယောက် ယာက်မို့ သူ့ကို ပါဝါပြချင်နေတာ ဖြစ်မည်။ ကိုယ်က မအူလည်



www.burmeseclassic.com

www.burmeseclassic.com



ယောင်တောင်တောင် တစ်ယောက်တည်းမို့ မိတ်ဆွေကောင်းတော့ လိုအ
နေ၏။ ဒီအခေါ်ကြီး အဲ ဒီကြောင်တောင်တောင် ဂေါက်တောက်တော
အစ်မကြီးကိုပဲ မိတ်ဆွေဖွဲ့ ခင်မင်အောင် လုပ်လိုက်ရမလား။

ဒါပေမဲ့ ဒီအစ်မကြီး ကြည့်ရတာ သူ့ကို လိုလားပုံမရဘဲ မ
ထောင်နေချင်သည့်စတိုင်မို့ ဘယ်လိုစည်းရုံးရမည် မသိ။

"ဩော် ဒီက မအီးပုံနော်"

"ထွီ အီးပုံ မဟုတ်ပါဘူး၊ အိပ္ပံ့ အိပ္ပံ့ပါရှင့်၊ အဲ ငါနာမည်
အိပ္ပံ့ ဘာဖြစ်လို့လဲ"

"ဟိုလေ ကျွန်တော်က မအီးပုံ၊ အဲလေ မအိပ္ပံ့ကို ခင်ချင်ပ"

"ဟင် တ တကယ်"

မအိပ္ပံ့ မျက်နှာ သကာရည်လောင်းခံရသလို ချိုမြအိကျသွား
ဒါပေမဲ့ နောက်ကနေ ဘုန်းမယ်ဘွဲ့ သားရေကွင်းနှင့်အပစ်ခံလိုက်ရသေ
တင်ပါးကိုပွတ်ရင်း မျက်နှာကို ရှုံ့ရှုံ့မဲ့မဲ့ ပြန်ပြင်လိုက်ရသည်။

"ဘာလို့ ခင်ရမှာလဲ၊ မခင်ပါဘူး၊ မင်းက ငါ ဘာဆိုတ
မသိသေးဘူး မဟုတ်လား"

"ဟုတ်ကဲ့ မသိသေးပါဘူး ခင်ဗျ၊ အဲဒါကြောင့် နန
ဘာရာထူးလဲလို့ မေးတာပေါ့၊ မအိပ္ပံ့က သင်တန်းရဲ့ တာဝန်ရှိသူ တ
ယောက်ယောက်လားဟင်"

"မဟုတ်ဘူး"





"ဟင်"

"ငါ့အသက် နှစ်ဆယ် မရှိတရှိတည်းက ဒီအနုပညာထဲကို
ဝင်လာတာ"

"ဟုတ်ကဲ့"

"အခု ဒီလောကထဲမှာ ကျင်လည်နေတာ နှစ်နှစ်ဆယ်ကျော်
နေပြီ"

"ဒါဆို အစ်မ အသက်က လေးဆယ်ကျော်ပြီပေါ့၊ ကျွန်တော်
အမေနဲ့ သက်တူရွယ်တူလောက် ရှိမယ်"

"ဘာ ဘာပြောတယ်"

"အာ အမေကလည်း အဲ မအိပ္ပံ့ကလည်းဗျာ လန့်လိုက်တာ၊
ကျွန်တော် ထရပ်လိုက်မှာနော်"

"နိုး နိုး မထပါနဲ့၊ ဒီအတိုင်းပဲ ထိုင်ပြောပါ၊ မင်း ထရပ်လိုက်
ရင် ငါက ကျားရှေ့မှောက်ရက်လဲတဲ့ ယုန်သူငယ်လေးဘဝ ရောက်သွား
လိမ့်မယ်၊ မဖြစ်ဘူး ထိုင်နေ"

မအိပ္ပံ့က လုံးဝ သူ့ကို ထရပ်ခွင့်မပေး။ သာကေ ရယ်ချင်လိုက်
တာ အူတွေကို လိတ်လို့။ ဒါပေမဲ့ မင်သေသေနှင့်ပင် နေနေရသည်။
မအိပ္ပံ့နှင့် စကားပြောရတာ အဖော်ရသလိုပျော်စရာလည်း ကောင်းလှပါ၏။

"ဟို မအိပ္ပံ့"

"ဘာလဲ"

"မအိပ္ပံ့က အသက်သာကြီးတာနော်၊ မျက်နှာလေးက နုနုဖတ်



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ချောချော၊ အခုခေတ် ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ် မော်ဒယ်မင်းသမီး တွေထက်တောင် ချောသေးတယ်၊ ဒါမှ သဘာဝအလှလို့ ခေါ်တာ"

"ဟယ် တကယ်"

"တကယ်ပေါ့၊ ကျွန်တော်က ညာပြောပါ့မလား။ ဟိုတစ်ခါများ ကျွန်တော့်ကို ဘုန်းမယ်ဘွဲ့ဆိုလား။ မယ်သီလရှင်နာမည်လိုလိုနဲ့ မော်ဒယ် မင်းသမီးလေ"

"အင်း"

"သူ့ကိုယ်သူ ဘဝင်မြင့်နေတဲ့ စတိုင်နဲ့၊ ကျွန်တော့်ကို ဟိန်း လားဟောက်လား လာကောတာ သိလား"

"အေး ဩော် မသိပါဘူး၊ သူက ဘာဖြစ်လို့လဲ"

မအိပ်ပုံက ခပ်တည်တည် ပြန်မေး၏။ သူက ခေါင်းပြူတစ်ပြူ တစ် လုပ်နေသော ဘုန်းမယ်ဘွဲ့ကို မြင်လိုက်တာမို့ ဘာဆိုတာ သဘော ပေါက်သွားပြီး တမင်တကာ ခပ်ညစ်ညစ် ပြောဖို့ စဉ်းစားလိုက်တာ။

"အဲဒီ ဘုန်းမယ်ဘွဲ့ဆိုတဲ့ မိန်းကလေးကလေ သူ့ကိုယ်သူ ဘာထင်နေလဲမသိဘူး၊ သူဘာကြီးဖြစ်နေနေ ကျွန်တော်က ဂရုစိုက်စရာ လား။ သူက လူလူချင်း နှိမ်ချစော်ကား၊ အဆင့်အတန်း ခွဲပြီး ဆက်ဆံ တယ်၊ ဒါ လူမှုရေးခွဲခြားတဲ့ ဘဝင်မြင့်အရှုးရောဂါပဲ၊ မအိပ်ပုံပဲ စဉ်းစား ကြည့်ပါ၊ သူ့ဘာသာ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ပညာတွေ တတ်တတ်၊ မင်းသမီးပါ မော်ဒယ်ပါဆိုပြီး ဘယ်လိုပဲ အောက်ခြေလွတ် ဘဝင်မြင့်မောက်မာနေပါစေ၊ အိမ်သာထဲ ရောက်လို့ အီးအီးပါတဲ့အခါ





ဖင်လှန်ရတာပဲ မဟုတ်ဘူးလား"

"အေး အေး ဟုတ်သားပဲ"

"ဘာ ဘာတွေပြောနေကြတာလဲ"

"အမလေး မယ် ဟဲ ဟဲ ဘာမှမဟုတ်ဘူး"

မြုန်းခနဲ ထွက်လာပြီး ဘုန်းမယ်ဘွဲ့ အော်လိုက်တာမို့ မအိပ်ပုံ လန့်ဖျပ်ကာ မျက်နှာချိုသွေးသည်။ သာကေ မသိချင်ယောင်ဆောင်ကာ မျက်နှာလွှဲနေလိုက်၏။

"ဒီမှာ"

"ဘာတုန်း"

"ရှင် ရှင် တမင်တကာ ရွဲ့စောင်းပြောနေတာ မဟုတ်လား"

"စိတ်ကူးထဲကို မရှိတာ"

"ဘာစိတ်ကူးထဲ မရှိတာလဲ၊ ငါ့ကို နှင်မြင်လို့ ညစ်ပတ်ပြီး ပြောနေတာ ငါ မသိဘူးများ အောက်မေ့နေလား"

"မင်းကရော ငါနဲ့ မအိပ်ပုံ ပြောနေတာကို ဘာလို့ ချောင်းနား ထောင်နေတာလဲ၊ မိန်းကလေးဖြစ်ပြီး ချောင်းတာမြောင်းတာ တော်တော် ဝါသနာထုံတယ်ထင်တယ်"

"ရှင် ရှင်ကြီး စကားကို ဆင်ဆင်ခြင်ခြင်ပြော"

"မဟုတ်လို့လား၊ ငါပြောတာကို မင်း ချောင်းနားထောင်လို့ ကြားတာပေါ့၊ အဲလိုမှန်းသိရင် အီးကျယ်ကျယ်ပေါက်လိုက်ပါတယ်"

"ကြည့်စမ်း ရွံစရာကောင်းလိုက်တာ၊ တောသား အီးပေါက်"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမယ်ဘွဲ့က နာခေါင်းရှုံ့ပြောပြီး မအိပုံက မျက်နှာကြီးရှုံ့မဲ့ကာ နှာခေါင်းကို လက်နှင့်ပိတ်၏။ ပြီးမှ

"အီးနဲ့ တော်တော် ရေစက်ပါတယ်နော်"

ဟု တိုးတိုးပြော၏။ ဘုန်းမယ်ဘွဲ့က မကျေမချမ်းပင် သာခကေ မျက်နှာနားကို လက်ညှိုးကြီး တဝဲလည်လည်ဖြင့်

"ရှင်ဟာလေ ရွှံ့ဗွက်ထဲမှာနေခဲ့ရသူလို့ မပြောရဘူး၊ အရမ်းမိုက်ရိုင်းညစ်ပတ် အကျင့်ယုတ်တာပဲ သိလား၊ ဒီပုံစံ ဒီအပြောနဲ့ ဒီနေရာကို ဘာလို့ လာတာလဲ၊ ဘာအတွက် လာတာလဲ ပြောစမ်းပါ"

"အာ"

"အား အား ရှင် ဒါ ဘာလုပ်တာလဲ၊ အမလေး နာလိုက်တာ"

"သာခကေလေး ဘာလုပ်လိုက်တာလဲဟယ်"

သူ့မျက်နှာရှေ့ တဝဲလည်လည် ဖြစ်နေသော ဘုန်းမယ်ဘွဲ့လက်ညှိုးကို အမြင်ကတ်ကတ်ဖြင့် ဖမ်းကိုက်ဆွဲလိုက်တော့ ဘုန်းမယ်ဘွဲ့ ငယ်သံပါအောင် အော်သွားသည်။

လက်ကလေးကို ဖျပ်ဖျပ်ခါအောင်ခါလျက် မျက်စောင်းထိုးနှုတ်ခမ်းစူ၍

"ရှင် ဒါ ဘာလုပ်တာလဲ"

"မင်း လက်ညှိုးကို ကိုက်လိုက်တာလေ၊ နောက်မှတ်ထား ငါ့ကို လက်ညှိုးထိုးထိုးပြီး မပြောနဲ့၊ လက်ညှိုးထိုး နှိမ်ချပြောတတ်တဲ့သူကို ငါ အရမ်းမုန်းတယ်"





"ဩော် ရှင့်အချစ်ခံရအောင်ပဲ မယ်က ဆင်ခြင်ရမယ်ပေါ့"

"အဲဒါတော့-မင်းသဘောပဲ"

"ဝေးသေး အားနာလိုက်တာ"

"အားနာရင်လည်း တောင်းပန်လိုက်လေ မယ်လေးရဲ့"

မအိပုံ့စကားကြောင့် ဘုန်းမယ်ဘွဲ့ မျက်စောင်းက မအိပုံ့ဆီရောက်သွားကာ

"ဘာလို့အားနာပြီး သူ့ကို တောင်းပန်ရမှာလဲ၊ ဒီမှာ လက်ညှိုးလေးနာသွားလို့ ရှုံ့ရှုံ့မဲ့မဲ့ အော်နေတာ မမြင်ဘူးလား"

"မသိဘူးလေ မယ်လေးရဲ့၊ နောက်တစ်ခါ အကိုက်မခံရအောင် တောင်းပန်ချင်လည်း တောင်းပန်လိုက်ပါ၊ လူရဲ့သွားက တိရစ္ဆာန်တွေထက် အဆိပ်ပြင်းတယ်၊ ဟို ဆန်စီလေးဝါးပြီး အုံမလားဟင်၊ ငါ လုပ်ပေးမယ်"

"တော်စမ်းပါ၊ ဒါ လူကိုက်တာ မဟုတ်ဘူး၊ ခွေးရူးကိုက်တာ၊ တိရစ္ဆာန်ဆရာဝန်နဲ့ ခွေးရူးကာကွယ်ဆေး သွားထိုးရမယ် လာ မအိပုံ"

"ဟား ဟား ငါ့ကြောက်လို့ပြေး မအေပေး"

"ဘာ"

"ဘာမှမဟုတ်ဘူး"

မခံချင်အောင် စနောက်ခဲ့ရင်း သာခကေ သူမတို့နားကနေ အရင်ဆုံး ထွက်လာခဲ့သည်။ သူမ လက်ညှိုးလေး နာချင်မှ နာမှာဖြစ်သော်လည်း နာချင်လည်းနာနိုင်သော ဒဏ်ရာပေးလိုက်နိုင်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ပျော်နေသည်။

ဒီလောက်တောင် စွာနိုင်သော မင်းသမီးကို ဒီလို အမှတ်တ
လေး ဖြစ်သွားအောင် လုပ်ပေးနိုင်မှ. . .။

■ ■ ■



## အခန်း (၁၆)

"ဘာ ဘုန်းမယ်ဘွဲ့ လက်ညှိုးကို မင်းကိုက်ဆွဲခဲ့တယ် ဟုတ်လား။ ဟာ ဒီကောင် အာဂကောင်ပဲ"

"ဘာဖြစ်လဲ၊ ငါ့ကို လက်ညှိုးထိုးပြောတဲ့ မိန်းမကို အဲလို မှတ်လောက်သားလောက် လုပ်လိုက်မှ တန်ကာကျတယ်၊ လက်တစ်ချောင်းလုံး ပြတ်အောင်ကို ကိုက်ပစ်လိုက်ချင်တာ၊ အရူတွေအသည်းတွေယားလွန်းလို့"

"မင်းကို ဟိုက ဘာမှပြန်မလုပ်ဘူးလား"

"ရှက်သွားလို့လား နာသွားလို့လားတော့ မသိဘူး၊ ငါ ဒီလိုလုပ်လိမ့်မယ်လို့လည်း ထင်မှာမဟုတ်ဘူးလေ၊ ချွေးရူးကာကွယ်ဆေး သွားထိုးရမယ် ဘာညာနဲ့ မခံချင်အောင်ပြောပြီး၊ ရှောင်ထွက်သွားဖို့ ပြင်တာ၊ ငါက ကြောက်လို့ထွက်ပြေး မအေပေးလို့ပြောပြီး အရင်ထွက်လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေ ကျနေတာပဲကွာ၊ နေပါဦး ဘုန်းမယ်ဘွဲ့က အရင်ကဆို ရုပ်တည်ကြီးနဲ့ပါ၊ မင်းနဲ့ကျမှ ဘာလို့ဒီလိုတွေ ဖြစ်နေတာလဲ"

"မသိဘူးလေ၊ ငါ့ကို လာဆွလို့ကတော့ ငါလည်း ပြန်ဖြမှာပဲ၊ ရန်ကုန်သူတွေ လူလည်လုပ်ပြီး နှိပ်ကွပ်တာတော့ မခံဘူး"

လက်လန်တယ်ဟုပြောလျက် ကျော်သက် သူ့နဖူးသူရိုက်သည်။ ကျော်သက်က သူ့ကိုလာကြိုရင်း ဘီယာဆိုင် ခဏထိုင်ရအောင်ဆိုပြီး စားသောက်ဆိုင်ထဲခေါ်လာတာ။ ကိုယ်ကတော့ ရေခဲရေတစ်ခွက်ဖြင့် ကျော်သက်မှာထားသော အမြည်းတွေပဲ စားသောက်နေလိုက်သည်။

"သင်တန်းကရော ဘယ်လိုလဲ၊ ဆရာသော်ကနဲ့ အဆင်ပြေရဲ့လား"

"မဆိုးပါဘူး၊ ပညာရှင်ဆိုတော့ နည်းနည်းပါဝါကြီးတာလား အထာကိုင်တာလားတော့မသိဘူး ရုပ်တည်ကြီးနဲ့ အကြောတော့ တင်းသား"

"ဒါကတော့ နိုင်ငံခြားမှာ ပညာသင်ပြီး ဒီမှာ ဆရာပြန်လုပ်နေတဲ့သူပဲကွာ၊ ဒီလောက်တော့ ရှိမှာပေါ့၊ ဘုန်းမယ်ဘွဲ့နဲ့ သော်ကရဲ့ ဆက်ဆံရေးကရော ဘယ်လိုလဲ"

"ဘယ်သိပါ့မလဲ ငါတို့ယောက်ျားလေးတွေက သော်က သ[illegible]ပေတာ၊ မိန်းကလေးတွေကိုတော့ မနန်းအစား ဘုန်းမယ်ဘွဲ့က ဟိုဘက်အခန်းမှာ သင်ပေးတာ ထင်တယ်၊ နားနေခန်းထဲရောက်မှ ယောက်ျားလေး မိန်းကလေး အကုန်စုပြီး ကော်ဖီ အအေးတို့ သောက်လို့ရတယ်



တစ်နေကုန် သင်ချင်တဲ့သူတွေကျတော့ သူတို့နှစ်တိုက်ကျော်လောက်မှာ စားသောက်ဆိုင်ရှိတယ်၊ အဲဒီမှာ စားကြသောက်ကြတာ၊ နယ်ကလူတွေအတွက် အဆောင်ကိစ္စ အစားအသောက်ကိစ္စ အကုန်အဆင်ပြေတာပေါ့"

"မင်း စိတ်ပါဝင်စားမှုရော ရှိရဲ့လား"

ကျော်သက်က လက်ကျန်ဘီယာကို မော့သောက်ရင်းမေး၏။ သူက အမြည်းတစ်ဖတ် ကောက်ဝါးကာ ခေါင်းညိတ်ပြလိုက်သည်။

"ငါ အစတည်းက ဝါသနာနဲ့ ဖရှိတာ မင်းလည်းသိပါတယ်၊ ဒါပေမဲ့ မိသားစုအခြေအနေ အခက်အခဲတွေကြောင့် ငုံ့လျှိုးပျောက်ကွယ်နေခဲ့တာ၊ အခု အခွင့်ရတုန်း အခြေခံလေ့လာမှုတောင် မရှိခဲ့လို့ ပင်ပန်းတယ်ဆိုပေမယ့် ငါ ကြိုးစားမှာပါ"

"အေးကွာ မင်းကို အောင်မြင်စေချင်တယ်၊ ရုပ်ရှင်အတွက်လည်း ဂုဏ်ရှိတယ်၊ ဆင်းရဲတဲ့ မင်းမိသားစုဘဝကိုလည်း ကယ်တင်နိုင်တယ်"

"ငါလည်း အဲဒါကြောင့် အဲလို အခွင့်အရေးမျိုး မျှော်လင့်လို့ ရအောင် ထောက်ပံ့အားပေးတဲ့ ဦးနိုင်ကို ကျေးဇူးတင်နေတာ၊ ဦးနိုင်ဆိုမှ သတိရတယ်၊ ငါတို့ အချိန်နောက်ကျနေပြီထင်တယ်၊ ပြန်ရအောင်"

"နေပါဦးကွာ၊ ငါ တစ်ဘူးလောက် ထပ်ဆွဲလိုက်ဦးမယ်၊ ဦးနိုင်ကို ကားလမ်းပိတ်လို့လို့ ဆင်ခြေပေးလိုက်ရင် အဆင်ပြေပါတယ်"

ကျော်သက် စားပွဲထိုးလေးကို ဘီယာတစ်ဘူး ထပ်မှာပြီး သောက်သည်။ ဘာမှမပြောဘဲ နေလိုက်ရပေမယ့် သဘောကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်အပေါ် ဆင်ခြေတွေပေးပြီး မခန့်လေးစား လုပ်နေတာ မသ
တော်ဘူးဟု ထင်မိသည်။

ဘာပဲပြောပြော ဦးနိုင်က ကိုယ့်ရဲ့ကျေးဇူးရှင် ထမင်းရှ
မဟုတ်လား။ နေရာတကာ ချုပ်ချယ်ကန့်သတ်နေတာလည်း မဟုတ်တ
ကိုယ့်ဘက်က အပြစ်ရှိအောင် မနေစေချင်တာပါ။

ထင်သည့်အတိုင်းပင် နောက်ကျပြီးမှ အိမ်ပြန်ရောက်လာတေ
ဦးနိုင်က လည်တဆန့်ဆန့်ဖြင့် အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လ
လျှောက်ရင်း စောင့်နေ၏။

"ကားလမ်း ပိတ်နေပြန်ပြီလားကွ ကျော်သက်"

"ဟုတ်ကဲ့ မီးပွိုင့်ကမိ၊ လမ်းကပိတ်နဲ့ ဒီဘက်ရောက်တေ
ဦးနိုင် စိတ်ပူနေမှာသိပြီး လီဗာတင်ပြီးကို မောင်းလာတာ"

"အေးပါ လမ်းမှာ အန္တရာယ်တစ်ခုခု မဖြစ်ရင် ပြီးရော
မင်းက အဲလို နောက်ကျတိုင်း ပါးစပ်ထဲမှာ ပီကေ အမြဲဝါးတယ်နော်"

"ဗျာ"

"ပီကေ ဝါးတာတော့ ဝါးပါ၊ ဟိုကပ် ဒီကပ်ဖြစ်အောင် ဟိုနေ
ပစ်ချ ဒီနေရာပစ်ချတော့ မလုပ်နဲ့"

"ဟုတ် ဟုတ်ကဲ့"

"ဝင်ကြလေ ဒေါ်မြကို ထမင်းခူးခိုင်းထားတယ်၊ ကောင်လေ
မင်းရေချိုးဦးမှာလား"

"ဦးနိုင် ဆာနေမှာပေါ့၊ ကျွန်တော် အိပ်ရာဝင်မှပဲ ချိုးတော့မ





ဦးနိုင် လာ ထမင်းသွားစားရအောင်"

ဦးနိုင် ကိုယ်ကြီးကို ရင်းနှီးနွေးထွေးစွာဖြင့် ဖက်တွယ်၍ ထမင်း
စားခန်းထဲ ခေါ်လာခဲ့သည်။ ကိုယ့်ရဲ့ဆရာတစ်ယောက် သူဌေးတစ်
ယောက်လို ဆက်ဆံရတာ သူစိမ်းပြင်ပြင် အနေဝေးသည်ဟု ထင်မိလို့ပါ။

ဦးနိုင်ကလည်း ဒီလိုနေတာကို ကျေနပ်နေဟန်ဖြင့် ထမင်းပန်း
ကန်ထဲ ဟင်းတွေဦးချတော့လည်း တပြုံးပြုံး။

"ကောင်လေး မင်းလည်း စားလေ၊ ဦးနိုင်ထဲ အသားတုံးတွေ
ရွေးထည့်နေတော့ မင်းတို့အတွက် အရိုးပဲကျန်မှာပေါ့ကွ"

"ဟုတ်ပဲ့ ဒီကောင် ဦးနိုင်ကို မျက်နှာလုပ်နေတာနဲ့ အရိုးအရင်း
ပဲ စားရတော့မယ်"

"ငါတို့က လူငယ်တွေပဲ၊ အရိုးကိုက်ရတော့ ဘာဖြစ်လဲကွ၊
လူကြီးကို လူငယ်တွေက ဦးစားပေးရမှာပေါ့၊ ဦးနိုင်က ငါတို့ရဲ့ အလုပ်ရှင်
သူဌေးဆိုလည်း ဟုတ်တယ်၊ ဘဝကို အောင်မြင်တိုးတက်အောင် မြေ
တောင်မြှောက် ထောက်ပံ့ပေးနေတဲ့ ကျေးဇူးရှင်ဆိုလည်း ဟုတ်တယ်၊
တကယ်ဆို ဒီထက်မက အလိုက်တသိ ဂရုစိုက်ပြုစုပေးရမှာ"

"လုပ်လေ၊ ညကျရင် ရှိခိုးကန်တော့ရုံမဟုတ်ဘဲ၊ အိပ်ရာဝင်
နင်းနှိပ်ပေးလိုက်ဦးပေါ့"

"ဟာ ဟုတ်သားပဲ ဦးနိုင်၊ ညအိပ်ခါနီးရင် ကျွန်တော် နှိပ်ပေး
မယ်နော်၊ ဦးနိုင်က တစ်နေကုန် ပင်ပန်းထားတာ ဖိမ်လေးနဲ့အိပ်"

"မလုပ်ပါနဲ့ကွာ ဦးနိုင် အဲလောက် အသက်မကြီးသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အာ အသက်ကြီးကြီး မကြီးကြီး ကျွန်တော် ပြုစုချင်လို့ပါ ဦးနိုင်ရ နော် နော်လို့"

သာခက ချွဲနွဲ့စွာပြောမိတော့ ဦးနိုင်က ပြုံးပြုံးကြီးနှင့် သူ့ပန်းကို လာဖက်ပြီး ခေါင်းညိတ်၏။

"ကောင်လေး သဘောပဲကွာ၊ ဦးနိုင်က ကောင်လေး ပင်ပန်းမှာစိုးလို့ပါ"

"ပင်ပန်းပန်းပေါ့၊ ဦးနိုင်က အဆင့်အတန်း မခွဲဘဲ ဒီလိုပြုစု လုပ်ကိုင်ပေးခွင့်ပေးတာပဲ ကျေးဇူးတင်လှပါပြီ"

"အင်း ကောင်လေးက အဲလို အလိုက်သိတော့ ဦးနိုင်ကလည်း လုပ်ပေးသင့်တာ လုပ်ပေးရမှာပေါ့"

ဘာလုပ်ပေးမည်ဆိုတာ မသိပေမယ့် ညအိပ်ရာဝင်ခါနီး ရေမိုး ချိုးပြီးတာနှင့် ဦးနိုင် အခန်းဘက် တံခါးခေါက်ပြီး ဝင်လာခဲ့သည်။ ဦးနိုင်က ညအိပ်ဝတ်စုံနှင့် ခုတင်ပေါ်မှာ ဂျာနယ်တစ်စောင် ဖတ်နေ၏

"ဦးနိုင်"

"အေး ဒီဂျာနယ်လေးဖတ်ပြီး ဦးနိုင်တောင် အိပ်တော့မလို့"

"မအိပ်ပါနဲ့ဦး၊ ကျွန်တော် နှိပ်ပေးရင်းနဲ့မှ အိပ်ချင်ရင် အိပ် လိုက်ဗလ၊ နောက်နေ့တွေလည်း အဲလိုပဲ လုပ်ပေးမယ်"

"မဟုတ်တာ တာဝန်ကြီးတစ်ခုလို ဝန်ထုပ်ဝန်ပိုးကြီး မထမ်း နဲ့"

"ဒါ ဝန်ထုပ်ဝန်ပိုးမှ မဟုတ်တာ ဦးနိုင်ရဲ့ တစ်ဦးက စေတန

ဗျူး၁၁၉၆



တစ်ဦးကမေတ္တာ၊ အပြန်အလှန် ဖေးမစာနာမှုပေါ့၊ ဦးနိုင်က မိန်းမမှ မယူတာ၊ ဒီလိုပြုစုယုယပေးမယ့်သူမှ မရှိဘဲ"

"ဒီလိုနေတာပဲ ကောင်းပါတယ်ကွာ၊ မိန်းမယူပြီး ဘာလို့ ဒုက္ခခံတော့မလဲ၊ အခု မင်းက လုပ်ပေးမယ်ဆိုရင် ပိုတောင် မလိုတော့ဘူး"

ဦးနိုင်က သူ့ဘာသာပြောပြီး ရယ်နေသည်။ ဦးနိုင်က ရယ်လိုက်လျှင် တကယ့် ယောကျ်ားပီပီသသ ခန့်ချောချောတာပါ။

"ဦးနိုင် ဂုတ်ကြောအရင်ဆွဲပေးရမလား၊ ခြေထောက်တွေ နှိပ်ပေးရမလား"

"ကောင်လေး သဘောပဲ"

"ဒါဆို ဒီအတိုင်းလေး လှဲနေ၊ ခြေထောက်တွေ နှိပ်ပေးမယ်"

သူ စေတနာပါပါနှင့် သေချာကျကျနန နှိပ်နယ်ပေးလိုက်သည်။ ဦးနိုင်က မျက်လုံးလေး မှေးစင်းပြီး ငြိမ်နေ၏။ ဘာတွေစဉ်းစားပြီး နှုတ်ခမ်းတွေက ပြုံးနေသလဲဆိုတာတော့ မသိပါ။

ဒီလို ကြည့်မိတော့ ဦးနိုင် မျက်တောင်ဖျားတို့က မိန်းကလေးတွေလို ရှည်ကော့နေသည်ဟု သတိထားမိသည်။ ဆေးလိပ်မသောက်သော နှုတ်ခမ်းထူထူတို့ကလည်း ရဲစိုလို့ပါ။

ခဏနေတော့ ထူမတ်ကာ ဂုတ်နှင့်နားထင်တို့ကို မနာကျင်အောင် ဖြည်းဖြည်းလေး နှိပ်ပေးလိုက်သည်။

"ကောင်လေး"

"ဗျာ"

ဗျူး၁၁၉၆

www.burmeseclassic.com

www.burmeseclassic.com



"မင်းမိဘတွေဆီရော ဝိုးချဲလ် ပို့ပြီးနောက်ပိုင်း ဖုန်းဆက်ဖြစ်သေးလား"

"ဟုတ်ကဲ့ ဟိုနေ့ညက ကျော်သက့်ဖုန်းနဲ့ ဆက်လိုက်သေးတယ်"

"မင်းအဖေရော နေကောင်းလား"

"ကောင်းတယ်ဆိုပေမယ့် ထူနိုင်ထနိုင်တာ မဟုတ်တော့ ဝေဒနာခံစားရတာ သနားပါတယ်၊ မေမေက အိမ်မှုကိစ္စတစ်ဖက်၊ လူမမာတစ်ဖက်နဲ့ ပိုပင်ပန်းတာပေါ့လေ၊ အရေးထဲမှာ စားဝတ်နေရေးအတွက် အထောက်အပံ့လေးရအောင် ပန်းစိုက်တာလည်း အရင်းတောင် ကျေအောင် မရလိုက်ဘူးတဲ့"

"အခက်အခဲဖြစ်နေမှာပေါ့၊ လူမမာလည်းရှိနေတော့ ငွေနှစ်သိန်းလောက် လွှဲလိုက်ပါဦးလား"

"ဟာ နေပါစေ အရင်တစ်ခါလည်း ဦးနိုင် မနည်းကုန်ထားတာ"

"နောက် ကောင်လေး မင်းသားဖြစ်တဲ့အခါ ဒီငွေလောက်က အရေးလားကွာ၊ နေ့စဉ် မုန့်ဖိုးအသုံးစရိတ်လောက်တောင် မရှိဘူး"

"အဲဒါက အဲဒါပေါ့၊ ပေမဲ့"

"ကဲ ထားပါ၊ ဘာမှပြောမနေနဲ့၊ မနက်ဖြန် ကျော်သက်ကို ငွေလွှဲခိုင်းလိုက်မယ်၊ ကောင်လေးက သင်တန်းတက်စရာရှိတာတက် ဟုတ်ပြီလား ချော ခဏလေး"





ဦးနိုင်က ခုတင်ပေါ်က ဆင်းကာ အပြင်သွားလျှင် လွယ်နေကျအိတ်ထဲက တစ်စုံတစ်ခုကို ထုတ်ယူနေသည်။ ပြီးမှ သူ့ရှေ့ကို လက်ဝါးဖြန့်ပြလိုက်တော့ အနက်ရောင် ဟန်းဖုန်းလေးဖြစ်နေ၏။

"ရော့ နေ့လယ်က ကောင်လေးအတွက် အမှတ်ရလို့ ဝယ်လာတာ"

"ဟာ ဦးနိုင် ကျွန်တော့်အတွက် မလိုသေးပါဘူး"

"ဘယ့်နှယ် မလိုရမှာလဲ၊ ဘာမှမဖြစ်သေးဘူးဆိုပေမယ့် ဟိတ်ဟန်ဆိုတာ လိုတယ်ကွ၊ ရော့ ယူပါ"

ဦးနိုင်က သူ့လက်ထဲကို ဖွတ်ထိုးထည့်သည်။ ဟန်းဖုန်းလေးကသူ ဆက်ပြီးမငြင်းနိုင်အောင် ဆွဲဆောင်မှုကောင်းနေသည်။

လှလိုက်သည်ဖြစ်ခြင်း။ သူများတွေ ခါးကြားချိတ် သွားရင်းလာရင်း နားမှာကပ်၍ စကားတွေပြောသွားကြတာမြင်တိုင်း အားကျတပ်မက်ခဲ့ရတာ။

"ကောင်လေး"

"ဗျာ ဦးနိုင်"

"ကျော်သက်နဲ့ရော ကားမောင်းသင်နေရဲ့လား"

"ဟုတ်ကဲ့ ကျော်သက်က သ . ပေးပါတယ်"

"နောက်နေ့ကျရင် ကားမောင်းသင်တန်းပါ ဆက်တက်လိုက်ကွာ၊ အဲလို သင်တန်းတွေမှာတက်ရင် မြန်မြန်လိုင်စင်ရတယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ဦးနိုင်က မင်းအတွက် ကားတစ်စီးတောင် ကြည့်ထားပြီးပြီ”

“အားနာလိုက်တာ ဦးနိုင်ရယ်၊ ကျွန်တော့်အပေါ် အဲလောက်ကြီး ကောင်းပေးနေတာ ဘယ်လိုကျေးဇူးပြန်ဆပ်ရမှန်း မသိတော့ဘူး”

“အနှောင့်အယှက် အတားအဆီး ပိတ်ပင်မှုတွေကို ကျော်လွှားပြီး အောင်မြင်အောင် ကြိုးစားနိုင်ရင် ဦးနိုင်ကို ကျေးဇူးဆပ်တာနဲ့ အတူတူပါပဲ၊ မင်း ကြိုးစားကွာ”

ဦးနိုင်ကို ထိုင်ရှိခိုးမိမတတ် ကျေးဇူးတွေ တင်လှသည်မို့ သူ ဦးနိုင်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

“ဟာ ကောင်လေး ဘာလုပ်တာလဲ၊ ထပါ ထစမ်း”

ဦးနိုင်က ဖွတ်ဆွဲထူသည်။ သူ့ မျက်ရည်ဝဲနေတာ မြင်တော့ ဖွဖွညင်သာ သုတ်ပေးလာ၏။

“ဘာလို့ မျက်ရည်က ကျချင်တာလဲ၊ ယောကျ်ားမဟုတ်ဘူးလား”

“ကျွန်တော် ဝမ်းသာလို့ပါ ဦးနိုင်ကို ကျေးဇူးတင်လို့ပါ၊ ကျွန်တော် တစ်သက်လုံး မမျှော်လင့် မမျှော်မှန်းရဲတဲ့ အခြေအနေတစ်ခု ရောက်အောင် ထောက်ပံ့အားပေးနေတဲ့ ဦးနိုင် ကျေးဇူးတွေကို ကျွန်တော် မမေ့ပါဘူး မမေ့ပါဘူး ဦးနိုင်”

“အေးပါကွာ အရင်ဘဝ ရေစက်ကြောင့် ဒီဘဝမှာ လာဆုံတယ်လို့ အောက်မေ့ပါ၊ ကောင်လေးကို ညီလေး အရင်းတစ်ယောက်လို ဦးနိုင် သံယောဇဉ်ရှိတယ်”





“ကျွန်တော်ကလည်း ကိုယ့်အစ်ကိုကြီးတစ်ယောက်လို သဘောထားပါတယ်၊ ကျွန်တော် မှားတာရှိရင်လည်း ဆုံးမပါ”

“ဆိုးရင်လည်း ရိုက်မှာနော်”

လက်ညှိုးလေးထောင်ပြီး ပြောတာ မိန်းကလေးတစ်ယောက်နှင့် တူနေသေးသည်။ ဦးနိုင်ကို ခေါင်းညိတ်ပြပြီး အားကိုးတကြီး ဖက်တွယ်ထားမိ၏။

ဦးနိုင်က သူ့ကျောပြင်လေးကို ဖွဖွညင်သာ ပွတ်သပ်၍ ပြန်လည်ဖက်တွယ်ထားသည်။

အရာရာအတွက် လုံခြုံနွေးထွေးသလိုပါ။

ရင်ထဲမှာ ကျေကျေနပ်နပ် ဖြစ်ရင်း . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မကျေနပ်ဘူး၊ လုံးဝမကျေနပ်ဘူး"

"သီချင်းဆိုနေတာလား မယ်၊ အဆိုတော်က ဘယ်သူ[illegible] အဲဒီသီချင်း ငါအရမ်းကြိုက်တာ၊ ရင်ထဲရှိတာတွေ သံစဉ်တွေနဲ့ ပေါက်[illegible] ပစ်တာ ဘယ်လောက်မိုက်လဲ"

"မအီးပုံ"

"ဟဲ့"

သာဂေ ခေါ်သလို အခေါ်ခံလိုက်ရတာမို့ မအိပုံ့ နာခေါင်[illegible] ကာ ဟဲ့ခနဲ ဖြစ်သွား၏။ ဘုန်းမယ်ဘွဲ့က လက်ထဲက ဘီးတွေမှန်[illegible] ဆောင့်ခနဲ ပစ်ချပြီး

"အဲဒီကောင် ကိုက်လိုက်တဲ့ လက်ညှိုးလေးက ညက တ[illegible]





[illegible]သုံး အိပ်ကို အိပ်လို့မရအောင် တဆစ်ဆစ်ကိုက်နေတာ၊ အဲဒါကြောင့် [illegible]အမြှေးမြှေးတွေးပြီး နာတယ်၊ အဲဒါကြောင့် ဒီတစ်ခါ ခင်းကိုတွေ့ရင် [illegible]အရေခွံစုတ်ပစ်မယ်"

"အခု အာကျယ်နေတယ်ဟယ်၊ အဲဒီတုန်းက လက်ကိုလည်း [illegible]အကိုင်ခံရတယ်၊ အကိုက်လည်းခံရတယ်၊ ဘာလို့ ဗန်တိုဗန်ရှည်တွေ [illegible]ဆုတ်မသုံးဘဲ ငြိမ်ခံလိုက်လဲ"

"ပွတ္တူပြီး ရှက်သွားတာကိုး၊ သူ အဲလို လျှပ်တစ်ပြက် လုပ်လိုက်[illegible]ယ် မထင်ဘူးလေ၊ သူ့လက်ကြီးနဲ့ ဖမ်းကိုင်ပြီး ပါးစပ်ကြီးနဲ့ ကိုက်တာ [illegible]စရာကြီး"

"ခုမှဖြစ်မနေနဲ့၊ အဲဒီနေရာမှာငါသာဆို"

"ဘာလုပ်မှာလဲ"

"ဖက်နမ်းလိုက်မှာပေါ့လို့"

"မအီးပုံ"

"အေး နင်အဲလိုခေါ်လို့ကတော့ သာဂေလေးရဲ့ ဘက်တော် [illegible]သားလုပ်လိုက်မှာနော်၊ သူလေးက ငါ့ကို နုနုဖတ်ဖတ် ချောချောလေး၊ [illegible]ဆယ့်ရှစ်နှစ်သမီးလို့ ထင်ရတယ်တဲ့၊ သဘာဝအလှလို့ တင်စားတာ၊ [illegible]ကို ဒီလိုမျိုးစိတ်မျိုးကိုယ်နေအောင် တင်စားတဲ့သူဆိုလို့ သူတစ်ယောက်ပဲ [illegible]တယ်"

"သွားသေလိုက်"

"သူ့ရင်ခွင်ထဲကိုလား၊ ဆယ်ခါပြန်တောင် သေလိုက်ချင်သေး"



www.burmeseclassic.com

"နှာဘူးမကြီး"

ပျစ်ပျစ်နှစ်နှစ်ပြောကာ ဘုန်းမယ်ဘွဲ့ နှုတ်ခမ်းရှုသည်။ ဒီတင်

တော့ မအိပ့် မသိချင်ယောင်ဆောင်ကာ ချော့ဖို့မစဉ်းစားချေ။ သာ

ကို တမင်တကာ နှိမ့်ချအထင်သေးနေသည်ဟု ထင်လို့ပါ။

"မယ်"

"ဘာလဲ"

"ငါနှင့်ကို ချော့မှာမဟုတ်ဘူးနော်၊ မေးစရာရှိလို့၊ ဟို နှ

သာကေကို ဘာလို့ မုန်းနေတာလဲ"

"အစကတည်းက စကားပြောမှ အဆင်မပြေတာ၊ ဘုကလ

တာ"

"စကားပြော အဆင်မပြေတာထက် နင့်လို နာမည်ရနေ

မင်းသမီးကို မသိဘူး မမြင်ဘူးပြောပြီး အထင်ကြီးလေးစားရမှန်း မသိ

ဆတ်ဆတ်ခါနေတာ မဟုတ်လား"

"ဘာ"

"ကိုယ့်ကိုသိတဲ့ ပရိသတ်ဆိုရင် ဘယ်လောက်ဆင်းရဲဆင်

နင်အဲလို ဆက်ဆံမှာမဟုတ်ဘူး မဟုတ်လား။ နင်ကဟယ် အဲလို တ

တောင်မဝယ်နိုင် မကြည့်နိုင်တဲ့တဝကို ဘာလို့ နှိမ့်ချချင်ရတာလဲ၊ တက

ဆို သနားစရာတောင်ကောင်းသေး"

"တော်စမ်းပါ အဲဒါကြောင့် မဟုတ်ပါဘူး၊ မင်းသမီးမှန်း အ

သိသွားတော့ရော လေးစားရမှန်းအထင်ကြီးရမှန်း သိလို့လား။ ယောက်





တန့်မဲ့ မိန်းကလေးတစ်ယောက်ကိုများ ဘယ်လိုပါ ဘယ်ညာပါနဲ့ အပုပ်ချလိုက်သေးတယ်"

"ဟဲ့"

"မပြောနဲ့ မသိတဲ့လူကို သိအောင်လုပ်ဖို့ စဉ်းစားထားတယ်"

"နင် နင်က ဘာလုပ်မလို့လဲ"

"သိချင်ရင် လိုက်ခဲ့"

"ဟဲ့ ဘယ်လဲ"

ဘုန်းမယ်ဘွဲ့ ဘာမှမပြော၊ အိတ်ကောက်လွယ်ကာ ရှေ့ကထွက်၍ ကားပေါ်တက်နေပြီမို့ မအိပ့် ကသောကမျော ကားပေါ်ပြေးတက်ရသည်။

စိတ်အလိုအတိုင်း ကားကိုမောင်းလိုက်တာလည်း လှစ်လှစ်ပြေးလို့။ ဦးတည်ရာက မနန်းတို့ မော်ဒယ်သင်တန်းလေးဆီ။

\ မိန်းကလေးတွေကို သရုပ်ပြနေတော့လည်း အေးအေးဆေးဆေး ဆူဆူပူပူလုပ်ဖို့ စဉ်းစားထားတာက ခဏနားချိန် နားနေခန်းထဲမှာ ကော်ဖီသောက်ပြီး အပန်းဖြေဖို့လုပ်မှ။

"ဟယ် သာကေလေး ကော်ဖီခွက်ယူပြီး ဝင်လာပြီတော့၊ စပို့ရှပ်အဖြူလေးနဲ့ ချောလိုက်တာ၊ ကိုးရီးယားမင်းသားလေး ကျနေတာပဲ"

နောက်လှည့်ပြီး မအိပ့် ပြောလိုက်စဉ်မှာ ဘုန်းမယ်ဘွဲ့ ခေါင်းလေး ချာခနဲ ဖြစ်သွားသည်။ သာကေ သေသေချာချာ စားပွဲဝိုင်းတွေရှိရာ လျှောက်လာတာမြင်မှ မသိမသာ ဘက်ပြန်လှည့်လိုက်ပြီး

www.burmeseclassic.com



"ဟာ"

"ခွမ်း"

"ဟယ် သာကေလေး"

အော်သံတွေက တစ်ဆက်တည်း။

ဘုန်းမယ်တွဲက ဘာကို ကန်းကောက်လိုက်မှန်း မသိတဲ့ အမှတ်တမဲ့ ရှောင်လိုက်ရတာမို့ လူက ဗိုင်းခနဲ၊ ဖန်ခွက်က ခွမ်းခနဲ။

ဖြစ်ချင်တော့ သမံတလင်းကို ထောက်မိလိုက်သော လက်က ပျစ်ခနဲဖြစ်ကာ နာကျင်အောင့်တက်သွားသည်။

"အား"

လက်ကိုခါရင်း နာနာကျင်ကျင် ညည်းညူမိ၏။ အဆစ်လွဲသွားတာလား၊ ထုံးသွားတာလား မသိနိုင်။

"သာ သာကေလေး ဘာဖြစ်သွားတာလဲ ဟင် အ အရမ်းနာသွားလား"

မအိပ့် ပျာပျာသလဲ လာမေးရှာ၏။ ဘုန်းမယ်တွဲကတော့ နေရာက မရွေ့ဘဲ မထီတရီ မဲ့ပြုံးများဖြင့်။ သာကေ ခုန်ထကာ အံကြိတ်လိုက်သည်။

"မင်း မင်းလုပ်တာ မဟုတ်လား"

"ဘာလဲ လူကိုလာမမဲ့နဲ့ ကိုယ့်ဘာသာ ဘီးကျလို့ ကန်းကောက်တာ"

"အဲဒါ ငါလျှောက်လာမှ လုပ်ရသလား။ ဒီမှာ ဘောင်းဘီရှေ့အကျီရော ကော်ဖီတွေပေကုန်ပြီ၊ လက်လည်း တော်တော်နာသွားပြီ"

"အဲဒါ ဘာလုပ်ရမှာလဲ၊ ကိုယ့်ဘာသာ ဘီးကျလို့ကောက်တယ်၊ ရှင့်ဘာသာ လဲတယ်၊ အဲဒါ မယ်နဲ့ဘာမှ မဆိုင်ဘူး"

"မင်း တာဝန်မဲ့စကားမပြောနဲ့၊ မင်း တမင်လုပ်တယ်ဆိုတာ အသိသာကြီး၊ မင်းက္ခာ မိန်းကလေးဖြစ်နေလို့ တောက် အား"

စိတ်လိုက်မာန်ပါ ထိုးဖို့ကြိတ်ဖို့ ဖြစ်သွားသော်လည်း သာကေ လက်ပင်မမြှောက်နိုင်။ နာကျင်စွာ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားတော့ မအိပ့် ပြူးပြူးပျာပျာ ဖြစ်သွားသည်။

"သာ သာကေ အရမ်းနာနေလားဟင်"

"အား ကျွတ်ကျွတ် နာတယ်ဗျ၊ အရမ်းနာတယ်"

"လက် လက်ကျိုးသွားလား မသိဘူး။ ဘယ်လိုလုပ်မလဲဟင်၊ ဆေးခန်းသွားမလား"

"ရ ရပါတယ်၊ ကျွန်တော်ဘာမှလည်း လုပ်လို့ရမှာမဟုတ်တော့ဘူး။ ပြန်တာပဲကောင်းမယ် ထင်တယ်"

"ဟယ် ဒီလိုပုံစံနဲ့ တစ်ယောက်တည်းပြန်လို့ ဖြစ်မလား၊ ဟဲ့ မယ် နင့်မှာတာဝန်ရှိတယ်၊ နင် ဆေးခန်းဖြစ်ဖြစ် လိုက်ပို့လိုက်"

"အောင်မယ် ဘာလို့ပို့ရမှာလဲ သူ့ဘာသာဖြစ်တာ၊ မယ်နဲ့ဘာဆိုင်လို့လဲ"

"နင်ဘာလုပ်လိုက်တယ်ဆိုတာ ငါမြင်တယ်နော်၊ နင့်ကြောင့် ဒီလို ဖြစ်သွားတာ နင်အကြင်နာတရား မမဲ့နဲ့"







www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမယ်တွဲ့ ငိုင်တွေတွေလေး ဖြစ်သွားသည်။ ရှုံ့မဲ့ညည်းညူနေသော သာကေပုံစံက တမင်ကလိမ်ကကျစ် လုပ်နေတာတော့ မဖြစ်နိုင်။ သူမလည်း ဒီလောက်ဖြစ်ဖို့အထိတော့ မရည်ရွယ်ခဲ့ပါ။ ဟန်ချက်မထိန်းနိုင်ဘဲ ကော်ဖီခွက်မှောက်၊ ပစ်လဲရုံလောက်။ ဒါမှမဟုတ် သင်တန်းသားတွေရှေ့မှာ အရှက်တကွဲအကျိုးနည်း။

"မယ်"

"ဟင်"

"ပြောနေတာ မကြားဘူးလား၊ နင့်ကားနဲ့ ဆေးခန်းဖြစ်ဖြစ်လိုက်ပို့ရအောင်လို့"

"မအိပ်ပုံ နေပါစေ၊ ကျွန်တော်ဘာသာပဲ သွားလိုက်ပါတော့မယ်လက်က ဘယ်လိုမှ မရတော့ဘူး၊ ထောက်မိတဲ့အရှိန်နဲ့ အကြောလွဲသွားတာ ထင်တယ်၊ တော်တော်နာဂနပြီ"

"ကဲ အဲလောက်ဖြစ်နေတာ မအိပ်ပုံ တက္ကစီငှားပေးလိုက်ပါ့မယ်လာလာ သာကေ"

မအိပ်ပုံက သာကေ အင်္ကျီကလေးကို ဆွဲခေါ်သွားသည်။ မျက်နှာကြီး ရှုံ့မဲ့ကာလိုက်သွားသော သာကေ ကျောပြင်ကိုကြည့်၍ ဘုန်းမယ်တွဲ့ရင်ထဲဘယ်လိုကြီး ဖြစ်သွားမှန်း မသိ။

"နေဦး ကားနဲ့လိုက်ပို့မယ်"

ခြေလှမ်းတို့က မြန်ဆန်လျက် သာကေတို့ရှေ့က ပိတ်ရပ်လိုက်မိလျက် ဖြစ်သွားသည်။ သာကေ က ဒဏ်ရာရသွားသောလက်ကို





ကျန်လက်တစ်ဖက်နှင့် ဖိဆုပ်ကိုင်ထားရင်း ရှောင်ကွင်းသွားဖို့ပြင်၏။

"ဘာဖြစ်တာလဲ ဒီက လိုက်ပို့ပါမယ်ဆို"

"မလိုပါဘူး၊ ငါ့ဘာသာသွားလည်း ဖြစ်တယ်"

"ကဲ မအိပ်ပုံ ရှင့်လူ အကြောတင်းနေတာတွေ့လား၊ ဒီက လိုက်ပို့မယ်ဆိုတာကို သူက လက်မခံတာ"

"လာပါ သာကေရယ်၊ နောက်မှ စိတ်ဆိုးချင်လည်းဆိုး၊ အခုဒီပုံစံနဲ့ ဘယ်လိုလုပ် အိမ်ပြန်လို့ ဖြစ်မှာလဲ၊ လာပါ သာကေရယ်နော်"

မအိပ်ပုံက ဘုန်းမယ်တွဲ့ကားပေါ် ဖွတ်ဆွဲရှန်းတင်သည်။

ဘုန်းမယ်တွဲ့က သူ့ကားပေါ်ရောက်သွားမှ ကားပေါ်တက်ကာကားစက်နှိုး၍ မောင်းထွက်၏။

တစ်လမ်းလုံး ကားပေါ်မှာ ငြိမ်သက်လိုက်လာသော သာကေကို ကားနောက်ကြည့်မှန်ကနေကြည့်၍ စိတ်မကောင်းပေ။

မအိပ်ပုံက သာကေကို အရိပ်တကြည့်ကြည့် ဂရုစိုက်လာခဲ့သည်။ ဆေးခန်းရောက်တော့လည်း အနားကမခွာ။

ဒဏ်ရာရသွားသော လက်ကို ဆရာဝန်က သေချာစစ်ဆေးကြည့်ပြီး

"ဓါတ်မှန်ရိုက်ရမယ်၊ အဖြေက မနက်ဖြန်မှ သေချာသိရမယ်၊ ဆရာကတော့ အကြောလွဲတာလို့ ထင်တယ်၊ နာကျင်တာ သက်သာအောင် သောက်ဆေးပေးလိုက်မယ်၊ ဆေးလိမ်းပြီး ပတ်တီးလည်း စီးပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ့မယ်၊ ဒီလက်ကို အရမ်းကြီးမလှုပ်ရှားနဲ့ဦး။ အရမ်းယောင်လာမှာ စိုးလို့ပါ''

''ဟုတ်ကဲ့ပါ၊ အရိုးအက်သွားတာ ကျိုးသွားတာတော့ မဖြစ်လောက်ပါဘူးနော်''

အခုမှ ထိတ်လန့်ကာ ဘုန်းမယ်ဘွဲ့ ပျာပျာသလဲ ဝင်မေးမေး ဆရာဝန်ကြီးက ခေါင်းယမ်းပြီး

''အဲလိုတော့ မဖြစ်ပါဘူး။ ဒါပေမဲ့ ဒီလောက်ဖြစ်သွားတာလည်း ဂရုတော့ စိုက်ရပါမယ်''

''စိုက်ပါ့မယ် ဆရာ၊ စိုက်ပါမယ်''

ဆေးခန်းက အပြန်မှာတော့ ဘုန်းမယ်ဘွဲ့ မျက်နှာလေး ညှိုးငယ်နေသည်။ ကားပေါ်အရောက်မှာတော့ နောက်ခန်းကိုလှည့်၍

''မယ် တောင်းပန်ပါတယ် သာခေ၊ မယ် အဲလောက်ကြီးဖြစ်သွားဖို့ မရည်ရွယ်ပါဘူး ဟို မခံချင်စိတ်နဲ့''

''ရပါတယ်၊ ကိုယ်ပြောမိ ဆိုမိတာတွေကလည်း လွန်ခဲ့တာပဲ''

''မဟုတ်ပါဘူး မယ်ကလည်း ကောင်းမှမကောင်းခဲ့တာ၊ စကားကို စကားနဲ့ပဲ အနိုင်ယူပြောသင့်တာ''

''ကျွန်တော်က မယ့်လက်ကို နာကျင်အောင် လုပ်ခဲ့မိသေးတာပဲ၊ အဲဒီတုန်းကတောင် မယ့်ကို ဒီလိုမျိုး မတောင်းပန်မိခဲ့ဘူး၊ မယ်ကမှ ကျွန်တော့်ကို ဆေးခန်းလိုက်ပို့သေးတယ်''

''ဒါက မယ့်အပြစ်က ပိုကြီးတာကိုး''





''ကျွန်တော်လည်း မှားပါတယ်''

''ကဲပါ တော်ကြပါတော့၊ အခုကျတော့လည်း အရင်က ဘာမှ မဟုတ်ခဲ့သလိုနဲ့ တစ်ယောက်နဲ့တစ်ယောက် တောင်းပန်နေတာ မပြီးတော့ဘူး။ သာခေကို အိမ်ပြန်လိုက်ပို့ဦးမှာ မဟုတ်လား။ အဲဒီကိုမောင်း''

မအိပုံ့ စကားဝင်ဖြတ်လိုက်မှ ရှက်ကိုးရှက်ကန်း ဖြစ်ကာစကားပြတ်သွားကြသည်။ ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက် ပြေလည်သွားတာကြည့်ပြီး မအိပုံ့က ပြုံးပျော်ကျေနပ်လို့ပါ။

ဒီလိုမျိုး ဒဏ်ရာရလိုက်မှပဲ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟင် ကောင်လေး ဒဏ်ရာရလာတယ်၊ ဘာလို့ ဦးနိုင်တို့ကို ဖုန်းဆက်မခေါ်လိုက်တာလဲ၊ အခုမှ ဒေါ်ကြီးမြ ဖုန်းဆက်ပြောလို့ ပြန်လာရတယ်၊ ဘယ်လိုဖြစ်တာလဲ ကောင်လေး၊ ဒီဒဏ်ရာက"

"ကျွန်တော် ရှိုးလျှောက်တာ သင်နေရင်းနဲ့ ဟန်ချက်ပျက်ပြီး လဲသွားတာပါ။ လက်နဲ့ထောက်မိတော့ လက်ကနည်းနည်း နာသွားတာ"

"အခု ပတ်တီးစီးထားတာ ဆေးခန်းသွားခဲ့လို့လား၊ ဆေးခန်းကို ဘယ်သူလိုက်ပို့တာလဲ သော်ကလား"

"ဟင့်အင်း အဲ ကိုသော်က မအားလို့ တခြားတစ်ယောက်လိုက်ပို့တာပါ"

"တောက် ဒီကောင်တွေ သေချာအပ်ထားတာတောင်ကို ဂရုမစိုက်ဘူး၊ နေဦး ဖုန်းဆက်ပြီး ကောလိုက်ဦးမယ်"





"ဟာ ဦးနိုင် မဆက်ပါနဲ့ ကျွန်တော့်ကို ဂရုစိုက်ပါတယ် ဦးနိုင်ရဲ့"

မျှာမျှာသလဲထဲ၍ တားလိုက်ရသည်။ တကယ်ဆို ကိုယ်ဒီလိုဖြစ်တာ သော်ကတောင် သိလိုက်တာမဟုတ်။

သော်ကက ယောင်ဝါးဝါး ပြေလိုက်မှ ဘုန်းမယ်တွဲနဲ့ ပတ်သက်တာ တစ်မျိုးတမည် ထင်သွားဦးမည်။

"ဦးနိုင် ဟို အရမ်းစိုးရိမ်ပြီး လန့်သွားမှာပဲ၊ ကျွန်တော် သံပရာရည်ဖျော်တိုက်ရမလား ဟင်"

"မသောက်ပါဘူး ကောင်လေး မင်းဘာသာ သက်သာအောင်နေစမ်းပါ၊ လက်က ကျိုးသွားတာလား၊ အက်သွားတာလား"

"အဲလောက် မဟုတ်ပါဘူး၊ အကြောလွဲသွားတဲ့ သဘောလောက်ပါ၊ ဟို ခါတ်မှန်လည်း ရိုက်ခဲ့တယ်၊ သောက်ဆေး စားဆေး အကုန်ပေးလိုက်ပါတယ်"

"ဒါဆို နောက်ရက်သင်တန်းသွားလို့ မဖြစ်သေးဘူး၊ နားလိုက်ဦး"

"ရပါတယ် ဦးနိုင်ရဲ၊ ခြေထောက်နဲ့ လျှောက်ရတာပဲ"

"ရှိုးလျှောက်တယ်ဆိုတာ လက်ရော ကိုယ်နေဟန်ထားရော၊ ဟန်ချက်ညီနေမှ၊ မော်ဒယ်ဘွိုင်းတစ်ယောက်ရဲ့ အရည်အချင်း ပြည့်ဝတာပေါ့၊ နောက်မှ သော်ကဆီ ဦးနိုင် ခွင့်ပြောလိုက်မယ်"

"အဲဒါဆို ကျွန်တော့်ဘာသာ ဖုန်းဆက်လိုက်ပါ့မယ်၊ သင်ပြတဲ့ဆရာသမားကို လေးစားရာကျတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း အဲဒါဆိုလည်း အဲလိုပဲလုပ်လိုက်လေ၊ ဒါနဲ့ဆေးတွေဘာတွေသောက်ဖို့ ထမင်းရော စားပြီးပြီလား"

"မစားရသေးဘူး၊ ဦးနိုင်ကို စောင့်နေတာ၊ ကျွန်တော် တစ်ယောက်တည်း ဘယ်လိုလုပ်စားဝင်မှာလဲ"

"ဩော် အဲလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ ကောင်လေးရယ်၊ ကောင်လေးက ဒဏ်ရာရထားတာ၊ ဆေးသောက်ရမှာကို အစာစားမှ ဖြစ်မှာပေါ့ ဒေါ်ကြီးမြတို့ကလည်း ခက်ပါတယ်၊ ဒေါ်မြရေ ထမင်းပွဲပြင်ထားပါ"

ဦးနိုင်က စိုးရိမ်တကြီး ပုံစံဖြစ်နေကာ ဒေါ်မြကို လှမ်းအော်သည်။ ပြီးမှ သာခကကို လူမမာတစ်ယောက်လို တွဲထူကာ

"ဖြစ်ရဲ့လား ကောင်လေး၊ ဦးနိုင်တွဲမယ်"

"ဖြစ်ပါတယ် ဦးနိုင်ရဲ့ ဒဏ်ရာက ခြေထောက်မှာရတာမှ မဟုတ်တာ၊ လက်ကဖြစ်တာ ကျွန်တော် လမ်းလျှောက်နိုင်ပါတယ်"

"အေးပါ နောက်တစ်ခါ ထပ်လဲမှာစိုးလို့ ဦးနိုင် တွဲထားမယ် ဟို ကောင်လေး ထမင်းစားချင်စိတ် မရှိရင်၊ ကျော်သက်ကို ဟိုတယ်က တစ်ခုခု ဝယ်ခိုင်းလိုက်မယ်လေ"

"ထမင်းပဲစားမယ် ဦးနိုင်၊ ဟိုတယ်စာတွေ မစားချင်ဘူး"

"အင်း အင်း အဲဒါဆိုပြီးရော ကျော်သက်ရော ဒေါ်ကြီးမြကို ကူလုပ်ပေးလိုက်ဦးလေ၊ ဒီမှာ ကောင်လေး ထမင်းစားတော့မယ်"

"ဟုတ် ဟုတ်ကဲ့"

ပျာပျာသလဲ ရေးကြီးသုတ်ပျာ ဖြစ်နေသော ဦးနိုင် အပြုအမူ





များကြောင့် ကျော်သက် ကြားမဝင်နိုင်အောင် ဖြစ်နေရင်း ပိုရန်ကောဟု စိတ်ထဲကကြိတ်ပြီး ကျိန်ဆဲနေမိသည်။

ဒီလောက်ဖြစ်စရာ ဒဏ်ရာရတာလည်း မဟုတ်ပါဘဲ။

"ကောင်လေး ထိုင် လက်ကဒဏ်ရာနဲ့ဆိုတော့ လက်နဲ့ဘယ်လိုလုပ် ထမင်းစားနိုင်မှာလဲ၊ ဦးနိုင် သေချာနယ်ဖတ်ပြီး ခွံကျွေးမယ်နော်"

"ဟာ ကျွန်တော်ဘယ်ဘက်လက်နဲ့ စားတတ်ပါတယ်၊ ဦးနိုင်ဘာသာစားပါ"

"ဘယ်ဟုတ်မလဲ ဘယ်လက်နဲ့စားရင် ကောင်လေး ထမင်းကောင်းကောင်းဝင်မှာ မဟုတ်ဘူး၊ ဦးနိုင်က ဘယ်အချိန်ဘယ်လိုစားစားရတယ်၊ ကျော်သက် ဟင်းခွက်တွေ ဒီဘက်တိုးစမ်း"

"ဗျာ ဟုတ်ကဲ့"

ဦးနိုင် အကဲပိုလွန်းတာတော့ ပြောချယူရလောက်ပေသည်။

မိန်းမတစ်ယောက်လိုပင်၊ သေချာနယ်ဖတ်၍ သာခကကို စိတ်ရှည်ရှည်ဖြင့် ခွံ့ကျွေးနေသည်။

ဒေါ်ကြီးမြရော ကျော်သက်ရော၊ ဦးနိုင် မမြင်အောင် ကြိတ်၍ရယ်နေမိကြသည်။ သာခက ရှက်ကိုးရှက်ကန်း မျက်နှာကြီး နီးမြန်းလို့၊

"ကောင်လေး ရေသောက်ဦးမလား"

"ဟုတ်ကဲ့"

ဂရုစိုက် ကြင်နာလိုက်တာမှ သည်းသည်းကို လှုပ်လို့။ ရေတိုက်တာတောင် တယုတယ။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီးသွားပြန်တော့ သစ်သီးလေးတွေကို ခက်ရင်းလေးဖြင့် ထိုးဆိတ်ကာ ကျွေးပြန်၏။

"ကောင်လေး ညအိပ်ရာဝင် ရေချိုးမယ်ဆိုပြောနော်၊ ဦးနိုင်ချိုးပေးမယ်၊ လက်ကိုထပ်ထိမှာစိုးလို့"

"ရ ရပါတယ် ဦးနိုင်၊ လက်ကိုမြှောက်ထားပြီး ကျော်သက်တို့ပဲ ချိုးနိုင်းလိုက်မယ်။ ဦးနိုင်လည်း ပင်ပန်းလာတာ နားလိုက်ပါ"

"ကျော်သက်ဆိုတဲ့ကောင်က ဘယ်နေရာမှ သေချာတာ မဟုတ်ဘူး၊ ကိုယ့်ညီလေး ဒီလိုဖြစ်နေတဲ့အချိန်မှာ ဦးနိုင် ဂရုစိုက်ရမှာပေါ့၊ ကျော်သက် ညအိပ်ရာဝင်ရင် ကောင်လေးလက်ကို မထိမိစေနဲ့ဦးနော်၊ မဖြစ်သေးပါဘူး၊ ခုတင်တစ်လုံးစီ ခွဲအိပ်ခိုင်းမှပါ၊ ကျော်သက် စိန်နှင့်မွေ့ရာဆိုင်ကို ဖုန်းဆက်စမ်း ခုတင်နဲ့မွေ့ရာ ခုချက်ချင်းလာပို့ပါလို့၊ မင်းက ဦးနိုင်နဲ့ကပ်ရက်အခန်းကို နည်းနည်းရှင်းထားလိုက်၊ ကြားလားကျော်သက် သေချာလုပ်"

"ဟုတ် ဟုတ်ကဲ့"

ဦးနိုင် ပျာယာခတ်နေတာ မနိုင်ပေ။ ဘယ်သူပြောတာမှလည်း မခံဘဲ လုပ်ချင်တာတွေ ဖွတ်လုပ်နေသည်။

ကျော်သက်လည်း ဦးနိုင် ခိုင်းတာတွေကို ငြင်းလို့မရ။

ညနေခန်းထဲမှာ သာဓကကို ဦးနိုင် တီဗီဖွင့်ပြနေချိန်မှာ ကျော်သက်က ခုတင်တွေ မွေ့ရာတွေကို ဖုန်းဆက်လှမ်းမှာပြီး အခန်းရှင်းနေရသည်။





နာရီဝက်သာသာမှာ ခုတင်နှင့် မွေ့ရာရောက်လာတော့ အလုပ်သမားတွေနဲ့ရောပြီး အခန်းလှအောင် ပြင်ဆင်ရပြန်၏။

ဦးနိုင် လာကြည့်ပြီး စိတ်တိုင်းကျသွားမှ ကျော်သက် သက်ပြင်းချနိုင်သည်။

"ခန်းဆီးက အဝါရောင်လေး၊ ကောင်လေး ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်၊ အရမ်းလှတယ်၊ ဒါပေမဲ့ ဒီအခန်းထဲမှာ ကျွန်တော်တစ်ယောက်တည်းရယ်၊ အောက်ထပ်အခန်းမှာက ကျော်သက်နဲ့ အဖော်ရတယ်"

"ဪ ဒီအပေါ်ထပ်မှာ ဦးနိုင်ရှိတာပဲ၊ ကောင်လေး မအိပ်ချင်သေးတဲ့အခါ ဦးနိုင်နဲ့ စကားပြောပြော၊ တီဗီကြည့်ကြည့် ရတာပဲကွ၊ ကျော်သက်က ကသောကမျော အိပ်တတ်လို့ ကောင်လေးလက်ကို ထိသွားမှာစိုးလို့ပါ"

သာဓကနှင့် ကျော်သက် မျက်နှံပင့်သွားကြပေမယ့် ဘယ်သူမှလည်း စောဒက မတက်ရဲကြ။ ဦးနိုင်ရဲ့ စေတနာကို ပြက်ရယ်မပြုဝံ့လို့ပါ။ အလုပ်ရှင် သူဌေးတစ်ယောက်မို့ ဒီလောက် ဂရုစိုက်လွန်းတာပဲ ကိုယ်က အားနာနေရတာ။

ကိုယ့်ဘက်ကပဲ ရှောင်ပြန်ဟပ်နိုင်အောင် ကြိုးစားရတော့မှာပဲ ဟုတ်လား ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ကောင်လေး ကောင်လေး"

"ဗျာ ဦးနိုင်"

အခန်းတံခါးခေါက်ကာ ဝင်လာပြီမို့ ရေချိုးပြီး အဝတ်အစား လဲချိန်ပင် မရလိုက်။ ခေါင်းကဆံပင်တွေကို သဘက်နှင့်သုတ်နေစဉ် ဦးနိုင်က ဆွဲယူကာ

"အိပ်ရာထ ရေချိုးလိုက်တာလား ကောင်လေး။ ဦးနိုင်က ပြောတာမဟုတ်ဘူး။ လက်တစ်ဖက်တည်း အားပြုရတော့ ပင်ပန်းတာ ပေါ့၊ ပေးပေး ဦးနိုင် သုတ်ပေးမယ်"

"နေပါ ဦးနိုင်ရ၊ ကျွန်တော် ဖြစ်ပါတယ်"

"အားနာစရာ မဟုတ်တာ၊ အားနာမနေနဲ့ တစ်အိမ်တည်းအတူ နေပြီး မင်းဒီလိုဖြစ်နေတာကို မနက်စောတည်းက မင်းဆေးသောက်ရ





အဆင့်ပြေအောင်လို့ ဒေါ်မြကို အစားအသောက်တွေ လုပ်ခိုင်းနေတာ၊ ကောင်လေး မနိုးလောက်သေးဘူး မှတ်လို့"

"ညက ဆေးသောက်ထားလို့လား မသိဘူး၊ ကျွန်တော် အိပ်ရာထ နည်းနည်းနောက်ကျသွားတယ်၊ ခေါင်းထဲ ငြိုးစိစိဖြစ်ပြီး မလန်းတာနဲ့ ရေချိုးလိုက်တာ"

"အဲဒါ ကောင်းတာပေါ့၊ ကဲ အဝတ်အစားလဲရအောင်"

ဦးနိုင်က သူကိုယ်တိုင် ဝယ်ထည့်ပေးထားသော ဗီရိုကြီးထဲမှ အဝတ်အစားတစ်စုံ ထုတ်၍ လက်ကို အနာတရမဖြစ်အောင် သေချာ လဲပေးသည်။

ကိုယ့်မှာ ယောက်ျားချင်း ဂရုစိုက်ယုယခံနေရတာ ပူပူထူထူနှင့် ဘယ်လိုကြီးမှန်းမသိပါ။ ဆံပင်ဖြီးပေး ရေမွှေးဆွတ်ပေး။ အစစ အသေး စိတ်လုပ်ကိုင်ပေးနေတာမို့ အားတုံ့အားနာ မနေတတ် မထိုင်တတ်လည်း ဖြစ်နေမိသည်။

"အင်း အခုမှ စတိုင်ကျ သန့်ပြန့်သွားတော့တယ်၊ ကောင်လေး က ပြောလို့ပြောတာမဟုတ်ဘူး၊ ကြည့်ကောင်းတယ်၊ ဆွဲဆောင်မှု ရှိတယ်၊ မင်းသားဖြစ်ရင်တော့ အရမ်းကို အောင်မြင်မှာပဲ"

လူမမာမဟုတ်ပါဘဲ ဖေးမတွဲခေါ်လာသော ဦးနိုင်ကို သူ့ဘာမှ ပြန်မပြောဖြစ်။ ထမင်းစားခန်းထဲရောက်တော့ ဦးနိုင်ကိုယ်တိုင် အစား အသောက်တွေ ပြင်ဆင်ကျွေး၍ ဆေးလည်းတိုက်သည်၊ ကျော်သက်က မျက်ခုံးတပင့်ပင့် မျက်စတပစ်ပစ်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးနိုင် ဒီနေ့စက်ရုံကိစ္စရော ညှိခံပွဲတစ်ခုရော သွားရမယ့်နေ့၊ နောက်ကျနေမှာစိုးလို့ သတိပေးတာ"

"အေးပါ ကောင်လေးကို ဆေးတိုက်ပြီးတာနဲ့ သွားတာပေါ့ ဒြော် ကောင်လေး ဒီနေ့သင်တန်း မသွားနဲ့တော့နော် သော်ကာဆီရော ဖုန်းဆက်ပြီးပြီလား"

"ဟုတ်ကဲ့ ဒီနေ့ မလာနိုင်တဲ့အကြောင်း ပြောပြီးပါပြီ"

"အေး အိမ်မှာနေလို့ ပျင်းရင် တီဗီကြည့်နေ၊ ဂိမ်းဆော့နေပေါ့၊ ဦးနိုင်တို့လည်း ကိစ္စပြီးတာနဲ့ တန်းခနဲပြန်လာခဲ့ပါမယ်၊ ဒေါ်ကြီးဆီကို စားချင်တာ ချက်ခိုင်းနော်"

BURMESE CLASSIC

"ဟုတ်ကဲ့"

"ကျော်သက် ခဏစောင့်ဦး၊ ဦးနိုင် ရေမချိုးရသေးဘူး။ ဒြော် ဒီနေ့ အဝတ်အစားလာယူဖို့ ချိန်းထားတဲ့သူရှိသေးလား"

"မရှိဘူး ဦးနိုင်၊ ဘုန်းမယ်ဘွဲ့ အကျီတွေက အင်္ဂါနေ့မှရမယ်လို့ ပြောထားလိုက်တယ်၊ စက်ရုံက မန္တလေးနီက နေမကောင်းလို့ ခွင့်ယူထားတာနဲ့ စီးကွင်းမထိုးရသေးဘူး ဆိုလားပဲ"

"အေးအေးပြီးရော၊ ရက်ခွာချိန်းတာ အဆင်ပြေသွားတာပေါ့ ကောင်လေးကို ဘာလုပ်ပေးရဦးမလဲ မေးဦး၊ ဦးနိုင် ရေချိုးနေတုန်း လုပ်စရာရှိတာ လုပ်ပေးလိုက်"

ဦးနိုင်က အပေါ်ပြန်တက်သွားသည်အထိ နောက်ဆံတင်းနေဆဲပင်။





"သာခေ"

"ဘာလဲ"

"မင်းကို ငါ မနာလို ဖြစ်လာပြီ"

"ဘာ"

"ဟုတ်တယ် ဟောကောင်၊ ငါ့နောက်မှရောက်လာတဲ့ မင်းက ငါ့ထက်ဦးစားပေး ခံနေရတယ်၊ သူ့သွေးအရင်းတောင် ဦးနိုင်အဲလိုမျိုး ပြုစုယုယခဲ့ရဲ့လား မသိဘူး။ မင်းဘာတွေ အချွဲကောင်းလို့လဲ၊ ဟိုက မိန်းမတစ်ယောက်လိုကို ပြုစုလုပ်ကိုင်ပေးပြီး စိုးရိမ်နေတာ"

"မင်းကလည်း ဘာမိန်းမကြီးလဲ၊ ဒီလောက်နှုတ်ခမ်းမွေးနဲ့ ကျားကျားလျားလျားကြီးကို"

"ဘယ်ပြောနိုင်မလဲ ဂိုပုန်းကြီး ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဒီလောကထဲမှာ အဲလိုလူမျိုးတွေမှ ပုံလို့"

"ကျော်သက် မင်း ကိုယ့်ကျေးဇူးရှင်ကို အဲလိုပြစ်မှား စော်ကားတာမျိုး မလုပ်ပါနဲ့၊ ညီအစ်ကိုမောင်နှမ မရှိလို့ သံယောဇဉ် အနှောင်အဖွဲ့ တော်နေတာလည်း ဖြစ်နိုင်တာပဲ၊ ပြီးတော့ ငါတစ်ယောက်တည်းအပေါ်ပဲ ကောင်းတာမဟုတ်ဘူးလေ၊ မင်းကိုလည်း စက်အဖွဲ့ထဲမှာ သူများနှိမ့်ချတာ ဆိုပြီး မျက်နှာငယ်ရလို့ သူ့ဆီမှာ လခကောင်းကောင်းနဲ့ အလုပ်ပေးခဲ့တာပဲ မဟုတ်လား"

"အင်း အဲဒါတော့ ဟုတ်ပါတယ်"

ထိုသို့ပြောလိုက်တော့ ကျော်သက် တွေဝေစွာ ခေါင်းညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့အပေါ်မှ ဆိုးဆိုးဝါးဝါး ဆက်ဆံတာ မတွေ့ဘူးတာမို့ ဦးနိုင်စိတ်သဘောထား နူးညံ့တာ လက်ခံလို့ရပါသည်။

"ဒါပေမဲ့ မင်းအပေါ် ဆက်ဆံတာတော့ နည်းနည်း အိုဗာဖြစ်နေသလိုပဲကွ၊ အင်း ဒါကလည်း မင်းကို မင်းသားတင်ပေးမှာဆိုတော့၊ သူ့အတွက် အမြတ်အစွန်းကျန်မှာမို့ ဖားနေတာလား မသိဘူးနော်"

"ဖားနေတာမျိုးတော့ ဟုတ်မလားကွာ၊ အောင်မြင်ဖြစ်ထွန်းစေချင်လို့ စေတနာနဲ့ ပြုစုပျိုးထောင်ပေးတာပဲ ဖြစ်မှာပါ"

"မင်းလည်း ဦးနိုင်ဆို အကောင်းပဲမြင်နေတယ်"

"သူက အဆိုးတွေလုပ်နေတာမှ မဟုတ်ဘဲ၊ ဒီလောက် ကိုယ့်အပေါ် ကောင်းနေတာကို ဘယ်နေရာ အဆိုးသွားမြင်ရမှာလဲ"

ကျော်သက် ခေါင်းတညိတ်ညိတ် အသံတိတ်သွားသည်။ ထိုအချိန်မှာ အပေါ်ထပ်ကနေ ဦးနိုင် အတက်ချိုကျော့စ်ဆွဲ၍ ဆင်းလာသည်။

"ဦးနိုင် ပေးပေး ကျွန်တော်ကားနားအထိ လိုက်ပို့မယ်"

သာဂေ အပြေးသွားကာ ပြောမိတော့ ဦးနိုင်က သူ့ပခုံးလေးကို လှမ်းဖက်ကာ

"လက်မှာ ပတ်တီးစီးထားရတဲ့သူက အိတ်ကိုဆွဲစရာလား ကျော်သက် လာယူ၊ မင်းကတော့ ကောင်လေးလိုကို အလိုက်ကန်းဆိုး မသိဘူး"

"ဟုတ် ဟုတ်ကဲ့ မှားပါတယ်"





ကျော်သက် မထိုးတတ်ထိုးတတ်ဖြင့် နှစ်ယောက်လုံးကို မျက်စောင်းထိုး၍ အိတ်ဆွဲယူကာ ကားပေါ်အရင်တက်၏။ ဦးနိုင်က သာဂေကို ကားနားအထိ ပခုံးဖက်ကာ ခေါ်လာသည်။

"ကောင်လေး တစ်ယောက်တည်း ပျင်းနေတော့မှာပဲ၊ ဦးနိုင်စောစောပြန်လာခဲ့မယ်သိလား။ ကောင်လေး ဘာစားချင်လဲ မှာလိုက်လေ"

"ရပါတယ် ဦးနိုင်ရဲ့၊ ကျွန်တော်စားချင်တာရှိရင် ဒေါ်ကြီးမြကို လုပ်ခိုင်းမှာပေါ့၊ ဦးနိုင် စိတ်ဖြောင့်ဖြောင့်သွားနော်"

"ဘယ်လိုလုပ်ဖြောင့်မှာလဲ၊ ဒီနေ့ အလုပ်လုပ်ရမှာ စိတ်ပါမှာမဟုတ်ဘူး၊ ကောင်လေးကို တစ်ယောက်တည်း ထားခဲ့ရလို့ မသွားလို့လည်း မဖြစ်တော့ သွားရဦးမယ်၊ ကဲ သွားပြီနော် ကောင်လေး"

"ဟား"

သာဂေ ပါးလေးကို ဖွဖွလေး လိမ်ဆွဲ၍ ဦးနိုင် ကားပေါ်တက်သွားတော့ သာဂေ ကိုယ့်ပါးကိုယ် ယောင်ယမ်းကာ ပွတ်မိ၍ တစ်ကိုယ်လုံး ရှိန်းဖိန်း ကျန်ရစ်ခဲ့သည်။

ကိုယ်က အစ်ကိုကြီးတစ်ယောက်လိုပဲ ခင်တွယ်မိတာ။

ဘာက ဘယ်လိုကြီးမှန်းလည်း မသိဘဲ။

ဦးနိုင်က ကျော်သက်ပြောသလို၊ ဟင့်အင့် ခေါင်းကို သွက်သွက်ခါအောင် စုံယမ်းမိလျက် . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟဲ့ ဘာလို့ ခေါင်းတယမ်းယမ်း ဖြစ်နေတာလဲ၊ ရှာဝင်မှာလည်း နိုင်ယာလော့ခ်တွေမှားတယ်၊ အခု မနန်း အိမ်ရောက်တော့လည်း သင်တန်းမပေးဘဲ ထိုင်ပြီး ငိုင်တိုင်တိုင်နဲ့"

"သာဓက သင်တန်းတောင် လာမတက်တော့ မသက်သာဘူးလားလို့ တွေးနေတာ"

"ဖြစ်ရမယ်၊ နှိပ်စက်တုန်းက နှိပ်စက်ထားပြီးတော့"

"အဲလောက်ကြီးဖြစ်ဖို့ မရည်ရွယ်ပါဘူးဆို၊ မတော်တဆ"

"မတော်တဆကလည်း သေလောက်တယ်၊ နောက်တစ်ခါဆို အမှတ်တမဲ့ ဖြစ်သွားတာပါလို့ပြောပြီး ဓားနဲ့သာ ထိုးလိုက်"

မအိပ့် ရွဲ့ပြောနေမှန်း သိနဲ့သားနဲ့ ဘုန်းမယ်ဘွဲ့ စိတ်ဆိုးဖို့





မေ့လျော့နေသည်။ တကယ်ရင်ထဲ မကောင်းလွန်းလို့ပါ။

ကိုယ့်အိုက်နဲ့ကိုယ့်လို တိရစ္ဆာန်လေးတစ်ကောင်တောင် အနာအရဖြစ်အောင် မလုပ်ဘူးပေ။ ဘယ်သူ့ကိုမဆို ကြင်နာသနားတတ်ပြီး ကူညီစောင့်ရှောက်မှုတွေပဲ ပေးချင်ခဲ့တာ။

"မယ်"

"ပြော် ကိုသော်က"

သော်က အနားကပ်ခေါ်လိုက်မှာ ရီဝေမှေးစင်းနေသော မျက်ဝန်းများက ဖျတ်ခနဲ ပြူးကျယ်သွားသည်။ မအိပ့်က အလိုက်တသိ တစ်ဖက်တိုးရွှေ့ပေး၏။

"ကိုယ် ထိုင်မယ်နော်"

"ဟုတ်ကဲ့"

"မနက်ပိုင်းမလာလို့ မယ် မအားဘူးထင်နေတာ"

"ကြော်ငြာနှစ်ခု ရိုက်စရာရှိလို့ သွားရိုက်နေတာ၊ အခုရောက်လာတော့လည်း ပင်ပန်းလို့ ဘာမှမလုပ်နိုင်ဘူး"

"နားလိုက်လေ မယ်ရဲ့၊ သူတို့တွေလည်း နားလည်သဘောပေါက်နေပါပြီ၊ ကိုယ်တောင် ယောက်ျားလေးအုပ်စုကို ဒီအတိုင်း လွှတ်ထားတာများတယ်၊ ပွဲရှိမှ နည်းနည်းအားစိုက်လိုက်ရုံပဲ၊ အခုလာတက်တဲ့ လူငယ်တွေက အလေ့အကျင့်လုပ်ပြီးမှ ရောက်လာကြတော့ သူတို့တောင် သမ္မာရင့်နေသလိုပဲ"

"သာဓကရောလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဦးနိုင်က တော်တော် သင်ပေးထားတယ် ထင်တယ် လမ်းလျှောက်တဲ့ ဟန်ကိုယ်က စမတ်ကျတယ်၊ ဝတ်စုံအပြည့်နဲ့သာဆို ဆွဲဆောင်မှုပိုရှိမယ်၊ အေဂျင်စီတွေနဲ့ ဝင်တိုးတာက ဒီလောကနဲ့ ပိုရင်းနှီးလွယ်လို့သာ သင်တန်းတက်နေကြတာ၊ ပါရမီရှိတဲ့သူတွေက မြေတောင်မြှောက်မယ့်သူ၊ ကောက်စားမယ့်သူ အဆင်သင့်တွေချည်းပဲ"

"မြှောက်စား ကောက်စား အဲဒါဘာကို ပြောတာလဲ"

နားမလည်စွာ ပြန်မေးမိတော့ သော်က ရယ်သည်။ မအိပ့်ကလည်း စိတ်ဝင်စားစွာ နားစွင့်၏။ သောက်က သရော်ချင်သလို အပြုံးဖြင့်

"သာခကေဆိုတဲ့ကောင်ကို သိတယ် မဟုတ်လား၊ ဦးနိုင်က မြေတောင်မြှောက်ပေးနေတာလေ"

"အင်း"

"ဒီကောင်လုံးဝ သောက်ရှက်မရှိဘူး၊ မိန်းကလေးတွေက စီးပွားရေး အဆင်မပြေလို့ လှချင်ပချင် ချမ်းသာချင်လို့ ယောကျ်ားတွေဆီမှာ စပွန်ဆာရှာတယ်၊ ထားတယ်ဆိုတာ ကြားလို့ကောင်းပါသေးတယ်၊ အခုဒီကောင်က ယောကျ်ားချင်း စပွန်ဆာထားတာ ရွံ့ဖို့ကောင်းတယ်"

"ဘာ ယောကျ်ားချင်း စပွန်ဆာ၊ အဲဒါဘာလဲ"

"ဪ ဦးနိုင်ကိုအိပြီး ဒီလမ်းကြောင်းပေါ်ရောက်အောင် ကြိုးစားနေတာကို ပြောတာ၊ ဟိုက အဝတ်အစားဝယ်ပေး၊ ဖုန်းဝယ်ပေး





နောက်ဆိုကားပါ ဝယ်ပေးမှာတဲ့၊ မိသားစုကိုလည်း ထောက်ပံ့ပေးရတယ် ပြောတယ်၊ ပြောရရင် ယောကျ်ားပိုင်းလုံးပေါ့"

"ဟယ် အဲလိုကြီးလား"

"နေစမ်းပါ"

အထိတ်တလန့် သံယောင်လိုက်သော မအိပ့်ကို ဘုန်းမယ်တွဲ ဖျတ်ခနဲရိုက်၍ တိတ်တိတ်နေခိုင်းလိုက်သည်။ သော်က ဘာသဘောနှင့် အတင်းတုတ်နေလည်း မသိပါ။ ကိုယ်က စိတ်ဝင်တစား မေးမိလို့ မနာလိုကာ အပုပ်ချနေခြင်းလား။

"ဦးနိုင်က မင်းသားဖြစ်အောင် တင်ပေးပြီး အကျိုးအမြတ်ရချင်လို့ ရင်းနှီးမြှုပ်နှံနေတာ ဖြစ်မှာပါ၊ သာခကေက အဲလိုလုပ်စားမယ့် ပုံမျိုး မဟုတ်ပါဘူး"

"မယ်က သာခကေအကြောင်း ဘယ်လောက်သိလို့လဲ၊ အရင် မင်းသားနှစ်ယောက်တုန်းကလည်း အဲလိုပဲ"

"ဟင်"

"ဦးနိုင်ဆီက ချူမြိုက်စားပြီး စင်ပေါ်လည်းရောက်ရော ဦးနိုင်ကို ကန်ချခဲ့တာ"

"ဦးနိုင်က လူကြီးလူကောင်းပါ၊ ဒီလိုအလုပ်ခံရအောင် ဂျိုပုန်းကြီးမှ မဟုတ်တာ၊ တည်တည်တံ့တံ့ ခံ့ခံ့ညားညားနဲ့ ဒီလောကက လူတွေအားလုံးလေးစားကြတာပဲ"

"လူတစ်ယောက်ရဲ့ အတွင်းစိတ်ကို ဘယ်သူက ခန့်မှန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ"

"ဦးနိုင်နဲ့ ကင်းအောင်လည်းနေနိုင်ကြတာ မဟုတ်ဘဲနဲ့၊ ဦးနိုင်ကို အဲလို အတင်းတုတ် အပုပ်ချတာတော့ မကောင်းပါဘူး၊ ကိုသော်ကရယ်၊ ဦးနိုင်ရဲ့ အဝတ်အစားဒီဇိုင်းတွေနဲ့ ရှင်တို့ မော်ဒယ်အေဂျင်စီနာမည်ရ အောင်မြင်လာတာပါ"

"ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ စီးပွားဘက်လို့ သုံးနှုန်းတာပိုကောင်းပါတယ်၊ ကိုယ်တို့ဆီက မော်ဒယ်တွေကြောင့်လည်း၊ သူ့ဒီဇိုင်းတွေ နာမည်ရအောင်မြင်တာပါ၊ သူ့ပွဲတွေမှာ ကိုယ်တို့ကို ခေါ်သုံးခဲ့သလို ကိုယ်တို့ပွဲအတွက်လည်း သူ့ဆီကို အပ်ခဲ့တာပဲ"

"အဲဒါကြောင့်မို့ ပြောချင်သလို ပြောမယ်ဆိုတဲ့ သဘောလား"

"မယ်က ဦးနိုင်ကို ထိလို့မခံနိုင်တာလား၊ သာဓကကိုပြောလို့ ကိုယ့်ကို အတိုက်အခံ လုပ်နေတာလား"

"ဘာ"

ဘုန်းမယ်ဘွဲ့ ဆတ်ခနဲပင် ထရပ်လိုက်မိသည်။ သော်ကကလှတကာကို ပုတ်ခတ်ထိခိုက် ပြောတတ်သည့် အကျင့်ရှိသူပါလား။

"မအိပ်ပွဲ ပြန်ရအောင်"

"ဟာ မယ် တကယ် ပြန်မလို့လား၊ ကိုယ်ပြောတဲ့ အထဲမှာ ဘာစိတ်ဆိုးစရာ ပါသွားလို့လဲ မယ်"

"မယ် ဘာစကားမှ ပြောချင်စိတ်မရှိတော့လို့ပါ"

"ဒီအတိုင်းတော့ မပြန်ပါနဲ့ ကော်ဖီလေးဖြစ်ဖြစ် သောက်သွား





ပါဦး၊ မနန်းလည်း ဒီနေ့ပြန်ရောက်မယ်ပြောတာ စောင့်သွားဦးလေ"

"နောက်နေ့မှ မနန်းနဲ့ တွေ့လိုက်ပါ့မယ်၊ ဒီနေ့တော့ မယ် နားချင်လို့ မအိပ်ပွဲ လာပါဆို"

မအိပ်ပွဲ လက်ကိုဆွဲကာ သော်ကရှေ့ကနေ ဖြတ်ထွက်လာခဲ့သည်။ ကားပေါ်ရောက်တော့ ငူးခနဲပင် မောင်းထွက်လာခဲ့၏။

"မယ် ဘယ်သွားမှာလဲ"

အိမ်ပြန်မည့် လမ်းကြောင်းမဟုတ်တာမို့ ဘုန်းမယ်ဘွဲ့မျက်နှာကို လှမ်းကြည့်၍ မအိပ်ပွဲ မေးခွန်းထုတ်၏။ ဘုန်းမယ်ဘွဲ့က မင်သေသေပင် ကားမောင်းနေကာ

"ဦးနိုင်တို့အိမ်"

"ဟဲ့ အကို့တွေက မရသေးဘူးလို့ ဖုန်းဆက်ထားတယ်လေ"

"သာဓကကို သတင်းသွားမေးမလို့ပါ"

"ဩော်"

မအိပ်ပွဲ မျက်ခုံးတစ်ချက်သာ ပင့်သွားပြီး ဘာမှမပြောတော့။ ဦးနိုင်တို့အိမ်ရှေ့ရောက်လို့ ကားဟွန်းတီးလိုက်ချိန်မှာ ခြံတံခါးလာဖွင့်သူက သာဓက ကိုယ်တိုင်ဖြစ်နေသည်။

ဘုန်းမယ်ဘွဲ့ မျက်နှာလေး ပြုံးယောင်သမ်းသွားပြီး ကားလေးကို ဖြည်းဖြည်းချင်း လိုမ့်ဝင်ခဲ့၏။

"ဦးနိုင်တို့ ပြန်မရောက်ကြသေးဘူး မယ်"

"သာဓကဆီ လာတာပါ၊ လူနာသတင်းလာမေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"အာ ကျွန်တော်က လူမမာမှ မဟုတ်တာ၊ ဒီလက်ကလေး ထိတာပဲ၊ သင်တန်းတက်မယ်ဆိုရင်တောင် တက်လို့ရပါတယ်၊ ဦးနိုင်က နားလိုက်ပါဆိုလို့"

"ဦးနိုင်က အကဲပိုတာပေါ့"

"အဲလိုလည်း မဟုတ်ပါဘူး၊ ဒဏ်ဖြစ်သွားမှာစိုးလို့ပါ၊ ဩော် မယ်တို့ အိမ်ထဲဝင်ကြလေ၊ တစ်ခုခုသောက်ပါဦး၊ အပူလား အအေးလား"

"အင်း လိမ္မော်ရည်အေးအေးလေး သောက်ရရင်တော့ ကောင်းမယ်"

"ရင်တွေပူနေတာ ပူနေတာ"

မအိပ်ပွဲက တိုးတိုးပြောပေမယ့် လက်ကုတ်၍ တိတ်တိတ်နေရန် သတိပေးရသည်။ ဒေါ်ကြီးမြ အအေးယူလာတော့လည်း မအိပ်ပွဲ အရင် သောက်တော့တာ။

"ဒေါ်ကြီးမြ နေကောင်းတယ်နော်"

"အေး သမီးလေး နေကောင်းပါတယ်ကွယ်၊ သမီးလေးက အရင်ကထက် ပိုလှလာတယ်နော်"

"ဟုတ်လား ကျေးဇူးပဲ ဒေါ်ကြီးမြ၊ နောက်တစ်ခါ လာရင် မုန့်ဝယ်လာခဲ့မယ်"

"မုန့်စားချင်လို့ မဟုတ်ပါဘူးကွယ်၊ တကယ်ပြောတာပါ၊ အရင် အခေါက်တွေလာတာနဲ့ကို မတူဘူး"

"ဦးနိုင် အိုင်ဒီယာနဲ့ ထုတ်တဲ့ အဝတ်အစားတွေ ဝတ်လို့ဖြစ်





မှာ"

"ဟုတ်မယ် ဟုတ်မယ် မောင်နိုင်က အဲဒီဘက်မှာတော့ အရမ်း တော်တာ"

"ဒေါ်ကြီးမြကတော့ သူ့သူဌေးကို မြှောက်ပင့်ပြောနေပြီ"

"မြှောက်ပြောစရာလား၊ ဦးနိုင်က တကယ်တော်တာပါ"

သာခေကက မခံနိုင်စွာ ကြားဝင်ပြောတော့ မအိပ်ပွဲ မျက်ခုံးပင့် ပြ၏။ ဘုန်းမယ်ဘွဲ့က လိမ္မော်ရည်လေးကို နှစ်ငုံခန့် ကောက်မော့ပြီးမှ ပြန်ချကာ

"သာခေကလည်း သူ့ဆရာထိရင် မခံဘူးနော်"

"မခံဘူး ခံတယ်ရယ်လို့ မဟုတ်ပါဘူး၊ ဦးနိုင် တကယ်တော် လို့ပဲ ဒီလောကထဲမှာ အောင်မြင်နေတာ မယ်လည်း သိသားပဲ"

"အဟင်း သိပါတယ် သာခေကရယ်၊ မယ်က အလကား စနေ တာပါ၊ ဩော် သာခေကလက်က သက်သာရဲ့လား၊ ဆေးခန်းထပ်သွားရဦး မယ်လေ"

"သက်သာပါတယ်၊ တော်တော်လေး သက်သာနေပါပြီ"

"အဲဒါဆိုလည်း ပတ်တီးတော့ သွားဖြည်ဦးမှပေါ့"

"ကျိုးသွားတာမှ မဟုတ်တာ မယ်ရဲ့၊ ကိုယ့်ဘာသာ ဖြေပြီး ဆေးထပ်လိမ်းလိုက်ရင် လုံးဝ ကောင်းသွားမှာပါ"

"ဟုတ်ပါပြီ အခု မယ် ဖြေပေးမယ်၊ ဆေးလည်း လိမ်းပေးခဲ့ မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ရပါတယ် မယ်ရဲ့၊ ပြီးမှ"

"ကဲပါ မယ် လုပ်ပေးပါ့မယ်ဆိုမှ၊ အရမ်း ပဲများတာပဲတော့"

"ပဲများတာ မဟုတ်ပါဘူး"

"ကဲ ပဲများတာ မဟုတ်ရင် စကားများတာပဲ၊ လျှာရှည်တဲ့နေရာမှာ မအိပ့်နဲ့ သွားတူတယ်"

"ဟောတော် ကျုပ်က ဘယ်ချောင်ကနေ ကြားညှပ်ဝင်ပါရတာ လဲ၊ ဒီမှာ ဒီက မကြားချင်ယောင် မသိချင်ယောင် မမြင်ချင်ဟန်ဆောင် ပြီး လိမ္မော်ရည်အေးအေးလေး သောက်နေတာနော် ကြည့်လုပ်"

မျက်စောင်းထိုး မဲ့ရွဲ့ပြောနေသော မအိပ့်ကို လှည့်ပြီး ဂရုမစိုက်နိုင်ပေ။ သာခေ လက်က ပတ်တီးကိုဖြည်ပြီး သေချာပွတ်သပ်၍ ဆေးလိမ်းပေးနေလိုက်သည်။

"နာသေးလားဟင်၊ သေချာ ကွေးချည်ဆန့်ချည် လုပ်ကြည့်ဦး"

သာခေ မျက်ခုံးများက သူမ မျက်နှာလေးထက် စူးရှုနစ်နှင့်အုပ်မိုးစိုက်ကြည့်နေတာမို့ မနေတတ် မထိုင်တတ် ဖြစ်ကာ စကားလမ်းကြောင်း လွှဲလိုက်ရသည်။ ထိုအခါမှ သာခေ သူ့လက်သူ ကွေးချည်ဆန့်ချည် လုပ်ကြည့်ပြီး

"အင်း အကွေးအဆန့် နည်းနည်းလေး မျက်တက်တက် ဖြစ်တာကလွဲရင် တော်တော် သက်သာသွားပြီ၊ ကျေးဇူးတင်ပါတယ် မယ်"





"ကျေးဇူးတင်စရာမလိုပါဘူး။ မယ့်ကြောင့် ဒီလိုဖြစ်သွားတာကို မယ်က အားနာနေတာပါ၊ အဲဒီနေ့ညက စိတ်မကောင်းလို့ လုံးဝတောင် အိပ်လို့မရဘူး"

"ကျွန်တော်လည်း အိပ်လို့မရဘူး"

"ဟင် ဘာလို့ အိပ်မရတာလဲ၊ အရမ်းနာလို့လားဟင်"

"မဟုတ်ဘူး မယ်နဲ့ပြေလည်သွားတော့ ရန်မဖြစ်ရတော့ဘူးလေ၊ မယ်နဲ့ ရန်ဖြစ်နေရတုန်းက အရမ်းပျော်စရာကောင်းတယ်"

"အံ့မယ် အဲဒါကြောင့် မယ်ကို ရန်စနေတာပေါ့လေ"

"အင်း"

သာခေ ခေါင်းညိတ်ပြနေဆဲမှာ စားပွဲပေါ်က သာခေ ဖုန်းလေးက ဟီးလုံးသံ ငြိမ့်ငြိမ့်ညောင်းညောင်းလေး ထွက်ပေါ်လာသည်။

"ဦးနိုင် ဖုန်းဆက်တာ ထင်တယ်"

"ကိုင်တောင် မကိုင်ရသေးဘူး၊ ဘယ်လိုလုပ် သိလဲ"

"သူဆက်တာဆိုရင် တန်းခနဲ သိအောင်လို့ အဲဒီ ဟီးလုံးလေး သွင်းထားတာ၊ တခြားသူတွေဆက်ရင် အဲဒီအသံမဟုတ်ဘူး"

သာခေက ဘာသိဘာသာ ပင်ပြောလျက် ဖုန်းကိုင်လိုက်သည်။

"ဟယ်လို ဦးနိုင်"

"..."

"ဗျာ ဟုတ်ကဲ့ ဆေးခန်း မသွားတော့ဘူး၊ ကိုယ့်ဘာသာ ဖြည်ပြီး ဆေးလိမ်းလိုက်တယ်၊ သက်သာပါတယ်၊ ဘာမှမဖြစ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"..."

"နေကောင်းတယ် မပျင်းပါဘူး။ အစားလည်းစားတယ်၊ [illegible] လည်းသောက်တယ်"

"..."

"အင်း ဟုတ်ကဲ့ ဒေါ်ကြီးမြကဂရုစိုက်ပါတယ်၊ ဂိမ်းဆော[illegible] တယ်၊ ဦးနိုင် ဝယ်ပေးတဲ့ အခွေလည်းကြည့်တယ်"

"..."

"အခုလား ဘာမှမလုပ်ဘူး။ ဧည့်ခန်းထဲမှာ ဦးနိုင်တို့ ပြန်အလာ[illegible] ကို ထိုင်စောင့်နေတာ၊ ဟုတ်ကဲ့ ဟုတ်ကဲ့ ဦးနိုင် ဘိုင်ဘိုင်"

ဦးနိုင်နှင့် စကားပြောနေသော သာခေ အသံက ချိုမြိန်[illegible] လွန်းနေသည်ဟု ထင်မိသည်။ မကျေနပ်စရာကောင်းတာက သူမတို့[illegible] ထိုင်စကားပြောနေပါလျက် ဦးနိုင် ပြန်အလာကို စောင့်နေသည်ဟု ပြော[illegible] လိုက်ခြင်း။

"သာခေ"

"ဗျာ"

ဆောင့်ခနဲ ခေါ်လိုက်စဉ်မှာ ဖုန်းလေးကို စားပွဲပေါ်တင်ပြီ[illegible] သာခေ မျက်ခုံးလေး ပင့်ကာ ပြန်ထူး၏။

"ဘာလို့ ဦးနိုင်ကို ညာလိုက်တာလဲ၊ မယ်တို့နဲ့ စကားပြော[illegible] တာကို ဘာမှမလုပ်ဘူး။ ဦးနိုင်ကို စောင့်နေတာဆိုတော့ ပေါ်တင်ကြီ[illegible] မှသားသုံးလိုက်တာပဲ၊ သာခေကို အဲလိုလူလို့ ထင်မထားဘူး"





"အဲလို မဟုတ်ပါဘူး။ အလွယ်ပဲ ပြောလိုက်တာ၊ မယ်တို့ ရှိ[illegible]တယ်လို့ ပြောလိုက်ရင် အရေးကြီးကိစ္စ ရှိတယ်မှတ်ပြီး အမြန်ပြန်လာ[illegible]မှာစိုးလို့ ကျွန်တော်က မယ်တို့နဲ့ စကားတွေ အများကြီး ပြောချင်သေး[illegible]ယ်လေ"

"ဪ"

အလျှောက်ကောင်းတော့ အထောင်းသက်သာဆိုသလို သူမ[illegible]တ်မဆိုးရက်တော့။

သူမတို့ ရောက်နေတာ သိလျှင် သာခေ ပြောသလို အ[illegible]ကြောင်းကိစ္စ ရှိသည်ထင်ပြီး ဦးနိုင် အမြန်ပြန်လာမှာ အသေအချာပင်။

"သာခေက မယ်တို့နဲ့ ဘာလို့ စကားတွေအများကြီး ပြောချင်[illegible]တာလဲဟင်"

"ဪ ပျော်လို့ပါ။ စိတ်လည်း သက်တောင့်သက်သာ ပေါ့ပေါ့[illegible]ပါး ရှိတယ်"

"ဘာတွေ မွန်းကျပ်နေလို့လဲ၊ ဆန္ဒနဲ့ ဖြစ်နေတာတွေက တစ်[illegible]ခ်တည်း မကျဘူးလား"

"မေးခွန်းက နည်းနည်းကျယ်ပြန့်တယ်၊ ဟုတ်တယ်လို့ ဖြေချင်[illegible]မယ့် ဘယ်လိုအကြောင်းအရာကြောင့် မွန်းကျပ်နေတယ်ဆိုတာတော့ [illegible]ပြောတတ်ဘူးဗျ။ ဘာတွေနဲ့ လောင်ပိတ်ခံနေရမှန်းလည်း မသိဘူး"

မရေရာသော အဖြေဆိုပေမယ့် ဘုန်းမယ်ဘွဲ့ တစ်စုံတစ်ရာကို [illegible]ဘောပေါက်သလိုတော့ ရှိသွားသည်။ ဒါပေမဲ့ ရှုန်းထွက်ပါဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



နေကြတာ။

အခု ဖအေသေလို့ ရောက်လာတဲ့အထိတော့ ဘာမှဖြစ်သေး ဟန် မတူ။

"အရီးလေး"

"အေး မောင်ကျော်သက်၊ ညည်းသည့်ကို အိမ်ထဲခေါ်ခဲ့ကွယ်၊ သားကတော့ မရှိဘူး၊ မနက်ဖြန် ရက်လည်အတွက် ဘုန်းကြီးသွား ပင့်တယ်"

"ဟုတ်ကဲ့ လာ ဦးနိုင်၊ အဲဒါ သာခေ အမေ"

"ဟင်"

သင်ဖြူးဖျာပေါ် ဖင်ထိုင်အချမှာပင် သာခေ အမေဆိုသူကို ကြည့်ပြီး လွှမ်းမိုးနိုင် ထိတ်ခနဲ ရင်တုန်သွားခဲ့၏။ အသားတွေ မည်းညစ် အိုဇာသွားတာမှလွဲလျှင် ဟိုယခင်က

"ရေနွေးသောက်ကြပါဦး"

ရေနွေးပန်းကန်လေးချပြီး ဒေါ်မြမြဝေ ဝင်ထိုင်ပြီး သူ့ဧည့်သည်ဆိုသူ ကို အခုမှ သေချာကြည့်မိ၏။ မျက်ဝန်းတွေပင် ပြူးပျာသွားမတတ်။

"နင် နင် လွှမ်းမိုးနိုင်"

"မြမြဝေ နင် မြမြဝေနော်"

နှစ်ယောက်သား လက်ညှိုးကြီးတွေထိုးလျက် တအံ့တသြ ဖြစ်နေကြတာမြင်ပြီး ကျော်သက်ပင် ကြောင်စီစီ ဖြစ်နေရသည်။

"တောက် လွှမ်းမိုးနိုင် နင်"





ဒေါ်မြမြဝေ အသားတွေ ဆတ်ဆတ်တုန်လောက်အောင် ဒေါသ ဖြစ်သွားသလို လွှမ်းမိုးနိုင်က ခေါင်းကြီးငုံ့ကာ မျက်စိမျက်နှာပျက်နေ သည်။

"ငါ ငါတောင်းပန်ပါတယ်ဟာ မြမြဝေ နင်ဒီရွာမှာ လာနေ တာလား ငါနင့်ကို ရှာပါသေးတယ်"

"တော်စမ်းပါ လွှမ်းမိုးနိုင်ရယ်၊ နင်က ဘယ်အချိန်မှ ရှာတာလဲ ငါ အရှက်တကွဲ အကျိုးနည်းဖြစ်မယ့် အချိန်တွေတုန်းက နင်ဘယ်သွား သေနေလဲ၊ ဘယ်လင်နဲ့ သွားပျော်ပါးနေလဲ"

"မြမြဝေ"

"မိန်းမစိတ်ပေါက်နေတဲ့ အခြောက်ကြီး ဂျိုပုံကြီးလို့ စကြ နောက်ကြတော့ မခံမရပ်နိုင် ဒေါသဖြစ်နေလိုက်တာ၊ ငါယောကျ်ားပါ၊ ငါယောကျ်ားပါနဲ့ လက်သီးလက်မောင်းတန်းပြ၊ ဟင် ကိုယ့်အမှားကို တာဝန်ယူရမှာကျတော့ ကြောက်လို့ထွက်ပြေးတယ်၊ နင်လူရော ဟုတ်ရဲ့ လား၊ ဟုတ်ရဲ့လား လွှမ်းမိုးနိုင်ရဲ့"

"ပြောပါဟာ နင်ကြိုက်သလို ပြောပါ မြမြဝေရယ်၊ အဲဒီအချိန် တွေထဲက နင်ဘယ်လောက်ပြောဆို ရိုက်ပုတ် သတ်ပစ်ချင်နေမလဲဆိုတာ ငါသိပါတယ်၊ ငါလေ နင်ကိုယ်ဝန်ရသွားတယ်ဆိုတဲ့ သတင်းကြားတော့ အ အရမ်းကို လန့်သွားခဲ့တာ၊ အဲ အဲဒါကြောင့် နိုင်ငံခြားထွက်ပြေး သွားခဲ့တာ"

ကြားနေရတာတွေ နားထောင်ပြီး ဦးနိုင်နှင့် သာခေကအမေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း ရိုးသားမှု ပြယုဂ်ပေပဲ။ သူများတွေ ယူဆစွပ်စွဲသလို အထင်မှားစရာအကြောင်းတော့ မရှိပေ။

ဒါနဲ့ သူမ အခု ဘာတွေကို စိုးရိမ်နေတာလဲ။ ပူပန်သောကတွေ များနေမိတာလဲ။

ဦးနိုင် ဘာဖြစ်ဖြစ် သာခေက ဘာဖြစ်ဖြစ်။

ဒီအကြောင်းက ဒီလိုရှိခဲ့တယ်ဆိုရင်တောင် သူမနဲ့ ဘာဆိုင်လို့လဲ။ အမည်တပ်ဖို့ ခက်သော ဝေဒနာများက . . . ။

■ ■ ■



## အခန်း (၂၁)

ဘုန်းမယ်ဘွဲ့တို့ ပြန်သွားပြီး ခဏအကြာမှာပဲ လွှမ်းမိုးနိုင်နှင့် ကျော်သက်တို့ ပြန်ရောက်လာကြသည်။ ထိုအချိန်မှာ သာခေက ရေအိမ်ဝင်နေတာမို့ ဒေါ်ကြီးမြက ထွက်ကြိုဏ်။

ကျော်သက်က ဦးနိုင် အတက်ချိုကော့စ် ကူတွဲ၍ အခန်းထဲသွားထားပေးသည်။ ဦးနိုင် မျက်လုံးများက ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ကာ

"ကောင်လေးရော ဒေါ်ကြီးမြ"

"ခုနလေးကမှ ဘုန်းမယ်ဘွဲ့တို့ ပြန်တာကို ခြံပြင်လိုက်ပို့ပြီး အိမ်ထဲဝင်သွားတယ်"

"ဟင် ဘုန်းမယ်ဘွဲ့တို့ လာတယ်၊ ဘာကိစ္စလဲ၊ ကျွန်တော် ခုန်းဆက်တုန်းကတည်းက သူတို့ ရောက်နေတာလား"

www.burmeseclassic.com



"ဟုတ်မယ်ကွဲ၊ ဘုန်းမယ်ဘွဲ့တို့ ရောက်နေတာ နည်းနည်းတော့ ကြာသွားပြီ၊ သူတို့ စကားပြောနေကြတုန်း သာဓကေ ဖုန်းလာတာဆိုတော့ မောင်နိုင် ဆက်တာပဲ ဖြစ်မှာပေါ့"

"ကျွတ် ဘုန်းမယ်ဘွဲ့တို့ ရောက်နေတာကို ဘယ်သူမှ မရှိဘူး ဘာမှမလုပ်ဘူး၊ ဦးနိုင်တို့ ပြန်အလာကို စောင့်နေတာလို့ ဘာလို့ပြောရတာလဲ၊ နေပါဦး ဘုန်းမယ်ဘွဲ့ကရော ဘာအကြောင်းကိစ္စနဲ့ အိမ်ရောက်လာတာလဲ၊ ရှိခဲ့ရင်လည်း ကျွန်တော့်ဆီ ဖုန်းကြိုချိတ်ရမှာပေါ့ အခုက"

"သာဓကေလေးကို လူမမာသတင်း လာမေးတာထင်တယ် ဆေးလိမ်းပြီး ပတ်တီးတောင် စည်းပေးသွားသေးတယ်"

"ဘာ"

ဦးနိုင် မျက်နှာရဲခနဲ ဖြစ်သွားသည်။ သဘောရိုးနှင့် ပြောနေသော ဒေါ်ကြီးမြက ဒါကို သတိမထားမိ။

"ဟာ ဦးနိုင် ပြန်ရောက်နေပြီလား။ ရေအိမ်ဝင်နေတာနဲ့ သိတောင်မသိလိုက်ဘူး၊ ဦးနိုင် အိတ်ရော ကျွန်တော်ထားပေးမယ်လေ"

"ကျော်သက် ယူသွားပြီ"

သာဓကေ အူယားဖားယား မေးပေမယ့် စိတ်မကြည်ဖြစ်သွားသော ဦးနိုင်က မှုန်တည်တည်ပင်။ ဆိုဖာခုံပေါ် ထိုင်ချလိုက်တာလည်း ဖြုန်းခနဲ။

"ဦးနိုင် ပင်ပန်းလာတယ်ထင်တယ်၊ သံပရာရည်လေး သောက်မလား။ ကျွန်တော်ဖျော်လာခဲ့မယ်"





"နေနေ ဒေါ်ကြီးမြ သံပရာရည်တစ်ခွက် ဖျော်လာခဲ့ပါ"

ဒေါ်ကြီးမြ ခေါင်းညိတ်ပြီး ထွက်သွားချိန်မှာ ဦးနိုင် အနားသာဓကေ ဝင်ထိုင်လိုက်သည်။ ဦးနိုင် မျက်နှာမကြည်မသာ ဖြစ်နေတာမို့ ဘာအကြောင်းကိစ္စမှန်းမသိဘဲ သာဓကေ အနေကျို့နေမိသည်။

"မင်းလက်ကို ဆေးလိမ်းပြီး ပတ်တီးအသစ် ဘယ်သူ စီးပေးတာလဲ"

"ဗျာ"

"ဘုန်းမယ်ဘွဲ့တို့ လာသွားတာ ဘာကိစ္စတဲ့လဲ"

ဒေါ်ကြီးမြပြောပြလို့ ဦးနိုင်သိသွားပြီဆိုတာ သဘောပေါက်လိုက်သည်။ မရိုးမသား မဟုတ်မဟတ်မို့ လိမ်ညာကွယ်ဝှက်စရာ အကြောင်းတော့မရှိပါ။

"ကျွန်တော် ဒီလိုဖြစ်သွားတာကို စိတ်မကောင်းလို့ သတင်းလာမေးတာပါ"

"ဘာကြောင့် စိတ်မကောင်းဖြစ်ပြီး အိမ်အထိ လိုက်လာရတာတဲ့လဲ၊ ဟိုတစ်လောကပဲ မင်းနဲ့အဆင်မပြေ ဖြစ်နေကြသေးတာ မဟုတ်လား အခုက"

"သင်တန်းမှာတွေ့ပြီး အဆင်ပြေသွားတာပါ၊ ဒီလက်က ဒဏ်ရာက သူ့ကြောင့်မို့"

"ဘာ"

"အမှတ်တမဲ့ပါ၊ တမင်တကာလုပ်တာ မဟုတ်ပါဘူး၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သူက တောင်းပန်တယ်၊ ဆေးခန်းလိုက်ပို့တယ်၊ အခုသက်သာလား သတင်းလာမေးတယ်၊ ဒီလောက်ပါပဲ"

ဦးနိုင် အလိုမကျမှုများဖြင့် မျက်ခုံးနှစ်ခု တွန့်ချိုးကုပ်ကျသွား၏၊ ဒေါ်ကြီးမြ လာချပေးထားသော သံပရာရည်တွေကို တစ်ကျိုက်တည်း မော့သောက်ပြီး ဖန်ခွက်ပေါ် ဆောင့်ခနဲ ပြန်ချ၍

"အစကပြောတုန်းက မင်းလမ်းလျှောက်ကျင့်ရင်း ချော်လဲခဲ့တာဆို၊ မုသားသုံးပြီး လိမ်တတ်လှည့်တတ်တဲ့သူကို ဦးနိုင် အမုန်းဆုံးပဲ၊ မဟုတ်တာလုပ်တဲ့ သူတွေပဲ ဆင်ခြေပေးတတ်ကြတာ"

"ဟို အဲလိုမဟုတ်ပါဘူး၊ ဦးနိုင် အရမ်းစိတ်ပူပြီး ကျွန်တော့်အတွက် ဘုန်းမယ်ဘွဲ့နဲ့ ပဋိပက္ခဖြစ်မှာ စိုးလို့ပါ၊ အမှန်အတိုင်း ဝန်ခံရရင် ဘုန်းမယ်ဘွဲ့က ကျွန်တော့်ကို ရန်စရင်းနဲ့ အမှတ်တမဲ့ ဒီလိုဖြစ်သွားရတာပါ"

"မှားမှန်းသိလို့ တောင်းပန်ရင်းနဲ့ အဆင်ပြေသွားကြတာလား"

"ဟုတ် ဟုတ်ကဲ့"

"နောက်တော့ အရမ်းကြီး မပတ်သက်နဲ့"

"ဗျာ"

"ကိုယ့်တက်လမ်းမှာ အဟန့်အတားဖြစ်မှာစိုးလို့ သတိပေးတာ၊ သူက နာမည်ရနေပြီ၊ မော်ဒယ်ကနေ ဇာတ်ကားတွေ ရိုက်နေတာလည်း အောင်မြင်နေပြီ၊ ပေါက်နေပြီ ဆိုပါတော့၊ မင်းကနေရာ တစ်ခုရဖို့ အခုမှ ကြိုးစားနေတုန်းပဲ၊ ပရိသတ်လက်ခံသွား၊ လက်မခံလားဆိုတာ





တောင် စင်ပေါ်တက်မကြည့်ရသေးဘူး၊ ဦးနိုင်ပြောတာ သဘောပေါက်လား"

"ဟုတ်ကဲ့"

သဘောမပေါက်ပေမယ့် ခေါင်းညိတ်နာခံရုံမှလွဲ၍ မတတ်နိုင်။ တကယ်ဆို ကိုယ်အောင်မြင်ဖို့က နာမည်ရ အောင်မြင်နေတဲ့ သူတွေနှင့် တွဲတက်ရမှာ မဟုတ်ဘူးလား။

"သဘောပေါက်တယ်ဆိုရင် ဆင်ခြင်ပါ၊ မင်းကို သုံးပွဲလောက် လျှောက်နိုင်းပြီး ကြော်ငြာအရင်စရိုက်မယ်၊ ဗီစီဒီရိုက်ဖို့လည်း အဆိုတော်တစ်ယောက်ကို အကူအညီ တောင်းထားတယ်၊ အဲဒါတွေပြီးရင် ဇာတ်ကားရိုက်ဖို့ ရုပ်ရှင်တိုက်တစ်တိုက်နဲ့ စကားပြောထားတယ်၊ ကုန်ကျစရိတ်တစ်ဝက်ခံမယ်၊ အဓိက နေရာက တင်ပေးပါဆိုပြီး ပြောထားတာ"

ခုလိုဆိုတော့လည်း သူ့အတွက် ကြိုတင်စီစဉ်ထားပါလားလို့ ဦးနိုင်ကို ကျေးဇူးတင်လေးစားရပြန်၏။ ဒါပေမဲ့လည်း ဘုန်းမယ်ဘွဲ့နှင့် ရင်းနှီးပတ်သက်သွားမှာ ခါးခါးသီးသီး စိုးရိမ်နေတာ နားမလည်နိုင်။

ဦးနိုင် ဆန္ဒအတိုင်း ကိုယ်က ဆင်ခြင်ပေးရတော့မှာလား။

"ဟူး"

သက်ပြင်းတွေ မသက်မသာဖြင့် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မနန်း ပြန်ရောက်ပြီး နှစ်ပတ်လောက်အကြာမှာ အလှကုန်ပစ္စည်း ပရိုမိုးရှင်းပွဲတစ်ခုအတွက် မော်ဒယ်လျှောက်ဖို့ အပြင်းအထန် လေ့ကျင့်ကြရသည်။ ဒီပွဲမှာ အောင်မြင်နေတာ မျက်နှာသစ်သရုပ်ဆောင် ဘုန်းမယ်ဘွဲ့က အဓိက။

"မော်ဒယ်တွိုင်းတွေ အားလုံးရဲ့လက်ကိုကိုင်ပြီး ကုန်ပစ္စည်းကို ကြော်ငြာရမှာ၊ သူတို့ငါးယောက်ရဲ့ ရင်ခွင်ထဲမှာ မှီမယ်၊ ပြီးရင် မယ့်ကို သူတို့မယ်သုံးတဲ့ အလှပြင်ပစ္စည်းကြောင့် အရှုံးအမှုး မခွဲနိုင် မခွာနိုင် တပ်မက်ပြီး ကြည့်ကြမယ်၊ အဲဒါကို သရုပ်ပြဖို့ မယ် သူတို့ကို နည်းနည်း လေ့ကျင့်ပေးလိုက်ပါ"

"တစ်ခုလောက် မယ့်အကြံဉာဏ် ပေးကြည့်ချင်တယ် မနန်း"

"အင်း ပြောလေ မယ်"

ဗျူး၀၁၆၀



"အဲလိုယောကျ်ား လေးငါးယောက်ဖြစ်နေတဲ့ အချိန်မှာ၊ တစ်ယောက်က ကုမ္ပဏီက စပွန်ဆာပေးထားတဲ့ ပစ္စည်းကို သုံးထားတယ်ဆိုပါတော့၊ အဲဒီတစ်ယောက်ကို မယ်က လက်ခံလိုက်တယ်ဆိုတာမျိုး ထည့်လိုက်ရင်ရော"

"အိုး ဂွတ် မယ့်အိုင်ဒီယာလေး ကောင်းတယ်၊ ဒါမှ ယောကျ်ားလေး အသုံးအဆောင်ပစ္စည်းပါ ကြော်ငြာပြီးသား ဖြစ်သွားတာပေါ့၊ ဒါနဲ့ အဲဒီငါးယောက်ထဲက မယ် ဘယ်သူ့ကို ရွေးမှာလဲ၊ ကုန်ပစ္စည်းပေါက်ဖို့ဆိုရင် ဆွဲဆောင်မှုရှိတဲ့သူမှ ဖြစ်မှာ"

"မယ်ကတော့ သာမကို သဘောကျတယ်"

"ဟင် သူက အသစ်တန်း တစ်ခါမှ အတွေ့အကြုံမရှိသေးဘူး မယ်၊ ကျန်တဲ့လေးယောက်က ဆယ်ပွဲလောက်တိုးပြီးသွားပြီ"

"သာမကကို သေချာ သင်ပေးရင်ရမှာပါ၊ သူ့မှာ ဟန်နဲ့မာန်နဲ့ စတိုင်လည်းရှိတယ်၊ စမတ်လည်းကျတယ်"

"အင်း မယ်ပြောသလိုတော့ ဟုတ်ပါတယ်၊ မယ် ကြိုးစားကြည့်ချင်လည်း ကြည့်လေ"

"အဲဒါတော့ ဘယ်လိုမှ မဖြစ်ဘူးထင်တယ်"

"ဟင် သော်က"

သော်က မျက်နှာမကြည်မသာနှင့် ဝင်လာပြီးပြောတော့ ဘုန်းမယ်ဘွဲ့နှင့် မနန်း အံ့အားသင့်သွားကြသည်။ သော်ကက ထိုင်ခုံမှာ ဆောင့်ခနဲ ဝင်ထိုင်ကာ

ဗျူး၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"သူက အသစ်၊ ဘာအတွေ့အကြုံမှ မရှိသေးဘူး၊ ဒါပေမဲ့ သင်ပေးရင် ဖြစ်တယ်ပဲထားပါ၊ ရှေ့မှာရှိနေတဲ့ လေးယောက်ထက် ဦးစား ပေးလို့ကောင်းမလား၊ စည်းကျော်ရာကျတယ် မနန်း၊ တစ်ခုခုလွဲရင် ကျွန်တော်တို့ အေဂျင်စီ နာမည်ပျက်ဦးမယ်"

"မဟုတ်ဘူးလေ မောင်လေးရဲ့၊ မယ်လုပ်ပေးမယ်ဆို အဆင်း ပြေစရာ အကြောင်းတော့မရှိဘူး၊ သာဓက အရည်အချင်းရှိတာလည်း မနန်း မြင်တယ်"

"အဲဒီလို ကျော်တာတော့ မဖြစ်သင့်ဘူး၊ ဟိုလေးယောက်က လည်း ဖြစ်ချင်လို့ ပိုက်ဆံပေးပြီး သင်တန်းတက်နေကြတာ"

"ကိုသော်က"

ဘုန်းမယ်ဘွဲ့ အသံခပ်ဆတ်ဆတ် ဖြစ်သွားပြီး မျက်ခုံးလေး ပါ အလိုမကျစွာ တွန့်ချိုးနေ၏။

"ကိုယ့် အေဂျင်စီမှာ လာတက်တဲ့ ဘယ်လိုတပည့်မျိုးဖြစ်ဖြစ် တိုးတက်အောင်မြင်မယ်ဆိုရင် ကိုသော်ကအနေနဲ့ ကြည်ဖြူလိုက်လေ ရမှာပဲ မဟုတ်လား၊ လုပ်ကြည့်ချင်တာကို ခွင့်ပြုရမှာ၊ ဆရာတစ်ယောက် ရဲ့ မုဒိတာပါ"

"အခုက သာဓကက တောင်းဆိုနေလို့လား မယ်၊ သူဘာ မသိတဲ့ကိစ္စကို မယ် ဖန်တီးနေတာ"

"မယ်က ပုဂ္ဂိုလ်ရေးအရ ခွဲထုတ်ချင်တာလို့ ကိုသော်က စွပ်စွဲ ချင်တာလား၊ ရတယ်လေ မယ့်ကိုအမြင်မကြည်ဘူးဆိုရင် မယ်မလုပ်ရုံပဲ"





"ဟို မယ် မယ်ရယ် အဲလိုမလုပ်ပါနဲ့ ကုမ္ပဏီက မယ်ကို ...ထားတာ၊ ကုမ္ပဏီနဲ့ရော မယ်နဲ့ရော မနန်းတို့ ပြဿနာ မဖြစ်ချင်ပါ' ...ူး မယ်ဆန္ဒရှိတဲ့သူနဲ့တွဲပါ၊ ကံကောင်းလို့ သာဓကကို ပရိသတ်လက်ခံ ...သွားတယ်ဆိုလည်း မနန်းတို့ အေဂျင်စီနာမည် ရတာပေါ့၊ သော်က ...င်းအလုပ် မင်းသွားလုပ်၊ ဩော် သာဓကကို မနန်းက ခေါ်နေတယ်လို့ ...ပြောလိုက်"

သော်က မကျေမချမ်း ခြေလှမ်းကျဲကျဲနှင့် ထွက်သွားသည်။ ...အကြာမှာ သာဓက ရောက်လာ၏။

"သာဓက ထိုင်"

မနန်း မေးငေါ့ပြသော ခုံမှာဝင်ထိုင်လိုက်တော့ ဘုန်းမယ်ဘွဲ့ ...နှင့် အနီးဆုံးမှာ ဖြစ်နေ၏။

"မယ်နဲ့တွဲပြီး လျှောက်ချင့်စရာရှိတယ်၊ နေ့လည် ဒါရိုက်တာတစ် ...ယောက်လာရင် သိပ်သင်နေစရာ မလိုအောင် မယ်နဲ့တိုင်ပင်ပြီး စည်းဝါး ...ိုက်ထားပါ"

"ဗျာ ဟို"

"ဟိုနေ့က ပြောထားတယ်လေ၊ အလှကုန်ပစ္စည်း ပရိုမိုးရှင်းပွဲ ...တွက် အားလုံး ပြင်ဆင်ထားရမယ်ဆိုတာ"

"ဟုတ်ကဲ့"

"ကုမ္ပဏီက ငှားထားတဲ့ မော်ဒယ်က ဘုန်းမယ်ဘွဲ့ပဲ၊ သူ့အ ...တွက် အဝတ်အစားတွေက ဦးနိုင် ချုပ်ပေးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဘာလုပ်ရမှာလဲ၊ မော်ဒယ်လျှောက်ပြီး ပစ္စည်း ကြော်ငြာပေးရုံပဲ မဟုတ်လား"

"သမားရိုးကျ ပစ္စည်းကိုင်ပြီး လျှောက်ရုံမဟုတ်ဘူး၊ အခု အများစိတ်ဝင်စားအောင် သရုပ်ပြမှုတွေနဲ့ရောပြီး တင်ဆက်မယ်၊ မင်း လုပ်နိုင်ရင် ရုပ်ရှင်တိုက်တွေ တခြားကြော်ငြာချင်တဲ့ လုပ်ငန်းရှင်တွေ ဒါရိုက်တာတွေပါ စိတ်ဝင်စားမှုရှိလာနိုင်တဲ့ ကိစ္စမျိုးပဲ"

"ဩော် ဟုတ်ကဲ့ ကျွန်တော်ကြိုးစားကြည့်ပါ့မယ်"

"ဒါဆို မယ် သူ့ကိုခေါ်သွား၊ မယ် အရည်အချင်းကို မနန်း ယုံပါတယ်၊ သော်က ပြောတွေလည်း စိတ်ထဲမထားပါနဲ့၊ မနန်းကတော့ ဘယ်သူ့ကိုမဆို ဖြစ်စေချင်တဲ့ စေတနာရှိတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် မနန်း၊ သာဂေ လာ"

ဘုန်းမယ်တွဲခေါ်တော့ သာဂေ ကြောင်စီစီ ဖြစ်နေသေးသည်။ မနန်းက လိုက်သွားဖို့မေးငေါ့ပြမှ ဘုန်းမယ်တွဲ့နောက်က ထလိုက်ခဲ့ ဘုန်းမယ်တွဲ့ သွားနေတာက လှရှင်းသော နားနေခန်းဘက်သို့ နှစ်ယောက် တည်းသီးသန့် သရုပ်ဆောင်ကြည့်ကြဖို့ ဖြစ်မည်ဟု တွေးလိုက်မိသည်။

"သာဂေ"

"ဗျာ"

"ရော့"

ကော်ဖီစက်ထဲက ကော်ဖီတစ်ခွက် ကမ်းပေးတော့ လက်လှမ်း ယူလိုက်ရသည်။ သူမလည်း တစ်ခွက်ယူပြီး ထိုင်ခုံမှာ ထိုင်လိုက်တော့





သူပါ ထိုင်လိုက်ရသည်။

"ရှင် မယ်နဲ့စကားမပြောချင်ဘူးလား"

"ဟင်"

"မယ်ကို ရှောင်နေသလားလို့ပါ၊ မနန်း ပြန်လာတည်းက မယ်လည်း ဒီကိုမရောက်ဖြစ်ဘူး၊ ကားရိုက်ဆက်နေလို့ မလာဖြစ်ဘူး ဆိုပေမယ့် ရှင့်ဆီကို မယ် ဖုန်းခေါ်တယ်၊ မက်ဆေ့ချ်ပို့တယ်၊ ရှင်ဘာလို့ ဖုန်းမကိုင်တာလဲ ပြန်မဆက်တာလဲ"

"ဟို ကျွန်တော်"

"ပွင့်ပွင့်လင်းလင်းပြောပါ၊ ယောက်ျားဖြစ်ပြီး အုံပုန်းလုပ်တာ မယ် မကြိုက်ဘူး"

"ဦးနိုင်က လုပ်ငန်းခွင်ဝင်သေးတာ မဟုတ်သေးဘဲ တခြား အကြောင်းအရာတွေနဲ့ အချိန်ကုန်မှာစိုးလို့ဆိုပြီး သူ့ဖုန်းကလွဲပြီး ကျန်တဲ့ လူတွေရဲ့ ဖုန်းတွေကို မကိုင်နိုင်းလို့ပါ"

"မယ်ကိုပါ ကျန်တဲ့လူစာရင်း အရေးမပါတဲ့လူစာရင်းထဲ သွင်း ထားတာလား သာဂေ"

"ဟို အဲဒါက"

မယ်က အဓိကပါလို့ ပြောလိုက်ရမှာ အားနာနေသည်။ ဦးနိုင် က မယ်နဲ့လုံးဝ မပတ်သက်စေချင်တာ မယ်သိလျှင် စိတ်မကောင်းဖြစ် သွားမှာ သေချာ၏။

မယ်က သိမ့်သိမ့်လေးပြုံးကာ



www.burmeseclassic.com

www.burmeseclassic.com



"မယ်က သာခကကို ရဲရဲတင်းတင်း ပွင့်လင်းတဲ့သူလို့ ထင်ထားတာ၊ မယ်နဲ့ ရန်ဖြစ်ခဲ့တဲ့ အချိန်တွေတုန်းက အရမ်းကို ရိုးသားပြီး သတ္တိကောင်းတာ ဆိုတော့လေ၊ အခု ဦးနိုင်ရဲ့ ချုပ်ကိုင်လွှမ်းမိုးတာကို ခံနေရတာလား"

"အဲလိုကြီးလည်း မဟုတ်ပါဘူးမယ်၊ ကိုယ် တိုးတက်အောင်မြင်ဖို့အတွက် ဦးနိုင်က စေတနာနဲ့"

"ထားပါ ကော်ဖီသောက်လေ၊ မယ်တို့ လှေကားထိုင်ကြည့်ရအောင် ဒီတစ်ပွဲ အဆင်ပြေသွားရင် မနန်းပြောသလို ပရိသတ်ရော လုပ်ငန်းရှင်တွေရော သာခကကို စိတ်ဝင်စားသွားကြမှာပါ၊ မီဒီယာတွေကတစ်ဆင့် စိတ်ဝင်စားအောင်လည်း မယ် ဖွနိုင်းပေးမယ်"

ဦးနိုင် လောင်းရိပ်မိနေသော သာခကကို ဘာမှမပြောနိုင်းတော့ဘဲ စကားစဖြတ်၍ သရုပ်ဆောင်မှုအပိုင်းကို မယ် သင်ပေးလိုက်သည်။

"မယ်ကို အရမ်းကို ချစ်မြတ်နိုး တပ်မက်နေတဲ့ မျက်ဝန်းတွေနဲ့ ကြည့်ရမယ်နော်၊ မယ်မျက်နှာမှာ ကမ္ဘာဇာတိက ကြော်ငြာမယ့် မိတ်ကပ်လိမ်းထားလို့ ဟုတ်ပြီလား"

"အင်း မယ်က ကျွန်တော့်ကို မကြည့်နဲ့လေ"

အလုပ်သဘောအရ စိတ်ကိုတည်ငြိမ်အောင် ကြိုးစားနေသော်လည်း ဘာကြောင့် နှလုံးခုန်သံတွေ တဒိတ်ဒိတ်နှင့် ရင်ခုန်မြန်နေမှန်း မသိပေ။ မယ်ရဲ့ ရီဝေဝေ ညို့မျက်ဝန်းများကို သူရင်မဆိုင်ရဲ။ မယ်က





သူ့အပြောကို နှုတ်ခမ်းလေးမဲ့ကာ ပြုံးလိုက်ပြီး

"ရှင့်မျက်နှာမှာလည်း ကမ္ဘာ့ဇာတိက ကြော်ငြာမယ့် ယောကျ်ားလေးခရင်မ် လိမ်းထားတယ်လေ၊ အဲဒါကြောင့် တခြား မော်ဒယ်ဘွိုင်းလေးယောက်ကို ဥပေက္ခာပြုနိုင်ပြီး ရှင့်ကိုတော့ နစ်မြောပျော်ဝင်သွားတာ မယ်က အဲလိုမကြည့်လို့ ဘယ်လိုလုပ်မလဲ"

"မဟုတ်ဘူးဗျာ ဟို"

"ရှင်ရင်တွေ ခုန်နေတာမဟုတ်လား"

"အင်း အာ မဟုတ်ပါဘူး"

ယောင်ယမ်းကာ ခေါင်းညိတ်ပြီးမှ ကပျာကယာ ငြင်းလိုက်ရသည်။ ဒါပေမဲ့ ဘာသာပြန်စရာမလိုသော ရင်ခုန်သံရဲ့ အဓိပ္ပါယ်ကို ဘုန်းမယ်ဘွဲ့ တိတ်တိတ်လေး သိသွားပြီဆိုတာတော့ . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"သိစရာမလိုဘူး၊ ဒီကိစ္စကို ဦးနိုင် လက်မခံဘူး ကောင်လေး။ ဘုန်းမယ်ဘွဲ့က တခြားလူတွေရှိရဲ့နဲ့ ဘာလို့မင်းကို ရွေးရတာလဲ"

"မနန်းကတော့ ကျွန်တော့်ကို ရွေးလိုက်တာကို ကျွန်တော့်ဘက်ကနေ ဝမ်းသာပေးနေတယ်၊ နာမည်ရပြီးသား မင်းသမီးနဲ့ တွဲရတာ ကံကောင်းတာပဲလို့လည်း ပြောတယ်"

ဦးနိုင် ကျွတ်ခနဲ စုတ်သပ်လျက် ခေါင်းခါသည်။ အခွင့်အရေးကောင်းတစ်ခုကို ဘာကြောင့် ဦးနိုင် လက်မခံနိုင်မှန်း နားမလည်တော့ပါ။

ကျော်သက်က ဆက်နားမထောင်ချင်တော့သလို ကားရေဆေးဖို့ ထသွားပြီး ဒေါ်ကြီးမြကြ ကော်ဖီခွက်လေး လာချပေး၍ ယောင်လည်လည်ဖြင့် ရှောင်ထွက်သွားသည်။

ဗျူး ၀၁၀၀



"ဘယ်သူတာပြောပြော ကိုယ့်လမ်းကို ကိုယ့်ဘာသာ အကောင်းဆုံး ရွေးချယ်လျှောက်ရမှာပဲ ကောင်လေး၊ ဘုန်းမယ်ဘွဲ့က အများထဲကနေ မင်းကိုရွေးတယ်ဆိုတာ၊ သဘောရိုးနဲ့လို့ မင်းထင်နေလား"

"စိတ်ယုတ်မာနဲ့သာဆို ကျွန်တော့်ကို နေရာတစ်ခုရောက်အောင် ဆွဲတင်ဖို့ စဉ်းစားပါ့မလား"

"မင်းက အဲလောက်ပဲသိတာလား၊ မင်းတက်လမ်းကို အချိန်မရွေး ဖြုတ်ချလို့ရအောင် ချုပ်ကိုင်ထားမှာ၊ နောက်ဆက်တွဲ ပြဿနာတွေက အများကြီးပဲ ဦးနိုင်ပြောတာကိုပဲ မင်းနားထောင်ပါ"

"ကျွန်တော် ဒီအခွင့်အရေးကို လုပ်ကြည့်ချင်တယ်"

"ဘာ"

"ဦးနိုင်ကို ကလန်ကဆန်လုပ်တာ မဟုတ်ပါဘူး၊ ပျက်စီးနစ်နာသွားမယ့်ကိစ္စမျိုးမှ မဟုတ်တာ၊ ပြီးတော့ အတွေ့အကြုံရမယ်"

ခုံးဖြတ်ချက်ချပြီးသလို ပြောလိုက်တာမို့ နည်းနည်းတော့ ကသိကအောက် ဖြစ်သွားရသည်။ ကိုယ့်ကို ကလန်ကဆန် လုပ်နေတာလို့တော့ မျှော်စွဲချင်ပေ။

"မင်း စိတ်အားထက်သန်နေသလား၊ အဲလောက်ကတော့ ဦးနိုင်လည်း အခုချက်ချင်း လုပ်ပေးနိုင်တယ်၊ ဦးနိုင် လက်ခံထားတဲ့ ပွဲတွေ အများကြီးပဲ"

"အဲဒီအတွက် အတွေ့အကြုံရှိထားတာ ပိုမကောင်းဘူးလား ဦးနိုင်၊ ကိုယ့်ဘက်က ထိခိုက်နစ်နာစရာ မရှိပါဘူး၊ ကျွန်တော်က ဦးနိုင်

ဗျူး ၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



အတွက် အကောင်းဆုံး ပြင်ဆင်ထားတဲ့ သဘောမျိုး သက်ရောက်လို့ ဝမ်းသာအားရကို လက်ခံခဲ့တာ''

လွှမ်းမိုးနိုင် လေးတွဲစွာ သက်ပြင်းချမိသွားသည်။ သာဓကနှင့် အတိုက်အခံ ဖြစ်နေတာ သိပ်မကောင်းလှပေ။

ကိုယ်က ဖွတ်တိုးပြောနေလျှင် မလိုလားရာ ကျနေဦးမည်။

''ကောင်လေး''

''ဟုတ်ကဲ့ ဦးနိုင်''

''မင်းဒီလောက် ဆန္ဒပြင်းပြနေရင်လည်း လုပ်ကြည့်ချင် လုပ်ကြည့်ပါ၊ ဒါပေမဲ့ တစ်ခုတော့ ပြောထားမယ်၊ ဘုန်းမယ်ဘွဲ့နဲ့ ဒီ ထက်ပိုပြီး ရင်းနှီးပတ်သက်တာမျိုးတော့ မလုပ်ပါနဲ့''

''ဗျာ''

''သူ့အဖေက ရုပ်ရှင်ထုတ်လုပ်ရေး တိုက်ပိုင်တယ်၊ မင်းကို အချိုသတ်ပြီး ကျူးသွင်းဝါးစားသွားလိမ့်မယ်၊ မင်းက ဒီလောက အ ကြောင်း ဘာမှ နားမလည်သေးဘူး။ အကျိုးလိုလို့ ညောင်ရေလောင်း ချင်တဲ့ စေတနာကို အဟုတ်မှတ်မနေနဲ့''

''ဦးနိုင် စိုးရိမ်တာကို ကျွန်တော်နားလည်ပါတယ်၊ အဲဒီနေ့ကျ ရင် ဦးနိုင် လိုက်မှာမဟုတ်လား''

''ဒီဗိုင်နာတစ်ယောက်အနေနဲ့ ဦးနိုင်ကိုလည်း ဖိတ်ထားတာပဲ ဦးနိုင် လိုက်ရမှာပေါ့''

''ဟာ တကယ်နော်၊ ကျွန်တော် အားရှိသွားပြီ ဦးနိုင်ရာ၊ တ





ကယ်''

ဝမ်းသာအားရ ဖက်တွယ်လာသော သာဓက လက်တွေကို လွှမ်းမိုးနိုင် ခပ်တင်းတင်းလေး ဆုပ်ကိုင်လိုက်မိသည်။

ဘယ်သောအခါမှ လွှတ်ထွက်မသွားစေချင်လို့ပါ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

အစမှအဆုံး အစီစဥ်များက အဆင်ပြေပြေ ပြီးဆုံးသွားခဲ့သည်။ အကျိုးအမြတ်က ဘုန်းမယ်ဘွဲ့နှင့် အတွဲညီလှသော သာခေကို ကုမ္ပဏီတွေ လုပ်ငန်းရှင်တွေ ဒါရိုက်တာတွေနှင့် ပရိသတ်အားလုံး ချီးမွမ်းဂုဏ်ပြု စိတ်ဝင်စားသွားကြခြင်းပင်။

မီဒီယာတွေ ဂျာနယ်လစ်တွေ အင်တာဗျူးလိုက်ကြတာ အလုအယက်။

"သာခေအတွက် ဝမ်းသာစရာပဲ အဲလောက် ဖြစ်လိမ့်မယ်လို့ ထင်မထားဘူး၊ အဲဒါက ဘုန်းမယ်ဘွဲ့ တွဲခေါ်တာ တော်လို့ပါ၊ မယ့်ကို အရင်ဆုံး ချီးကျူးရမယ်ထင်တယ်"

"အဲလောက်မဟုတ်ပါဘူး။ သာခေတော်လို့ ဒီလောက်ဖြစ်သွား





တာပါ၊ စင်အတွေ့အကြုံမရှိဘဲနဲ့ကို သာခေက ဝါရင့်သရုပ်ဆောင်ကြီးကျနေတာပဲ တကယ်လုပ်နိုင်တယ်"

"မယ်နဲ့ သာခေ လိုက်ဖက်ညီတဲ့ အတွဲဖြစ်သွားတာကိုက အားလုံးရဲ့ စိတ်ဝင်စားမှု ပိုခံရတာဖြစ်မယ်၊ အလုကုန် ကုမ္ပဏီက ဒီပွဲပြီးရင် ကုမ္ပဏီအတွက် ကြော်ငြာဆက်ရိုက်မယ်လို့ ကမ်းလှမ်းထားတယ်၊ တီရှပ်ကုမ္ပဏီနဲ့ ရတနာဆိုင်ကလည်း မယ်နဲ့ သာခေနှစ်ယောက်တွဲပြီး ကြော်ငြာရိုက်ချင်တယ်တဲ့၊ အဆင်ပြေမယ့်ရက်ကို ဖုန်းဆက်ပေးနိုင်းတယ်၊ မယ် တကယ်ကို အပီအပြင်လုပ်ချလိုက်တာပဲ"

မနန်း ချီးကျူးလို့ မဆုံးဖြစ်နေချိန်မှာ ဘုန်းမယ်ဘွဲ့နှင့် သာခေလည်း ပြုံးပျော်နေသည်။ ဒါကို မရှုဆိမ့်နိုင်သူက ဦးနိုင်။

"သာခေ"

"ဟာ ဦးနိုင်"

ချီးကျူး ဂုဏ်ယူဖို့ နေရာကထလာသည့် အထင်နှင့် ဦးနိုင်ကို ဝမ်းသာအားရ သာခေ ဖက်တွယ်လိုက်သည်။ ဒါပေမဲ့ ဦးနိုင် ကိုယ်ကြီး ခပ်တောင့်တောင့် ဖြစ်နေတာမို့ သာခေ ကိုယ်ရှိန်သတ်သွား၏။ မနန်းနှင့် ဘုန်းမယ်ဘွဲ့ကတော့ ဒါကို သတိမထားမိစွာ

"ဦးနိုင် တွေ့တယ် မဟုတ်လား။ ဦးနိုင်လူက တကယ်ဖြစ်လာမယ့် အရည်အချင်း အစွမ်းအစရှိနိုင်တယ်လို့ မနန်းပြောခဲ့တယ်လေ"

"ဦးနိုင် ဒီအတိုင်းတော့ မရဘူးနော်၊ မယ်တို့ကို အစ်ပိုင်းကောင်းကောင်းကျွေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း နောက်မှပေါ့ ကောင်လေး ဦးနိုင် ချိန်းထားတဲ့ကိစ္စလေး တွေရှိသေးတယ် ပြန်ကြရအောင်"

"နေပါဦး ဦးနိုင်ရဲ့ မနန်းတို့က သူတို့အိမ်ခေါ်နေတယ်၊ အဖွဲ့ ဝေတွေအားလုံးကို ဒင်နာကျွေးမှာတဲ့"

"မင်းဘယ်ဟိုတယ်စားချင်လဲ၊ ဦးနိုင် ဝယ်ကျွေးပါ့မယ်၊ ဦးနိုင် ကိစ္စက အရေးကြီးနေလို့ကွ၊ အခုပြန်မှ ဖြစ်မှာ"

"အမလေး ဦးနိုင်ရယ်၊ ဦးနိုင်ကိစ္စ အရမ်းအရေးကြီးနေလည်း ပြန်လိုက်ပါ၊ သာခကကို တစ်ယောက်တည်းထားခဲ့လည်း ဘယ်သူမှ ကိုက်မစားပါဘူး၊ ဦးနိုင်ကားလည်း ထားမပစ်ခဲ့နဲ့၊ နောက်မှ မနန်းတို့ လိုက်ပို့လိုက်မယ်"

"ဟုတ်သားပဲ ဦးနိုင်၊ သာခကကို စိတ်ချလက်ချ ထားခဲ့ပါ၊ မွဲတစ်ပေါက်မစွန်းအောင် မယ်တို့စောင့်ရှောက် ထားလိုက်ပါ့မယ်"

မနန်းနှင့် ဘုန်းမယ်တွဲ့ရဲ့ တောင်းဆိုမှုကို ဦးနိုင် အားနာပါးနာ ဖြောင် ခေါင်းမညိတ်ပေ။ သာခကကို ဒီနေရာကနေ မြန်မြန်ခေါ်ထုတ် သွားဖို့သာ စိတ်အားသန်နေလျက်။

"ဦးနိုင် တစ်ယောက်တည်း သွားလို့မဖြစ်ဘူး၊ သာခကအကူ အလုပ်ကိစ္စအကြောင်း စကားပြောမှာဆိုတော့လေ ဦးနိုင် စီစဉ်လို့ ရမေ မယ့် သူ့လက်မှတ်ထိုးမှုဖြစ်မှာ၊ အဲဒါကြောင့်ပါ"

ကိုယ့်ကို ကြိုတင်ပြောပြထားခြင်း မရှိသည့်ကိစ္စမို့ ဒီနေရာက ခေါ်ထုတ်သွားချင်လို့ ဦးနိုင် တမင်အကြောင်းရှာနေတာမှန်း သာခက





သဘောပေါက်လိုက်သည်။ လူတကာအလယ်မှာ ဦးနိုင်တစ်ယောက်ပဲ ချုပ်ကိုင်နိုင်တယ်ဆိုတာ ပါဝါပြချင်တာများလား။

အပြုံးတွေ အပျော်တွေပျောက်လျက် သူ့ ဘကာယကို မှုန်ကုပ် ကျုပ်ကြီး ခံစားလိုက်ရသည်။

"ဟို မနန်းနဲ့မယ် ကျွန်တော် ဦးနိုင်နဲ့ လိုက်သွားမှဖြစ်မယ် ထင်တယ်၊ ဦးနိုင်က ချိန်းထားတာရှိတော့လေ"

"ဩော် ဒီလိုနေ့မျိုးမှာ သာခကကို ဂုဏ်ပြုချင်လို့ဆိုမှ မနန်း ဒင်နာကျွေးမှာကလည်း သာခကက အဓိကကို၊ သာခက မပါတော့ ဘယ်ပျော်စရာ ကောင်းပါ့မလဲ"

"နောက်တစ်ခါပေါ့ မယ်ရယ်နော်၊ မနန်း ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဦးနိုင်က လက်ဆွဲထားရင်းက မဖြုတ်တာမို့ ဖွတ်အတင်း နှုတ်ဆက်ကာ ဦးနိုင်နောက်က လိုက်လာခဲ့ရသည်။ ဘယ်သူတွေ ဘယ်လို ထင်မြင်ယူဆကာ ကျန်ခဲ့မည်မသိသော်လည်း သူကတော့ မျက်နှာတွေ မှ အားနာနှင့် ရှက်သလိုလိုကြီးလည်း ဖြစ်နေခဲ့သည်။

အိမ်ရောက်လာသည့်တိုင်အောင် သူ စကားတစ်ခွန်းမှ မပြော ဖြစ်။

သူ့မျက်နှာကို ဦးနိုင် အရိပ်တကြည့်ကြည့် ရှိနေသော်လည်း သူ မသိချင်ယောင် ဆောင်နေလိုက်သည်။

"ဟယ် ပြန်လာကြပြီလား၊ မောနေမှာပေါ့၊ ဒေါ်ကြီးမြ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ရည်လေး လာပို့မယ်နော်၊ သာခကလေးရော သောက်မယ်မဟုတ်လား"

"မသောက်တော့ဘူး ဒေါ်ကြီးမြ၊ ကျွန်တော်အပေါ်တက် နားတော့မှာ"

ဦးနိုင်ကိုလည်း အသိပေးရာရောက်အောင် ထိုသို့ပြော၍ အပေါ်ထပ် တက်လာခဲ့သည်။ သူ တံခါးလော့ခ်ချဖို့ ပြင်နေဆဲမှာ၊ ကျော်သက်က နောက်ကလိုက်ဝင်လာသည်။

ဟွားခနဲ လေပူတွေမှုတ်ထုတ်၍ ခုတင်ပေါ် ပစ်လှဲချလိုက်၏။

"သာခက မင်းသက်ပြင်းတွေ ဘာတွေချလို့ပါလား"

"အရမ်းမွန်းကျပ်နေတယ်ကွာ၊ သံတိုင်တွေနောက်မှာ တိုက်ပိတ်ခံထားရသလိုပဲ၊ အသက်ရှူကျပ်တယ်"

"ဦးနိုင် အရမ်းအိုဗာဖြစ်နေသလိုပဲနော်၊ အရမ်းရုပ်ပျက်ဆင်းပျက်နိုင်တာ၊ မနန်းနဲ့ ဘုန်းမယ်တွဲ့ကိုတောင် အားနာစရာကောင်းတယ်"

"ဟုတ်တယ်၊ တကယ်ဆို ငါဒီလို ဖြစ်သွားတာ၊ သူကတောင် ဘုန်းမယ်တွဲ့တို့ကို ကျေးဇူးတင်သင့်တယ်၊ ဒါမှမဟုတ် အလိုက်အထိုက် ချီးကျူးစကားလေး ပြောတာဖြစ်ဖြစ်ပေါ့ အခုက"

"ဘုန်းမယ်တွဲ့က အသုံးချသွားမှာ စိုးရိမ်နေလားမှ မသိတာ"

"အဲလိုဖြစ်တယ်ဆိုလည်း လူမှုရေးအရ မိတ်ဝတ်မပျက် ဆက်ဆံသင့်တာပဲလေ၊ ငါ့ကို ဘယ်သူမှလည်း လုယူမသွားအောင် ချုပ်ကိုင်ထားတာနဲ့ မတူဘူးလား။ တကယ်ဆို ငါ့ကို ဘုန်းမယ်တွဲ့တို့ ရုပ်ရှင်တိုက်က စာချုပ်ချုပ်ပြီး စင်တင်ပေးမယ်ဆိုလည်း ဝမ်းသာအားရ လက်ခံရမှာ





ပဲ၊ ဦးနိုင်က ငါ့ကိုဖြစ်စေချင်ပေမယ့် သူမှာ ကိုယ်ပိုင် ရုပ်ရှင်တိုက်ရှိလို့လား"

ကျော်သက်လည်း သက်ပြင်းချမိသွားပြီး ခုတင်ပေါ် တက်ထိုင်သည်။"သာခကက ခေါင်းအုံးတွေဆင့်၍ နောက်ကိုမှီထိုင်ကာ

"ပြောရင် ဟိုလူဒီလူ အသုံးချခံရမှာစိုးလို့ ငါက အတွေ့အကြုံရှိလို့၊ သူများချုပ်ကိုင်မှာ စိုးရိမ်လို့နဲ့၊ ငါ့တက်လမ်းတွေကို ပိတ်ပင်နေသလိုပဲ၊ တကယ်အောင်မြင် ဖြစ်စေချင်တယ်ဆိုရင် ငါ့ဆန္ဒနဲ့ငါ လုပ်ပိုင်ခွင့်၊ စဉ်းစားခွင့်လေးလည်း ပေးဦးမှပေါ့"

"အေးကွာ ဦးနိုင်စိတ်က နားလည်ရခက်လိုက်တာ၊ သူ့ပုံစံက မင်းကို ဘယ်သူနဲ့မှ ရောနှောပတ်သက်စေချင်တာ မဟုတ်ဘူးထင်တယ်"

ပြောပြီး ကျော်သက် တစ်ခုခုကို စဉ်းစားနေဟန်ရှိ၏။ သာခက ဘာကို မချင့်မရဲဖြစ်နေမှန်း မသိဘဲ ခေါင်းကို စုံကုတ်၍ ဆံပင်တွေကို ဆွဲဖွပစ်လိုက်သည်။

"သာခက"

"ဟင်"

"ဦးနိုင် မင်းကိုညတိုင်း လာစကားပြောလား"

"အင်း"

"လက်မှာ ထိနိုက်ဒဏ်ရာရတော့လည်း အရမ်းဂရုစိုက်တယ်နော်"

"အင်း အဲဒါဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလိုဒီလိုရော မြူဆွယ်တာတွေရှိလား"

"ဘာကို ပြောတာလဲ"

"ကျွတ် ယောကျ်ားချင်း ဟိုဟာကွာ"

ကျော်သက် ပြောချင်တာ သာခေ သဘောပေါက်သွားသည်။ မျက်နှာကြီးတစ်ခုလုံး ရှုံ့မဲ့သွားလျက်

"ပွတ်သီးပွတ်သတ်နေတာတော့ ငါအသည်းတွေယားတယ်၊ တို့တို့ထိထိ ဂရုစိုက်တာကိုလည်း ငါရှက်သလိုလိုပဲ၊ ဘယ်လိုကြီးမှန်း မသိပါဘူးကွာ၊ ခံစားမှုက ဟို ဘယ်လိုပြောရမလဲ"

"ဘယ်လိုမှ မပြောနဲ့တော့ ငါသိတယ်၊ သူများတွေပြောသလို ဦးနိုင်က ဂျိုပုန်းကြီးဆိုတာ ဟုတ်လိမ့်မယ်ကွ"

"ဟား"

"မင်းကို သဝန်တိုနေတာ၊ သူများတွေက မင်းနဲ့ရင်းနှီး ပတ်သက်သွားမှာ မနာလိုနေတာ၊ သာခေ မင်း လူညွန့်တုံးပြီ"

ကျော်သက်က စပ်ဖြဲဖြဲနှင့် ပြောလိုက်ချိန်မှာ ညစ်ညမ်းကာဆဲရေး၍ ကျော်သက်ကို လက်သီးနှင့် လှမ်းထိုးလိုက်၏။ ကျော်သက်က ဟိုရှေ့ငိဒီရှောင်လုပ်ရင်း

"မင်းနာစရာတော့ မရှိပါဘူးကွာ၊ မိန်းမယူတာထက်တောင် ဖိမ်ကျဦးမယ်၊ စည်းစိမ်အပြည့်၊ ရွှေငွေအပြည့်၊ ပြီးတော့ မိသားစုအတွက်လည်း နောက်ဆံတင်း ပူစရာမလိုဘူး"

"ဟိတ်ကောင် ငါယောကျ်ားပိုင်းလုံး မလုပ်ဘူး"





"မင်းမှာ တွန်းလှန်ဆန့်ကျင်နိုင်တဲ့ အင်အားရှိလို့လား၊ သာသာလေး နုပ်နေစမ်းပါကွာ"

"မပြောစမ်းပါနဲ့ကွာ ရွံစရာကြီး၊ ငါ့ဘဝငါ အဲဒီလိုနည်းလမ်းချိုးနဲ့တော့ အမြင့်ရောက်အောင် မကြိုးစားဘူး နစ်မွန်းမခံဘူး"

"မင်းသူ့ကို ကျေးဇူးပြန်ဆပ်ချင်တယ်ဆို ကျေးဇူးရှင်ကြီးလိုတစ်သက်လုံး ကိုးကွယ်ထားမှာဆို"

"ဒါက"

"မသိချင်ယောင်ဆောင်နေလိုက်ပါ၊ ဖွတ်အတင်း ရှောင်ဖယ်တာမျိုးလည်း သွားမလုပ်နဲ့၊ မင်းရပ်တည်လို့ရမယ့် နေရာတစ်ခု ခိုင်ခိုင်မာမာ အုတ်မြစ်မချနိုင်သေးဘူး၊ ကိုယ့်အသက်ရှင်ဖို့ ကြိုးစားရတာ အသက်ရှူဖို့ တစ်ခုတည်း အရေးပါတာမဟုတ်ဘူး သာခေ၊ စားဝတ်နေရေးအတွက် ငွေကြေးပစ္စည်း ဥစ္စာ ပတ်ဝန်းကျင်နဲ့ အဆင်ပြေဖို့ ဂုဏ်ပကာသန အားလုံးလိုသေးတယ်"

"ငါ့ကိုယ်ငါ လိပ်ပြာမလုံဘူး၊ စိတ်မသန့်ဘူးကွာ ဦးနိုင်နဲ့ပတ်သက်နေတဲ့ ငါ့ကို တခြားသူတွေကရော ဘယ်လို ရှုံ့ချဝေဖန်နေကြလဲ"

"အဲဒီလူတွေက မင်းဘဝကို ပြောင်းလဲပေးမှာ မဟုတ်ဘူး သာခေ၊ ဘယ်သူဘာပြောပြော မသိချင်ယောင် ဆောင်နေစမ်းပါကွာ"

"ကျွတ် ဦးနိုင်ကို အဲလိုလူမျိုး ဖြစ်နေလိမ့်မယ်လို့ ငါမထင်မိဘူး ရင်းကို ယောကျ်ားပီသပြီး စိတ်သဘောထား ပြည့်ဝတဲ့လူလို့ ငါလေးစား



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တာ''

ကိုယ့်အတွက်လား ဦးနိုင်အတွက်လား မသိဘဲ ယူကျုံးမ နှင့်နှင့်သီးသီးကြီး ခံစားနေရသည်။ ကုတ်တွေနက်ခ်တိုင်တွေ စတိုင် ပန်တွေ၊ ရှူးဖိနပ်တွေဖြင့် ကျားကျားလျားလျား ဦးနိုင်က ယောက်ျား သသ ခန့်ချောကြီးပါ။ နက်မှောင်နေသော ဆံပင်တွေကို မဟာနဖူးပေ အောင် နောက်လှန်သိမ်းပြီး ရင်ကိုဖွင့်ကာ လမ်းလျှောက်လိုက်လျှင် အရမ်းကို စမတ်ကျပြီး ယောက်ျားချင်း လေးစားအားကျလောက်စ ပါ။ ကိုယ့်အပေါ် ပြုစုယုယတာတွေလည်း အစကတော့ အစ်ကိုကြီး တစ်ယောက်လို သံယောဇဉ်တွေ နွေးထွေးမှုတွေဖြင့် စောင့်ရှောက်ခဲ့တယ် ထင်တာ။

အခု အခုတော့ လူတကာ ဝေဖန်ထားတဲ့စိတ်မျိုး တက မဟုတ်ပါစေနဲ့ ဦးနိုင်ရယ် ●●●။

■ ■ ■

## အခန်း (၂၅)

''ဟုတ်ပါတယ်ဆို မေမေရယ်၊ ဒီပွဲကို မေမေ လာမကြည့်လို့ ကယ်ကို သာမကဆိုတဲ့ အသစ်လေးကို စိတ်ဝင်စားသွားကြတာ ဒီ လောကမှာ ကိုယ်ကလက်ဦးမှု မယူနိုင်ရင် နောက်ကောက်ကျသွား သိန့်မယ်မေမေ''

''သမီးက ဘာတွေအာမခံနေတာလဲ၊ မင်းသားအသစ်တင် တယ်ဆိုတာ ရင်းနှီးမြှုပ်နှံရမယ့် ငွေကြေးက နည်းတာမဟုတ်ဘူး၊ သမီး ပြောသလို ဈေးကွက်ရပြီးသား အက်တာကြီးတွေနဲ့ တွန်းတင်မယ်ဆို ည်း ကာရိုက်တာ အစုံရအောင်ရိုက်ဖို့ သိန်းနှစ်ထောင်သုံးထောင် မြှုပ်ထားနိုင်မှဖြစ်မှာ''

''အဲဒီငွေကို သမီးပေးမယ် မေမေ''

''ဘာ''

www.burmeseclassic.com



"ဖေဖေ ကုမ္ပဏီမှာ သမီးရှယ်ယာထည့်တဲ့ သဘောမျိုးထား

လိုက်ပါ၊ ဒီလောက်ငွေကတော့ သမီးလည်း ရှာနိုင်နေပြီပဲ"

အားပါကသရော ဖြစ်နေသော သမီးကိုကြည့်ကာ ဦးအောင်

ထင်ကျော် တအံ့တဩ ဖြစ်နေမိသည်။ သမီးက ငွေရေးကြေးရေး

စနစ်တကျ စည်းကမ်းနှင့် သုံးစွဲတတ်သူပါ။

အရင်က စီးပွားရေးလုပ်ဖို့ ဒီလုပ်ငန်းထဲ ရင်းနှီးမြှုပ်နှံပါဖေ

ပြောခဲ့တုန်းကတောင်

"အာ ဖေဖေ စီးပွားရေးထဲ မပူးပေါင်းချင်ပါဘူး၊ သမီး ရင်း

မြှုပ်နှံတာတွေ ဖေဖေ အငယ်အနှောင်းတွေအတွက် ဖြစ်သွားဦးမယ်

ဖေဖေကို ဒီလုပ်ငန်းလုပ်ပါလို့ တိုက်တွန်းမိတာကိုက သမီး မှားတာ

ကိုယ်အမိုသဟဲ ပြုရတာကနည်းနည်း၊ ဖေဖေ ပွေလို့ရှုပ်လို့ ကောင်းသွား

တာကများများ"

အဲလိုတိုက်ခိုက်ပြီး ပယ်ချခဲ့တာ၊ ရင်တွေတောင်နာခဲ့ဖူးသည်

အခု သာဓက ဆိုတဲ့ကောင်လေးနဲ့ကျမှ။

"သမီး"

"ဟုတ်ကဲ့"

"အဲဒီကောင်လေးနဲ့ သမီးနဲ့ ဘယ်လိုပတ်သက်နေလဲ"

"ဟင် ဘာကိုပြောတာလဲ ဖေဖေ"

"ကောလဟာလဆိုတာ သေချာတာတော့ မဟုတ်ပါဘူး။ သမီး

နဲ့ ဒီကောင်လေး၊ မနန်းတို့အေဂျင်စီမှာတွေ့ပြီး အတော်ရင်းနှီးတဲ့ ဒ





တင်းတော့ ဖေဖေကြားထားတယ်"

"အဲဒါ ဟုတ်တယ်လေ၊ အဲဒီမှာတွေ့ပြီး ခင်သွားကြတာ"

"အခု ဒီပွဲမှာ အဲဒီကောင်လေးကို စင်တင်ပွဲထုတ်တာက ရင်းနှီး

မှုထက်ပိုတဲ့ ပတ်သက်မှုဆိုတာကရော"

"ဟင် အဲဒါက ဘာကိုပြောတာလဲ"

"ဝေ့လည်ကြောင်ပတ် မလုပ်နဲ့သမီး၊ သာမာန် ရိုးရိုးသားသား

ခင်ရုံနဲ့ ဒီကောင်လေးကို ဒီလောက်ထိဖြစ်အောင် သမီး ကြိုးစားခဲ့မှာ

မဟုတ်ဘူး၊ ဖေဖေကတော့ ဘာကြောင့်ဆိုတာမျိုး အမည်မတပ်ချင်ပါ

ဘူး။ သမီးဆန္ဒရှိတယ်ဆိုရင် ဖြစ်အောင်လုပ်ပေးမှာပါ"

ငြိမ်နေလိုက်တော့ ဝန်ခံရာရောက်ဦးမည်။ ကဆန့်ကဆန်

လုပ်ပြန်တော့လည်း ဒီကိစ္စက အဲကောင်အထည်ပေါ်မှာ မဟုတ်။

"ဖေဖေ ဦးနိုင်နဲ့ တွေ့ကြည့်လိုက်ပါ၊ ဦးနိုင်က ချုပ်ထားတာ

ဆိုတော့ ဦးနိုင်နဲ့ အဆင်ပြေမှုဖြစ်မှာ၊ တခြားမင်းသား အသစ်တင်သလို

ဈေးနည်းနည်းနဲ့ရအောင် မစည်းရုံးခဲ့နဲ့ဖေဖေ၊ မက်လောက်အောင်ပေးပြီး

သိမ်းသွင်းခဲ့ပါ"

"ဘယ်လိုရည်ရွယ်ချက်နဲ့လဲ သမီး၊ ငါးရဖို့ ငါးစာချတာ၊ ငါး

သန်ဖိုးထက်ဈေးကြီးလို့ ဖြစ်မလား၊ ဆင်ဖိုးထက် ချွန်းဖိုးက ဈေးပိုကြီး

နေရင် ဆုံးရှုံးနစ်နာရမှာက"

"သမီးငွေနဲ့ ရင်းနှီးမြှုပ်နှံခိုင်းနေတာ၊ ဖေဖေ ဆုံးရှုံးစရာမရှိ

ပါဘူး၊ သာဓက အောင်မြင်နိုင်တယ်ဆိုတာ သမီး ခန့်မှန်းတတ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင်မှာ ရင်းနှီးမြှုပ်နှံတာထက် အကျိုးအမြတ်ပိုရမယ်ဆိုတာ သေချာပါတယ် ဖေဖေ ပြီးတော့"

ဦးနိုင်ရဲ့ ချုပ်ကိုင်မှုအောက်က လွတ်မြောက်စေချင်လို့ပါ ဆိုသည့် စကားကို ဖေဖေကို ပြောသင့်ရဲ့လား။ ပွဲနေ့က ဦးနိုင် လုပ်သွားပုံကိုကြည့်ပြီး လူတွေအမျိုးမျိုး ဝေဖန်ကြတာ သာဓကက သိမှာမဟုတ်ပေ။

သာဓကက ဦးနိုင်ကို အရမ်းကိုကြည်ညို လေးစားနေခဲ့တာ။ ကျေးဇူးရှင်ကြီးလို့ သတ်မှတ်ပြီး အကျိုးလိုလို့ ညှောင်ရေလောင်းနေတာမှန်း သဘောမပေါက်။

သူမတောင်မှ အဲဒီနေ့ကမှ ဦးနိုင်အကြောင်း သေချာသိလိုက်ရတာပါ။

"သမီး ဘာတွေစဉ်းစားနေတာလဲ၊ စကားက တိုးလိုးတန်းလန်းနဲ့"

"ရှင် ဪ အဲဒါပါပဲ၊ တခြားကုမ္ပဏီတွေ ဒါရိုက်တာတွေလည်း စိတ်ဝင်စားနေတော့ သမီးတို့တိုက်က လက်ဦးမှုယူထားစေချင်တာပါ"

"အေးပါ ဖေဖေ စီစဉ်လိုက်ပါ့မယ်၊ ဖေဖေလည်း မင်းသမီး အသစ်တစ်လက် တင်ဖို့စဉ်းစားနေတာဆိုတော့"

"လုပ်မယ်ဆိုလည်း အနုပညာကို မထိခိုက်အောင် သေချာလုပ်ပါ ဖေဖေ၊ အနုပညာလောကက ဖေဖေတို့လိုလူမျိုးတွေကြောင့် နာမည်ပျက်နေတာ၊ တကယ့်ဝါသန အရင်းခံနဲ့ အနုပညာအလုပ်လုပ်ချင်တဲ့ မိန်းကလေးတွေကို အရှုပ်စာရိတ္တတွေ မပျက်စီးပါစေနဲ့၊ သူတို့ခမြာ





ဒီလောကထဲမှာ နေရာတစ်နေရာရဖို့ ဘဝတစ်ခုလုံး ရင်းရရင် တန်ပါ့မလား"

"သမီးက ဖေဖေ့ကို မိချောင်းမင်း ရောက်ဖြစ်နေတာလား၊ ယုန်ကမတိုး ပိုက်ကတိုးတဲ့သူတွေရှိရင် ဘယ်ကျားကမှ ဥပုသ်စောင့်မနေဘူးသမီး"

"သားသမီးချင်း နှမသားချင်း ကိုယ်ချင်းစာတတ်တဲ့ သူတွေက ဒီလိုမျိုး မတွေးကြပါဘူး ဖေဖေ၊ လမ်းကြောင်းမှန်အောင် တည့်မတ်ပေးပြီး စေတနာသန့်သန့်နဲ့ ကူညီကြမှာပါ၊ သမီးသာ အဲလိုမိန်းကလေးတွေ နေရာမျိုးရောက်သွားရင် ဖေဖေ ဘယ်လိုခံစားရမလဲ"

"သမီး"

"သမီး ကိုယ့်ကိုယ်ကို တည့်မတ်နိုင်ခဲ့တာ၊ နောက်ခံငွေအင်အား တောင့်တင်းခံလို့ပါ၊ ဒီအတိုင်းဆို သမီး မျှော်မှန်းတဲ့ အောင်မြင်မှုမျိုး မရနိုင်လို့ ဖေဖေ့ကို ရုပ်ရှင်ကုမ္ပဏီထောင်ခိုင်းခဲ့တာ၊ ငွေအင်အားသာ မရှိခဲ့ရင် ဖေဖေတို့လို အခွင့်အရေးကို လက်လွှတ်မခံတဲ့လူတွေကြောင့် ဘဝပျက်နေပါပြီ"

ဦးအောင်ထင်ကျော် ငိုင်တွေသွားရသည်။ သမီးပြောတာ တစ်ခုမှ မမှားပေ။ ဒါပေမဲ့ သမီးလို ဆင်ခြင်တုံတရားရှိသော မိန်းကလေးတွေ အပေါ်တော့ ကိုယ်ဘာအမှားမှ မကျူးလွန်မိခဲ့ပေ။

အရမ်းပျော့ပြီး ပေါ်ပြူလာဖြစ်ချင်သည့် မိန်းကလေးတွေကို မကောင်းခဲ့ဘူးဆိုပေမယ့် စည်းပျက်ကမ်းပျက်လည်း မဖြစ်ခဲ့ပါ။ ပေးကျွေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့လည်း။

"ဖေဖေ ဆင်ခြေမပေးပါဘူး သမီး၊ သမီး သတိပေးတာကို ဖေဖေ လေးစားပါတယ်၊ အခွင့်အရေးပေးတဲ့သူရှိတိုင်း ယူနေရင် သား သမီးချင်းကိုယ်ချင်းစာရာ မရောက်တော့ဘူးဆိုတာလည်း ဖေဖေ သဘော ပေါက်သွားပါပြီ"

"ဖေဖေလို နားလည်တဲ့သူများသွားရင် ဒီလောကကြီး ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရတဲ့ အဖြစ်မျိုးရှိတော့မှာ မဟုတ်ပါ ဘူး၊ စုန်းပြူးတွေ ကျန်နေသေးရင်လည်း အားနွဲ့တဲ့မိန်းမသားတွေ အောင်မြင်ချင်တဲ့ မိန်းကလေးတွေကို စောင့်ရှောက်ပေးလိုက်ပါ"

"အေးပါ သမီးရဲ့"

ဦးအောင်ထင်ကျော် အားရပါးရ ခေါင်းညိတ်လိုက်သည်။ ရိုးသား စွာ အောင်မြင်လာသော သမီးကြောင့် ကိုယ့်မှာဘယ်လောက်တောင် ဂုဏ်သိက္ခာတက်လိုက်သလဲ။

ကိုယ့်ကြောင့် သမီးလေး ဂုဏ်သိက္ခာ မညှိုးနွမ်းအောင်တော့ ကိုယ်က စည်းစောင့်ထိန်းသိမ်းတော့မှာပေါ့။

ဒါလည်း မိဘဝတ္တရားမို့ . . . ။

■ ■ ■

## အခန်း (၂၆)

"ဝတ္တရားအရ မဟုတ်ဘူး၊ ဂုဏ်ယူတဲ့ ဂုဏ်ပြုတဲ့အနေနဲ့ ပေး တာပါ၊ ရော့ ယူပါ ကောင်လေး"

ဦးနိုင် လက်ထဲမှာ ကိုင်ထားသော ကားသော့မှန်း သိရဲ့နဲ့ သာဓက လက်လှမ်းမယူမိ။ ဦးနိုင်က စိတ်မရှည်တော့သလို အနားမှာ ဝင်ထိုင်ရင်း သူ့လက်ထဲကို ဖွတ်အတင်း ထိုးထည့်သည်။

"မင်း ဘာဖြစ်နေတာလဲ၊ အစတည်းက ဝယ်ပေးမယ်လို့ ပြော ထားတာပဲ"

"ဟင့်အင်း ကျွန်တော် မယူချင်တော့ဘူး ဦးနိုင်"

"ဘာဖြစ်လို့လဲ"

"ဦးနိုင်ဆီက တန်ဖိုးကြီးတာတွေ လက်မခံချင်တော့လို့ပါ"

"ဘာလို့ လက်မခံချင်တာလဲ၊ ဒါတွေက မင်းတစ်နေ့ အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါ''

''ဦးနိုင်က ကျွန်တော့်ကို တကယ်ရော အောင်မြင်စေချင်လို့လား''

''ဟင် မင်းဘယ်လို မေးလိုက်တာလဲ ကောင်လေး၊ မင်းကို အောင်မြင်စေချင် ဖြစ်စေချင်လို့ ဒီလောက်ပံ့ပိုး ဖြည့်ဆည်းပေးလာခဲ့တာပေါ့''

''ဒါဆို ဘုန်းမယ်ဘွဲ့နဲ့ပတ်သက်ပြီး ဘာလို့ဒီလောက်တောင် ကန့်ကွက်နေတာလဲ''

''သြော် ကောင်လေးက ဟိုနေ့ကကိစ္စကို စိတ်ကောက်နေတာထင်တယ်၊ ဒါက မင်းကို''

''ချုပ်ကိုင်သွားမှာ၊ စည်းရုံးသိမ်းသွင်းသွားမှာ စိုးလို့လို့ ပြောဦးမလို့လား၊ အတွေ့အကြုံမရှိလို့ အမှားအယွင်း ဖြစ်နိုင်တယ်ဆိုရင်လည်း သိမ်သိမ်မွေ့မွေ့ ထိန်းသိမ်းစောင့်ရှောက်ပေးရုံနဲ့ မရဘူးလား ဦးနိုင်၊ အခုက အရမ်းကို ရုပ်ပျက်တယ်၊ မျက်နှာလည်းပူရတယ်''

သူ့ဘက်က လေသံမာမာဖြင့် တုံ့ပြန်မည် မထင်တာကြောင့် ဦးနိုင် အံ့သြနေဟန်တူသည်။

''ကောင်လေး''

''ကျွန်တော် ဦးနိုင် စေတနာကို နားလည်ပါတယ်၊ ဒါပေမဲ့ ဘုန်းမယ်ဘွဲ့နဲ့ပတ်သက်ပြီး ခါးခါးသီးသီး ကန့်ကွက်နေတာတော့ နားမလည်နိုင်ဘူး''





''မင်း ငါ့စိတ်ဓာတ်ကို မသိပါလား''

''ဗျာ''

''ဟို ဒီ ဒီလိုပါ ကောင်လေး၊ မင်းကို ဒီလိုအချိန်မှာ ဒီလိုမျိုး ထိန်းချုပ်ထားတာကို မင်းတစ်နေ့ နားလည်လာမှာပါ''

''ရှေ့ကိုရောက်ဖို့ လှမ်းနေရတဲ့အချိန်မှာ ခြေထောက်ကို ရိုက်ချိုးထားသလို မဖြစ်ရင်ကောင်းမှာပဲ၊ ကျွန်တော့်မှာ အခြေခံ အရည်အချင်း အစွမ်းအစ မရှိပါဘူး ဒါပေမဲ့''

စကားပြောနေစဉ်မှာ ဦးနိုင်ရဲ့လက်တွေ သူ့ပခုံးပေါ် သိုင်းဖက်လာတာမို့ မသိမသာ ရှောင်ဖယ်၍ ထရပ်လိုက်သည်။ ပွတ်သီးပွတ်သပ်နေခြင်းကို အရင်လို မသတီတော့ပါ။

''စကားပြောနေရင်းနဲ့ ဘယ်သွားမလို့လဲ ကောင်လေး''

''ရေသောက်ချင်လို့ပါ၊ ရေယူလိုက်ဦးမယ်''

ကိုယ့်ကိုယ်ကို မလုံခြုံသလို ခံစားရပြီး ယောင်တောင်တောင်နှင့် ရေခဲသေတ္တာထဲက ရေတစ်ဘူး ယူသောက်ရသည်။ ဒီလိုလုပ်လိုက်ရတာလည်း ဦးနိုင်ကို မျက်နှာပူ အားနာသလိုကြီးပါ။

ခုချိန်ထိ ဦးနိုင်ကို ဟိုဟာဒီဟာ မဖြစ်နိုင်ဟု ယုံကြည်နေချင်ဆဲပင်။ သူရေသောက်ပြီးသည့် အချိန်မှာတော့ ဦးနိုင်နှင့် စားပွဲခုံခြားထားသော ထိုင်ခုံမှာ ဘာမှမဖြစ်သလို ဝင်ထိုင်လိုက်သည်။ ဦးနိုင်က မျက်မှောင်ကြုတ်သွားပေမယ့် ဘာမှတော့မပြော။

''ဦးနိုင် ဒီနေ့စက်ရုံ မသွားဘူးလား၊ ကျွန်တော်တော့ သင်တန်း



www.burmeseclassic.com

www.burmeseclassic.com



သွားတက်ရဦးမယ်"

"ခုနက စကားကို ဆက်ပါဦးလား"

"ကျွန်တော် ဦးနိုင်နဲ့ ပဋိပက္ခမဖြစ်ချင်ဘူး၊ ဦးနိုင်ကို ကျွန်တော့်ရဲ့ ကျေးဇူးရှင်တစ်ယောက်အနေနဲ့ တခြားလူတွေလို မစော်ကားမိအောင် နေသွားချင်တယ်၊ ပြီးတော့ ကျေးဇူးဆပ်ခွင့်လည်း ရချင်တယ်"

"ကဲပါ အဲဒါတွေ မပြောပါနဲ့တော့၊ မင်းသင်တန်းသွားမယ်ဆို ကားယူသွားလေ၊ မင်းကားလည်း မောင်းတတ်ပြီး လိုင်စင်လည်း ရနေပြီ မဟုတ်လား"

"ကျွန်တော် မယူချင်သေးဘူး၊ ကိုယ်တိုင် မောင်းလောက်အောင်လည်း မရဲသေးလို့ပါ"

"ဒါဆိုလည်း ဦးနိုင်တို့ အပြင်ထွက်ရင်းနဲ့ မင်းကို သင်တန်းပို့ခဲ့မယ်၊ အပြန်လည်း ထုံးစံအတိုင်း ကျော်သက် လာကြိုမှာပေါ့၊ တခြားကားကြုံနဲ့တော့ မပြန်နဲ့၊ သူများကို ကျေးဇူးတင်စရာ ဖြစ်နေမယ်"

"ဟုတ်ကဲ့ပါ ကျွန်တော် ဆင်ခြင်ပါ့မယ်"

ပြီးစလွယ်ပဲ သူ ကတိပေးလိုက်သည်။ မဟုတ်ရင် ကားကို ဖွတ်အတင်း ပေးနေဦးမှာ။

ဒီလိုနှင့် ဦးနိုင်တို့ကားနှင့်ပင် သင်တန်းကို ရောက်လာခဲ့သည်။ မနန်းကို မျက်နှာပူပေမယ့် မနန်းကိုပဲ အရင်ဆုံး ရှာမိ၏။ မနန်းက သင်တန်းပေးသော နေရာမှာလည်း မရှိ၊ ညှိသည်တွေအတွက် သီးသန့် ညှိခန်းထဲမှာလည်း မရှိ။





"ဒီမှာ ဒီမှာခင်ဗျ မနန်းကို ဘယ်မှာမြင်မိလဲ"

ဖြတ်သွားသော သင်တန်းသူတစ်ယောက်ကိုပဲ လှမ်းမေးရသည်။

"မနန်းက နားနေခန်းဘက် အခုလေးပဲ ထွက်သွားတယ်"

"ဪ ကျေးဇူးပဲနော်"

မနန်း ရှိရာ နားနေခန်းဘက် ထွက်လာခဲ့သည်။ မနန်းက ကော်ဖီခွက်ကို ကိုင်လျက် ဂျာနယ်တစ်စောင် ဖတ်နေ၏။

"မနန်း"

"ဪ သာခေ၊ သော်ကာဘက်ကို သွားကြည့်တာ မမြင်လို့ မလာတော့ဘူးတောင် ထင်နေတာ"

"ဟုတ်ကဲ့ ဦးနိုင်နဲ့ စကားပြောတာ ကြာသွားလို့ နောက်ကျသွားတာပါ"

"ဟုတ်လား ဒီမှာ ဟိုနေ့ကသတင်းပါလာလို့ ကြည့်နေတာ"

"ဟင် ဂျာနယ်ထဲ ပါလာပြီးပေါ့ ဘာတဲ့လဲ မနန်း"

"ဖတ်ကြည့်လေ ဂျာနယ်တွေက သာခေကို ချီးမွမ်းပြီး ရေးထားတာနော်၊ မီဒီယာမှာ ပေါက်သွားတာ သာခေ အောင်မြင်ဖို့ သေချာပြီဆိုတဲ့ အတိတ်နိမိတ်ပဲ၊ ဪ ဟိုနေ့က ဦးနိုင်အလုပ်ကိစ္စအကြောင်း ပြောဖို့ ပြန်ခေါ်သွားတာ အဲဒီကိစ္စ အဆင်ပြေလား"

မနန်း လက်ထဲက ဂျာနယ်ကို လှမ်းယူပြီး သူဘယ်လိုဖြေရမှန်း မသိဖြစ်သွား၏။ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ဖြစ်ကာ

"ဒီနေ့ ဘုန်းမယ်ဘွဲ့ မလာဘူးလား မနန်း"



www.burmeseclassic.com

www.burmeseclassic.com



မေးတာကို မဖြေနိုင်တော့ ကိုယ်ကပဲ ငဲမေးခွန်းပြန်ထုတ်လိုက်၏။ မနန်းက လက်ကနာရီကို မြှောက်ကြည့်၍

"ရှုတင်မသွားခင် ဝင်လာမယ်ဆိုလို့ မနန်းစောင့်နေတာ၊ ခုနအိမ်တထွက်လာတုန်းက ဖုန်းလှမ်းဆက်တာဆိုတော့ ရောက်လာတော့မှာပါ၊ သာခေကက မယ့်ကိုတွေ့ချင်လို့လား"

"ဟုတ်ကဲ့ ဟိုနေ့က ပြန်သွားလိုက်ရတာ တောင်းပန်ချင်လို့၊ အဲဒီနေ့က မယ့်ကို ကျေးဇူးတင်စကားတောင် မပြောလိုက်ရဘူး"

"အင်း ဦးနိုင်က တစ်မျိုးပဲနော်၊ တို့တွေအကုန် စိတ်မကောင်းဖြစ်နေကြတာ၊ တစ်ခုခုကိုလည်း စိုးရိမ်သွားတယ်"

"ဗျာ ဘာကိုလဲ"

"ပြောရမှာ ဘယ်လိုကြီးမှန်း မသိဘူးကွယ်၊ ဟိုလေ မင်းအရင်ကောင်လေးနှစ်ယောက်နဲ့တုန်းကလည်း ဦးနိုင် အဲလိုဖြစ်ဖူးတယ်"

"ဟုတ် မနန်း ပွင့်ပွင့်လင်းလင်း ပြောကြည့်ပါ"

သာခေ တိုက်တွန်းလိုက်တော့ မနန်း မျက်နှာပူမနေတော့ဘဲ

"အဲဒီနှစ်ယောက်ကလည်း မင်းလို ချောချောလေးတွေပဲ၊ အောင်မြင်ချင်တော့ ဦးနိုင်ကို တွယ်ကပ်ကြတာပေါ့လေ၊ ဦးနိုင်က ငွေအင်အားတက်နိုင်တယ်၊ ဒီလောကနဲ့ အကျွမ်းတဝင်ရှိတယ်၊ ဖြစ်အောင်လုပ်ပေးလို့ သူ့ပါးစပ်ကပြောလိုက်ရင် ဖြစ်အောင်လုပ်ပေးချင်တဲ့ သူတွေတစ်ပုံကြီးပဲ"

"အခု အဲလိုလုပ်ပေးလိုက်လို့ ဖြစ်သွားကြတာလား"





"ဖြစ်သွားကြတာလားဆိုတော့ ဘယ်လိုပြောရမလဲ၊ ဦးနိုင်ကအရမ်းစေတနာကောင်းပါတယ်၊ ကူညီဖေးမချင်စိတ်ရှိတယ်၊ ဒါပေမဲ့နောက်ပိုင်းမှာ သာခေအပေါ် ဆက်ဆံသလိုပဲပေါ့၊ လွှမ်းမိုးချုပ်ကိုင်ချင်တယ်၊ အတင်းအကျပ် ပုံစံမျိုးတွေဖြစ်လာတယ်၊ သူ မပါရင် ဘယ်လမ်းမှမသွားရတဲ့ အခြေအနေမျိုးထိပဲ၊ နောက်ဆုံးတော့ ဘယ်လိုကနေဘယ်လို ခွာပြသွားကြတာလဲတော့ မသိဘူး။ အောင်မြင်သွားမှ ဦးနိုင်ကို ခြေစုံကန် ထွက်သွားတယ်တွေ ဘာတွေဖြစ်ကုန်ရော"

"ဪ"

"တချို့ကျတော့လည်း ဝေဖန်ကြတာပေါ့၊ ပိုင်းလုံးလုပ်တယ်၊ ယောက်ျားချင်းတောင် စပွန်ဆာထားတယ် ဘာညာနဲ့၊ ချုပ်ကြိုက်စားလို့အားရမှ စော်ကားသွားတယ်ပေါ့လေ၊ ဦးနိုင်ဘက်ကလူတွေက ဦးနိုင်ဘက်က မခံချင်ဖြစ်ကြတယ်၊ ဟိုဘက်ကကျတော့လည်း ဦးနိုင်က မတော်တရော်စိတ်မွေးလို့ ထွက်ပြေးရတယ်တဲ့၊ သတင်းသဲ့သဲ့ ထွက်လာတာ"

"ဟင်"

"ဦးနိုင်ကို မိန်းမလို မိတ်ကပ်တွေလိမ်း၊ မိန်းမအင်္ကျီတွေဝတ်တာ မြင်ဖူးတဲ့သူတောင် ရှိတယ်ဆိုပဲ"

ဒါကိုတော့ သာခေ မျက်လုံးလေးပြူးလျက် အံ့သြသွားသည်။ သူတော့ တစ်အိမ်တည်းမှာနေပြီး တစ်ခါမှ မမြင်ဘူးသေးပေ။

"အဲဒါတော့ ဟုတ်ပါ့မလား မနန်း။ ကျွန်တော်အိမ်မှာ နေနေတာပဲ ဦးနိုင်ကို တစ်ခါမှ အဲလိုမျိုး မမြင်ဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မနန်းလည်း မမြင်ဖူးပါဘူး၊ ဦးနိုင်က ယောက်ျားပီသတယ်၊ ခံ့ညားတယ်၊ အလုပ်အပေါ်မှာ အာရုံဝင်စားမှုရှိလို့ အောင်မြင်တယ်၊ လေးစားထိုက်တဲ့ လူတစ်ယောက်ပါ၊ သတင်းတွေအရလည်း ကောလာဟလပဲ ဖြစ်ပါစေလို့ ဆုတောင်းတယ်၊ ဒါပေမဲ့ ဟိုနေ့က အဖြစ်အပျက်က သာခေကို အရမ်းကို သဝန်တိုနေတဲ့ ပုံစံဖြစ်နေတော့လေ၊ ပြီးတော့ သာခေလက်ကို လုံးဝမလွှတ်ဘဲနဲ့"

"ဟုတ်တယ် အဲဒီအတွက် မနန်းနဲ့မယ့်ကို အားနာနေတာ၊ ရုပ်ပျက်ဆင်းပျက် နိုင်တယ်လို့လည်း ထင်မိတယ် ပြီးတော့"

ကိုယ့်အပေါ် ဆက်ဆံတာတွေ မရိုးသားဘူးလို့ ခံစားနေရတယ်ဟု ပြောမိလျှင် ဦးနိုင်ကို ကွယ်ရာမှာ အပုပ်ချသလို ဖြစ်မှာစိုး၍ စကားကို ဆက်မပြောဖြစ်။

ထိုအချိန်မှာ ဘုန်းမယ်ဘွဲ့ ကားလေး၊ မနန်းတို့ခြံဝင်းထဲ ချိုးကွေ့ဝင်လာသည်။ ပန်းဆီရောင် သရီးကွာတားလေးနှင့် စပို့ရှပ် အဖြူလေး၊ တွဲဝတ်လာသော ဘုန်းမယ်ဘွဲ့ရဲ့ ကလေးဆန်ဆန် ချစ်စရာ အမူအရာလေးကို မြင်လိုက်ရချိန်မှာ သူ့ရင်က ဖျပ်ခနဲခါ၊ ဒိန်းခနဲ မြည်၏။

"ဟယ် သာခေ ရောက်နေတာလား၊ မယ်က သင်တန်းတောင် တက်ဖြစ်ပါ့မလားလို့ ထင်နေတာ"

"ဘာလို့ အဲလိုထင်တာလဲ"

ထိုင်ခုံတစ်ဖက်စွန်းကို နေရာပေးရင်းမေးတော့ ဘုန်းမယ်ဘွဲ့က





မျက်တောင်ဖျားတို့ခတ်၍ ဝင်ထိုင်ရင်း

"အဲဒီနေ့က ဦးနိုင်ပြောတဲ့ အလုပ်ကိစ္စ အဆင်ပြေလို့ သင်တန်းတက်စရာ မလိုတော့ဘူးလို့ ထင်တာပေါ့၊ အခု သော်ကာဘက်မှာ ရှိမနေတော့ မနန်းကို သင်တန်းမတက်တော့ဘူးလို့ ပြောနေတာလား"

"ထင်ရာတွေ ပြောနေတော့တာပဲ မယ်ရယ်၊ အသက်လေး ဘာလေး ရှူပါဦး၊ ကော်ဖီသောက်မလားဟင် ကျွန်တော်ယူပေးမယ်"

"လောကွတ်မလုပ်ပါနဲ့ အိမ်က သောက်ခဲ့ပြီးပါပြီ၊ အခု မယ့်ကို ထင်ရာတွေပြောနေတယ်ဆိုတော့ ဦးနိုင်ပြောတဲ့ အလုပ်ကို လက်မခံရသေးဘူးဆိုတဲ့ သဘောလား"

"အင်း"

"တော်ပါသေးရဲ့"

"ဘာဖြစ်လို့လဲ"

"ဩော် မယ်က ဖေဖေ့ကို ဦးနိုင်ဆီ အလုပ်ကိစ္စပြောခိုင်းနေတာ"

"အလုပ်ကိစ္စ"

"အင်း သာခေကို သူများတွေထက် အရင်ဦးအောင် စာချုပ်ထားဖို့လေ၊ သူများတွေ လူသစ်တန်းကို ပေးတဲ့ဈေးထက် ပိုပေးဖို့ နိုင်တောင်းဆိုသမျှ လိုက်လျောဖို့ ပြီးတော့ ကိုယ့်တိုက်က စာချုပ်မယ့် သူများတိုက်တွေက ဒီဇီဒီတို့ ရုပ်ရှင်ကားကြီးတို့ ရိုက်ချင်ရင်လည်း ပြုတဲ့အကြောင်း အဲဒါတင်မဟုတ်သေးဘဲ ဗီဒီယိုပါ ရိုက်ချင်သေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလည်း အလျှော့အတင်းအားလုံး အဆင်ပြေအောင် လုပ်ပေးဖို့ မှာလိုက်တယ်''

ဘုန်းမယ်ဘွဲ့က တက်တက်ကြွကြွပင် ပြောနေသည်။ ဒီ[illegible] အခွင့်အရေးမျိုးပေးတာတောင် ဦးနိုင် လက်မခံလောက်ဘူးလို့ ဘုန်းမယ်ဘွဲ့ကို ဘယ်လိုပြောရမလဲ။

မနန်းကလည်း သူ့အတွက် ဝမ်းသာနေကာ

''သာဓကတို့တော့ ထင်ဖေါ်လို့ စင်တော်က ကောက်ပြီ[illegible] မယ်တို့ကတော့ လာဘ်မြင်တယ်ပေါ့၊ ဒီအကြောင်းပြောချင်လို့ မနန်း[illegible] ဝင်ခဲ့မယ်လို့ ပြောတာပေါ့လေ''

''အင်း မနန်းကို ဒီလိုလုပ်လိုက်တယ်ဆိုတာ တိုင်ပ[illegible] လို့ သင်တန်းမပြီးသေးတော့ မနန်းကလည်း သာဓ[illegible] ဘာဝန်ရှိ[illegible]လေ''

''အံမယ်လေး ဦးနိုင်ကိုတော့ မကျော်ရ[illegible]ဘူးကွယ်၊ သူလှ[illegible] ဟိုလိုလုပ်တယ်၊ ဒီလိုလုပ်တယ်လို့ ထင်သွားရင် မနန်းတို့ စားပေါက်[illegible] သွားပါဦးမယ်၊ ကဲ နှစ်ယောက်သား တို[illegible]ငကြ၊ မနန်းကတော့ သာဓ[illegible] သူ့ကိုယ်သူ ဆုံးဖြတ်ချက် ချနိုင်ပါစေပဲ ဆုတောင်းပေးတော့မယ်''

မနန်းက အလိမ္မာလေးနှင့် ရှောင်ထွက်သွားသည်။ ဒီကို[illegible] ဝင်ပါလျှင် ဦးနိုင် ငြိုငြင်ခံရမှာ စိုးလို့နေမှာပါ။

''သာဓက''

''ဟင်''

''မယ်က အခွင့်အရေးတစ်ခု ပေးတယ်လို့တော့ မပြော[illegible]





ဘူး။ အခု ဒီသတင်းကြားတာကို သာဓက ဘယ်လို့ပျော်မသွားတာလဲ''

''ကျွန်တော် ဆုံးဖြတ်ချက်ချရမယ့် ကိစ္စမဟုတ်ဘူးထင်တယ်၊ ဦးနိုင်က''

''လက်မခံလောက်ဘူးလို့ ပြောချင်တာလား၊ သူက ဒီလိုအခွင့်အရေးကောင်းကိုမှ လက်မခံရင် သာဓကအတွက် ဘာလုပ်ပေးနိုင်မှာမို့လဲ''

''အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး''

''မယ်တို့လိုမျိုး တစ်ဖက်က ကမ်းလှမ်းတဲ့သူ ရှိနေလို့လား''

''[illegible] နိုတော်မသိဘူး''

''ဟင် [illegible]သိတာလည်း ဘာမှမရှိဘူး။ ဦးနိုင်က ရှင့်ကို ဘာဖြစ်[illegible]ချင်နေ''

''မသိဘူး''

မသိတာတွေ များနေသော သာဓ[illegible]ကိုကြည့်၍ ဘုန်းမယ်ဘွဲ့ အော်ဟစ် ရယ်ပစ်လိုက်[illegible]သည်။ ရိုးတာ အတာလား။

ဦးနိုင်က အသိဉာဏ်တွေ မဖွံ့ဖြိုးအောင် အမှောင်ချထားတာကြောင့်လား။

''သာဓက''

''ဗျာ''

''အခု ဒီအခွင့်အရေးကို သာဓက လက်မခံချင်ဘူးလား''

''ဆုပ်ကိုင်ခွင့်ရမယ့် အောင်မြင်မှုကို ကျွန်တော် မယူချင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါမလား''

''ဒါဆို သာခေ ကိုယ့်ဘာသာ ဆုံးဖြတ်ချက်ချသင့်တယ် ကိုယ့်ဘဝအတွက်ပဲလေ၊ ဦးနိုင်ကို စော်ကားတာမျိုးမှ မဟုတ်တာ၊ သူ ပေးကမ်းထောက်ပံ့တာကိုပဲ ကျေးဇူးတင်နေလို့ မဖြစ်ဘူး၊ အောင်မြင်မှု ဆိုတာရှိမှ သူ့ကိုလည်း ကျေးဇူးဆပ်ခွင့်ကြုံမှာ''

''ကျွန်တော်လည်း အဲလိုတွေးပါတယ်၊ ရုန်းထွက်ချင်တယ် ပဲ ပြောပြော၊ ကျွန်တော်ဘာဖြစ်ဖြစ် စွန့်စားပစ်လိုက်ချင်တယ်၊ အခု လောင်းရိပ်မိနေသလိုပဲ အရမ်းမွန်းကျပ်နေတယ်''

''သာခေ''

ဘုန်းမယ်ဘွဲ့ စိတ်မကောင်းဖြစ်သွားသည်။ ပတ်ဝန်းကျင်ရဲ့ ကောလဟာလတွေကြောင့် သာခေ ထွက်ပေါက်ပိတ်မိနေတာ ဖြစ်မှာ သက်ဆိုင်မှု မရှိတာမို့ ပွင့်လင်းစွာ အားပေးခွင့်မရတာကို ကိုယ့်ကိုယ် အားမလိုအားမရ ဖြစ်မိသည်။

''ကျွန်တော်လေ ဒီလိုတွေဖြစ်မယ်မှန်းသိရင် ဦးနိုင် အရိပ် မခိုခဲ့ပါဘူးဗျာ''

''ရုန်းထွက်ချင်စိတ်ရှိရင် လွတ်မြောက်မှာပါ၊ အဲဒါကြောင့်လည်း ဒီလို ဒီအကြောင်းရှိတယ်၊ လုပ်ပေးပါလို့ ဖေဖေကို မယ် အကူအည တောင်းခဲ့တာ''

''မယ် ကျွန်တော်အပေါ် စေတနာထားတယ်နော်၊ ပဋိပက္ခဖြ တာတွေအတွက် ကျွန်တော်ထပ်ပြီး တောင်းပန်ပါတယ်''





''ဒါခံ့တွေခြင်းအစပဲလေ၊ ရန်သူအဖြစ်နဲ့ ဆုံချင်လည်း ဆုံမှာ ပဲ၊ ပဋိပက္ခဖြစ်ချင်လည်း ဖြစ်မှာပဲပေါ့၊ အခုချိန်မှာ မယ့်ကို ယုံကြည်ရင် အသိအမှတ်ပြုရင် တော်ပါပြီ''

''ချစ်လို့ရော မရဘူးလား မယ်''

''ရှင်''

အံ့အားသင့်သွားလျက် အပြောင်အပျက် ပြောလိုက်သလားလို့ မော့ကြည့်မိသော်လည်း သာခေက မင်သေသေ ခပ်တည်တည်ပင်။ ဒီလိုပြောလိုက်လို့ သူမရင်တွေ ခုန်သွားနိုင်တာကိုလည်း အားနာပုံမရ။

''ကျွန်တော်မေးတာ ဖြေဦးလေ မယ်ရဲ့၊ ချစ်လို့ရော မရဘူး သားလို့''

''ရှင်မေးပုံကြီးကလည်း ချစ်လို့ရပါတယ်လို့ အရှက်မရှိ ပြောရ ကလား၊ မရပါဘူးလို့ မစားကောင်းတဲ့အသီးလို့ ငြင်းရမှာလား''

''မယ် ဆန္ဒရှိသလိုပဲ ဖြေပါ၊ ကျွန်တော်ကတော့ မွန်းကျပ် တ်လှောင်နေတဲ့ စိတ်တွေကြောင့် ရင်ခွင်တစ်ခုမှာ အားကိုးရှာပြီး ပုန်း အောင်းနေချင်တယ်''

''အဲဒါ မယ်မှဖြစ်မှာလား၊ ရှင် အောင်မြင်လာရင် ရင်ခွင်ငှား င်တဲ့သူတွေ ရှင့်အနားမှာ ဝိုင်းဝိုင်းလည်နေမှာ''

''အဲဒီအချိန်မှဆိုရင် အောင်မြင်မှုကိုပဲ အာသာငမ်းငမ်း မက် ာတဲ့ အချစ်အတု အယောင်တွေပဲ ဖြစ်မှာ''

''အခုမယ့်ဆီက အချစ်စစ် အချစ်မှန်ရမယ်လို့ ရှင်ထင်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့''

''ခွန်အားတစ်ခု ဖြစ်မယ်ဆိုရင် တစ်သက်လုံး ကိုးကွယ်ထားချင်တယ် မယ်၊ မတူမတန်သေးဘူးလို့ ထင်ရင် အခုရပ်တန့်ပြီး အောင်မြင်တဲ့ တစ်နေ့ကျမှ မယ့်ဆီက အဖြေကိုတောင်းပါ့မယ်''

သာခေကပြောပုံက မိန်းကလေးမို့ အချိန်ဆွဲမိရင်တောင် အပြစ်ကျူးလွန်မိသလို ဖြစ်ဦးမည်။ ထိုအချိန်မှဆိုလျှင်တော့ လူကိုမချစ်ဘဲ အောင်မြင်မှုကိုပဲ မက်မောတဲ့သူ ဖြစ်သွားနိုင်၏။ သူမ နှုတ်ခမ်းပါးမှာ ရှက်ပြုံးလေးက လွင့်ခနဲ

''ရှင့်ကို မယ်ချစ်ပါတယ်''

''ဘာ''

''ရှင်ကလည်း ကြားရဲ့သားနဲ့ ဘာလို့အော်တာလဲ''

''ကျ ကျွန်တော်က မယ် အဲလိုပြောလိမ့်မယ် မထင်လို့''

''အဲလိုမပြောလို့ ကင်းမြီးကောက်ထောင် ပြောရမှာလား။ အခု ချက်ချင်းအဖြေပေးလို့ ရှင် မယ့်ကို အထင်သေးမယ်တော့ မကြံနဲ့ အားကိုးချင်တယ်ဆိုလို့ မိန်းကလေးတန်မဲ့ မူချိန်တောင်မရဘာ၊ နောက်မှ ဆိုလည်း လူကို ချစ်တာမဟုတ်ဘူး။ ဘာညာတွေ စွပ်စွဲခံရမှာစိုးလို့''

မယ် ပြောပုံလေးက ဟန်ဆောင်မှုတွေ မာနတွေမပါတာနဲ့ ဘယ်လို ချစ်မြတ်နိုးသွားမိမှန်း မသိပေ။ မချင့်မရဲဖြစ်ကာ သူမလက်က လေးကို ဆုပ်ညှစ်မိပြီး

''မယ် ကျွန်တော့်ဘက်က ရပ်တည်ပေးမယ်ဆိုရင် ကျွန်တော်





အားရှိသွားပြီမယ်''

''အားရှိရုံနဲ့ ဘယ်ဖြစ်မှာလဲ၊ သတ္တိလည်းရှိမှဖြစ်မှာ ဦးနိုင်ကို ရှင် ရင်ဆိုင်ရဲပါ့မလား''

''ကျွန်တော် ဦးနိုင်ကို လေးစားပါတယ်၊ ကျေးဇူးတရားတွေကိုလည်း မမေ့ဘူး။ ဆပ်ခွင့်လည်းကြုံချင်တယ်၊ နာမည်ဆိုးကြီးနဲ့ ရုန်းထွက်သွားတာမျိုးလည်း မဖြစ်ချင်ဘူး''

''ရှင် ရိုးသားတာ မယ် ယုံသွားပြီ သိလား၊ ဖေဖေ ဦးနိုင်ဆီသွားတာ အဆင်ပြေခဲ့ရင် ကောင်းမှာပဲ၊ ဘာပြဿနာမှ မရှိဘဲ အေးအေးချမ်းချမ်းလေးနဲ့ဆိုရင် သာခေ စိတ်မပင်ပန်းရတော့ဘူးပေါ့''

''အင်း''

''ဘယ်အချိန်တည်းကလဲ''

''အဲဒါတော့ မပြောတော့ဘူး သာခေရယ်၊ မယ့်ရင်ထဲ ရှင် ဘယ်အချိန်တည်းက ရောက်နေပါတယ်လို့ မယ်ဝန်ခံလိုက်ရင် မယ်အရှက်နည်းလွန်းရာကျလိမ့်မယ်၊ ဒီအတိုင်းပဲ သိထားနော်၊ မယ်ရှင့်ကိုချစ်တယ်''

''မယ်ရယ်''

ရင်ခွင်မှာ နွဲ့နွဲ့လေးမှီတွယ်လာသော မယ့်ကို သူ ဖွဖွလေး ဖက်ရင်း ရင်ခုန်သံတွေ ငြိမ့်ငြိမ့်လေး စီးမျောနေသည်။

ရင်ခုန်သံဆိုတာ အချစ်ရဲ့ဂီတသံစဉ်တွေမှန်း သူအခုမှသိတာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"မသိချင်ဘူး ဦးထင်ကျော်၊ ခင်ဖျား ပြောတာတွေ ကျွန်တော် ဘာမှ စိတ်မဝင်စားဘူး"

"အဲလို ဘူးခံမငြင်းပါနဲ့ ကိုနိုင်ရယ်၊ အလုပ်သဘောအရ ညှိနှိုင်းတာ ဆွေးနွေးတာမျိုး လုပ်ပါ၊ ဘယ်လိုရလဒ်မျိုးလိုချင်လဲ ဘယ်လိုအခွင့်အရေးမျိုး တောင်းဆိုချင်လဲ၊ တခြားလက်ခံထားတာ မရှိသေးဘူးလို့ သိထားလို့ ခုပြောတာကို စဉ်းစားပေးစေချင်တယ်"

"ကျွတ် ခက်တာပဲ၊ သာခက ပညာနုသေးတယ်၊ သူ ရုပ်ရှင်ရိုက်ဖို့ ခွင့်မပြုနိုင်သေးဘူး၊ ယယ်ရှယ်ဖျတ်လတ်မှုနဲ့ သူ့ရဲ့စန်းကြောင်အခု စိတ်ဝင်စားကြပေမယ့် ရင့်ကျက်မှုမရှိသေးလို့ လမ်းခုလတ်မှာ ပြုတ်ကျမှာ ကျွန်တော် စိုးရိမ်တယ်၊ ဒါကြောင့်"





"အဲဒါက ကိုနိုင် တွေးပူရမယ့်ကိစ္စ မဟုတ်ဘူးထင်တယ်"

"ဘာ"

"ဟုတ်တယ်လေ သူ့ကိုစင်ပေါ်တင်ပေးမယ့် ဦးတို့က ဖြစ်မလား မဖြစ်ဘူးလား မသိဘဲ အရင်းအနှီး စိုက်ထုတ်ရမှာ တောင်မြင်လို့ ရာစွန့်ရတာ လုပ်ငန်းသဘောအရ ဆိုပေမယ့် မသေချာတာကို ပုံအောရင်းတာ ကံကြမ္မာကို စိန်ခေါ်ရတာနဲ့ အတူတူပါပဲ၊ မင်းလည်း ဒီလောကအကြောင်း သိပါတယ်"

လွှမ်းမိုးနိုင် စိတ်မရှည်သလို ကျွတ်ခနဲ ညည်းညူလိုက်မိသည်။ လက်မခံပါဘူးလို့ ငြင်းနေတာကို ဘာကြောင့် တွယ်ကပ်ညှိနှိုင်းနေရတာလဲ။ မဖြစ်ဘူးဆို ထပြန်ရုံပဲရှိတာကို။

"ဦးထင်ကျော်"

"ပြောပါ ကိုနိုင်"

"ခင်ဖျားကို ဒီလိုလာဖို့ ဒီလိုစိတ်ရှည်ရှည်နဲ့ ညှိနှိုင်းခဲ့ဖို့ ဘုန်းမယ်ဘွဲ့က မဖြစ်မနေမှာလိုက်တာလား"

"ဟုတ်တယ်"

"ထင်သားပဲ ဒါကြောင့်လည်း ကျုပ်ကလက်မခံချင်တာ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ သာခကို ခင်ဖျားသမီးက ကျုံးသွင်း အသုံးချချင်နေတာ ကျုပ်သိတယ်၊ သာခကကို တစ်ဖက်သတ် စိတ်ဝင်စားပြီး ကျုပ်ဆီကနေ ဆွဲထုတ်ဖို့ ကြိုးစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"တက်ဖက်သက်လို့ မင်းကိုတယ်လှူပြောလဲ၊ သာခကေကိုယ်တိုင်ကလည်း ရှန်းထွက်ချင်နေတာ"

"ဘာ"

"လွှတ်မြောက်ချင်စိတ်ရှိပေမယ့် အောင်မြင်မှုကို လက်မလွှတ်နိုင်တာ သာခက မမှားဘူး။ မင်းကသာ ချုပ်ကိုင်မထားဘဲ လွှတ်ပေးသင့်တာ"

"ခင်ဗျား ဘာတွေပြောနေတာလဲ"

လွှမ်းမိုးနိုင် စိတ်တွေ ဆူဝေယောက်ယက်ခတ်လျက် ငြိမ်ငြိမ်ပင် ထိုင်မနေနိုင်။ ဖြုန့်းခနဲထရပ်ပြီး ဆိုဖာခုံကို တစ်ပတ်ပတ်ပြီးမှ ပြန်ဝင်ထိုင်သည်။

ဦးအောင်ထင်ကျော်က မမိုန်မသုန်ပင် ကြည့်နေပြီး

"သာခက စိတ်ဆင်းရဲ စိတ်ပင်ပန်းနေတာကို မကြည့်ရက်လို့ သမီးက ဒီလိုအခွင့်အရေးပေးမယ်ဆိုပြီး အလဲအထပ်လုပ်တာ"

"သူနဲ့ဘာဆိုင်လို့လဲ"

"သူချစ်သူပဲကွ၊ လျစ်လျူရှုနိုင်ပါ့မလား"

"ဘာ ဘာ ဦးထင်ကျော် ခင်ဗျားဘာပြောလိုက်တယ်"

"ဗမာစကားကို စကားပြန်လိုနေလားကွာ၊ သမီးနဲ့ သာခက တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြတယ်၊ အေး ချစ်သူတွေမို့ ဖေးမတာနာပြီး ဒီလိုဆုံးဖြတ်ကြတာ၊ ထပ်ပြောရဦးမှာလား"

ဦးအောင်ထင်ကျော် ရှဲ့မေးတော့ လွှမ်းမိုးနိုင် အံကိုကြိတ်ပြီး





လက်ကာ၍

"မပြောနဲ့တော့ သိပြီ၊ အချိန်တိုတိုလေးအတွင်းမှာ ဒီလိုတွေဖြစ်သွားကြတယ်ဆိုတာ အံ့သြစရာပဲ၊ ခင်ဗျားပြောတာ သေချာတယ်နော်"

"ဟောဗျာ ငါက သမီးရှင်ပါ၊ မင်းကို ဘာညာစရာ အကြောင်းရှိလို့လဲ၊ ကိုနိုင် မင်းစိတ်တွေ နော်မယ်လ်ဟုတ်ပါတယ်နော်"

"အဲဒါ ခင်ဗျားသိစရာ မလိုပါဘူး၊ နေဦး ကျုပ်ပြောတာနားထောင်၊ သာခက ဘဝကို ခင်ဗျားတို့ ခြယ်လှယ်လို့ မရဘူး။ သာခကက ကျုပ်ရဲ့ အုပ်ထိန်းမှုအောက်မှာရှိတယ်၊ ကျုပ်မကျေနပ်ရင် လက်မခံရင် သူဘာမှ လှုန်ကျူးလို့မရဘူး၊ ကျုပ်သဘောမတူရင် ဘာမှလုပ်လို့ မရဘူးဗျာ အဲဒါပဲ"

မျက်စိစုံမှိတ်၍ ခါးခါးသီးသီးပင် ငြင်းပစ်လိုက်သည်။ ဘယ်ချိန်တုန်းက သာခကကို ဆုံးဖြတ်ချက်ချခွင့်ပေးခဲ့လို့လဲ။

ကိုယ့်မှာတော့ တန်ဖိုးထားလိုက်ရတာ။ ပံ့ပိုးဖြည့်ဆည်းလိုက်ရတာ။ အိပ်လည်းဒီစိတ်၊ စားလည်းဒီစိတ်။

အဝတ်အစားဆိုလည်း ဘယ်အရောင်လေးနဲ့လိုက်မလဲ၊ စမတ်ကျမလဲ၊ နေ့စဉ် ဝတ္တရားတစ်ခုလို မပျက်မကွက် ရွေးချယ်ပေးရတာအမော။ အစားအသောက်ကအစ ဂရုတစိုက်ရှိခဲ့ရတာ။

နောက်ဆုံးတော့ မွန်းကျပ်လို့ ရုန်းထွက်ချင်နေတာတဲ့လား။

မစွန့်လွှတ်ချင်ပါ။ ဘယ်သူ့ကိုမှ မပေးလိုက်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မျက်ကွယ်ရာမှာ ဘယ်သူတွေနဲ့ ဘယ်လိုနေမလဲ၊ ကိုယ့်ထက်ပိုပြီး သံယောဇဉ်တွယ်ရမယ့်သူတွေ သွားမလား။

အမြိုးမြိုးရိမ်စိတ်တွေဖြင့် စိတ်မချနိုင်ဖြစ်နေခဲ့ရတာ။ ဒီရင်ကိုတော့ သာဓက မမြင်နိုင်ခဲ့ဘူးလား။ နှလုံးသားထဲက အချစ်တွေ မြတ်နိုးမှုတွေ၊ သာဓကရဲ့ဖက်တွယ်ချွဲနွဲ့မှုတွေကို သာယာခဲ့မိတာတွေ။

ကိုယ်မှားခဲ့သလား၊ ဘာတွေမှားခဲ့လို့လဲ။

"ကိုနိုင်"

"ဟင်"

တွေးတောကာ ငိုင်တွေနေမိခြင်းကို ဦးအောင်ထင်ကျော်ရဲ့ ခေါ်သံကြောင့် ဆတ်ခနဲ တုန်သွားရသည်။

"မင်း အကြောက်အကန် ငြင်းနေတာ သဘာဝမကျဘူး ထင်တယ်"

"မဖြစ်ပါဘူးလို့ ပြောတာကို ခင်ဗျား ဖွတ်တိုးနေတာလည်း ဘောင်တွေကျော်နေပြီ ဦးအောင်ထင်ကျော်၊ အားနာတတ်ရင် ဒီအတိုင်း ပြန်လိုက်ပါလား"

"မဟုတ်သေးဘူး။ သာဓကရဲ့ အနုပညာကြေးကို မင်း ဘယ်လောက်ထိ မျှော်မှန်းထားလဲ၊ ဘယ်လို အခွင့်အရေးတွေ တောင်းဆိုချင်လဲ၊ မင်းပြောကြည့်ပါ"

"ဘာတွေ တောင်းတောင်း လက်ခံခဲ့ဖို့ ဘုန်းမယ်ဘွဲ့ မှာလိုက်လို့မဟုတ်လား။ ကျုပ်က သာဓကကို ငွေကြေးနဲ့ တန်ဖိုးဖြတ် ရောင်းစား





လောက်အောင် မမွဲဘူးဆိုတာ ခင်ဗျားတို့ သိပါတယ်"

"မင်း သာဓကကို ကြိုက်နေတာလား"

"ဘာ"

"အောင်မြင်စေချင်တဲ့စေတနာ စိတ်သက်သက်ဆိုရင် မင်း ဒီလို ခါးခါးသီးသီး ငြင်းစရာအကြောင်းမရှိဘူးလေ၊ ယောကျ်ားချင်း ကြိုက်နေလို့ မင်း ဒီလောက်ထိ သွေးပျက်နေတာ အသိသာကြီးပဲ၊ အရင်နှစ်ယောက်နဲ့တုန်းက ကောလဟာလထွက်တာ အမှန်တကယ် မဟုတ်ဘူး မှတ်နေတာ၊ သာဓက ဘဝတော့ အညွန့်ကျိုးပြီ"

"ဦးထင်ကျော် ခင်ဗျား"

"အရှိက်ထိသွားလား ကိုနိုင်၊ မင်းကွာ လူကြည့်တော့ ယောကျ်ားပီပီသသနဲ့ မိန်းမစိတ် ဝင်နေတာကို ဖုံးကွယ်ထားတယ်၊ အံ့သြဖို့ကောင်းလိုက်တာ၊ သာဓကက မင်းလိုယောကျ်ားကြီးကို စိတ်ဝင်စားမလားကွ၊ ငါ့သမီးလို မိန်းကလေးကိုပဲ ကြိုက်မှာပေါ့"

"တောက်"

လှောင်ပြောင်သရော်ကာ ထွက်သွားသော ဦးအောင်ထင်ကျော် ကျောပြင်ကိုကြည့်၍ ကြိတ်မနိုင် ခဲမရ တက်ခေါက်လိုက်မိသည်။

ဒေါသတွေ စုဝေး၍ လက်သီးကို တင်းတင်းဆုပ်မိသော်လည်း လက်သီးဆုပ်က လျော့တိလျော့ရဲပါ။

သာဓကက ယောကျ်ားကြီးမို့ သူ့ကို မကြိုက်တာတဲ့လား။

မိန်းကလေးတစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင်ရော . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဟင်"

ခပ်ဟဟ ပွင့်နေသော အခန်းတံခါးမှ ချောင်းကြည့်မိစဉ်မှာ ဦးနိုင် အခန်းထဲ မိန်းကလေးတစ်ယောက် ရောက်နေတာကို မြင်တွေ့လိုက်ရသည်။ ဆံနွယ်တွေက ကျောလယ်လောက်အထိ ပျော့ပျောင်းစွာ စင်းစွဲနေပြီး ကျောဘက်ကမြင်ရသော အလှကပင် တော်တော်ဆွဲဆောင်မှု ရှိနေသည်။

အဝတ်အစားများက အပွင့်အခက်များပါသော အဝါရောင်ဝမ်းဆက်။ အဝတ်ထည့်သော ကိုယ်လုံးပေါ်မှန်ဗီရိုကြီးမှာ သူ့ကိုယ်သူ လှည့်ပတ်ကြည့်လို့မဝ ဖြစ်နေဟန်တူပြီး စိတ်တိုင်းမကျမချင်း မှန်တင်ခုံပေါ်က အလှပြင်ပစ္စည်းများဖြင့် ပြုပြင်နေခဲ့သည်။





ဒီလို ညအချိန်ကြီးမှာ ဘာလို့ ဦးနိုင် အခန်းထဲ မိန်းကလေး တစ်ယောက် ရောက်နေတာလဲ။ ဘာဘာညာညာလုပ်ဖို့ ဦးနိုင် ခေါ်ထားတာလား။

ဒီနေ့တစ်နေ့လုံး သင်တန်းမှာ ရှိနေပြီး ညနေပိုင်း ဘုန်းမယ်တွဲ့ ရှုတင်အပြီးမှာ ညစာအတူစားရင်း အချိန်ဖြုန်းခဲ့သည်။

အိမ်ပြန်နောက်ကျသော်လည်း ဦးနိုင် ဖုန်းဆက်မခေါ်တာမို့ စိတ်သက်သာရာရခဲ့၏။ အခု ပြန်လာတော့လည်း မိုးချုပ်နေပြီမို့ ဧည့်ခန်းထဲမှာ ကျော်သက်နှင့်ဦးနိုင်ကို မတွေ့။

ဒေါ်ကြီးမြကလည်း အိပ်ချင်မူးတူး ဖြစ်နေဟန်ဖြင့် တံခါးဖွင့်ပေးပြီး

"နောက်ကျလိုက်တာ သာခကလေးရယ်၊ ထမင်းပြင်လိုက်ရမလား သား"

"အပြင်က စားခဲ့ပြီးပြီ ဒေါ်ကြီးမြ၊ အိမ်တံခါး ကျွန်တော် ပိတ်လိုက်မယ်လေ၊ ဒေါ်ကြီးမြ သွားအိပ်ချင်အိပ်တော့"

"အေး အေး ကျေးဇူးပဲ သား"

သူ့လက်ထဲ သော့တွဲထည့်ခဲ့ပြီး သွားအိပ်တော့တာ။ ကျော်သက် ဒီကောင်။ ဦးနိုင် မသိအောင် ဘီယာခိုးသောက်ပြီး စောစောအိပ်ရာဝင်တာနေမှာ။

အတွေးနှင့်အပေါ်ထပ် တက်လာမှ ဦးနိုင် အခန်းတံခါး ပိတ်မထားတာ သတိထားမိပြီး ဦးနိုင်ကို ဝင်တွေ့ဖို့ ကြည့်မိစဉ်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်ရော ဟုတ်ရဲ့လား"

ထိုမိန်းကလေး ဒီဘက်ကို လှည့်လိုက်စဉ်မှာ ဆံပင်တွေ ဖုံးအုပ်နေလို့ မျက်နှာကို သေချာ မမြင်ရပေမယ့် မိန်းကလေးလို သွယ်နွဲ့ပျောပျောင်းခြင်းမရှိတာမို့ သံသယစိတ် ဝင်သွားသည်။

"ကောင်လေး ဝင်လာလေ"

ဦးနိုင် ဦးနိုင်မှ ဦးနိုင်အသံအစစ်။

သူ ကြက်သီးတောင် ဖြန်းဖြန်းထသွားသည်။ နှုတ်ခမ်းနီရဲရဲဆိုးထားပြီး မိတ်ကပ်အဖွေးသားနှင့် တံခါးဝအထိ လျှောက်လာကာ သူ့လက်ကို ဆွဲခေါ်တော့ ကတုန်ကယင် တုန်ရီလျက် အခန်းထဲပါလာခဲ့ရသည်။ အခန်းတံခါး ချပ်ခနဲ ပိတ်သံကြားလိုက်ရချိန်မှာ နှလုံးသွေးတွေ ပြောင်းဆန်အောင် ဆူဝေသွား၏။

မနန်း ပြောသောစကားတွေ ပြန်ကြားယောင်ပြီး နားနှစ်ဖက်ကို ယောင်ယမ်းပိတ်မိကာ ဦးနိုင်ရဲ့ မိန်းမမျက်နှာကြီးကို မကြည့်မိအောင် ကြိုးစားရသည်။

"ဦး ဦးနိုင်"

"ထိုင်လေ ဘာတွေ အံ့သြနေတာလဲ"

"ဦးနိုင် ဒီလိုကြီး ဖြစ်နေမယ် မထင်လို့"

"ဦးနိုင် အရမ်းလှနေလို့လား။ ဘယ်သူမဆို အလှပြင်လိုက်ရင် လှသွားတာချည်းပါပဲ၊ မိန်းကလေးတွေမှ လှတာ မဟုတ်ပါဘူး။ ဦးနိုင်ကို သေချာကြည့်စမ်းပါဦး၊ မလှဘူးလား"





"ဟင့်အင်း"

ဦးနိုင် လက်တွေကို ဖယ်ချကာ ခပ်ဝေးဝေးမှာ သွားရပ်နေလိုက်သည်။ ဦးနိုင် အပြုံးများက သူ့ကို ချောင်ပိတ်ဖမ်းဖို့ ကြိုတင်ပြင်ဆင်ထားဟန်တူသည်။

သူ ယောကျ်ားတစ်ယောက်ပါ။ ယောကျ်ားအချင်းချင်း ဒီလိုပုံစံမျိုးတော့ အလုပ်မခံနိုင်။ ဒါမျိုးလုပ်ပြီးမှ ဘဝအတွက် ရပ်တည်မှုရဖို့ မကြိုးစားချင်။

"ကျွန်တော် သွားအိပ်တော့မယ်"

"ကောင်လေး ထိုင်ပါဦး၊ ဦးနိုင်တို့ အေးအေးဆေးဆေး စကားပြောရအောင်"

"ကျွန်တော် ဒီနေ့ ဘာမှပြောချင်စိတ် မရှိဘူး။ ဦးနိုင် ပြောမှာတွေလည်း နားမထောင်ချင်ဘူး"

"ဘာလို့ ဂျစ်ကန်ကန်နဲ့ ဆိုးနေတာလဲ၊ ဦးနိုင်က ဘုန်းမယ်တွဲ့ မဟုတ်လို့လား"

"အသိသာကြီးပဲ၊ ဘုန်းမယ်တွဲ့က မိန်းကလေး၊ ဦးနိုင်က ဟန်ဆောင်ထားတဲ့ ယောကျ်ားက ယောကျ်ားပဲ၊ ကိုးက ဒေါင်းယောင်ဆောင်လို့ မရဘူး"

"လေသံကြီး အဲလောက် မမာစမ်းပါနဲ့ ကောင်လေး၊ မင်းကိုငါလုပ်ပေးခဲ့တာတွေ မေ့ပြီလား"

"မမေ့ပါဘူး။ အဲဒီကျေးဇူးတရားတွေ ပြန်ဆပ်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားမှာပါ''

''ငွေကြေးနဲ့လား၊ ကျေးဇူးတရားကို ငွေကြေးနဲ့ဆပ်လို့ရတယ် မင်းအပေါ်ထားတဲ့ ငါ့ရဲ့စေတနာတွေ မေတ္တာတွေ၊ မင်း ဘာနဲ့ တုံ့ပြန်မှာလဲ''

''အဲဒါ အစစ်အမှန်တွေလား၊ အတုအယောင်တွေလား၊ လိုချင်တာရှိလို့ မှန်းပေါလအော ပေးနေတယ်ဆိုတာ ကျွန်တော် သဘောပေါက်သွားပြီ ဦးနိုင်၊ အရင်နှစ်ယောက်ကို ဦးနိုင် ဒီလိုမျိုး ဖြားယောင်းသိမ်းသွင်းခဲ့တာလား''

''ဘာ''

ဦးနိုင် ဒေါသဖြစ်သွားဟန် ရှိတာကို သာခက ဂရုမစိုက်။ ယောကျ်ားချင်း မြူဆွယ်ခံနေရတာကို နာလည်းနာသည်။ ရှက်လည်းရှက်သည်။

''ကျွန်တော် ပညာလည်း မပြည့်စုံပါဘူး။ ငွေကြေးလည်း ချို့တဲ့ပါတယ်၊ ဒါပေမဲ့ ခန္ဓာကိုယ်ကို ရောင်းစားလောက်အောင် ကျွန်တော် ကိုယ်ကျင့်တရား မပျက်ပြားပါဘူး''

''မင်းဘာတွေ အထင်လွဲနေတာလဲ ကောင်လေး၊ မင်း ဦးနိုင်ကို နားမလည်ဘူးလား''

''ဘာကို နားလည်ရမှာလဲ၊ အရင်နှစ်ယောက်လည်း ဒါမျိုးတွေ မလုပ်နိုင်လို့ ထွက်သွားတော့ မြေတောင်မြှောက်ပေးတဲ့ ကျေးဇူးရှင်ကို ခြေစုံကန် စော်ကားသွားလေခြင်းလို့ အပြစ်တင်ချင်သေးတယ်၊ ဘယ်လို





လူမျိုးက ဒီလိုကိစ္စကို လက်ခံချင်မှာလဲ၊ လုပ်ချင်မှာလဲ၊ ဦးနိုင် ယောကျ်ားကြီးပဲဗျာ၊ မိန်းမတစ်ယောက်ကို ယူပါလား၊ မိသားစု အသိုက်အမြုံနဲ့ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေပါလား''

''ကောင်လေး''

''ကျွန်တော် ဦးနိုင်ကို ကိုယ့်ရဲ့ အလုပ်ရှင် သူဌေးတစ်ယောက် အနေနဲ့ ကြည်ညိုလေးစားချင်ပါတယ်၊ ကိုယ့်ရဲ့အဖေ ကိုယ့်ရဲ့ဦးလေး၊ ကိုယ့်ရဲ့အစ်ကိုတစ်ယောက်လို သံယောဇဉ်တွေနဲ့ တစ်သက်လုံး အတူနေသွားချင်ပါတယ်၊ ဒီပုံစံနဲ့ကတော့ ဒီအိမ်မှာနေနေရင် ဘယ်လိုမှ လုံခြုံမှာမဟုတ်ဘူး။ ကျွန်တော် မနက်ဖြန် ဒီအိမ်ကနေ ထွက်သွားပါ့မယ်''

''ဟင် ဟင့်အင်း ဟင့်အင်း မင်းဘယ်မှ မသွားရဘူးနော်၊ ထွက်မသွားရဘူး။ မင်းဘာလိုချင်လဲ ဘာဖြစ်ချင်လဲ ဦးနိုင်အားလုံးလုပ်ပေးမယ်၊ ဦးနိုင်မျက်စိအောက်ကနေ မင်းဘယ်မှ မသွားရဘူး''

ဆံပင် ဖွာရိုးဖားယားနှင့် ဦးနိုင် သွေးရူးသွေးတမ်း အော်ပြောသည်။ သူ့ စိတ်ပျက် စိတ်ညစ်သွားသည်မှာ ရူးသွားမလောက်ပင်။

ဘယ်နှယ့် ယောကျ်ားကြီးက မိန်းမအဝတ်အစားကြီး ဝတ်ပြီး ခဲ့နေရလား။ အရင်က ယောကျ်ားပီသ ခံ့ညားလို့ လေးစားကြည်ညိုခဲ့သမျှတွေ ဘယ်ဆီလွင့်ပါး ပျောက်ပျက်သွားပြီမသိ။

''ကောင်လေး''

စက်ဆုပ်ရွံရှာသလိုကြည့်၍ လှည့်ထွက်သွားဖို့ ပြင်လိုက်သည်မှာ ဦးနိုင် သူ့လက်ကို လှမ်းဆွဲသည်။ သူ့ ဆတ်ခနဲ ဆောင့်ခါ၍ ဖယ်ကလှည့်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘဲ အခန်းတံခါးဖွင့်ကာ ထွက်လာခဲ့၏။

မိုးမြန်မြန်လင်းပါစေ . . .။

■ ■ ■



## အခန်း (၂၉)

မိုးလင်းတာနဲ့ မနက်စာပင် ဦးနိုင်တို့နှင့် မစားဘဲ အိမ်က ထွက်ခဲ့သည်။ သူဘယ်မှာနေပြီး ဘာလုပ်သင့်သလဲဆိုတာ မယ်နှင့် တိုင်ပင်ချင်လို့ပါ။

မယ့်ကို တခြား စားသောက်ဆိုင်လို နေရာမျိုးမှာ ချိန်းလို့မ သင့်တာမို့ မနန်းတို့ သင်တန်းကိုပဲ လာဖို့ ဖုန်းဆက်လိုက်ရသည်။

သူ့အတွက် ဝယ်ပေးထားသောကားကို မမောင်းသလို ဦးနိုင် တို့ကားကိုလည်း မစီးဘဲ တက္ကစီငှား၍ မနန်းတို့အိမ်ရောက်လာခဲ့၏။

"ဟော သာခေ စောစောစီးစီးပါလား။ သင်တန်းသားတွေ တစ်ယောက်မှတောင် မရောက်ကြသေးဘူး"

"ဟုတ်ကဲ့ မယ်နဲ့ ချိန်းထားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်လား ဒါဆို နားနေခန်းထဲမှာ ကော်ဖီသောက်ရင်း စောင့်လေ၊ မနန်း အဖော်လုပ်မပေးတော့ဘူးနော်၊ ဘုရားဆွမ်းတော် ကပ်ချင်လို့''

''ဟုတ်ကဲ့ မနန်း ကျေးဇူးပဲ''

ကော်ဖီစက်ထဲက ကော်ဖီတစ်ခွက်ယူပြီး မယ်အလာကို နားနေခန်းထဲက ထိုင်စောင့်နေလိုက်သည်။ ဆယ့်ငါးမိနစ်လောက်နေမှ မယ်ကသောကမျော ရောက်လာ၏။

''မယ်''

''မယ် အရမ်းနောက်ကျလားဟင် စောင့်နေရတာကြာပြီလား''

''ဆယ့်ငါးမိနစ်လောက်ပဲ ရှိပါသေးတယ်၊ ကိစ္စမရှိပါဘူး မယ် ထိုင်ပါ''

မယ်က ခုံလေးဆွဲကာ သူ့အနားကပ်၍ထိုင်ရင်း သူ့မျက်နှာကို အရိပ်တကြည့်ကြည့်ရှိ၏။

''ကို တစ်ခုခု ဖြစ်လာတာလား၊ မျက်နှာလည်း မကောင်းဘူး မယ်လေ ကို ဖုန်းဆက်တော့ ဘာများဖြစ်လို့လဲဆိုပြီး ရင်ကို ထိတ်သွားတာပဲ၊ အမြန်ရောက်ချင်ပါတယ်ဆိုမှ ကားလမ်းကလည်း ပိတ်သေးတယ်''

''ကိုယ် ဦးနိုင်အိမ်မှာ မနေချင်တော့ဘူး''

''ဟင် ဘာဖြစ်လို့လဲ ဦးနိုင်နဲ့ ပြဿနာဖြစ်ကြလို့လား၊ ထင်တော့ ထင်တယ်၊ မနေ့က ဖေဖေ အလုပ်ကိစ္စသွားပြောတော့ ခါးခါးသီးသီး ငြင်းပြီး အရမ်းကို ဒေါသတွေဖြစ်နေတာတဲ့''





''ဘာ မယ့်ဖေဖေ ဦးနိုင်ဆီ လာတယ်၊ အဲဒါ ကိုယ့်ကို ဦးနိုင်ဘာမှ ပြောမပြဘူး၊ မယ် ဖေဖေက ဘာတွေဘယ်လို ပြောခဲ့တာဟဲ့လဲ''

''မယ် ပြောသလိုပေါ့၊ သာမကေ အတွက် အနုပညာကြေး ဘယ်လောက်မျှော်မှန်းလဲ၊ ဘယ်လို အခွင့်အရေး လိုချင်လဲပေါ့၊ ဦးနိုင်က လုံးဝ လက်မခံဘူး၊ သာမကေကို ငွေကြေးနဲ့ တန်ဖိုးဖြတ် ရောင်းစားမှာ မဟုတ်ဘူးလို့ ပြောလိုက်တယ်တဲ့၊ မယ်နဲ့ချစ်သူ ဖြစ်နေပြီဆိုတာ ဖေဖေ ပြောလို့ ပိုပြီး ပေါက်ကွဲသွားတယ်ထင်တယ်''

''ဩော်''

ဒါကြောင့် မိန်းမလိုဝတ်ပြီး ဘုန်းမယ်ဘွဲ့ မဟုတ်လို့လားလို့ မေးခဲ့တာဖြစ်မည်။

''ဦးနိုင်ကလေ ကို့ကို လုံးဝလက်မလွှတ်နိုင်ဘူး ထင်တယ်၊ ဖေဖေကလည်း မင်း သာမကေကို ကြိုက်နေလားလို့ မေးခဲ့တယ်တဲ့''

ပြောနေသော မယ့်နှုတ်ခမ်းလေးက ပြုံးစိစိ၊ သူလည်း ရယ်ချင်သွားသည်။

''မယ့်အဖေ အဲလိုမေးတော့ အရှက်ထိသွားရောပေါ့၊ ဘယ်လို ပြန်ဖြေတဲ့လဲ''

''ဘာဖြေရမှန်း မသိဘဲ မျက်လုံးကြီးပြူးပြီး ဒေါသဖြစ်သွားတယ်တဲ့ အဲဒါနဲ့ ဖေဖေက ဘယ်လိုပြောခဲ့လဲ သိလား''

''အင်း ပြောပါဦး''

''မင်းလို ယောကျ်ားကြီးကို သာမကေက ဘယ်လိုလုပ် ကြိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ငါ့သမီးလို့ မိန်းကလေးကိုပဲ ကြိုက်မှာပေါ့လို့ ပြောခဲ့တယ်တဲ့ တကယ် ရယ်စရာကောင်းတယ်နော်''

ပြောရင်း မယ် ရယ်နေပေမယ့် သူ မရယ်နိုင်တော့ပါ။ ဦးနိုင်က သူ့ကို လွတ်မြောက်ခွင့် မပေးဘူးဆိုတာ အတိအလင်း ကြေညာလိုက်ပြီပဲ။

''ကိုယ် ဘာလုပ်ရမလဲမယ်၊ ဦးနိုင်အိမ်မှာ ကိုယ် လုံးဝမနေချင်တော့ဘူး''

''ကို တကယ် မနေတော့ဘူးလို့ ဆုံးဖြတ်ချက်ချပြီးပြီလား''

''အင်း သူ့အိမ်မှာ မနေမှ ကိုယ်လုပ်ချင်ရာ လုပ်လို့ရမှာမယ်၊ ကိုယ် သူ့ရဲ့ လောင်းရိပ် အမိုးမခံနိုင်ဘူး၊ ဒါပေမဲ့ ဒီအတိုင်း ရုန်းထွက်ဖို့ကလည်း အင်အားမရှိတော့''

''ငါ့ဆီလာခဲ့လေကွာ၊ ငါလက်ခံမှာပေါ့''

''ဟင် ကိုသော်က''

ပြောရင်း ဝင်လာသူက မထိတရီ မျက်နှာပေးနှင့် သော်က။ ထိုင်လိုက်တော့လည်း ဘုန်းမယ်တို့ အနားမှာ နီးကပ်စွာ။ သာဓကကို စက်ဆုတ်သလို နှာခေါင်းရှုံ့ကာကြည့်ပြီး

''မင်းကွာ ယောကျ်ားဖြစ်ပြီး သူများကိုပဲ အမှီရှာ အားကိုးချင်နေတယ် မင်းဘာသာ ဦးနိုင်ဆီမှာ မနေချင်ရင် တခြားမှာကိုယ့်ဘာသာ သွားနေပါလား။ ဘာလဲ မယ့်ကို အသနားခံနေတာလား''

''ကိုသော်က''



''ဦးနိုင်ဆီ ရောက်လာကတည်းက မင်းကိုယောကျ်ားမိုင်းလုံးပဲ ဖြစ်ရမယ်လို့ ထင်သားပဲ၊ အခု ချူချိုက်စားရမယ့်သူတွေ့တော့ ဦးနိုင်ကို ကန်ပြီး ထွက်လာချင်ပြီပေါ့''

''ကိုသော်က ခင်ဗျား''

''ကို ကို မလုပ်နဲ့''

စိတ်လိုက်မာန်နှင့် သွေးဆူပြီး သော်ကကို ဆွဲထိုးဖို့ပြင်လိုက်စဉ်မှာ ဘုန်းမယ်တွဲက သူ့လက်ကို အလျင်အမြန် လှမ်းဆွဲသည်။ ဟုန်းခနဲ ထတောက်လာသော မာနများက ထိုင်ခုံကိုတော့ မြုန်းခနဲ ကန်မိလိုက်သေး၏။ မယ်က သူ့ကို ကျောဘက်တွန်းပို့ပြီး သော်ကကို မျက်နှာချင်းဆိုင်ကာ

''ကိုသော်က ရှင် လူကြီးလူကောင်း လုပ်နေပြီး လူလိုစကားပြောပါ၊ ဘာလို့ ကို့ကို ပုတ်ခတ်စော်ကားနေတာလဲ''

''ဟား ကို့တွေဘာတွေ ဖြစ်နေပါလား မယ်ရယ်၊ နားခါးလိုက်တာ၊ ဒီမယ် သာဓက ဘာကောင်ဆိုတာ မသိဘူးလား မယ်၊ ဘာမှပါမလာတဲ့ အခွံဗလာကြီးနဲ့ ဦးနိုင်ကို စပွန်ဆာလုပ်ပြီး ဒီနေရာကို ရောက်လာတာ ဦးနိုင်က ငွေတွေအကုန်ခံပြီး အလုကြည့်နေပါ့မလား၊ ဟား ဟား ဒီကောင် လူပျိုတောင်စစ်တော့မှာ မဟုတ်ဘူး၊ အဲ ဦးနိုင်ပဲ ဗိုက်ကြီးမလား သူပဲ ဗိုက်ကြီးမလား ဟဲ ဟဲ တစ်အိမ်တည်း အတူနေတာ ဆိုတော့လေ''

''ကိုသော်က ရှင် တအားကို မိုက်ရိုင်း ညစ်ပတ်တဲ့အားကို

www.burmeseclassic.com

www.burmeseclassic.com



ပြောထွက်ပါလား''

''ဩော် မယ်ရယ် ဒီလိုကောင်မျိုးက ဒီလိုစကားနဲ့ပဲ တန်တယ်။ ဒီကောင်ရဲ့ မူယာမာယာ ပလီစိချောက်ချက် စကားတွေနားထောင်မှိုင်းမိပြီး မယ် ဘာတာဝန်မှ ယူစရာမလိုဘူး။ ကိုယ်နဲ့အိပ်ရင် ဒီကောင်တောင်းတဲ့ငွေကို ကိုယ်ပေးလိုက်မှာပါ''

''တောက် ခင်ဗျား''

''ဖုန်း ခွမ်း ခွပ်''

ဘုန်းမယ်ဘွဲ့ ဆွဲရုန်းနေသည့်ကြားက သော်ကာကို စိတ်ရှိသလောက် ထိုးကြိတ်ပစ်လိုက်သည်။ သော်က ထိုင်ခုံတွေကြားမှာ ပုံပျက်ပန်းပျက် ပစ်ကျသွားပြီး နှာခေါင်းနှင့်ပါးစပ်က သွေးတွေ ပွက်ခနဲထွက်ကျလာသည်။

ဘုန်းမယ်ဘွဲ့ကို မျှော်မှန်းမရတော့လို့ မစားရသည့်အမဲ သဲနဲ့ပက်ဖို့ ယုတ်ယုတ်မာမာတွေ ပြောနေသော သော်ကာကို ဒီလိုမျိုး ထိုးလိုက်ရရုံလေးနှင့် သူ မကျေနပ်နိုင်ပါ။

''ကို တော်ပြီ မလုပ်နဲ့''

''တော်လို့ မရသေးဘူး။ ယုတ်ညံ့ညစ်ပတ်တဲ့စကားတွေ ဒီလူ ပါးစပ်က ထွက်မလာနိုင်အောင် လုပ်ပစ်ရမှာ တောက်''

''မနန်း မျက်နှာ ထောက်ရဦးမယ်လေ ကိုရယ်နော်၊ လာ မယ်တို့ အပြင်သွားရအောင်''

''နေဦး ဒီလူကို အပြတ်ရှင်းခဲ့ဦးမယ်''





''လာလေ လာပါ၊ မင်းလို ကြာကူလီ ပိုင်းလုံးက ရှင်းချင်တယ်ပေါ့၊ အငိုက်မိသွားလို့ ခံလိုက်ရတာကွ လာစမ်း''

သွေးဖွေကို လက်ခုံနှင့် ပွတ်သုတ်ပြီး သော်က စိန်ခေါ်နေသည်။ ဘုန်းမယ်ဘွဲ့က ဖွတ်အတင်း ဆွဲချုပ်ထားတာမို့ သာဓက ဘယ်လိုမှ မလှုပ်သာ။

''မယ် ဖယ်စမ်းပါ၊ ဒီလူ ကိုယ့်ကို စော်ကားနေတာ''

''အဲဒီလူနဲ့ ဖက်ပြိုင်မဖြစ်စမ်းပါနဲ့၊ လာစမ်းပါ ကိုရယ်''

သာဓက လက်ကို ဘုန်းမယ်ဘွဲ့ ဆွဲရုန်းကာ ခေါ်လာခဲ့ရသည်။ ကိုကို သော်ကနှင့် ဖက်ပြိုင်ပြီး အောက်တန်းကျသည့်လူ မဖြစ်စေချင်ပါ။

''ကားပေါ်တက် ကို''

သာဓကကို ကားပေါ် တွန်းတင်ပြီး မောင်းထွက်လာခဲ့ရသည်။ လမ်းကိုရောက်မှ သာဓကကို ဘယ်ခေါ်သွားရမှန်းလည်းမသိ။

ကိုယ်က အနုပညာရှင်တစ်ယောက်မို့ ဘယ်နေရာသွားသွား မလွတ်လပ်ပါ။ သာဓကနှင့် နှစ်ယောက်ဆို ပို၍ ကောလဟာလ အတွက် အော်သောင်းနင်း ဖြစ်သွားနိုင်သည်။

နောက်ဆုံးတော့ လူရှင်းသော လမ်းဘေးမှာပင် ကားကို ထိုးရပ်လိုက်ရ၏။

''ကို''

မျက်စိကြီးစုံမှိတ်၊ အံကိုကြိတ်၍ လက်သီးဆုပ်ထားသော သာဓကကို ပခုံးလေးလှုပ်ကာ ခေါ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလို့ ကဲ မယ်ခေါ်နေတယ်လေ"

စိတ်ပြေလို့ ပြေငြား ပါးလေးကို ရွှတ်ခနဲ နမ်း၍ ခေါ်လိုက်မှ သာခက မျက်လုံး ဖွင့်ကြည့်လာသည်။

"ရှုံးနေတဲ့သူ ပြောတဲ့စကားကို အဲလောက်ကြီး ခံစားမနေနဲ့ ကို၊ ကို့ကို မယ် ယုံတယ်၊ ကိုလည်း ကိုယ့်ရိုးသားမှုကို ကိုယ်ယုံတယ် မဟုတ်လား။ ရှက်ရမ်းရမ်းပြီး ပေါက်ကွဲရင် အဲဒါ အမှန်တရား ဖြစ်သွား လိမ့်မယ်"

"မယ် ပြောတာ ဟုတ်ပါတယ်၊ ကိုယ် စိတ်လွတ်သွားတယ်၊ ကိုယ့်ဆရာသမားကို စော်ကားမိသလို ဖြစ်သွားပြီလား မသိဘူး။ ဦးနိုင် နဲ့ ပတ်သက်ပြီး ပေါက်ကွဲချင်နေတဲ့စိတ်က ထိန်းလို့မရတာ"

"ယောကျ်ားတစ်ယောက်အနေနဲ့ မာနထိခိုက်လို့ ကို ပေါက်ကွဲ တာ မမှားပါဘူး။ ကိုသော်ကလည်း မခံနိုင်အောင် ထိပါးရိုင်းပျခဲ့တာပဲ၊ မနန်းကိုတော့ အားနာစရာကောင်းတယ်"

"မတတ်နိုင်တော့ဘူးကွာ၊ နောက်မှ မနန်းကို တောင်းပန် လိုက်တော့မယ်"

"ကို"

"ဟင်"

"မယ်တို့ ခုနက စကားကို ဆက်ပြောရအောင်၊ ဦးနိုင်ဆီမှာ ကို မနေတော့ဘူးလို့ ဆုံးဖြတ်ပြီးရင် ထွက်လာပါ"

"ထွက်လာပြီး ကိုယ်က ဘယ်မှာနေရမှာလဲ"





"မယ်တို့ ရုပ်ရှင်တိုက်က ကို့ကို စာချုပ်ချုပ်ပြီး မင်းသားသစ် တင်မှာပဲ"

"ကိုယ်က မယ်တို့အိမ် လာနေရမှာလား။ အဲဒါတော့ မဖြစ်ဘူး။ ကိုသော်ကလို လူမျိုးတွေရဲ့ နောက်ထပ်စော်ကားမှုတွေကို ကိုယ် သည်း ခံနိုင်မှာ၊ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး"

"ပတ်ဝန်းကျင်ကို ဂရုစိုက်လွန်းရင် နေစရာကျဉ်းသွားလိမ့် မယ် ကို၊ ဒါပေမဲ့ သာမန်လူမဟုတ်တဲ့ အနုပညာရှင်လုပ်မယ့်သူက ပရိသတ်ကို ဂရုမစိုက်လို့ မဖြစ်ဘူးဆိုတာ မယ် နားလည်ပါတယ်၊ အဲဒါ ကြောင့် မယ်တို့မှာ တိုက်ခန်းတွေ ဝယ်ထားတာရှိတယ်၊ အဲဒီမှာ ကို နေဖို့ စီစဉ်ပေးမယ်"

သာခက သက်ပြင်းတွေချရင်း ခေါင်းရမ်း၏။

"အဲဒါလည်း ဘာထူးလို့လဲ၊ မယ်တို့ ပိုင်ဆိုင်မှုပဲဥစ္စာ၊ ပိုင်းလုံး ကောင် ချူချိုက်စားတဲ့ကောင်လို့ အပြစ်ပြောလွတ်မှာ မဟုတ်ဘူး။ ကိုယ် တခြားအလုပ်ပဲ"

"ကျွတ် ကို ကလည်း ဘာတွေ တွေးနေပြန်တာလဲ၊ မင်းသား သစ် တင်ပြီး စာချုပ်ချုပ်ပါ့မယ်ဆိုမှ၊ အဲဒီမင်းသားကို မယ်တို့က တိုက် တွေ ကားတွေ စီစဉ်ပေးဖို့ တာဝန်ရှိတယ်၊ နောက်မှ အနုပညာကြေးထဲက နှိမ်ချင်နှိမ်ရမှာပေါ့၊ အဲဒါ ဘယ်လိုလုပ် ကိုက ပိုင်းလုံးလုပ် ချူချိုက်စားတဲ့ သူ ဖြစ်ရမှာလဲ၊ ဒါ အလုပ်သဘောအရလေ ကိုရဲ့၊ ကို လိုအပ်သမျှ မယ်တို့က တာဝန်ယူရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုလား၊ အဲလိုဆိုရင်တော့ ကိုယ် ထွက်လာရမှာ အားရှိသွားပါပြီ၊ ကျေးဇူးတင်ပါတယ် မယ်"

"ကျေးဇူးတင်နေရုံနဲ့တော့ မပြီးသေးဘူး၊ ကို ကြိုးစားရဦးမယ်၊ ကိုက အတွေ့အကြုံလည်း နည်းသေးတယ်၊ အခြေခံလည်း လေ့လာတတ်ကျွမ်းမှု မရှိသေးတော့ သရုပ်ဆောင် သင်တန်းတော့ တက်ဦးမှ ဖြစ်မှာ"

"အဲဒါ ဘယ်မှာတက်ရမှာလဲ"

"အခု ပညာရှင်တွေက ဒါရိုက်တာသင်တန်း၊ ဇာတ်ညွှန်းရေးသင်တန်းနဲ့ သရုပ်ဆောင်ပိုင်း အတတ်ပညာတွေ သင်တန်းခေါ်နေတယ်၊ အဲဒီမှာ တက်လို့ရအောင် မယ် စီစဉ်ပေးမယ်၊ ဒီကြားထဲမှာ ရုပ်ရှင်ပွဲလျှောက်ကြော်ငြာလည်းရိုက်ရမှ ပရိသတ်က သတိထားမိမှာပေါ့"

"မယ်ကို တာဝန်တွေအများကြီး ယူခိုင်းမိသလို ဖြစ်နေပြီ၊ ကိုယ် အားနာလိုက်တာ"

"ချစ်သူချင်း အားနာတယ်လို့ ပြောစရာလား၊ ကို အောင်မြင်ဖို့ မယ် ကြိုးစားပေးရမှာပေါ့၊ ကို အောင်မြင်သွားမှ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေပြီဆိုပြီး မယ့်ကို ထားသွားဖို့ မစဉ်းစားနဲ့၊ မယ် လိုက်သတ်မှာ"

"ကြောက်လိုက်တာ၊ ဖက်ထားပါဦး"

"ကြည့်"

ရွဲ့ပြောမှန်း သိပေမယ့် ဘုန်းမယ်တွဲ့ မျက်နှာလေးကို သာခက





တည့်တည့်ပဲ ကြည့်နေလိုက်၏။

မျက်စိအောက်က အပျောက်မခံချင်တော့တာကို ဘယ်လိုလုပ်ရမလဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ဘယ်လိုလုပ်ရမလဲဟု အခါခါ စဉ်းစားရင်းဖြင့် ဆုံးဖြတ်ချက်ချလိုက်သည်။ ဦးနိုင် ဆင်ထားသော ဆွဲကြိုး၊ လက်စွပ်၊ ဟန်းချိန်းနှင့် လက်ကိုင်ဖုန်းကို ဦးနိုင်ရှေ့က စားပွဲပေါ် တင်လိုက်၏။

ဂျာနယ်တစ်စောင် ဖတ်နေရာမှ ဦးနိုင် မျက်လုံးမျက်ဆံပြူး တုန့်တက်သွားသည်။

"ကောင် ကောင်လေး ဘာလုပ်တာလဲ၊ ဒါ ဘာလုပ်တာလဲ"

"ကျွန်တော် ဒီမှာ မနေတော့ဘူး။ ထွက်သွားတော့မယ် ဦးနိုင်၊ ဒါကြောင့် ဦးနိုင် ဆင်ထားသမျှတွေ ကျွန်တော် ပြန်ပေးတာပါ၊ အဝတ်အစား အသုံးအဆောင် ဘာတစ်ခုမှ ယူမသွားပါဘူး"

"ဘာ ဘာပြောတယ်"

ဗျူး ၁၁၄ ပ



ဦးနိုင် ဟန်မဆောင်နိုင်အောင် မျက်နှာတစ်ခုလုံး မည်းပုပ်ပျက်ယွင်းသွားသည်။ ကျောသက်လည်း အံ့အားသင့်ကာ မတ်တပ်ရပ်နေရာမှ ထိုင်ခုံမှာ ဝင်ထိုင်၏။

သို့ကိုလည်း မျက်ခုံးပင့်ကာ

"ဘာဖြစ်တာလဲ သာဓက၊ မင်းက ဘာလို့ ဒီကထွက်သွားမှာလဲ၊ အခိပ္ပါယ်မရှိတာ"

"ငါ့အကြောင်းနိုင်ပါ၊ ငါ ဒီမှာ မနေချင်တော့လို့"

"ကောင်လေး မင်း ဘာတွေစဉ်းစားနေတာလဲ၊ မနေ့ကညက ကိစ္စကြောင့်လား။ နောက် အဲလိုကိစ္စမျိုး မရှိအောင်"

"အဲဒါကို မရှိခဲ့ဘူးတဲ့ကိစ္စလို့ ကျွန်တော် မေ့ပျောက်ထားပါတယ်၊ အခုက ကျွန်တော် ရပ်တည်မှုအတွက် ကျွန်တော် ကြိုးစားချင်လို့ပါ"

"မင်းကို အောင်မြင်စေချင်လို့ ပံ့ပိုးကူညီနေတာပဲလေ၊ အခု ဘာတွေ ဘယ်လိုဖြစ်လို့"

"ကျွန်တော့် အောင်မြင်မှု လမ်းကြောင်းကို ဦးနိုင် ကန့်ကွက်နေတယ်လို့ မစွပ်စွဲချင်ပါဘူး၊ ဖြစ်ချင်သလို ဖြစ်ခွင့်မရအောင် ဟန့်တားနေတာတော့ ဦးနိုင် မငြင်းနိုင်ဘူး မဟုတ်လား"

"ဩော် ဘုန်းမယ်ဘွဲ့အဖေ ပြောလိုက်လို့ မကျေမနပ် ဖြစ်နေတာလား။ အခုရော အိမ်ကထွက်လာဖို့ ဘုန်းမယ်ဘွဲ့က တိုက်တွန်းအားပေးလိုက်တာလား ကောင်လေး"

ဗျူး ၁၁၄ ပ

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ ကျွန်တော့်ဘာသာ ဆုံးဖြတ်ချက်ချလိုက်တာပါ။ သူများမြှောက်ပေးတိုင်း မဆင်မခြင်လုပ်လောက်အောင် ကျွန်တော် အသိဉာဏ် မမဲ့သေးပါဘူး"

"မင်း ဘာသာ လုပ်ရင်ရော ဒီလောကမှာ အောင်မြင်မယ်၊ ဖြစ်လိမ့်မယ်လို့ အောက်မေ့နေတာလား"

သူ ဘာမှမဖြေတော့ ဦးနိုင် မျက်နှာကြီး နီမြန်းလျက် အံကြိတ်သည်။ မခံချိမခံသာ ကျွတ်ခနဲ စုတ်သပ်လျက် တက်ခေါက်လိုက်သံလည်း ကြားရ၏။

"မင်းလည်း အရင်ကောင်တွေနဲ့ ဘာမှမထူးဘူး၊ အတောင်စုံတော့ ပျံချင်ပြီပေါ့"

"သူတို့တွေက နေရာတစ်ခုကို အခိုင်အမာရမှ ထွက်သွားကြတာ ထင်ပါတယ်၊ ကျွန်တော်က ဘာဖြစ်မယ်ဆိုတာ မျှော်မှန်းလို့မရသေးပါဘူး"

"ဟုတ်တယ် မင်းက ပိုပြီး သတ္တိကောင်းတယ်၊ ဒါပေမဲ့ မင်းကို နောက်ကနေ အားပေးအားမြှောက်လုပ်နေတဲ့ ဘုန်းမယ်ဘွဲ့ ရှိနေလို့ဆိုတာ ငါ သဘောပေါက်ပါတယ်၊ လုပ်ကြည့်လေ ဖြစ်မလားဆိုတာ၊ ဘုန်းမယ်ဘွဲ့ကမှ မင်းဘဝ တက်လမ်းအတွက် အကြီးမားဆုံး အဟန့်အတားဆိုတာ မင်းတစ်နေ့ နားလည်လာပါလိမ့်မယ်"

"ဟုတ်ကဲ့ အဲဒါဆို ခွင့်ပြုပါဦး ဦးနိုင်"

"ကောင်လေး"

ဗျူး၈၁၇၆ပ



သူ ထရပ်လိုက်ချိန်မှာ ဦးနိုင်က ဖြုန်းခနဲ ထရပ်ကာ တုန်ယင်စွာ ခေါ်၏။ မျက်ရည်ရိပ်များဖြင့် ရီဝေစွာ ကြည့်နေသော ဦးနိုင်ကို သူ မျက်နှာချင်းဆိုင်လိုက်သည်။

"မင်း ထွက်သွားတာ အရမ်းစောလွန်းတယ်၊ ဦးနိုင်ကို ဘယ်တော့မှ ကျေးဇူးမကန်းပါဘူး၊ မစော်ကားပါဘူးလို့ မင်းရဲ့ကတိစကားတွေကို ယုံခဲ့မိတာ ငါ့အမှားပဲ"

"ဒီလိုကိစ္စမျိုး ဘာကြောင့် ဖြစ်လာတယ်ဆိုတာ ဦးနိုင် အသိဆုံးဖြစ်မှာပါ"

"အနုပညာလောကမှာ မင်း တကယ် အောင်မြင်ချင်တယ်ဆိုရင် ဦးနိုင်ဆီမှာ နေမှဖြစ်မှာ၊ မင်း သေချာပြန်စဉ်းစားဦး၊ ဘုန်းမယ်ဘွဲ့ ဘယ်လိုမက်လုံးတွေပေးလိုက်လို့ မင်း သတ္တိတွေကောင်းသွားတယ်ဆိုတာတော့ မပြောတတ်ဘူး။ မဖြစ်နိုင်ဘူးဆိုတာ သိရင် မင်းကို လက်တွဲဖြုတ်ဖို့ ဝန်မလေးဘူးဆိုတာရော မင်း သိလား"

"ကျွန်တော် ကိုယ့်ကိုယ်ကိုပဲ ယုံတယ်၊ အခု ဒီက ထွက်သွားတာနဲ့ ဘာဖြစ်မယ်ဆိုတာ မခန့်မှန်းတတ်ပေမယ့် ဝန်ထုပ်ဝန်ပိုးကြီးဖြုတ်ချသွားလို့ စိတ်သက်သာမှာတော့ သေချာပါတယ်"

"ငါ့ရဲ့ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်တွေအတွက်ရော မင်း ဘယ်လို စဉ်းစားထားလဲ"

"ဗျာ"

ထိုမေးခွန်းကို မေးမည်မထင်တာကြောင့် သူ့မှာ ဖြေစရာ

ဗျူး၈၁၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့် ရှိမနေချေ။ စေတနာ မေတ္တာအပြည့်ဖြင့် ကူညီထောက်ပံ့ခြင်းဟု ထင်မြင်ခဲ့တာကြောင့် ဒါကို ထည့်မတွေးမိခဲ့။

"ဦးနိုင် ကူညီခဲ့သမျှတွေအားလုံး ကျွန်တော် စာရင်းဇယားနဲ့ သေချာမှတ်ထားပါတယ်၊ ကျွန်တော် တစ်နေ့နေ့ အတိုးရော အရင်းရော ပြန်ဆပ်ပါ့မယ်"

"မိန်းမတစ်ယောက်ဆီက ချေးမြီကိုပြီးတော့လား။ မိုရိတွယ်ကပ်ပြီးတော့လား"

"ဦးနိုင်"

"ငါ့ဆီမှာ နေတာက မင်းသိက္ခာပိုရှိပါတယ်၊ ဘာမှ မရှိတဲ့သူက မာနတစ်ခုတည်းနဲ့ ရပ်တည်လို့ရမယ် ထင်သလား။ ငါ့အိမ်က ထွက်သွားတာနဲ့ မင်းကို သံယောဇဉ်တွေ အကုန်ဖြတ်လိုက်တော့မှာ၊ အဲဒါဆိုရင် မင်းအတွက် ကောင်းစရာလမ်း မရှိတော့ဘူး။ မင်းကို ဒီလောကထဲမှာ ဘာမှလုပ်စားလို့ မရအောင်"

"ဦးနိုင်မှာ အင်အားတွေရှိတာ သိပါတယ်၊ ကြိုက်သလို လုပ်ပါ၊ ဘာမှဖြစ်မလာလည်း ကျွန်တော့်အတွက် ကိစ္စမရှိဘူး၊ အစတည်းက ကျွန်တော်က ဘာမှမရှိတဲ့ကောင်ပဲ၊ ယောက်ျားချင်း စပွန်ဆာထားတဲ့ အောက်တန်းကျကျ ယောက်ျားပိုင်းလုံး ဘဝက လွတ်မြောက်ရင် တော်ပါပြီ၊ ရှိခဲ့ဖူးတဲ့ ကြည်ညို လေးစားမှုတွေအတွက် ကျွန်တော် ကန်တော့ခဲ့ပါတယ်"

လက်အုပ်ချီ၍ ထိုင်ကန်တော့နေချိန်မှာ အသည်းတွေ ဆတ်





ဆတ်ခါအောင် နာကျင်အောင့်မျက်သွားသည်။

ဒါဟာ နှုတ်ဆက်ခြင်း သင်္ကေတပဲ မဟုတ်ပါလား။

မြတ်နိုးခဲ့ရခြင်းတွေအတွက် ဝေဒနာတွေတောင် အမြစ်တွယ်လို့ . . .။

■ ■ ■

www.burmeseclassic.com

## အခန်း (၃၁)

"ဒါဆို မြွှာညီက ကွန်ဒိုအခန်းမှာ သာခေကကို နေခိုင်းထား တယ်ပေါ့"

"ဟုတ်ကဲ့ ဖေဖေ၊ သူ့ကိုအခြေခံကစပြီး တတ်ကျွမ်းနားလည် အောင် သရုပ်ဆောင် သင်တန်းတက်ဖို့ ဖော်တင်ထားတယ်၊ ရှိုးပွဲလျှောက် ဖို့ ကြော်ငြာရိုက်ဖို့လည်း စီစဉ်နေတာပဲ၊ သူ့ကိုအောင်မြင်သွားစေချင် တယ် ဖေဖေ"

"အေးပါ၊ သူ့ကိုဖြစ်စေချင်တဲ့ သမီးရဲ့စေတနာကို နားလည်ပါ တယ်၊ ဒါပေမဲ့ တခြားဘာဘာညာညာ လောကပါလ သတင်းတွေတော့ မထွက်စေနဲ့ဦး၊ သမီး၊ ကိုယ်က အခုမှ အောင်မြင်ခါစပဲ ရှိသေးတယ်၊ လက်ထပ်ဖို့လည်း မစဉ်းစားနဲ့ဦး"

"စိတ်ချပါ ဖေဖေ၊ ပရိသတ်ကို လေးစားတဲ့အနေနဲ့ ဒါကိုတော့ အလောတကြီး မလုပ်သေးပါဘူး။ သူလည်း ကြိုးစားရမယ့် အချိန်တွေ





ရှိသေးတယ်"

"ကိုနိုင်တော့ ဆတ်ဆတ်ခါနေမှာပဲ၊ သာခေကကို တခြားကောင် တွေထက်တောင် သည်းသည်းလှုပ်တယ်"

"ဦးနိုင် ဘာလို့ အဲဒီစိတ်တွေ ဝင်တာလဲ မသိဘူးနော်၊ သူကြည့် တော့ ယောကျ်ားစစ်စစ်ကြီးပါ၊ ဘယ်လိုမှ သံသယ မဝင်လောက်အောင် တည်ကြည်ခန့်ညားပါတယ်"

"ဘယ်လိုပြောရမလဲ ဒါလည်း ရောဂါတစ်မျိုးပဲ၊ ဖေဖေ ဆေး ပညာစာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်၊ မိန်းမ ဟော်မုန်းဓာတ်တွေ များပြီး တစ်ခါတလေ မိန်းမစိတ် ဝင်စားသွားတာမျိုးပေါ့၊ ငါ ယောကျ်ား ပဲလို့ ဘယ်လိုပဲ ထိန်းချုပ်စောင့်စည်းနေပစေ၊ သူ့ရဲ့ အသွေးအသား ဟော်မုန်းဓာတ်တွေက တွန်းအားပေး ပြောင်းလဲနေတတ်တဲ့ သဘောပဲ"

"အဲဒါတော့ သမီး သိပ်မသိဘူး၊ ဘုရားစာအုပ် တစ်အုပ်ထဲမှာ ဖတ်ဖူးတာက အရင်ဘဝက အတိတ်ဝဋ်ကြွေးတွေ ရှိခဲ့ရင် ပေးဆပ်ရ တယ်ဆိုလားပဲ၊ သူများ သားမယား ပြစ်မှားတာ စော်ကားတာ မိသားစု အသိုက်အမြုံ ဖျက်စီးခဲ့တာ၊ အရက်သေစာ သောက်စား မူးယစ်ပြီး သူများကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ခဲ့ဖူးတာမျိုးပေါ့"

သမီးရဲ့ သိနားလည်မှုများကြောင့် ဦးအောင်ထင်ကျော် ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"အင်း၊ အဲဒါဟုတ်မှာပေါ့လေ၊ အကြောင်းကြောင်းတွေ ရှိလို့ အကျိုးသက်ရောက်မှုတွေ ဖြစ်လာတာပေါ့၊ ဖေဖေ အားဆင်ခြင်တုံ



www.burmeseclassic.com

www.burmeseclassic.com



တရားနဲ့ နေတော့မှာပါ။ ဘယ်သူ့ကိုမှလည်း အပြစ်မပြောတော့ဘူး။ ကိုယ့်ကိုယ်ကိုပဲ အပြစ်ကင်းအောင် နေတော့မယ်၊ မကောင်းတာတွေကို သံသရာအထိ သယ်မသွားတော့ဘူး"

"ကျေးဇူးတင်ပါတယ် ဖေဖေ။ တစ်ဦးတစ်ယောက် ကောင်းစားဖို့အတွက် ဆန္ဒရှိသလို လုပ်နေမယ်ဆိုရင် မိသားစု ဂုဏ်သိက္ခာ ဘယ်ရှိတော့မှာလဲ၊ ကြော် ဖေဖေ သမီး သာကေဆီ ဝင်ရမှာမို့ ရှုတင် စောစောသွားလိုက်တော့မယ်"

"အိုကေ သမီး၊ ဖေဖေလည်း ကားဖြန့်ရက်ဆိုတော့ အိမ်က စောထွက်မှဖြစ်မှာ"

"ဟုတ်ကဲ့၊ သမီး သွားပြီ ဖေဖေ"

အိမ်အကူ မိန်းကလေးက အဝတ်အစားခြင်းတွေ ကားပေါ်တင်ပြီးပြီမို့ ကားလေးကို ရှောခနဲ မောင်းထွက်လာခဲ့သည်။ အိမ့်ကိုတော့ ဒီနေ့ ဝင်မခေါ်တော့ဘဲ ရှုတင်ကပဲ စောင့်နိုင်းထားလိုက်၏။

"ဒေါက် ဒေါက်"

လူခေါ်ဘဲလ်ကို နှိပ်ပြီးမှ အခန်းတံခါးကိုလည်း တဒေါက်ဒေါက်ခေါက်လိုက်သည်။ ချက်ချင်းဆိုသလိုပင် သာကေ တံခါးလာဖွင့်ပေးပြီး

"မယ် စောသားပဲ"

"အင်း သရုပ်ဆောင်သင်တန်း ကိစ္စတွေ ဘာတွေ သိချင်လို့ စောထွက်လာတာ"

"ကိုယ်လည်း မယ့်ဆီဖုန်းဆက်မလို့ လုပ်နေတာ၊ ရှုတင်သွားခါ





နီး စိတ်အနှောင့်အယှက် ဖြစ်နေမှာစိုးလို့"

"ဟင် ဘာဖြစ်လို့လဲ"

ဆက်တိုက်မှာ ဝင်မထိုင်နိုင်သေးဘဲ စိုးရိမ်စိတ်နှင့် မေးမိတော့ သာကေက လက်ဆွဲကာ ထိုင်နိုင်းသည်။

"သရုပ်ဆောင်သင်တန်းက ဖုန်းဆက်တယ်၊ လူဦးရေ ဒီ့ထက်နဲ့ အသတ်နဲ့ ဖြစ်သွားလို့ ကိုယ် တက်လို့ မရတော့ဘူးတဲ့"

"အို မဖြစ်နိုင်တာ၊ အဲလိုမျိုး ထုံးစံမှမရှိဘဲ"

"မသိဘူး အဲဒီက တာဝန်ရှိသူတစ်ယောက်ထင်တယ်၊ ကိုယ့်ကို အဲလိုပြောလိုက်တာ"

"အား အဲဒါမဟုတ်သေးဘူး မယ် လိုက်ပြောမယ်"

"မပြောပါနဲ့မယ်ရယ်၊ အတိုက်အခံ ကန့်လန့်တိုက်သလို ဖြစ်နေပါ့မယ်၊ ပြီးတော့ ဟိုလေ၊ ကြော်ငြာရိုက်ဖို့ ပြောထားတာလည်း ကိုယ့်ဆီကို ဖုန်းဆက်တယ်၊ ဘတ်ဂျက်စာရင်းတွေကြောင့် နောက်နှစ်မှပဲ ရိုက်တော့မယ်တဲ့"

"ဟင် အဲဒါကရော ဘယ်လိုဖြစ်သွားပြီလဲ၊ မိတ်ကပ်နဲ့ခေါင်းလျှော်ရည် အသစ်ထုတ်မယ့် ကုမ္ပဏီက ရှိုးပွဲလျှောက်ပေးဖို့ ကမ်းလှမ်းထားတာရော"

"မနန်းတို့ စပွန်ဆာရထားတဲ့ဟာ မဟုတ်လား။ သော်ကနဲ့မှ မဖြစ်တာ၊ ကိုယ့်ကို ဘယ်အဝင်ခံပါ့မလဲ၊ မနန်းကလည်း ဦးနိုင်ဆီက ထွက်လာပြီဆိုကတည်းက ကိုယ့်ကို ခေါ်မသုံးရဲတော့ဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် အဲဒါတွေအားလုံး ဦးနိုင် ချုပ်လိုက်တာဖြစ်မယ်"

"ဟင်"

ဘုန်းမယ်တဲ့ ပြောလိုက်တာကို သူ နားမလည်။ ဒါတွေအားလုံးက ဦးနိုင်နဲ့ဘာဆိုင်လို့လဲ။ တစ်လိုင်းစီ တစ်ကန့်စီ ဘယ်လိုမှ ငြိစရာအကြောင်းမရှိ။

"မယ် ဘာပြောတာလဲ ဦးနိုင်က"

"ဟုတ်တယ်၊ ဦးနိုင် အငြိုးနဲ့ ဝင်စွက်ဖက်နေပြီဆိုတာ သေချာတယ်၊ အနုပညာနဲ့ပတ်သက်ပြီး ဘယ်နေရာဖြစ်ဖြစ် အင်အားသုံးနိုင်တဲ့ ပါဝါရှိတယ်၊ ကို့ကို မယ်လုပ်ပေးလို့ အောင်မြင်သွားတာမျိုး မဖြစ်စေချင်လို့ လိုက်ဖျက်နေတာ"

"ဟုတ်နေမလားပဲ၊ ဖြစ်မလားလို့ မင်းလုပ်ကြည့်၊ ငါ့ဆီကို တစ်နေ့ မင်းပြန်ရောက်လာစေရမယ်ဆိုပြီး စိန်ခေါ်လိုက်တယ်၊ ဟားတကယ်အောက်တန်းကျတဲ့ လူကြီးကွာ"

သေချာလား။ မသိပေမယ့် ကြိတ်မနိုင်ခဲမရ ဒေါသဖြစ်သွားသည်။ မယ်က အလေးအနက် စဉ်းစားတွေးတောဟန်ရှိပြီးမှ

"မယ် စဉ်းစားနေတာ အခုလုပ်ချလိုက်တဲ့ သူတွေက ဦးနိုင်နဲ့ မကင်းရာ မကင်းကြောင်း ပတ်သက်တဲ့လူတွေချည်းပဲ၊ အဲဒါ ကို့ကို သူ့ဆီပြန်လာအောင် ကြံစည်လိုက်တာ"

"ကိုယ်လည်း ထင်ပါတယ်"

"ထင်မနေနဲ့ ဟုတ်ကိုဟုတ်တယ်၊ သူ့အိမ်မှာနေတုန်းကလည်း





ဘယ်သူ့ ကမ်းလှမ်းတာမှ ဘဝင်မကျဘူး။ ဖေဖေ့ကိုဆို အပြတ်အသတ်တောင် ငြင်းလွှတ်သေးတယ်၊ အောင်မြင်သွားရင် အရင်လူတွေလို ကန့်ထွက်သွားမှာ သူသိတယ်လေ၊ အဲဒါကြောင့် အညွှန့်ကို ချိုးထားချင်တာ၊ အဆင်ပြေပြေ အောင်မြင်မှုမရှိဘူးဆိုရင် သူ့ကိုပဲ မှီခိုအားကိုးနေမယ်၊ သူ့အရိပ်အောက်မှာပဲ နေမယ်လို့ သူယုံကြည်နေမှာပေါ့"

"ကိုယ်က ဘာမှ မဖြစ်ခင် ထွက်လိုက်တာကို သူရင်နာနေမှာပဲ၊ ဒါပေမဲ့ အဝေးကနေတောင် ကိုယ့်တက်လမ်းတွေကို ပိတ်နေတာတော့ မကောင်းဘူး။ ကိုယ်ဘာလုပ်ရမလဲ မယ်"

"စိတ်အေးအေးထားပါ၊ ဒီအနုပညာလောကကြီးကို သူတစ်ယောက်တည်း ပိုင်တာမှမဟုတ်ဘဲ၊ သူ လုပ်ချင်တိုင်း လုပ်လို့မရပါဘူး။ ကိုယ့်အစွမ်းအစ အရည်အချင်းတွေနဲ့ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ပဲ ချလိုက်ပါ၊ ကို အောင်မြင်စေရမယ်"

မယ့် အားပေးစကားတွေက ရင်ထဲထိ တိုးမပေါက်ပါ။ မခံချင်စိတ်များဖြင့် ဦးနိုင်ကို ဒေါသဖြစ်နေမိသည်။

သူ့ဘဝကို ဒီလောက်ထိ ယုတ်ညံ့စွာ မစွက်ဖက်သင့်။ ကိုယ့်မှာ ဦးနိုင်အိမ်က ထွက်လာပြီးတည်းက ဘာမှအဆင်မပြေသေးတာမို့ မေမေတို့ဆီတောင် အဆက်အသွယ် ပြတ်နေခဲ့သည်။ ဟိုဟာဒီဟာ လိုအပ်ပါတယ်လို့ ပြောလာလျှင် ပေးမှမပေးနိုင်သေးဘဲ။

မယ်က ဖုန်းတစ်လုံး ဝယ်ပေးထားပေမယ့် ဒီဖုန်းနံပါတ်ကိုလည်း မေမေတို့ကို မပေးရသေးချေ။ ဦးနိုင်နဲ့ အဆင်မပြေတာကို သိပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲမှာ စိုးလို့ပါ။

"မယ် ကိုယ် ဦးနိုင်နဲ့ သွားတွေ့မယ်"

"ဘာသွားလုပ်မှာလဲ"

"ဒီကိစ္စတွေ မဖြစ်သင့်တာ သွားပြောရမှာပေါ့။ မသိလို့ အ,လို့ ငြိမ်ခံနေတာ မဟုတ်ဘူးဆိုတာ သိအောင်ပြောရမယ်၊ နောက်ဆုံး အဆင် မပြေခဲ့ရင်တောင် သူ့ဆီကို ဘယ်တော့မှ ပြန်မလာဘူးဆိုတာ"

"ပိုပြီးအငြိုးထားနေပါ့မယ် ကိုရယ်"

"မပြောရရင်တော့ တနုံ့နုံ့နဲ့တွေးပြီး ကိုယ်အိပ်လို့ပျော်မှာ မဟုတ်ဘူး မယ်၊ ကိုယ်သူ့ကို လေးစားကြည်ညိုခဲ့ဖူးတယ်၊ အခု အဲဒါတွေနဲ့ မထိုက်တန်ဘူးလို့ ပြောလိုက်ရမှ နေသာထိုင်သာရှိမှာ၊ ကိုယ့်မာနကို ချိုးချခံနေရသလို ခံစားမှုကြီးက"

"အင်းလေ ကို စိတ်သက်သာမယ်ဆို သွားပြောချင်လည်း ပြောပါ၊ ဒါပေမဲ့ ကိုယ်ထိလက်ရောက်တော့ မစော်ကားမိစေနဲ့နော်၊ သူက ကို့ကို မုန်းလို့တိုက်ခိုက်နေတာ မဟုတ်ဘူး။ ချစ်လို့ သိမ်းပိုက်ဖို့ ကြိုးစား နေတာ"

"ကျုတ် မယ်ကလည်း"

သာခေက ရွံရှာစက်ဆုတ်သလို မျက်နှာကြီး ရှုံ့မဲ့သွားသည်။ မိန်းမ တစ်ယောက်သာဆိုလျှင် အပျော်ရှာ သိမ်းပိုက်ခံလိုက်မိမလား မသိပေမယ့်၊ ယောက်ျားချင်းဆိုတာကြီးက ...။

■ ■ ■

ဈ။း၀၁၃၄၀

## အခန်း (၃၂)

"ယောက်ျားချင်းဆိုတာ လက်သီးချင်း ယှဉ်ထိုးသင့်တယ်၊ နောက်ကျောကချောင်းပြီး တုတ်နဲ့ရိုက်တာ မိန်းမကျင့် မိန်းမဥာဏ်လို့ ခေါ်တယ် ဦးနိုင်"

"ကောင်လေး မင်းဘာတွေပြောနေတာလဲ"

အိမ်ထဲဝင်လာတာမြင်လို့ ဝမ်းသာသွားသော စိတ်တွေက ကောင်လေး စကားကိုကြားပြီး နားမလည်နိုင် ဖြစ်နေရသည်။ ထိုင်ဖို့ ဆိုဖာခုံကို မေးငေါ့ပြပေမယ့် သာခေက ဒီအတိုင်းမတ်တပ်။

"ကျွန်တော် ဘာပြောတယ်ဆိုတာ ဦးနိုင် သိပါတယ်၊ ဦးနိုင် လုပ်ရပ်တွေ အရမ်းအောက်တန်းကျလွန်းတယ်"

"ဝါကျတွေက ရှိုင်းလိုက်တာ၊ ငါက မင်းအဲလိုတိုက်ခိုက်သင့်တဲ့

ဈ။း၀၁၃၄၀

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရင်းကို အရင်ပြော''

''ကျွန်တော် ဘယ်နေရာကိုမှ ဝင်တိုးလို့မရအောင် ဘာမှ လုပ်လို့မရအောင် ဟန့်တားပိတ်ပင်နေတဲ့ ကိစ္စတွေက''

''မင်းပဲ ဘုန်းမယ်ဘွဲ့ကို အားကိုးပြီး ကြိုးစားကြည့်မယ်ဆို ဘုန်းမယ်ဘွဲ့ဘာမှ မတတ်နိုင်ဘူးလား''

''အဲဒါ ဦးနိုင် ဝန်ခံတာလား။ ဦးနိုင် တမင်တကာ လုပ်ခဲ့တယ် ဆိုတာ ဝန်ခံတာလား။ ဘယ်လိုလဲ ဘာဖြစ်လို့လဲ၊ ခင်ဗျား ကျွန်တော့် ကို ညီလေးတစ်ယောက်လို ချစ်ခဲ့တာ၊ သံယောဇဉ်ရှိခဲ့တာဆို၊ ကျွန်တော့် ကို အောင်မြင်စေချင်လို့ ပံ့ပိုးကူညီခဲ့တာဆို၊ အခု ခင်ဗျားဆန္ဒတွေ ဖြည့်ဆည်းမပေးလို့ ကျွန်တော့်ဘဝကို ဖျက်စီးနေတာလား ဟုတ်လား ဦးလွှမ်းမိုးနိုင်''

ဒေါသဖြစ်ဖြစ်နှင့် အော်ပြောလိုက်ချိန်မှာ ဒေါ်ကြီးမြနှင့် ကျော်သက် အလန့်တကြား ပြေးထွက်လာကြသည်။ သူဘယ်သူ့ကိုမှ မမြင်၊ ဘာကိုမှ ဂရုမစိုက်။

ဒီအချိန်မှာ သူ့ အမုန်းဆုံးက ဦးနိုင်ရဲ့ မထီတရီ မဲ့ပြုံးတွေ။

''မင်းငါ့ဆီကို ပြန်လာမယ်ဆိုရင် မင်းတစ်သက်လုံး သုံးဖြုန်း မကုန်တဲ့ စည်းစိမ်တွေ ပုံပေးမယ်၊ အောင်မြင်ချင်တယ်ဆိုရင်လည်း အခုချက်ချင်း လုပ်ပေးမယ်''

''တော်စမ်းပါ၊ ခင်ဗျားလို ယောကျ်ားချင်း တဏှာရူးနေတဲ့ စိတ်ဓာတ်ကို ရွံ့လွန်းလို့ တိရစ္ဆာန်တွေတောင် ကာမဂုဏ်မေထုန် မှိုဲ့ဖို့





အထီမှန်း အမမှန်း နားလည်ကြတယ်၊ ခင် ခင်ဗျားက''

''ကောင်လေး မင်းမာနတွေကြီးပြီမနေနဲ့ အဲဒီမာနက မင်းဘဝ ကို ဘာမှပြောင်းလဲ မပေးနိုင်ဘူး၊ မင်းကို ငါချစ်တယ်ဆိုတာက''

''တော် တော်စမ်းပါ တောက်''

သူ ဒေါသတွေဖြစ်ပြီး ဒီထက်ဆိုးဆိုးဝါးဝါး ပေါက်ကွဲပစ်လိုက် ချင်သည်။ ရှက်လွန်းလို့ အသားတွေ တဆတ်ဆတ်တုန်ကာ မျက်ရည်တွေ တောင် ကျချင်၏။

ထိုအချိန်မှာ ကျော်သက်လက်ထဲက ဟန်းဖုန်းလေးက သံစဉ် တွေ ထွက်လာသည်။ ဦးနိုင် ပေးထားသည့် သူကိုင်ခဲ့ဖူးသော ဖုန်းလေးပဲ။

''ဟာ သာဓက မင်းအမေ့ဆက်တာကွ၊ ဟယ်လို''

''ဟင် မေမေ''

အံ့ဩဝမ်းသာသွားပေမယ့် ဦးနိုင်ဖုန်းကို သူ မကိုင်ချင်ပေ။

''ဟိတ်ကောင် ကိုင်လိုက်ဦး၊ မင်းကိုပဲမေးနေတယ်၊ ဘာတွေ အရေးကြီးနေလဲ မသိဘူး''

ကျော်သက်က သူ့လက်ထဲကို ဖွတ်အတင်း ဖုန်းထိုးထည့် ပေး နေသည်။ မေမေအသံလည်း နားထောင်ချင်တာမို့ မတတ်သာဘဲ ဖုန်း နားထောင်လိုက်ရ၏။

''ဟယ်လို မေမေ သားပါ၊ ဟုတ်ကဲ့ပြောပါ မေမေ''

'' . . . ''

''ဗျာ မေမေ ဘာပြောလိုက်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"…"

"ဓဖ ဖေဖေဆုံးပြီ ဟာ ဘယ်လိုဖြစ်တာလဲ၊ ဟုတ်ရဲ့လား မေမေရယ်၊ နေမကောင်းတုန်းက သားကိုဘာလို့ မပြောတာလဲ၊ မြို့ခေါ ရုံမှာသား၊ ဟုတ်ကဲ့ သားအခုချက်ချင်း မီရာကားနဲ့ ပြန်လာခဲ့မယ်၊ ဟုတ်ကဲ့ ဟုတ်ကဲ့"

ဖုန်းပိတ်ပြီး မှုမေ့လဲမတတ်၊ ကတုန်ကယင် တုန်ခိုပြုးပြာသွား ရသည်။

"သာခက"

"ဖေ ဖေဖေဆုံးပြီတဲ့ ကျော်သက်ရာ၊ ငါ ငါဒီပြဿနာတွေနဲ့ စိတ်ဆင်းရဲပြီး အခုတလော အိမ်ကိုဖုန်းမဆက်မိဘူး"

"စိတ် စိတ်မကောင်းဘူးကွာ၊ မင်းဘယ်လိုလုပ်မှာလဲ၊ အခု ချိန် ရန်ကုန်ကထွက်မယ့် ကားတွေတော့ ရှိပါသေးတယ်"

"ကောင်လေး ဦးနိုင် ကားနဲ့လိုက်ပို့မယ်လေ၊ မင်း အရေးကြီးနေ တာပဲ၊ အချိန်မီတာပေါ့"

"မလိုဘူး ကိုယ့်ဘာသာ ဘယ်အချိန်ရောက်ရောက် ပြန်လို့ရ တယ်၊ ကျော်သက် ငါသွားမယ်"

"ဟိတ်ကောင် ကားဂိတ်တော့ လိုက်ပို့မယ်လေ"

"နေစမ်းပါကွာ"

သာခက ဖွတ်ထွက်လာခဲ့သည်။ ဘုန်းမယ်ဘွဲ့ပေးထားသော ကွန်ဒိုခန်းကိုပင် ဝင်မနေတော့ဘဲ ကားဂိတ်ကို တစ်ခါတည်း ရောက်

ဗျူး ၁၁၁၆



အောင်လာခဲ့သည်။

မျက်ဝန်းအိမ်ထဲမှာ မျက်ရည်တွေ ပြည့်နေတာမို့ ဘာကိုမှလည်း မမြင်တော့။ ဖေဖေ့ရဲ့ နောက်ဆုံးအချိန်တွေမှာ သူတာဝန်မကျေခဲ့ပါလား။ အချိန်တွေက အတိတ်ကို အသေသတ်လို့ …။

■ ■ ■

ဗျူး ၁၁၁၉

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ကောင်လေး ပြန်သွားပြီးတည်းက စိတ်တို့က ဂနာမငြိမ်ပါ။ ဖအေဖြစ်သူရဲ့ နာရေးကို သွားရင်းက လုံးဝပြန်မလာတော့ဘူးဆိုလျှင် ဘယ်လိုလုပ်မလဲ။

ကောင်လေးက လောဘနည်းပြီး ရောင့်ရဲတင်းတိမ်တတ်သူမို့ အောင်မြင်မှုတွေ ငွေကြေးတွေကိုလည်း မက်နေမှာမဟုတ်။ ဒီအတိုင်း ဖအေမရှိတော့ဘူး မိသားစုကို အနီးကပ် စောင့်ရှောက်မှဖြစ်မယ်ဆိုပြီး ရွာမှာပဲ နေတော့မယ်လို့ ဆုံးဖြတ်ပစ်လိုက်နိုင်သည်။ ဒီမှာလည်း ကိုယ့်ကြောင့် အဆင်ပြေပြေမှ မရှိဘဲ။

"ကျော်သက် ကျော်သက်"

ကားရေဆေးနေရာမှ ကျော်သက် အပြေးအလွှား ဝင်လာသည်။





"ကျော်သက်"

"ဟုတ်ကဲ့ ပြောပါ ဦးနိုင်"

"သာဓကရွာကို လိုက်သွားရအောင်"

"ဗျာ"

"သူ့အဖေ နာရေးဖြစ်နေတယ်လေ၊ သူငယ်ချင်း တစ်ယောက်အနေနဲ့ မင်းမှာတာဝန် မရှိဘူးလား"

"ရှိ ရှိပါတယ်"

"သူ့ကို သံယောဇဉ်ဖြစ်နေတဲ့ ငါ့မှာရော တာဝန်မရှိဘူးလား"

"အဲဒါက ဟို သာဓကက ဦးနိုင်ကို"

"ဘာလဲ ရွာကနေ ငါ့ကို မောင်းထုတ်မှာစိုးလို့လား၊ သူ့ငါ့ကို အဲလိုမလုပ်ရက်ပါဘူးကွာ၊ ဘုန်းမယ်ဘွဲ့ကြောင့်သာ မဟုတ်ရင် ငါတို့ဘဝလေးက အရှမ်းကို ပျော်စရာကောင်းမှာ သူ့ငါ့ကို ပွတ်သီးပွတ်သပ် ချွဲနွဲ့ပြီးနေတာ မင်းသိတယ် မဟုတ်လား"

"ဟုတ်ကဲ့ သိ သိပါတယ်"

အရက်ပုလင်းကြီး ရှေ့မှာချပြီး အာလေးလျှာလေး ဖြစ်နေတာမို့ ကျော်သက် အရင်လို ကလန်ကဆန် စကားမများရဲပေ။ အရက်သောက်တာ တစ်ခါမှ မမြင်ဘူးတာမို့ ဦးနိုင် ခံစားနေရတာလည်း စာနာမိသလိုပင်။

"ကျော်သက် မင်းရော သောက်ဦးမလား"

"ဗျာ မ မသောက်တော့ပါဘူး ဦးနိုင်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မှာ မင်းခွက်ပုန်းဆော်နေတာ ငါမသိဘူး မှတ်နေလား။ လာထိုင် ငါ ငှဲ့ပေးမယ်"

ဦးနိုင်က ဖန်ခွက်ထဲကို အရက်တွေ အပြည့်ထည့်ပေး၏။ ကျော်သက် အငမ်းမရ မော့သောက်ပြီး အမြည်းတစ်ဖက် ကောက်ဝါးလိုက်၏။

"မင်းကရေတောင် မရောပါလား။ ဆရာကြီးပေါ့လေ"

"မဟုတ်ပါဘူး။ ဦးနိုင် ထည့်ပေးတဲ့အတိုင်း အားနာလို့ သောက်လိုက်တာပါ"

"အေး ဆင်ခြေပေးတတ်တာ အရက်သမား ပီသတာပဲကွ၊ အေး ဒါပေမဲ့ အရက်ကို အလွန်အကျွံမူးအောင် ဘယ်တော့မှ မသောက်နဲ့၊ ငါလေ အဲလို အရက်မူးအောင်သောက်ခဲ့မိလို့ ဘဝတစ်သက်လုံး ပြင်လို့မရတဲ့ အမှားကြီးကို ကျူးလွန်မိခဲ့တယ်"

"ဗျာ ဘယ်လိုအမှားလဲ ဦးနိုင်"

"လူမဆန်တဲ့အမှား၊ ဖျက်လို့ပြင်လို့ မရတဲ့အမှား"

"ဟုတ် အဲဒီအမှားက"

"နိုး နိုး၊ အရက်မူးတော့ ကျွဲခိုးတာပေါ်အောင် ငါ့ကို မေးနေတာလား၊ ငါမပြောဘူး၊ ဘယ်သူ့ကိုမှလည်း ဒီအကြောင်းမပြောခဲ့ဘူး။ ပြောမိမှာစိုးလို့လည်း အရက်ကို မသောက်မိအောင် နေခဲ့တယ်၊ ဒီနေ့တော့ ငါမခံစားနိုင်လွန်းလို့ ငါသောက်ခဲ့တာ၊ ကောင်လေး ငါ့အသည်းကို ခွဲသွားတယ်ကွာ၊ ငါ မခံစားနိုင်ဘူး ဘူး အေ့"

အန်ချလိုက်မလား၊ အထင်နှင့် ကျော်သက် နှာခေါင်းရှုံ့ကာ





အလန့်တကြား ဖြစ်သွားသည်။ ဒါပေမဲ့ ဦးနိုင်က အရက်ခွက်ကို ကောက်မော့၍ လေတက်ခြင်းကို ရပ်တန့်၏။

မိန်းမ စိတ်ဝင်တယ်ဆိုပြီး အရက်ကျတော့ သောက်နိုင်ပေသားပဲ။

"ဘာကြည့်တာလဲ၊ မင်းက မိန်းမရှာကြီး မိန်းမစိတ်ပေါက်နေသူကြီးက အရက်သောက်တယ်ဆိုပြီး ကဲ့ရဲ့ချင်နေတာလား"

"ဟုတ်ကဲ့ အဲ မဟုတ်ပါဘူး"

"မင်ဘယ်လိုထင်ထင် ငါဂရုစိုက်မယ် မှတ်နေလား"

"မှတ်ပါတယ် အဲ မမှတ်ပါဘူး"

ရေမရောဘဲ သောက်လိုက်မိသော အရက်တန်ခိုးကြောင့် ဖြေလိုက်သမျှတွေက ကပေါက်တိ ကပေါက်ချာ။

"ကျော်သက် ကောင်လေးအပေ ရက်လည်နေ့ကျရင် မင်းတို့ရွာကိုသွားမယ်၊ ကောင်လေးကို မရရအောင် ပြန်ခေါ်လာမယ်၊ ငါခေါ်လို့မရရင် မင်းရအောင်ခေါ် ရှင်းပြီလား"

"ရှင်းပါတယ်၊ ခေါ်ရမှာပေါ့၊ ဒီကောင်ရွာမှာနေလည်း ဘာမှ လုပ်ကိုင်စားတတ်တာ မဟုတ်ဘူး။ ရန်ကုန်ကို သူပြန်လာမှာပါ"

"အေး ဘုန်းမယ်ဘွဲ့ဆီ ပြန်ပါမသွားဖို့ အရေးကြီးတယ်၊ သူ့ကို ငါ အလှူကြည့်နေချင်တာကွ၊ တစ်ခါတစ်ခါ ညီလေးတစ်ယောက်၊ သွေးမျိုးသားချင်းတစ်ယောက်လို သံယောဇဉ်ရှိတယ်၊ တစ်ခါတလေကျတော့လည်း ချစ်သူတစ်ယောက်လို ခံစားမိပြီး မိန်းကလေးလို ချစ်မိပြန်ရော အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလား''

''မကောင်းဘူး''

''အေး မကောင်းမှန်း ငါသိတယ်၊ ဒါပေမဲ့ ငါ့စိတ်ကြီးက''

ဦးနိုင် စကားမပြောဘဲ အရက်ခွက်ကို ကောက်မော့ပြန်၏။ ဒီတစ်ညတော့ ကိုယ့်ကိုတောင် ဦးနိုင် စံချိန်ချိုးသွားနိုင်သည်။ ဝေဒနာတွေ သက်သာလို သက်သာငြား ရှိပါစေတော့ . . . ။

■ ■ ■



## အခန်း (၃၄)

လောကကြီးမှာ အဖေမရှိတော့ဘူး ဆိုသည့်အသိက ရင်တွေကို ပူပြင်း လောင်မြိုက်နေစေသည်။ အဖေ့ကို အနီးကပ်တောင် မပြုစုလိုက်ရပါ။

သားတစ်ယောက် တာဝန်ရော ဘယ်လောက်ကျေလိုက် နိုင်သေးလို့လဲ။

''သား အဖေက သူ နေမကောင်း ဖြစ်နေတာကို လုံးဝမပြောနိုင်းဘူး။ သားကြီး မိသားစုအတွက် အလုပ်သွားလုပ်နေတာ၊ စိတ်မပင်ပန်း ပါစေနဲ့တဲ့၊ သူ့ဝေဒနာ ခံစားနေရတာတော့ ကြာပြီ သား။ ကြာကြာ မထိုင်နိုင်တော့ အမြဲအိပ်ရာထဲ လှဲနေရာက ကျောတစ်ပြင်လုံး အပူလောင် အနာတွေဖြစ်လာတာ၊ အဲဒီအနာကနေ ပြည်တည်ပြီး အမြစ်တွယ်လာ တော့ ရွာက ဆေးပေးခန်းနဲ့ မရတော့ဘူး။ အဲဒါနဲ့ မြို့ဆေးရုံကို သွားရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဆေးထိုးဆေးတိုက်နဲ့ သက်သာတယ်ပဲ ထင်တာပါ သားရယ် အခုတော့''

ပြောရင်း အမေငိုနေတာကို သူ့မှာ ဖြေသိမ့်စရာ စကားလုံးမရှိပါ။ အဖေ့ကို ကောင်းကောင်းပြုစု စောင့်ရှောက်ခွင့် မရလိုက်တာကိုပဲ ရင်နာနေသည်။ အမေရော ညီလေး ညီမလေးရဲ့ ပညာရေးက တစ်ဖက်၊ အဖေကို ပြုစုရတာတစ်ဖက်နှင့် ဘယ်လောက်တောင် ပင်ပန်းရှာလိုက်မလဲ။

အခု ရက်လည်အတွက် စီစဉ်ရမှာတောင် အမေ နလန်မထူနိုင်ပါ။ ကျန်းမာရေးအတွက် ရွာဆေးပေးခန်းက ဆရာမနဲ့ ဆေးကုနေရသည်။

''မေမေ ကျွန်တော် မနက်ဖြန် ရက်လည်ဆွမ်းသွတ်ဖို့အတွက် ဘုန်းကြီးသွားပင့်ချည်ဦးမယ်၊ အမေရော သက်သာရဲ့လား''

''သက်သာပါတယ် သားရယ်၊ အေးမိတို့ မြို့ကိုဈေးသွား ဝယ်တာ မရောက်ကြသေးဘူးလား''

''မရောက်သေးဘူး မေမေ ဝယ်စရာကများတယ်၊ ကိုကျော်ကြီး ထော်လာကျိုလည်း စောင့်ရမှာဆိုတော့ ကြာဦးမှာပေါ့။ မြန်ရောက်တာနဲ့ ဝိုင်းလုပ်လိုက်ရင် မြန်ပါတယ်၊ မေမေသာ ကိုယ့်ဘာသာ နေကောင်းအောင်နေ''

''မေမေက နေကောင်းပါပြီ မင်းအဖေအတွက်ပဲ စိတ်မကောင်းဖြစ်တာပါ၊ အငယ်နှစ်ယောက်ရော ကျောင်းသွားကြပြီလား''



''ဟုတ်ကဲ့မေမေ၊ သား မုန့်ဖိုးပေးလိုက်တယ်''

''အေးအေး သား ဘုန်းဘုန်းကို သေချာလျှောက်ခဲ့နော်၊ ကိုကြီးသာအေးကို ခေါ်သွားဦး''

''ဟုတ်ကဲ့''

သားထွက်သွားမှ ဒေါ်မြမြဝေ အိမ်ပေါ်က ဆင်းလာခဲ့သည်။ စိတ်ရောလူရော ပင်ပန်းပြီး ပုန်းပုန်းလဲသွားပေမယ့် ဒီနေ့တော့ သက်သာကာ လုပ်စရာ ကိုင်စရာတွေက အများသား။

ရွာထဲက ခင်မင်ရာ ခင်မင်ကြောင်း မိတ်ဆွေတွေက တတ်နိုင်သလောက် ဝိုင်းဝန်းကူညီကြလို့သာ တော်သေးသည်။

ရွာမှာနေရတာ အဲဒါတစ်ခုတော့ ကောင်းပါသည်။ သာရေးနာရေးမှာ စည်းလုံးကြသလို ခိုင်းစရာမလိုဘဲ ကိုယ့်အသိတရားနှင့် ကိုယ့်တာဝန်ကိုယ်စီယူပြီး မညည်းမငြူ မငြိုမငြင် ကိုယ်ဖိရင်ဖိ လုပ်ကြသည်။

''အဒေါ်ရေ ဒီမှာ မြို့ညွှေသည့်ဗျို့၊ ကျော်သက်လည်းပါတယ်၊ ကားကြီးနဲ့ဗျ''

''ဟင်''

ခြံပြင်က လှမ်းအော်သံကြောင့် ကသုတ်ကယက် ပြေးထွက်မျှော်ကြည့်ရသည်။ ဟုတ်ပဲ့ အိမ်ရှေ့မှာ ကားကြီးရပ်လို့ပါလား။ ကျော်သက်နဲ့ပါလာတာ မြို့က သားရဲ့အလုပ်ရှင် သူဌေးဖြစ်ရမည်။ သားက မြို့မှာ ရုပ်ရှင်မင်းသားလုပ်မှာဆိုလို့ တစ်ရွာလုံးက ဝိုင်းပြီး အထင်ကြီး

www.burmeseclassic.com



နေကြတာ။

အခု ဖအေသေလို့ ရောက်လာတဲ့အထိတော့ ဘာမှဖြစ်သေး ဟန် မတူ။

"အရီးလေး"

"အေး မောင်ကျော်သက်၊ ညွှန့်သည်ကို အိမ်ထဲခေါ်ခဲ့ကွယ်၊ သားကတော့ မရှိဘူး၊ မနက်ဖြန် ရက်လည်အတွက် ဘုန်းကြီးသွား ပင့်တယ်"

"ဟုတ်ကဲ့ လာ ဦးနိုင်၊ အဲဒါ သာဓက အမေ"

"ဟင်"

သင်ဖြူးဖျာပေါ် ဖင်ထိုင်အချမှာပင် သာဓက အမေဆိုသူကို ကြည့်ပြီး လွှမ်းမိုးနိုင် ထိတ်ခနဲ ရင်တုန်သွားခဲ့၏။ အသားတွေ မည်းညစ် အိုဇာသွားတာမှလွဲလျှင် ဟိုယခင်က

"ရေနွေးသောက်ကြပါဦး"

ရေနွေးပန်းကန်လေးချပြီး ဒေါ်မြမြဝေ ဝင်ထိုင်ပြီး သူ့ဧည့်သည်ကို အခုမှ သေချာကြည့်မိ၏။ မျက်ဝန်းတွေပင် ပြူးပျာသွားမတတ်။

"နင် နင် လွှမ်းမိုးနိုင်"

"မြမြဝေ နင် မြမြဝေနော်"

နှစ်ယောက်သား လက်ညှိုးကြီးတွေထိုးလျက် တအံ့တသြ ဖြစ်နေကြတာမြင်ပြီး ကျော်သက်ပင် ကြောင်စီစီ ဖြစ်နေရသည်။

"တောက် လွှမ်းမိုးနိုင် နင်"





ဒေါ်မြမြဝေ အသားတွေ ဆတ်ဆတ်တုန်လောက်အောင် ဒေါသ ဖြစ်သွားသလို လွှမ်းမိုးနိုင်က ခေါင်းကြီးငုံ့ကာ မျက်စိမျက်နှာပျက်နေ သည်။

"ငါ ငါတောင်းပန်ပါတယ်ဟာ မြမြဝေ နင်ဒီရွာမှာ လာနေ တာလား ငါနင့်ကို ရှာပါသေးတယ်"

"တော်စမ်းပါ လွှမ်းမိုးနိုင်ရယ်၊ နင်က ဘယ်အချိန်မှ ရှာတာလဲ ငါ အရှက်တကွဲ အကျိုးနည်းဖြစ်မယ့် အချိန်တွေတုန်းက နင်ဘယ်သွား သေနေလဲ၊ ဘယ်လင်နဲ့ သွားပျော်ပါးနေလဲ"

"မြမြဝေ"

"မိန်းမစိတ်ပေါက်နေတဲ့ အခြောက်ကြီး ဂျိုပုံကြီးလို့ စကြ နောက်ကြတော့ မခံမရပ်နိုင် ဒေါသဖြစ်နေလိုက်တာ၊ ငါယောကျ်ားပါ။ ငါယောကျ်ားပါနဲ့ လက်သီးလက်မောင်းတန်းပြ၊ ဟင် ကိုယ့်အမှားကို တာဝန်ယူရမှာကျတော့ ကြောက်လို့ထွက်ပြေးတယ်၊ နင်လူရော ဟုတ်ရဲ့ လား၊ ဟုတ်ရဲ့လား လွှမ်းမိုးနိုင်ရဲ့"

"ပြောပါဟာ နင်ကြိုက်သလို ပြောပါ မြမြဝေရယ်၊ အဲဒီအချိန် တွေထဲက နင်ဘယ်လောက်ပြောဆို ရိုက်ပုတ် သတ်ပစ်ချင်နေမလဲဆိုတာ ငါသိပါတယ်၊ ငါလေ နင်ကိုယ်ဝန်ရသွားတယ်ဆိုတဲ့ သတင်းကြားတော့ အ အရမ်းကို လန့်သွားခဲ့တာ၊ အဲ အဲဒါကြောင့် နိုင်ငံခြားထွက်ပြေး သွားခဲ့တာ"

ကြားနေရတာတွေ နားထောင်ပြီး ဦးနိုင်နှင့် သာဓကအမေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်မှုကို ကျော်သက် အံ့ဩနေသည်။ ကိုယ်အနားမှာ ရှိနေတာလည်း ဘယ်သူမှ ဂရုပြုမိကြပုံမပေါ်။

အခုမှ ပြန်ဆုံပြီး အနှစ်နှစ်အလလ မျိုသိပ်ထားသမျှ ပေါက်ကွဲနေကြတာပဲ ဖြစ်မှာပေါ့။

"မြမြဝေ"

"မခေါ်နဲ့ နင့်အသံမကြားချင်ဘူး။ အခုချက်ချင်း ငါ့အိမ်ထဲက ထွက်သွား"

"အဲလိုတော့ နှင်မထုတ်ပါနဲ့ နင်အဲဒီအချိန်တုန်းက ငါ့ကြောင့်ရတဲ့ ကိုယ်ဝန်ကြောင့် အရှက်တကွဲ အကျိုးနည်း မဖြစ်အောင်၊ ဆွေမျိုးနီးစပ်တော်တဲ့ လူနဲ့ လက်ထပ်လိုက်ရတယ်ဆိုတဲ့ သတင်းကို ငါကြားတယ်၊ အ အခုသေသွားတာ အဲဒီလူလား"

"အဲဒီလူမဟုတ်လို့ ငါက ဘယ်နှစ်လင်ပြောင်း လက်ထပ်မယ်ထင်လို့လဲ"

"ဒါ ဒါဆို"

"ဟုတ်တယ် သားကြီး သာကေတ နင့်ကိုယ်ဝန်နဲ့ရတဲ့ ကလေး"

"ဘာ ဘာ"

"ငါယူလိုက်တဲ့သူက နင့်လို ဖခင်စိတ်မရှိတဲ့သူ မဟုတ်ဘူး။ ငါ့အပေါ်လည်း အပြစ်မမြင်ဘဲ၊ သားအပေါ်လည်း သားအရင်းလေးတစ်ယောက်လို သဘောထားပြီး ဖခင်ဝတ္တရား ကျေခဲ့တယ်၊ သူ့အပေါ်





အချစ်ပေါ့ရာ ရောက်မှာစိုးလို့ သူနဲ့လက်ထပ်ပြီးတာတောင် နောက်ထပ်ကလေးယူနိုင်ခဲ့တာ မဟုတ်ဘူး၊ နောက်ကြာမှ သားကြီး အဖော်မဲ့မှာစိုးလို့ တစ်ကောင်ကြွက်ဘဝနဲ့ မျက်နှာငယ်မှာစိုးလို့ ငါ ဖွတ်အတောင်း တိုက်တွန်းပြီး မွေးခဲ့တာ"

"မြမြဝေရယ် တာ တကယ်လား။ သာ သာကေတ ငါ့သားလား။ ငါ့ရင်သွေး ငါ့သားလား"

မျက်နှာကို လက်ဝါးနှင့်အုပ်၍ ဦးလွှမ်းမိုးနိုင် ရှိုက်ကြီးတငင်ငိုချလိုက်သည်။ နေထိုင်လာခဲ့သည့် ဘဝသက်တမ်းတစ်လျှောက်လုံး ဒီစကားကြားပြီး ဒီနေ့ ဒီအချိန်လောက် ကိုယ့်ကိုယ်ကို ပြန်ရှက်မိတာမျိုး ရှိတော့မည်မထင်။

ကိုယ့်သားဖြစ်သူကိုမှ ကိုယ်ကမတော်မရော် ချစ်ကြိုက်မိသည့်အဖြစ်ပါလား။ ဒီအကြောင်းသာ သားသိသွားလျှင် ကိုယ့်ကိုယ်ကိုတောင် သတ်သေပစ်ချင်စိတ် ပေါက်သွားလိမ့်မည်ထင်သည်။

ဘဝမှာ ဒီထက်ရှက်စရာကောင်းသော၊ ကြောက်ရွံ့ထိတ်လန့်စရာအဖြစ်မျိုး ရှိပါဦးတော့မလား။ အကြောင်းစုံသိနေသော ကျော်သက်ရှေ့မှာ မျက်နှာပင် မဖော်ဝံ့တော့ပါ။

"ဦးနိုင်"

"ကျောတစ်ပြင်လုံး သိမ့်သိမ့်လှုပ်အောင် ရှိုက်ငိုနေသော ဦးနိုင်ကို ကျော်သက် လှုပ်ခတ်ကာခေါ်ရင်း သတိပေးရသည်။ ဒေါ်မြမြဝေက နှုတ်ခမ်းကိုကိုက် အံကြိတ်ထားလျက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဘယ်လို ဖြစ်ခဲ့သည်ဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးပေမယ့် ပြောသမျှတွေ နားထောင်ပြီး အနည်းငယ် သဘောပေါက်သလိုတော့ ရှိနေသည်။

သာကေက ဦးနိုင်ရဲ့သား။ ဒေါ်မြမြဝေနှင့် ဘယ်အချိန်က မှားယွင်းပြီး ဦးနိုင်က ဘယ်လိုအကြောင်းတွေကြောင့် တာဝန်မဲ့ခဲ့တာလဲ။ ကျော်သက် အတွေးလွန်နေဆဲမှာပင် ဦးနိုင်က ဒေါ်မြမြဝေရှေ့မှာ ဒူးထောက် ထိုင်ချလိုက်သည်။

"မြမြဝေ"

"ဘာလဲ အဲဒါ ဘာလုပ်တာလဲ"

"ငါ ငါတောင်းပန်ပါတယ်၊ ငါ့အပြစ်ငါသိပါတယ်၊ ငါမှားခဲ့တာ ငါသိပါတယ်၊ ဒါပေမဲ့ ဒီအကြောင်းကို သာ သာကေကို မပြောပါနဲ့ ဟာ မပြောပြလိုက်ပါနဲ့"

"နင့်လိုသူဌေးကို ငါ့သားက အဖေခေါ်ပြီး အမွေတောင်းမှာစိုးလို့လား"

"မ မဟုတ်ပါဘူး၊ ငါချမ်းသာသမျှ ဘယ်သူ့ကိုမှ အမွေပေးစရာ မရှိပါဘူး၊ ငါ့မှာသားရှိမှန်း သိမှတော့ ငါ့သားအတွက်ပဲ ဖြစ်ရမှာပေါ့၊ ဒါပေမဲ့"

ဘာကြောင့်ပါဆိုတာ ဘယ်လိုမှပြောမထွက်ပေ။ ရင်ထဲမှာ ဆို့နင့်လှိုက်မောပြီး အဆိပ်ရည်တွေ မျိုချနေရသလို ဝေဒနာတွေက ခံရခိုးလှသည်။





ဒေါ်မြမြဝေက မကျေမချမ်း မျက်စောင်းထိုးကြည့်ကာ

"နင် ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ငါတို့ မမက်မောဘူး လွှမ်းမိုးနိုင်၊ အစကသာ ငါ့သားရဲ့ အလုပ်ရှင်သူဌေးက နင်ဖြစ်နေမှန်း သိခဲ့မယ်ဆိုရင် သားကို နင့်လိုလူမျိုးဆီမှာ အလုပ်လုပ်မခိုင်းဘူးသိလား။ ကိုယ်ဝန်ရှိမှန်းသိပြီး နင်ထွက်ပြေးသွားကတည်းက နင့်ကို ငါ့သားရဲ့ ဖခင်နေရာနဲ့ မတန်ဘူးလို့ ငါသတ်မှတ်ပြီးပြီ"

"အဲ အဲလိုမလုပ်ပါနဲ့ မြမြဝေရယ်၊ ငါ ငါလေ သာကေလေးကို သံယောဇဉ်ရှိပါတယ်၊ ငါ့ရဲ့သားက ဒီလိုမျိုး ဆင်းဆင်းရဲရဲ တောရွာလေးမှာ နေရတယ်ဆိုတာသိတော့ ငါ ငါအခု ရင်တွေနာနာနေပါတယ် ဟာ ငါ ငါ့သားကို"

စကားလုံးတွေက ဆက်ပြောလို့မရအောင် လည်ချောင်းထဲမှာ တစ်ဆို့ ပျောက်ကွယ်နေသည်။ ဘယ်အရာက ကျိန်စာသင့်စေခဲ့တာလဲ။

ဘယ်အရာက ကြမ္မာဆိုးတွေကို ဖန်တီးခဲ့တာလဲ။

ဟိုဘဝ အတိတ်တွေမှာ မှားခဲ့သမျှက ဒီဘဝမှာတော့ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

ဘုန်းကြီးကျောင်းကအပြန် အိမ်ရှေ့မှာ ရပ်ထားသော ကားကို မြင်လိုက်ရချိန်မှာ၊ လက်သီးကို တင်းခနဲ ဆုပ်လိုက်မိသည်။ ဒီလူကြီး ဒီအထိအောင် ဘာလာလုပ်တာလဲ။

ကိုယ့်တာဝကို မြင့်တင်ပေးမလို့လို့နှင့် အမှောင်ခန်းထဲသွင်းကာ တိုက်ပိတ်သတ်ချင်နေသူ။

"သာခေ"

"ကျော်သက်"

ကျော်သက်က သူ့ကို အရင် မြင်ကာ မေမေနှင့် စကားပြောနေသော ဦးနိုင်က မျက်နှာကြီး နီးမြန်းလျက် ခေါင်းငုံ့ထားတ၏။

"ဦးနိုင် ဘာလို့လိုက်လာတာလဲ၊ ကျွန်တော် ရန်ကုန်ပြန်လာ



ဖြစ်ရင်တောင် ဦးနိုင်နဲ့ ပတ်သက်စရာ အကြောင်းမရှိဘူး ထင်တယ်"

"သား၊ ထိုင်ဦး လူကြီးကို အဲလိုမပြောရဘူးလေ၊ သားတို့ ဟိုမှာ ဘာပဲဖြစ်ဖြစ်၊ အခုက ကိုယ့်အိမ်လာတဲ့ဧည့်သည်"

"ဦးနိုင်က ဧည့်သည် တစ်ယောက်ကိုတောင် ဆက်ဆံသင့်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး မေမေ၊ သားတို့ကိစ္စ သားတို့ သိပါတယ်၊ ကျော်သက် ဦးနိုင်ကိုခေါ်ပြီး ပြန်တော့ကွာ"

"သာခေ ၊မင်းအဲလို မလုပ်ပါနဲ့ကွာ မင်းအပေါ် ဦးနိုင် အရင် လို စိတ်တွေမရှိတော့ပါဘူး၊ အဲဒါ တကယ်ပါ၊ ငါ ကျိန်တွယ်ပြောရဲတယ်"

"မင်းက ဘာတွေသိလို့ ကျိန်တွယ်ပြောနေတာလဲ၊ နာကြည်းစရာ အကြောင်းရှိလို့ ငါနာကြည်းနေတာ၊ မင်းမသိတဲ့ အကြောင်းတွေ"

"လာပါကွာ ငါတို့အပြင်မှာ သွားပြောရအောင်"

သာခေလက်ကို ကျော်သက် ဆွဲထုတ်လာခဲ့သည်။ ဦးနိုင်နှင့် ခေါ်မြမြဝေ လွတ်လွတ်လပ်လပ် ဆွေးနွေးတိုင်ပင်လို့ရအောင်လို့ပါ။

"ဘယ်ထိ သွားမှာလဲ၊ ဒီမှာပဲပြော၊ အိမ်မှာအမေ့ရက်လည် အတွက် လုပ်စရာတွေ ရှိသေးတယ်"

"အေးပါ ခဏလေးပါကွာ"

အိမ်နှင့် အနည်းငယ် အလှမ်းဝေးသော ရေတွင်းပျက်နားကို ရောက်မှ ကျော်သက်က သူ့လက်ကိုလွှတ်သည်။

"သာခေ"

ကျော်သက်က နာမည်ခေါ်ပြီးမှ အသံတော်တော်နှင့် ထွက်မ

www.burmeseclassic.com

www.burmeseclassic.com



လာ။ စိတ်မရှည်သလို သူမျက်လုံး လှန်ကြည့်လိုက်မှ

"ဦးနိုင်ကို စိတ်မနာပါနဲ့တော့ကွာ၊ ဦးနိုင်က မင်းကို တော်တော် သံယောဇဉ်ရှိရှာတာပါ"

"တော်ပါတော့ အဲဒီသံယောဇဉ်ဆိုတာကို ကြောက်လွန်းလို့"

"မဟုတ်ဘူး၊ မဟုတ်သေးဘူး၊ သူရိုးရိုးသားသား သံယောဇဉ် ရှိတာကို ပြောတာပါ၊ အခုလာခဲ့တဲ့ တစ်လမ်းလုံး၊ သူမှားတယ် မှားတယ် လို့ ရေရွတ်လာခဲ့တယ်၊ သူလည်း မင်းနဲ့ငါ့လို ယောကျ်ားစစ်စစ်လိုပဲ နေချင်တာပါ၊ ဒါပေမဲ့ အတိတ်က ဝဋ်ကြွေးပါလာလို့ တစ်ခါတစ်ရံမှာ မိန်းမ စိတ်ဝင်မိတာကို သူဝန်ခံတယ်"

"ငါ့ကိုဘာလို့ ရှင်းပြနေတာလဲ၊ ငါက သူယုတ်မာတာကို"

"စကားလုံးတွေ မကြမ်းပါနဲ့ကွာ၊ သူကမင်းရဲ့ ကျေးဇူးရှင်လေ၊ ဒီအချိန်တွေ မတိုင်ခင်က ဦးနိုင် ကျေးဇူးတွေ မမေ့ပါဘူး၊ မစော်ကား မိအောင် ကြိုးစားပါ့မယ်လို့ မင်းတဖွဖွ ပြောခဲ့ဖူးတယ် မဟုတ်လား။ ကိုယ့်အပေါ် ကောင်းခဲ့တာတွေကို ပြန်ထောက်ထားပြီး ဦးနိုင်ကို အပြစ် မမြင်ပါနဲ့တော့ကွာ ကျေးဇူးရှိသူကို ပစ်မှားမိရင် မင်းငရဲကျလိမ့်မယ်"

"ဦးနိုင်ဘက်ကပဲ ရပ်တည်ပြီး မင်း ငါ့ကို ဘာတရားတွေ ဟောနေတာလဲ၊ မင်းအရင်က ဦးနိုင်ကို အဲလောက်ထိ အကောင်းမမြင် ခဲ့ဘူး ထင်တယ်"

သာခက သံသယဝင်လောက်အောင် ကိုယ့်ဘက်က အလောတ ကြီး ရှင်းပြနေမိသလား မသိချေ။ အဲဒါ မင်းအဖေကွ၊ စော်ကားမိမှာ





စိုးလို့လို့ ဖွင့်ပြောပစ်လိုက်ချင်ပါသည်။ ဒါပေမဲ့ ဦးနိုင်က

"ဒီအကြောင်း မင်းပဲ သိထားပြီး မင်းရင်ထဲမှာပဲ သိမ်းထားပေး ပါ ကျော်သက်ရယ်၊ ငါ့သားလေးက ငါက သူ့အဖေပါလို့ သိသွားရင် အရှက်လွန်ပြီး သူ့ကိုယ်သူ သက်သေချင့်စိတ် ပေါက်သွားလိမ့်မယ်၊ ငါကရော ဘယ်လိုမျက်နှာပြရမလဲ၊ ဦးနိုင်ကို ကူညီပါ၊ ငါ့သားလေး ငါ့ကို နားလည်အောင် ကူညီပေးပါ ကျော်သက်ရယ်"

ငိုယိုပြီး တောင်းပန်ခဲ့တာကို ဘယ်လို ဥပေက္ခာပြုရမလဲ။

ဒေါ်မြမြဝေတောင် ဦးနိုင်တကယ် ခံစားနေမှန်းသိလို့ နားလည် ပေးခဲ့သေးတာ။ သာခက ပြန်မလာခင်လေးတင် သုံးယောက်သား ဆွေး နွေးတိုင်ပင်လိုက်ကြတာ။ သာခကကို ရအောင်ဖျောင်းဖျဖို့။

"ဦးနိုင်ကို အကောင်းမမြင်ဘူးရယ်လို့ မဟုတ်ပါဘူး။ ကောင်း တာတွေရှိတာကိုလည်း မင်းကို ပြောပြခဲ့ဖူးပါတယ်၊ မင်းလည်း သိပါတယ် ကွာ၊ ဦးနိုင်မှားတာ ဒီပြစ်ချက်တစ်ခုတည်းပါ၊ ဒါလည်း ကိုယ်လက်မခံတဲ့ အတွက် သူ့အလိုလို ပြီးသွားတဲ့ကိစ္စပါ"

"မပြီးဘူး၊ အခု ဘုန်းမယ်တွဲ့တို့ဆီ ရောက်သွားလို့ ငါ့ကိုဘာမှ လုပ်စားလို့မရအောင် အမျိုးမျိုး၊ အဘက်ဘက်က တိုက်ခိုက်နေတာ၊ အဲဒါတွေ မင်းသိလား"

"ဦးနိုင်ပြောပြပါတယ်၊ အခု မင်းအခြေအနေကို လက်တွေ့မြင် လိုက်ရတော့၊ သူ အရမ်းမှားတယ်ဆိုပြီး စိတ်မကောင်းဖြစ်နေတယ်၊ မင်းအမေကိုလည်း မင်းကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးမယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ကတိတွေပေးနေတာပါ''

''ငါရန်ကုန်ပြန်ရောက်ရင်တောင် သူ့ဆီကိုတော့ ဘယ်တော့မှ ပြန်မလာဘူး၊ ပတ်သက်မှုမရှိဘဲ ငါ့ဘာသာ ကြိုးစားမယ်''

''ဆုံးဖြတ်ချက် မစောနဲ့၊ ခုနလေးတင် ဘုန်းမယ်ဘွဲ့ဆီကို ဦးနိုင် ဖုန်းဆက်လိုက်တယ်''

''ဘာ ဘာလို့ မယ့်ဆီ ဖုန်းဆက်တာလဲ''

''မင်းနဲ့ကိစ္စလည်း တောင်းပန်တယ်၊ အဆင်ပြေအောင် လုပ်ပေးလိုက်ပါလို့လည်း တောင်းဆိုတယ်၊ ကျန်တာတွေ သူတာဝန်ထား၊ အောင်မြင်စေရမယ်လို့ ကတိပေးလိုက်တယ်၊ မယ်က ဒီကိုလိုက်လာဖို့တောင် လုပ်နေသေးတာ''

ဘာတွေ ဘယ်လိုဖြစ်ပြီး ဒီလောက်ပြေလည်သွားမှန်း သာခက နားမလည်နိုင်တော့ပါ။ ဦးနိုင်ကပဲ အပြောင်းအလဲ မြန်လွန်းတာလား။ ကျော်သက်ကပဲ ဦးနိုင် သိမ်းသွင်းမှုတွေကို အယုံလွယ်ပြီး သူ့ကို ဖျောင်းဖျ နှစ်သိမ့်နေတာလား။

ဘာဖြစ်ဖြစ် သူ့ရင်ထဲ အဖုအထစ်ကတော့ လျော့ပါးသွားသလား မသိပေမယ့် လုံးဝ ပြေပျောက်သွားခြင်းတော့ မရှိသေးပါ။

''ကျော်သက် မင်းပြောစရာ ကုန်ပြီလား။ ငါ့အိမ်မှာ လုပ်စရာတွေ အများကြီးရှိသေးတယ်''

''အေးပါ ပြန်မှာပေါ့၊ အိမ်မှာ မင်းအမေနဲ့ ဦးနိုင်၊ မင်းကိစ္စ ဆွေးနွေး တိုင်ပင်နေကြတယ်၊ လူကြီးတွေ ဆန္ဒရှိတာကို မင်းအရမ်းကြီး





းတင်းမာဘဲ လိုက်လျောပေးလိုက်ပါကွာ''

''ကျွတ် ဘာတွေမှန်း မသိဘူးကွာ''

ဆံပင်တွေကို ဆွဲဖွပစ်ရင်း စိတ်ရှုပ်စွာ ညည်းညူလိုက်မိသည်။

မေမေက ဘာတွေသိလို့ ဦးနိုင်နှင့် ဆွေးနွေးတိုင်ပင်တာတွေ ၄ုပ်နေတာလဲ။ ဦးနိုင်က မေမေနှင့်အရမှ သိကျွမ်းရသည့် လူတစ်ယောက် ‘ဟုတ်ဘူးလား။

ဘာက ဘယ်လိုတွေဖြစ်ပြီး . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

ဆယ်တန်းအောင်စာရင်းတွေ ထွက်သောနေ့မှာ လွှမ်းမိုးနိုင်နှင့် မြမြဝေ အပါအဝင် ဇော်တူး၊ မိုးကျော်၊ နှင်းနှင်းချို့တို့ သူငယ်ချင်းငါးယောက် ဂုဏ်ထူးသုံးခုစီပါ၍ အပျော်လွန်နေကြသည်။

"ကဲ ကဲ မြမြဝေက ဘာလုပ်မှာလဲ"

"ငါက ကျောင်းဆရာမ ဖြစ်ချင်တာ၊ အိမ်က အဖေသေပြီးတည်းက စီးပွားရေးအဆင်မပြေတော့ အမြင့်ကြီးလည်း မမှန်းရဲဘူး"

"နှင်းနှင်းကရော"

"စီးပွားရေးတက်မယ်၊ ဇော်တူးနဲ့ မိုးကျော်ကရော"

"ငါတို့က အဝေးသင်နဲ့ ဘွဲ့တစ်ခုရရင်တော်ပြီ၊ မိဘတွေလုပ်ငန်းကို အခုတည်းက ကူပေးရမှာ၊ အဲ နိုင်နိုင်ဘာလုပ်မလဲဆိုတာက ငါတို့ကိစ္စထက် ပိုအရေးကြီးတယ်၊ ပြောစမ်း နိုင်နိုင်၊ မင်းဘာလုပ်မှာလဲ"



"နိုင်နိုင် ဘာလုပ်မယ်ဆိုတာ ငါသိတယ်"

မြမြဝေက ပြောလိုက်တာမို့ အားလုံး မြမြဝေဘက် လှည့်ကြည့်ကြသည်။ မြမြဝေက လွှမ်းမိုးနိုင် မေးဖျားလေးကို ကိုင်ပြီး

"အဟင်း မာမီနိုင်က အလုပြင်ဆိုင်ဖွင့်မှာ မဟုတ်လား ဟင်၊ မီးတို့ကို အလှပြင်ပေးရမယ်နော် မာမီ"

"မြမြဝေနော် နင် ငါယောကျ်ားစစ်စစ်၊ ဘာမာမီလဲ ဟွန့်"

လွှမ်းမိုးနိုင်ရဲ့ ကန့်ကလျှဟန်ကြောင့် တဟားဟား ပွဲကျသွားသည်။ လွှမ်းမိုးနိုင်က သူ့ကိုယ်သူ ယောကျ်ားပါလို့ ဘယ်လိုအော်အော် တစ်ခါတစ်ရံ မိန်းမဆန်ဆန် အပြုအမူများက ပျောက်မသွားပေ။ သူငယ်ချင်းတွေက စနောက်ပြီဆို လက်သီးလက်မောင်းတန်း၍ ဗလကို ထုတ်ပြရတာလည်း အမောပင်။

"နင် ယောကျ်ားစစ်စစ်ဆိုရင် ဒီနေ့ ဇော်တူးတို့က ပျော်လွန်းလို့ အရက်သောက်ကြမလို့တဲ့ နင်သောက်ရဲလား"

"ဘာလို့ မသောက်ရဲရမှာလဲ၊ အရက်သောက်တာများ ဘာခက်တာမှတ်လို့၊ ဘယ်နှစ်ပုလင်း သောက်ရမလဲပြော"

"အဲတော့ တကယ်ကြီးလား"

"အောင်မာ ငါယောကျ်ား ငါသောက်နိုင်တယ်"

"ဒါဆိုပြီးရော၊ ပဲခူးရောက်မှ နင် ယောကျ်ားစစ် မစစ် စမ်းကြည့်မယ်"

"လာဟေ့ သွားမယ်၊ မာမီ လာလေ ကားပေါ်တက်၊ တွဲတင်ရဦးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်တွေ ပဲခူးရောက်မှ မင်းတို့နဲ့ငါနဲ့ တွေ့မယ်"

ဖော်တူး ကားလေးနှင့် သူငယ်ချင်းငါးယောက် ပဲခူးဘုရားတွေ လည့်ဖူးပြီး စားသောက်ဆိုင်မှာ ဝင်ကြသည်။ ယောကျ်ားလေးတွေက အရက်သောက် မိန်းကလေးတွေက အမြည်းစား၊ ဆူဆူညံညံ ဝုန်းဒိုင်းကျဲလို့။ ထိုအချိန် နှင်းနှင်းချိုအမေ မူးလဲလို့ နှင်းနှင်းချို ပြန်သွားရတော့ ယောကျ်ားလေး သုံးယောက်နှင့် မြမြဝေသာ ကျန်ရစ်တော့၏။

"အေး မာမီက အရက်ကို ဘယ်လိုသောက်နေတာလဲ၊ နတ်တွေလို အငွေ့နဲ့တင် ပြီးရောလား"

"မင်းတို့ကွာ ငါ့ကို မာမီ မာမီလို့ မခေါ်နဲ့၊ ဘေးလူတွေကြားရင် ငါ့ကို အခြောက်ကြီးလို့ ထင်လိမ့်မယ်"

"အဲလို အထင်မခံချင်ရင် ငါတို့ယောကျ်ားတွေလိုပဲ သောက်လေ"

"သောက်မယ် ပေးစမ်း"

"ဟဲ့ ဟဲ့ မိုးကျော်တို့ နိုင်နိုင်ကို အဲလောက်ကြီး မတိုက်ကြနဲ့တော့လေ၊ နင်တို့နှစ်ယောက်ကလည်း မူးနေပြီ၊ ကားကို ဘယ်သူ မောင်းမှာလဲ၊ ငါက ကားမမောင်းတတ်ဘူးနော်၊ ကြည့်လုပ်ကြဦး၊ နိုင်နိုင် တော်တော့"

"မတော်ဘူး၊ ဒီကောင်တွေရဲ့ စံချိန်ကို ချိုးပြီးကို သောက်ပြမယ်"

မြမြဝေ ကိုယ့်အတတ်ကိုယ်ဖိုးရွှေ ဘယ်သူ့မှကို ပြောလို့မနိုင်တော့။ နောက်ဆုံးမှာတော့ ပဲခူး တည်းခိုခန်းမှာတည်းဖို့ စားပွဲထိုးလေးကို



အကူအညီ တောင်းလိုက်ရသည်။

ဖော်တူးနှင့်မိုးကျော်က တစ်ခန်း၊ လွှမ်းမိုးနိုင်အတွက်က တစ်ခန်းငှားပြီး သူမကတော့ သီးသန့်တစ်ခန်း။

"နိုင်နိုင် ဖြစ်ရဲ့လား၊ နင့်အခန်း လိုက်ပို့ရဦးမလား"

"ရတယ် မတွဲနဲ့၊ ငါ့ဘာသာ သွားမယ်"

"အမလေး ခြေ ခုကွပဲ"

လွှမ်းမိုးနိုင်က ရတယ်ပြောပြီး မတ်မတ်ပင် မရပ်နိုင်။ လူမှန်းသူမှန်းမသိအောင် မူးနေပြီမို့ လွှမ်းမိုးနိုင်ကို သူ့အခန်းထဲထိအောင် တွဲပို့ရသည်။

"နင်က ငါ့ကို မာမီရှိန်း မိန်းမရှာ အခြောက်ကြီးပါဆိုပြီး အထင်သေးလို့ လိုက်ပို့တာပေါ့လေ"

"မဟုတ်ပါဘူးဟယ်၊ နင် အရမ်းမူးနေလို့ပါ၊ ပြောလို့သာ ပြောရတာ ဖော်တူးတို့လိုလည်း သောက်နိုင်တာ မဟုတ်ဘဲနဲ့ နည်းနည်းသောက်ရုံနဲ့ နင် မူးနေတာ မိန်းမစိတ်ပေါက်နေလို့ပဲ ဖြစ်ရမယ်"

"ဘာ ငါ မိန်းမမဟုတ်ဘူး၊ ယောကျ်ား ယောကျ်ားစစ်စစ်၊ ငါ ယောကျ်ားစစ်စစ်ဆိုတာ နင် သိချင်တယ် မဟုတ်လား"

"အို နိုင်နိုင် ဘာလုပ်တာလဲ၊ နိုင်နိုင် နင်နော် ဟင့်အင်း ဟင့်အင်း"

မခံချင်စိတ်များဖြင့် အသိစိတ်များ လွတ်ကာ အရာရာ မှောင်အတိ ကျသွားခဲ့တာ နှစ်ယောက်လုံးရဲ့ မှားယွင်းမှုပေပဲ။

"လွှမ်းမိုးနိုင်"

www.burmeseclassic.com



"ဟင် မြ မြမြဝေ"

"နင် အတိတ်ကို ပြန်တွေးနေတာ မဟုတ်လား၊ ငါလည်း နင့်ကို မခံချင်အောင် ပြောခဲ့မိတာတွေကို နောင်တရလို့ မဆုံးဘူး၊ နင် အခု မိန်းကလေးလို ကန္တကလျ မနေတော့ဘူးနော်"

"ဩော် အင်း ဟုတ်တယ်၊ အဲဒီကိစ္စဖြစ်ပြီးနောက်ပိုင်း ငါ့ ကိုယ်ငါ ပိုပြီး ယောကျ်ားနဲ့တူအောင် ထိန်းထိန်းသိမ်းသိမ်း နေဖြစ်တယ် ဒါပေမဲ့"

တစ်ခါတစ်ရံ ထိန်းချုပ်လို့ မရတဲ့အချိန်မျိုးတွေ ရှိတယ်လို့ ပြောရမှာ ဘယ်လိုမှ ပြောမထွက်ပေ။ ဒီတစ်ခါ အရက်ကတော့ တစ်သက် စာ နောင်တရနေတော့မှာပါ။

"သားကို ဒီအကြောင်းတွေ လုံးဝ ပြောမပြပါနဲ့ မြမြဝေရယ်၊ ပတ်ဝန်းကျင်လည်း မသိပါစေနဲ့၊ သားက သူ့အဖေက ဒီလိုကြီးပါလားလို့ သိရင် ရှက်လို့သေမှာ၊ ရှေ့လျှောက် ဖခင်ဝတ္တရားကျေရပါစေမယ်၊ နင် တို့မိသားစုကိုလည်း တင့်တောင်းတင့်တယ် ဖြစ်အောင် တစ်သက်လုံး ငါ တာဝန်ယူပါတယ်ဟာနော်"

"ရှူး တိုးတိုး၊ သား ပြန်လာပြီ"

ကျော်သက်နှင့်သာဓက အိမ်ထဲဝင်လာသောအခါ လွှမ်းနိုင် တို့ တိခနဲ စကားသံ တိတ်ကျသွားသည်။

"ဦးနိုင်တို့ မပြန်ကြသေးဘူးလား"

"သား ဦးနိုင်က သားလိုက်မယ်ဆိုမှ တစ်ခါတည်းပြန်မှာလေ၊ သားဟိုမှာ လုပ်စရာတွေ ရှိတယ်ဆို"





"အဲဒါ မယ်နဲ့ကျွန်တော့်ကိစ္စပါ၊ ဦးနိုင်နဲ့မှ မဆိုင်တာ၊ ဦးနိုင်နဲ့ မပတ်သက်ဘဲ ကျွန်တော်တို့ဘာသာ ဖြစ်အောင်လုပ်မယ်"

"မိန်းကလေးတစ်ယောက်ကို မိုရိုပြီးမှ အောင်မြင်တယ်ဆိုရင် ပရိသတ်က အထင်မြင်သေးခံရလိမ့်မယ်၊ ဦးနိုင်ကို ယုံကြည်ပါကွာ၊ မင်း အောင်မြင်တဲ့အခါ မင်းတို့နှစ်ယောက်ကို လက်ထပ်ပေးဖို့ ဘုန်းမယ်ဘွဲ့ကို ဦးနိုင် ပြောပြီးပါပြီ"

"ဟုတ်တယ် ကို"

"ဟင် မယ် မယ် ဘယ်လိုလုပ် ရောက်လာတာလဲ"

မယ့်အသံကြောင့် ချာခနဲ လှည့်ကြည့်ပြီး တအံ့တသြ ဖြစ်သွားရသည်။ အိမ်ရှေ့မှာလည်း ရုပ်ရှင်မင်းသမီး ဘုန်းမယ်ဘွဲ့ လာတယ်ဆိုပြီး အုတ်အော်သောင်းနင်း တဝုန်းဝုန်း တရုန်းရုန်း။

"မယ့်ကို အိမ်ထဲခေါ်ဦးလေ၊ လူအုပ်ကို မနည်းတောင်းပန်ပြီး တိုးထွက်လာရတာ"

"အင်း လာ ထိုင်ပါ မယ်၊ ဒီလို တောခြုံအုံကြားကို ဘာလို့ လိုက်လာရတာလဲ မယ်ရယ်၊ အဖေ့နာရေးကို အဲဒါကြောင့် မပြောခဲ့တာ"

"ရက်လည်ပြီးမှ သိရလို့ မယ် စိတ်မကောင်းဘူး၊ ဦးနိုင်တို့သာ မပြောရင် မယ် ဘယ်လိုလုပ် သိမှာလဲ၊ ဖုန်းလည်းမကိုင်တော့ ကို့အတွက် အရမ်း စိုးရိမ်နေတာ၊ ဩော် ကို့ မေမေထင်တယ်"

"ဩော် ဟုတ်တယ် သမီးလေး၊ သမီးနဲ့အကြောင်းကို သား ပြောပြထားလို့ အဒေါ်သိပါတယ်၊ မင်းသမီးလေးက လှလိုက်တာကွယ်၊

www.burmeseclassic.com



သားလေးကို ဂရုစိုက်တာ အရမ်းကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့ အဒေါ်ကို အမေအရာ၊ ဦးနိုင်ကို အဖေအရာထား ပြီး ကန်တော့ပါရစေ"

"မယ်"

ကျုံ့ကျုံ့လေးထိုင်ကာ ဦးနိုင်နှင့်မေမေ့ကို ကန်တော့နေသော မယ် အပြုအမူကြောင့် သာဓကေ ကြောင်တက်တက်လေးပင် ဖြစ်သွား ရသည်။

မေမေ့ကို သူ့မေမေမို့ ကန်တော့တာက ထားပါ။ ဦးနိုင်ကို အဖေအရာထားပြီး ကန်တော့ပါတယ်ဆိုတာ ဘာကြီးလဲ။

ဦးနိုင်က လက်ထပ်ပေးမယ်လို့ ပြောလိုက်လို့များလား။

"ကိုလည်း ကန်တော့လေ၊ ဘာလုပ်နေတာလဲ ဦးနိုင်ကို ဝစီကံ နဲ့ ပြစ်မှား၊ မနောကံနဲ့ပြစ်မှားနဲ့ အပြစ်တွေကျေအောင် မယ်နဲ့အတူတူ ကန်တော့ လာ"

"အင်း"

လက်ကိုဆွဲခေါ်သည်မို့ ယောင်တောင်တောင်နှင့်ပင် လက်အုပ် ချီ ကန်တော့လိုက်ရသည်။ ဦးနိုင်နှင့် မေမေက ကျေနပ်ကြည်နူးကာ ပြုံးပြုံးကြီးနှင့် ဆုတွေပေးကြ၏။

ဒါပေမဲ့ ဦးနိုင် မျက်ဝန်းမှာ မျက်ရည်ရိပ်တွေ မြင်တွေ့ရသလား လို့ပါ။ ဘာဖြစ်လို့လဲ ဘာလို့ ဦးနိုင် မျက်ရည်ကျနေတာလဲ။

ပြီးမှ ဦးနိုင်က သူ့လက်ကို ခပ်တင်းတင်းလေး လှမ်းဆုပ်ကိုင် သည်။





"ဦးနိုင် မှားခဲ့တာတွေရှိတယ်၊ အဲဒါတွေကို ခွင့်လွှတ်နားလည် ပေးပါ၊ ဒီနေ့ ဒီအချိန်ကစပြီး သာဓကေကို ဦးနိုင်ရဲ့သားတစ်ယောက်လို သဘောထားပါ့မယ်၊ သားကလည်း ဦးနိုင်ကို အဖေတစ်ယောက်လို အားကိုးယုံကြည်ပေးပါ၊ သားတို့ မင်္ဂလာဆောင်တဲ့အခါ ဦးနိုင် ပိုင်ဆိုင်မှု တွေအားလုံး လက်ဖွဲ့မယ်"

သူ ဦးနိုင် မျက်နှာကို ဖျတ်ခနဲ မော့ကြည့်မိ၏၊ ဖေဖေရက်လည် ပြီးတာ မကြာသေးတာမို့ မေမေ့ကို ပိုးပန်းချင်နေလို့လားဟု နောက်ပြောင် ပြောလို့တော့ မသင့်ပေ။ ဘာကြောင့် ဒီလောက် ရက်ရောနေတာလဲလို့ လည်း မမေးချင်တော့။

ဦးနိုင် လက်ထဲက ကိုယ့်လက်ကို ရုန်းပြီး ဘုန်းမယ်ဘွဲ့ လက် ကလေးကို လူကြီးတွေရှေ့မှာပင် ဆတ်ခြင်ရှုန်းမသိ ဆုပ်ကိုင်လိုက်သည်။

"ကျန်တာတွေ ကျွန်တော် မက်လည်းမမက်မော စိတ်လည်း မဝင်စားပါဘူး။ မယ်နဲ့ကိစ္စ အနှောင့်အယှက် အဟန့်အတားမရှိတော့ဘူး ဆိုရင်ပဲ ကျေနပ်ပါပြီ၊ ဖေဖေ့နာရေးမှာ ဦးနိုင်ရော မယ်ရော ရောက်လာ တာကို ကျေးဇူးတင်တယ်"

"တစ်ခုကိုတော့ မငြင်းလို့မရဘူး။ ဦးနိုင်က သားအဖြစ်နဲ့ မွေးစားလိုက်ပြီဆိုရင် ဦးနိုင်အိမ်မှာ မင်း လိုက်နေမှဖြစ်မှာ၊ ဒါမှ သမီး တောင်းလို့ အဆင်ပြေမှာပေါ့"

"အဲဒါ မယ်နဲ့တိုင်ပင်လိုက်ဦးမယ်၊ မယ် ကိုယ် ဘာလုပ်ရမလဲ"

"ဟင် မယ်က ဦးနိုင်ကို ယောက္ခမလို သဘောထားလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုမှ ကိုက ဦးနိုင်သား ဖြစ်သွားပြီလေ၊ ဦးနိုင်အိမ်မှာပဲ လိုက်နေပေါ့။ မယ်လည်း လက်ထပ်ပြီးတာနဲ့ ဦးနိုင်အိမ်မှာ ကိုနဲ့အတူ လိုက်နေမယ်လေ မဟုတ်ဘူးလား"

"အဲဒါဆိုလည်း ပြီးရော"

"ဟင်း ဟင်း ကိုက လိမ္မာတယ်"

ဘုန်းမယ်တွဲကလည်း လူကြီးတွေရှေ့မှာ ဟန်ဆောင်ထိန်းသိမ်းရမှန်းမသိ သာခက ပခုံးပေါ် မှီနွဲ့ပြီးပြောဏ်။

အပြင်ဘက်က လူအုပ်ကြီးကလည်း လက်ခုပ်တီး၍ ဩဘာပေးသည်။ တကယ်ကို သာယာငြိမ်းချမ်းသော အိမ်လေးဖြစ်သွားခဲ့ကာ အတိတ်က အတိတ်မှာပဲ ကျန်နေရစ်ပြီး ဘယ်တော့မှ အစမပေါ်အောင် တိမ်မြှုပ်လျက်။

ဒါဟာ တကယ်တော့ ဟိုအချိန်တုန်းက ဘာမှန်းမသိဘဲ။

အဲဒီလိုနဲ့ . . .။

လုံမ
၆၅/ခ နံ့သာဖြူလမ်း
(၁၄) ရပ်ကွက်၊ ပင်လုံဈေး
လှိုင်သာယာမြို့နယ်။
၀၉-၄၃၀၅၇၀၆၅

စာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၁။ ရင်ခွင်စားငှက်
၂။ ရင်ထဲရှိတဲ့အတိုင်း - သစ္စာနှင်းဆီစီဒီယို
၃။ အရောင်ကွဲပုံရိပ်
၄။ အခမဲ့ရင်ပြင် - အောင်သီရိစီဒီယို
၅။ ခြယ်သမပီတိမ်ပန်းချီ - အောင်သီရိစီဒီယို
၆။ ရှိုက်သံကင်းမဲ့ဖုန် - အောင်သီရိစီဒီယို
၇။ အလင်းမဲ့ည - မာန်ထက်ချိုစီဒီယို
၈။ ရွှေရင်သိမ်းသစ်စကေဗျာ - အောင်သီရိစီဒီယို
၉။ စိတ်မျှော်စင်
၁၀။ မိန်းမလှငိုကာ - အောင်သီရိစီဒီယို
၁၁။ အနာဂတရလေပြည် - ပါ်ပါကင်းစီဒီယို
၁၂။ ပင်လယ်ရေနဲ့ဆေးပါ့မယ်
၁၃။ ပန်းနုရောင်နိဒါန်း - မျက်ခြယ်စီဒီယို
၁၄။ တိမ်ပြာပြာနေ့တစ်နေ့
၁၅။ ရင်ခုန်သံအဓိပ္ပါယ် - ရှုပါဝတားစီဒီယို
၁၆။ အချစ်ညွှတ်ကွင်း - Heart & Soul ဗီဒီယို
၁၇။ အသည်းကွဲအောင်လက်မှတ် - သစ္စာနှင်းဆီစီဒီယို

www.burmeseclassic.com